www.burmeseclassic.com

# ရွှန်းကားကား

ဒေးတက္ကသိုလ်

ပန်းနုရောင်နှင်းဆီမွှေ့ယာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပုံနှိပ်သူ ။ဒေါ်သိန်းဆွေ(၀၁၆၉၅)
မြတ်လေးပုံနှိပ်တိုက်၊
အမှတ် ၁၂၄၊ မြတ်လေးရုံ၊
ပြည်ထောင်စုရိပ်သာလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ်.... ၂၁၈/၉၇(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်.... ၂၀၉/၉၇(၅)
ပထမအကြိမ်၊ ၁၉၉၇ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၀ ကျပ်



"နှင်းဆီမွှေ့ယာ ..."

နှင်းဆီတစ်ခင်း
ပန်းတစ်ခြင်းနှင့်
ချစ်သူစံရာ ...
ကမ္ဘာလောက
သာမောပျော်စေ
ရည်ရွယ်လေ၍
ကိုယ်ငွေ့ထင်ယောင်
မောင်ဖန်ဆင်းမည်
နှင်းဆီမွှေ့ယာ ...

"အင္ဂါ ..."

www.burmeseclassic.com

www.burmeseclassic.com

## ရင်ဖွင့်လွှာ (၁)

ကျွန်မ၌ မွေးနေ့ဟူ၍ မရှိခဲ့ပါ ...
ကျွန်မ၌ အိမ်ယာဟူ၍ မရှိခဲ့ပါ ...
ကျွန်မ၌ မိသားစုဟူ၍ မရှိခဲ့ပါ ...
ကျွန်မ၌ ချစ်သူဟူ၍ မရှိခဲ့ပါ ...
ကျွန်မ၌ ပိုင်ဆိုင်မှုဟူ၍ မရှိခဲ့ပါ ...
သို့သော် ...
ကျွန်မသည် တစ်ခုသောနေ့တစ်နေ့တွင် ...
ကျွန်မ မချစ်သော လူတစ်ယောက်ကို
လက်ထပ်ရမည်ဖြစ်ပြီး ... အိမ်ယာတစ်ခုကို
အပိုင်ရရှိတော့မည်ဖြစ်သည် ...။
ထိုအိမ်ကလေးကို ... အလှပဆုံးဖြစ်အောင်
အလှဆင်တီထွင်ဖန်ဆင်းခဲ့သူမှာ ...
ကျွန်မ အလွန်တရာ ချစ်မြတ်နိုးမိသော
လူငယ်ကလေးတစ်ယောက်ဖြစ်သည် ...။

"ခင်မင်ခ ..."

www.burmeseclassic.com

www.burmeseclassic.com

## ရင်ဖွင့်လွှာ (၂)

... အိမ်ကလေးတစ်လုံး လှပသက်ဝင်၍ အနုပညာမြောက်အောင် ဖန်တီးတီထွင်ရသောအလုပ်သည် ... ကျွန်တော့်ရဲ့တာဝန်ဖြစ်ပါသည် ...။

ကျွန်တော် ဖန်တီးပြင်ဆင်လိုက်သော အိမ်ကလေးတစ်လုံး လက်ရာမြောက်ကာ ... လှပဆန်းကြယ်ခဲ့ပြီဆိုရင် ... ကျွန်တော်ရရှိသော ခံစားမှုမှာ ဘာနဲ့မှနှိုင်းမရလောက်အောင် နက်ရှိုင်းလေးနက်သော ပီတိသာဖြစ်၏ ...။

❦

... အိမ်ကလေး တစ်အိမ် ...

... ကျွန်တော် ချစ်မြတ်နိုးတန်ဖိုးထားမိသော
မိန်းကလေးတစ်ယောက် ...

... ပြီးတော့ လှပသောပန်းများ ...

... ထူးဆန်းလှို့ဝှက်သော ခံစားချက်များ

... လက်ရာမြောက်သော အနုပညာဖန်တီးမှုများ

www.burmeseclassic.com

www.burmeseclassic.com

... ပျော်ရွှင်လွမ်းမောဖွယ် အိပ်မက်များ
ထိုအရာများနှင့် ဆုံတွေ့ခဲ့ရပြီးသည့်နောက်
တွင် ကျွန်တော့်ရဲ့ အတတ်ပညာတစ်ခုသည်
အလွန်လှပနက်နဲသော လက်စားခြေခြင်းအ
ဖြစ်သို့ ကူးပြောင်းသွားခဲ့တော့သည် ...။

"အဲ့ ... "

BURMESE CLASSIC .com

# ရင်ခုန်ခြင်းရဲ့အစ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ပြင်သစ်တွင် အနေကြာခဲ့သော လူတစ်ယောက်အဖို့ ... ပါရီရဲ့ လှပခမ်းနားသော အနုပညာမြောက်မှု များစွာကို သင်ကြားတတ်မြောက်ပြီး ... ပြင်ဦးလွင်ဆိုသော ကိုယ့်မွေးရပ်မြေမှာ ပြန်လည်အခြေချသောအခါ ... ခံစားချက်ချင်းက လုံးဝမတူတော့ပါ ... ။

ပါရီတွင် အိမ်တွင်းအလှပြင်ဆင်မှု ပီပလိုမာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုယူပြီး အိမ်တစ်လုံး အနုပညာလက်ရာမြောက်အောင် ဘယ်လိုတီထွင်ဖန်တီးရမလဲဆိုတဲ့ အတတ်ပညာများကို ကျွန်တော့်စိတ်တိုင်းကျ သင်ယူခဲ့ခြင်းသည် ... ဘဝတွင် သိပ်ချစ်မြတ်နိုးရမည့် မိန်းမ တစ်ယောက်နှင့် ဆုံဆည်းဖို့ ဖြစ်လာလိမ့်မည် ... ဟု ကျွန်တော် ဘယ်တုန်းကမှ မတွေးမိခဲ့ပါ ...။

ကျွန်တော်သည် အနုပညာမှန်သမျှကို ချစ်ခင်၍ အလေးအနက်ထားသည် ...။ မိန်းမတိုင်းသည် ... အနုပညာတစ်မျိုးဖြစ်တာသေချာသော်လည်း ...ကျွန်တော့် ဘဝတစ်ခုလုံးကို လွှမ်းမိုးသွားရလောက်အောင် ချစ်ခင်လေးနက်ရမည့် မိန်းမမျိုး ပါရီလိုအနုပညာမြို့တော်တွင်တောင် ကျွန်တော် မတွေ့ခဲ့ချေ ...။

ကမ္ဘာပေါ်တွင် ကျွန်တော်အချစ်ဆုံးမှာ ပါရီမြို့ဖြစ်ပြီး ... မြန်မာနိုင်ငံတွင် ကျွန်တော်အချစ်ဆုံးမှာ ပြင်ဦးလွင်မြို့ဖြစ်သည် ...။ ဘာဖြစ်လို့လဲဆိုတော့ ... ပန်းများကို ကျွန်တော် အလွန်မြတ်နိုးတတ်သောကြောင့် ဖြစ်သည် ...။

ပြင်ဦးလွင်တွင် အခြေချတော့မည်ဟု ဆုံးဖြတ်ပြီးနောက်တွင် ကျွန်တော်လုပ်ခဲ့ခြင်းမှာ ... အလုပ်နှစ်မျိုးတည်းသာဖြစ်သည်။





အလုပ်တစ်လုပ်မှာ ... အိမ်အလှပြင်ဆင်သော်အေးဂျင်းတစ်ခုကို လှပကျစ်လျစ်သော ... ဆန်းကြယ်၍ လူစိတ်ဝင်စားဖွယ်ဖြစ်သော ... ရုံးခန်းကလေးတစ်ခုဖြင့် စတင်ဖွင့်လှစ်လိုက်ခြင်းဖြစ်သည် ...။ ကျွန်တော့်ရုံးခန်းကလေးကို မြင်သူတိုင်းက ... အံ့သြဘနန်း ချီးမွမ်းနှစ်ခြိုက်ကြသည် ...။

ဒုတိယအလုပ်တစ်လုပ်မှာ ... ပန်းစိုက်ခင်းကြီးတစ်ခုကို အမြတ်တနိုးဝယ်ယူပြီး ဆက်လက်ပြုစုပျိုးထောင်ခဲ့ခြင်းပင်ဖြစ်သည် ...။ ကျွန်တော့်ပန်းစိုက်ခင်းထဲတွင်ရှိသော ပန်းအများစုမှာ ... သစ္စာပန်းရောင်စုံ ... ဂန္ဓမာ အဖြူအဝါများနှင့် မေမြို့ပန်းများဖြစ်သည် ...။

သို့သော် ကျွန်တော် အချစ်ဆုံးပန်းမှာ နှင်းဆီပန်းများဖြစ်သည် ...။ လှပသော နှင်းဆီပန်းနုရောင် အနီရဲရဲ ... အဝါ ... အဖြူ ... စသဖြင့် အရောင်စုံစုံလင်လင်ကို ကျွန်တော် စိတ်တိုင်းကျ မျိုးစပ်ပြုစုစိုက်ပျိုးခဲ့သေးသည် ...။

ပန်းတွေကို စိုက်ရုံတင် မကသေး ...။ ပါရီမှ သယ်ယူလာသည့် ... Carnations ...။ Forget-me-not ... သစ်ခွမျိုးစုံ စသည့် ပန်းခြောက်လှလှများလည်း များစွာ ရှိသေးသည် ...။ ကျွန်တော့်အိမ်ကလေး



www.burmeseclassic.com

www.burmeseclassic.com


သည် ...ရောက်လာသူတိုင်းကို စိတ်ချမ်းသာ ကြည်နူးခြင်းပေးနိုင်စွမ်းသည့် အနုပညာဂေဟာကလေးဖြစ်သည်။ ကျွန်တော်က ... "Romantic" ဟု အမည်ပေးထားသည်။ ထိုအိမ်ကလေးကို ပါရီမှပြန်ရောက်ပြီးမှ စိတ်တိုင်းကျ ပြုပြင်တီထွင်ခဲ့တာဖြစ်သည် ...။

ကျွန်တော်တစ်ယောက်တည်းသာ အိမ်ခွဲနေခဲ့ပြီး ... ကျွန်တော့်မိဘ ညီအစ်ကိုမောင်နှမများစွာကတော့ ကြီးမားကျယ်ဝန်းသည့် အိမ်ကြီးတစ်လုံးထဲတွင် ... တစ်ပြုံတစ်မကြီး စုပေါင်းနေထိုင်ကြသည် ...။ ဘိုးဘွားစဉ်ဆက်နေလာခဲ့သော ရဲတိုက်ကြီးတစ်ခုလို ခမ်းနားထည်ဝါသည့် ... ခြံကျယ်ကျယ် အိမ်ကျယ်ကျယ်ကြီးထက် ... ကျွန်တော့် စိတ်တိုင်းကျ အလှဆင် ဖန်ဆင်းထားသော ကျွန်တော့်ကိုယ်ပိုင် Romantic အိမ်ကလေးကိုသာ အလွန်မက်မော မြတ်နိုးမိပါသည် ...။

ပြင်ဦးလွင်တွင် ... ကျွန်တော် အလှဆင်ပေးခဲ့သော အိမ်အရေအတွက်မှာ ... ခြောက်အိမ်သာရှိသေးသည် ...။ အားလုံးသောအိမ်ရှင်တို့က ကျွန်တော့် အနုပညာကို နှစ်သက်သဘောကျကြပါသည်။ ကျွန်တော်ကလည်း လိုလေသေးမရှိအောင် ဖန်တီးပြင်ဆင်ပေးခဲ့သည်။

ခုနစ်အိမ်မြောက် လက်ခံရသောနေ့တွင် ...



ထိုအိမ်ကလေးသည် ..ကျွန်တော့်ဘဝကို ချိုးကွေ့ပြောင်းလဲစေမည်မှန်း ကျွန်တော် ကြိုသိခွင့်ရခဲ့လျှင် ထိုအိမ်ကလေးကို အလှပြင်ဆင်ဖွဲ့စည်းပေးဖို့တာဝန်ကို ကျွန်တော် ယူခဲ့မည်မဟုတ်ပါ ...။

ထိုနေ့က ... ကျွန်တော့်ရဲ့ Romantic အိမ်ကလေးဆီသို့ ... လူတစ်ယောက် ရောက်ရှိလာခဲ့ပြီး ...

"ကျွန်တော် အိမ် တစ်လုံးကို စိတ်တိုင်းကျ အလှပြင်ဆင်ချင်တယ်ဗျာ ...၊ ပြင်ဦးလွင်မှာတော့ ... Decoration agency ဆိုလို့ ခင်ဗျားနာမည်အကြီးဆုံးဆုံး ... ခင်ဗျားလက်ရာတွေ ကျွန်တော်ကြိုက်တယ် ကျွန်တော့်အိမ်ကလေးကို တကယ့် Romantic ဖြစ်အောင် ခင်ဗျားလုပ်ပေးပါဦး ..."

"စိတ်ချပါ ... ကျွန်တော် ခင်ဗျားရဲ့အိမ်အနေအထားကို တစ်ချက်လိုက်ကြည့်လို့ရမလားဗျာ ..."

"ရပါတယ် ... အိမ်ကတော့ အမေရိကန်စတိုင်လ်ပဲ .. တော်တော်အိုဟောင်းနေပြီ ... ကျွန်တော် ပြန်ဝယ်လိုက်တာ မကြာသေးဘူးဗျ ... ဒါပေမယ့် အဲ့ဒီအိမ်က လူကိုမနေတာ ... ကြာလှပြီ ... အိမ်ပိုင်ရှင်တွေက ရန်ကုန်က ... ဒီမှာက နွေရာသီအပန်းလာဖြေရုံလောက်သာလာတာ ... အိမ်


www.burmeseclassic.com

www.burmeseclassic.com

ဆောက်ထားတဲ့ပုံစံက သိပ်လှတယ် ... ဟိုးရှေးခေတ်က အိမ်မျိုးပေါ့ ... တော်တော်တော့ ပြင်ဆင်ယူရမယ် ...

ခင်ဗျားစိတ်ကြိုက်ပေါ့ဗျာ ... ကြိုက်သလိုပြင်ပါ ... အချိန်ဘယ်လောက်ယူမလဲ ...”

“အဲဒါက အိမ်အနေအထားပေါ်ကြည့်ပြီးမှ ကျွန်တော်ပြောလို့ရမယ် ... လိုက်ကြည့်မယ်လေ ...”

“အင်း ... သုံးလေးလတော့ အချိန်ရပါတယ်ဗျာ အဲ့ဒီအချိန်အတွင်းတော့ ပြီးအောင်လုပ်ပေးပါ ... ကျွန်တော်က မကြာခင်လက်ထပ်တော့မှာဗျ ... လက်ထပ်ပြီးရင် ကျွန်တော်တို့ ဒီအိမ်မှာပဲနေကြမှာ အိမ်ရဲ့ဒီဇိုင်းနဲ့ စိတ်ကြိုက်ကိုတော့ ... ကျွန်တော့် အမျိုးသမီး စိတ်ကြိုက်ပေါ့ဗျာ ... သူကြိုက်တာ သူဖြစ်ချင်တာတွေအားလုံး ... သူနဲ့ ဆွေးနွေးညှိနှိုင်းပြီး လုပ်ပေးပါ ... သူလိုချင်တာအားလုံးပေါ့လေ ...”

ထိုလူ၏ မျက်နှာပေါ်တွင် ဝမ်းမြောက်ကျေနပ်ရိပ်များ ... အလွန်အမင်း ဖုံးလွှမ်းနေသည် ...။ သူ့အမျိုးသမီးစိတ်ကြိုက်လုပ်ပါ ... ဟု ပြောနေသောအချိန်တလျှောက်တွင် ... သူ့မျက်နှာပေါ်၌ ပေါ်လာသည်





မှာ သူ့အမျိုးသမီးကို သူ ဘယ်လောက်ခုံမင်ငြိတွယ်မြတ်နိုးနေကြောင်း ထင်ရှားသော အရိပ်များဖြစ်သည် ...။

“ရပါတယ်ဗျာ ... ကျွန်တော် လုပ်ပေးနိုင်ပါတယ်”

“ကျွန်တော်ကတော့ အလုပ်သိပ်များတယ် ... ရန်ကုန်မှာနေတာဆိုတော့ ပြင်ဦးလွင်နဲ့ ရန်ကုန်ကို ကူးချည်သန်းချည်လုပ်နေရမှာ ... ကျွန်ုင်္ဘာမရှိလဲ ကျွန်တော့်အမျိုးသမီးဆီမှာ ခင်ဗျားလိုအပ်တာတွေ တောင်းယူလို့ရပါတယ် ... သူက ပြင်ဦးလွင်မှာပဲနေတာ ... ဒီအိမ်ကလဲ သူ့အတွက်ပဲ ဝယ်လိုက်ရတာ ... တကယ်တော့ ကျွန်တော့်လို စီးပွားရေးသမားတစ်ယောက်အဖို့တော့ ပြင်ဦးလွင်လို စိတ်ကူးယဉ်အိပ်မက်မြို့တော်က အနားယူအပမ်းဖြေဖို့ သက်သက်ပဲကောင်းတာဗျ ... အမျိုးသမီးက ပြင်ဦးလွင်ဇာတိဆိုတော့လဲ ... မိန်းမချောကလေးကို အလိုလိုက်ရတာပေါ့လေ ... သူက တကယ့်အနုပညာသမား ... ဒီမြို့က တစ်ဖဝါးမခွာဘူး ... နောက်တော့ ခင်ဗျားတွေ့ပါလိမ့်မယ် ... အဲ့ဒါဆိုဗျာ ... မနက်ဖြန် ခင်ဗျား ကျွန်တော့်အိမ်ကလေးကို လာကြည့်နိုင်မလား ... အိမ်လိပ်စာရေးပေးခဲ့မယ် ... တစ်ဆိတ် မနက်ကိုးနာရီအတိုင်းဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မလား ...”

“ဖြစ်ပါတယ် ... ကျွန်တော်လာခဲ့ပါ့မယ် ...”

“ကျွန်တော့်အမျိုးသမီးပါ တစ်ခါတည်းခေါ်ထားပေးမယ်လေ ... သူဖြစ်ချင်တာလေးတွေ ပြောပြရင်ခင်ဗျားလုပ်ပေးဖို့ပါ ... သူ့စိတ်ကြိုက်ပေါ့ဗျာ ... သူ့စိတ်တိုင်းကျသလိုပေါ့ ...”

“အိုကေ ... ကျွန်တော် အကောင်းဆုံးဖြစ်အောင်ကတိပေးပါတယ် ...”

“ဒါဆိုရင် ငွေရေးကြေးရေးကိစ္စနဲ့ အချိန်ကာလအပိုင်းအခြားကိစ္စကိုတော့ အိမ်အနေအထားကိုကြည့်ပြီးမှပဲ ခင်ဗျားပြောမယ်ပေါ့ ... ဟုတ်လား ..”

“ဟုတ်တယ် ... မနက်ဖြန် အလုပ်ကိစ္စဆက်မယ်လေ ... ကျွန်တော် လာခဲ့မယ် ...”

“အိုကေ ... ကျွန်တော်သွားမယ် ...”

“ကံကောင်းပါစေဗျာ ...”

ကျွန်တော်က လူတစ်ယောက်ကိုနှုတ်ဆက်တိုင်း ဆုတောင်းပေးနေကျ ကံကောင်းပါစေဗျာ ... ဆိုတဲ့စကားကို သာမန်အတိုင်း ရေရွတ်ခဲ့မိသည် ...။ သူ့အတွက် ကံကောင်းခြင်းသည် ကျွန်တော့်အတွက် ကံဆိုးခြင်းဖြစ်လာလိမ့်မည်ဟု ကျွန်တော် မတွေးမိခဲ့သေးပါ ...။





အရာရာသည် အစစအဆင်ပြေလှပမြဲဖြစ်သည် ...။

ကိုးနာရီအတိတွင် ကျွန်တော်သည် ... အိမ်ကလေးရဲ့ လိပ်စာအတိုင်း ခြေရှေ့ရောက်လာခဲ့သည် ...။ အိမ်ကလေးကို မြင်ရုံနှင့် ... ကျွန်တော့်ချစ်သူရည်းစားကို တွေ့လိုက်ရသလို ကျွန်တော် အလွန်အမင်း ရင်ခုန်ပျော်ရွှင်သွားတော့သည် ...။ ရှေးခေတ်က အမေရိကန်စတိုင်လ်အိမ်ပုံစံကလေးသည် ကျွန်တော့်ကို လှပစွာစွဲဆောင်ဖြားယောင်းလိုက်ပါသည် ...။ အိမ်ကလေးကို မြင်မြင်ချင်း ကျွန်တော် နှစ်သက်မြတ်နိုးသွားတော့သည် ...။ ဘယ်လောက်ဟောင်းနွမ်းအိုမင်းနေသည်ဖြစ်စေ ... ကျွန်တော် ဒီအိမ်ကလေးကို အနုပညာလက်ရာမြောက်အောင်ပြုပြင်အလှဆင်ဖို့ ကြိုတင်စိတ်ကူးတော့သည် ...။

အိမ်ရှေ့မျက်နှာစာကလေးမှ လေးကားကလေးကအစ ... ကျွန်တော် ဘယ်လိုပြင်ရ ကောင်းမလဲစိတ်ကူးယဉ်လာသည် ...။ လှေကားပွတ်လုံး လက်ရမ်း


www.burmeseclassic.com

www.burmeseclassic.com



တွေက ... ဟောင်းအိုနေပြီ ...။ ဒါတွေ လဲပစ်ရမည်။ မျက်နှာစာမှ အလင်းဖောက် မှန်ချပ်ကြီးများကိုတော့ ကျွန်တော် အတော်သဘောကျသွားသည် ...။ ဒီခေတ်မှာ ရှာမရတော့သည့် ရှေးဟောင်းမှန်ချပ်ကြီးများဖြစ်သည် ...။

အိမ်ကလေးရဲ့ ထူးခြားချက်မှာ ... မြို့ပတ်လမ်း ကုန်းမြင့်မြင့်ကလေးပေါ်မှာ ဆောက်ယူထားသော အမိုးချွန်ချွန်မြင့် မြင့်ကလေးဖြစ်သည် ...။ ထိုအချက်က ကျွန်တော့် စိတ်ကို အစွဲဆောင်ဆုံးဖြစ်သည် ...။

အိမ်မျက်နှာစာရှိ လူခေါ်ဘဲလ်ကလေးကိုတီးလိုက်သည် ...။ လာဖွင့်သူမှာ ... မနေ့ကလူဖြစ်သည်။

"ကျွန်တော်တို့လည်း အခုမှရောက်တာဗျ ... လာ အိမ်ကို လှည့်ပတ်ကြည့်ပါ ... ကျွန်တော့်အမျိုးသမီးလဲ အိမ်ကိုလိုက်ကြည့်နေတယ် ... ကျွန်တော့်နာမည် ရန်နိုင်ပါ ... ကျွန်တော့် အမျိုးသမီးက ခင်မင်းခ ...နောက်မှ မိတ်ဆက်ပေးတာပေါ့ ... ခုတော့ ဘယ်ရောက်နေတယ် မသိဘူး ..."

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်လိုက်သည်။

"တစ်အိမ်လုံး လျှောက်သာကြည့်ပါ ... ကျွန်တော် ဒီမှာ အလုပ်ကလေး နည်းနည်းပါလာလို့ ..."

လက်ဆွဲကွန်ပျူတာတစ်လုံးနှင့် သူ့ကို ကျွန်





တော် တစ်ချက်ပြုံးပြ နှုတ်ဆက်လိုက်ပြီး ... အိမ်ကို ဧည့်ခန်းမှ စတင်ပြီး ကြည့်လာသည် ...။ ဧည့်ခန်း ... ထမင်းစားခန်း ... ရေချိုးခန်း ... စာကြည့်ခန်း ... အိပ်ခန်း ... အစရှိသဖြင့် အခန်းဖွဲ့စည်းပုံများ ပစ္စည်းအထားအသိုများ ... ပစ္စည်းအသစ် လဲလှယ်မှုများကို ကျွန်တော် စဉ်းစားကြည့်လာသည် ...။

ဧည့်ခန်းက အပေါ်တည့်တည့်မှာ ခေါင်မိုးချွန်ချွန်မြင့်မြင့်သာရှိသော်လည်း ... တစ်ဖက်တွင် အပေါ်ထပ်တစ်ထပ်ရှိသေးသည် ...။ ဝရန်တာကလေးနှင့် လူသွားစင်္ကြန်လမ်းကလေးနှင့် ... ပြီးတော့ အိမ်ရဲ့အနောက်ဘက်တွေမှာ လသာဆောင်တွေ အများကြီးထားထားပေးတာကို ကျွန်တော် သိပ်သဘောကျသည် ...။

အခန်းတစ်ခုထဲသို့ ကျွန်တော်အဝင်တွင် ... ဝင်ပေါက်ကို ကျောခိုင်းရပ်နေခဲ့ပြီး ... တစ်နေရာရာကို ငေးနေပုံရသော အမျိုးသမီးတစ်ယောက်ကို ကျွန်တော် အမှတ်မထင်တွေ့လိုက်ရချိန်တွင် ကျွန်တော့်ခြေအစုံ ရပ်သွားသည် ...။ ကျွန်တော် အံ့သြသွားသည်မှာ အမျိုးသမီးရဲ့ ဒူးခေါက်ခွက်အထိ ရှည်လျားဖြာဆင်းကျနေသော ... အနက်ရောင်ပိုးမျှင်များ အိထွေးနေသလို နက်ပြောင်လှပသော ဆံပင်ရှည်ကြီးများဖြစ်သည် ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မလှုပ်ရှားမိဘဲ ... အတော်ကြာအောင် သူမကို ငေးကြည့်မိရက်သားဖြစ်သွားသည် ...။ နောက်မှ မသင့်တော်မှန်းသတိရကာ ... ကျွန်တော် ပြန်လှည့်ထွက်ဖို့ ပြင်လိုက်သည် ...။ ကျွန်တော် နောက်ကျသွားသည် ...။ သူမက ဆံပင်ရှည်ကြီးများ လွင့်ခနဲဖြစ်အောင် ... လသာဆောင်ကလေးဆီသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည် ...။ ကျွန်တော် ရှိနေခြင်းကို သူမ မသိလိုက် ...။

သူမ ရပ်နေခဲ့သောနေရာဆီ ကျွန်တော် လျှောက်သွားခဲ့သည် ...။ သူမဆီမှ သင်းပျံ့သော ရနံ့တစ်မျိုး ကျန်ရစ်ခဲ့သလို ကျွန်တော့်နှာခေါင်းထဲ မွှေးပျံ့လာခဲ့သည် ...။ ကျွန်တော် တခြားအခန်းများကို လိုက်ကြည့်ပြီး ... လှေကားပေါ်မှ ပြန်ဆင်းလာခဲ့သည် ..။ အိမ်တည်ဆောက်ပုံ အကြမ်းဖျင်းကို ကျွန်တော်ရသွားပြီ ...။ ဘယ်လိုအနုစိပ်ပြင်ဆင်ခြယ်သရမလဲဆိုတာပဲ ကျွန်တော် တွေးရတော့မည် ...။

ဧည့်ခန်းထဲ ကျွန်တော် ပြန်ရောက်လာတဲ့အထိ ... သူမကို ကျွန်တော် ထပ်မတွေ့ရပါ ...။

"ကြည့်ခဲ့ပြီလား ... ဒါဆို အလုပ်ကိုစပြောလို့ရပြီပေါ့ ... ကျွန်တော့်အမျိုးသမီးနဲ့ဆုံခဲ့သေးလား"





"အလုပ်ကိုစပြောလို့ရပြီ ကိုရန်နိုင် ... ဟို ... ခင်ဗျားအမျိုးသမီးနဲ့တော့ မတွေ့ရသေးပါဘူး ..."

"အလုပ်ချိန်ကို ခင်ဗျား ဘယ်လောက်ယူမလဲ ..."

"သုံးလနဲ့ လေးလကြာအထိယူရမယ် ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီအိမ်ပုံစံကို သိပ်ကြိုက်တယ်ဗျာ ... ကျွန်တော့်စိတ်တိုင်းကျ အနုပညာမြောက်အောင် Decoration လုပ်ချင်လို့ ..."

"ဟုတ်ပြီ ... သုံးလေးလဆို အချိန်ရပါတယ် ... ကျွန်တော့်အမျိုးသမီးကလဲ ဒီအိမ်ကို သိပ်သဘောကျတာဗျ ... ဘယ်ရောက်နေလဲ မသိဘူး ... ခင်မင်းခ ..."

ကိုရန်နိုင်က အသံခပ်ကျယ်ကျယ်ဖြင့် လှမ်းခေါ်ကြည့်သည် ...။ ကျွန်တော်ပါ ရောယောင်ပြီး သူမထွက်ပေါ်လာမည့်နေရာတချို့ဆီ လိုက်ကြည့်မိသည် ...။

"ခင်မင်းခ ... ဩော် ဒုက္ခပါပဲ ... သူက ဒီလိုပဲဗျ ... တစ်ခုခုကို ရှာန်ဝင်နေပြီဆိုရင် ကျန်တာဘာမှမသိတော့ဘူး ... တစ်ခုဆိုတစ်ခုပဲ .. ခင်မင်းခ ..."

"လာပြီ ..."

ချိုမြ စွဲဆောင်မှုအပြည့်ရှိသော အသံက



www.burmeseclassic.com

www.burmeseclassic.com



လေး အရင်ထွက်လာသည် ...။ ကျွန်တော် မျှော်လင့်တကြီးဖြင့် မော့ကြည့်နေမိသည် ...။ တကယ်လည်း သူမထွက်ပေါ်လာရာနေရာသည် ... အပေါ်ထပ်ဆီမှဖြစ်သည်။

တစ်လှမ်းချင်း ... တစ်လှမ်းချင်းစီလျှောက်လာသော ခြေလှမ်းတိုင်းတွင် ဆံပင်ရှည်ကြီးများက လွင့်ခနဲ ... လွင့်ခနဲ ... လှေကားပေါ်မှ တစ်လှမ်းချင်း တစ်ထစ်ချင်း ... ကျွန်တော် ရုတ်တရက် နလုံးခုန်ရပ်သွားကာ အသက်ရှူဖို့ မေ့လျော့သွားတော့သည် ...။ ဘုရားရေ ... သိပ်လှတဲ့မိန်းကလေးတစ်ယောက်ပါလား။

မျက်နှာကလေးက ရှင်းလင်းပြောင်လက်ကာ ဘာမှလိမ်းခြယ်မထား ...။ မျက်ခုံးကလေးတွေက ဇင်ယော်တောင်ကလေးနှစ်ခုလို ... ခပ်မျှင်မျှင်သွယ်သွယ်ကလေး ... နှာတံကလေးမှာ ဖြောင့်စင်းချွန်မြ၍ ... နှုတ်ခမ်းကလေးမှာ ဖောင်းကြွပြည့်တင်းကာ ပန်းသွေးရောင်ဆမ်းနေတာ အဝေးကတောင် မြင်ရသည် ...။ ရုတ်တရက် ကျွန်တော် သေဆုံးသွားသလို ခံစားလိုက်ရသည် ...။ သိပ်လှတဲ့မိန်းကလေး ... သိပ်လှတဲ့မိန်းကလေး ...။

သူမက ပထမတော့ မျက်လွှာကလေးချလာသည် ...။ ပြီးမှ ... မည်းနက်ရှည်လျားသော မျက်တောင်ထူထူကော့ကော့များကို ဖျတ်ခနဲပင့်ကာ ... ကျွန်





တော့်ဆီသို့ တစ်ချက်လှမ်းကြည့်သည် ...။ ကျွန်တော့်ရင်တွေ ပြင်းထန်စွာ လှုပ်ရှားခုန်ပေါက်သွားသည် ...။

ကြီးမားဝိုင်းစက်သော မျက်လုံးကြီးများက အရည်တဖျပ်ဖျပ်လဲ့နေသည် ...။ တောက်ပရွှန်းလဲ့ပုံက မီးရောင်အောက်က စိန်ပွင့်တွေလို ..။ သူမက မျက်တောင်များကို ပြန်ရုတ်သိမ်းသည့်တိုင် ... ကျွန်တော် မရုတ်သိမ်းနိုင် ...။ သူမရဲ့ သံလိုက်ဓါတ်တစ်ခုလို အားကောင်းပြင်းထန်သော ညို့ငင်သိမ်းပိုက်မှုအောက်တွင် ကျွန်တော် အကြီးအကျယ်ကျဆုံးသွားတော့သည် ...။ ဒီလောက်လှတဲ့မိန်းကလေးမျိုး ကျွန်တော့်တစ်သက်တွင် မကြုံဘူးခဲ့။

မျက်တောင်တစ်ခတ် ... နှုတ်ခမ်းကလေးတစ်ပွင့်အတွက် ... ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်စားမျှော်လင့်ရသော ကျွန်တော့်တစ်ကိုယ်လုံးကို ရစ်ပတ်နှောင်ဖွဲ့ခံလိုက်ရသလို ... အရာအားလုံးကို သတိလစ်မေ့မြောရသော ... ကျွန်တော့်ဘဝတစ်ခုလုံးကို သိမ်းပိုက်လွှမ်းမိုးလိုက်သလို ... ဘဝတစ်ခုလုံးစာ လုံခြုံနွေးထွေးသွားရသော ... ခံစားချက် ထူးထူးဆန်းဆန်းမျိုးကို ဘယ်မိန်းကလေးဆီကမှ ကျွန်တော် မရခဲ့ပါ ...။

ရင်ခုန်ခြင်းကို စတင်သင်ကြားဖွင့်လှစ်ပေးခဲ့သူမှာ ... ထိုမိန်းကလေးဖြစ်သည် ...။ “ချစ်တတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို စတင်အံ့သြမင်သက်စေခဲ့သူမှာ ... ထိုမိန်းကလေး ဖြစ်သည် ...။

ဘာအကြောင်းပြချက်မှမရှိဘဲ ... ထိုတဒင်္ဂလေးတွင် ... ထိုမိန်းကလေးကို ကျွန်တော် ချစ်ခင်စုံမက်သွားခဲ့မိကြောင်း ကိုယ်ကိုယ်တိုင်လည်း အံ့သြဆန်းကြယ်သွားခဲ့လေသည် ...။

သူမကို ကျွန်တော် သိပ်ချစ်သွားခဲ့ကြောင်း ပထမဆုံးသိလိုက်ချိန်တွင် သူမက ကျွန်တော့်အနီးသို့ရောက်လာခဲ့ပြီ ...။ ကျွန်တော် စိတ်လှုပ်ရှားစွာ ဘာပြောလို့ပြောရမှန်းမသိဘဲ ယောင်ကန်းကန်းဖြစ်နေသည် ...။ သူမကို မကြည့်မိဘဲ မနေနိုင် ...။ ကြည့်မိလို့မြင်တော့လည်း ... အလှအပတွေကို မချစ်မိဘဲ မနေနိုင် ...။ သူမအလှတွေကြောင့် ကျွန်တော် ရင်သပ်ရှုမောဖြစ်နေသည်။ မိန်းမတစ်ယောက်က ကျွန်တော့်ကို ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ဦးတည်ရာကင်းမဲ့သွားအောင် လုပ်နိုင်လိမ့်မည်ဟု ... ကျွန်တော် မယုံကြည်ခဲ့ချေ ...။

ကျွန်တော့်ဘဝတွင် ... တဒင်္ဂဆိုတဲ့ တိုတောင်းလှပသော အချိန်တိုကလေးအတွင်း ... ဒီလောက်လျင်မြန်စွာ ... ပြီးတော့ လေးနက်စွာ ... မိန်းကလေးတစ်ယောက်ကို ချစ်မိဖို့ မစဉ်းစားခဲ့ ...။ ခုတော့ ကျွန်





တော့်ကိုယ်ကျွန်တော် တားမြစ်ပိတ်ပင်ချိန်မရလိုက်ခင်မှာပင် ထိုမိန်းကလေးကို ကျွန်တော် မက်မောသွားမိတော့သည်။ ကျွန်တော့်ချစ်သူလေးသာဖြစ်လိုက်ပါတော့ ... ဟု အရူးအမူး စိတ်ကူးမိချိန်တွင် ...

"ကိုအဂ္ဂါ ... ဒါ ကျွန်တော်ပြောပြောနေတဲ့ ... ကျွန်တော်နဲ့လက်ထပ်မယ့် အမျိုးသမီးလေးလေ ... ခင်မင်းခ ... တဲ့ ..."

"ဟုတ်ကဲ့ ခင်ဗျာ ..."

ကျွန်တော် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် သူမကို ကြည့်မိသည် ...။ သူမကလည်း ကျွန်တော့်ကို သမန်ကာလျှံကာမဟုတ်သော ... ထူးဆန်းလျှို့ဝှက်နက်နဲသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ကာ ... ခေါင်းညိတ်ပြသည် ...။ သူမ နှုတ်ခမ်းအဖွင့်ကို ကျွန်တော် မက်မောတွယ်ငြိစွာ စောင့်စားခဲ့စဉ် ... သူမရဲ့ နှင်းဆီအဖူးအငုံကလေးနှင့်တူသော ပန်းနုရောင်နှုတ်ခမ်းကလေးကို မပီတပီကလေးဖွင့်ကာ ပြုံးရုံကလေးပြုံးခဲ့ပါသည် ...။

"ခင်မင်းခ ... သူက ဒီအိမ်ကလေးကို မင်းစိတ်တိုင်းကျ အလှဆင်ပေးမယ့် Interior decorator လေ ... ကိုအဂ္ဂါ ... တဲ့ ... မင်းလိုချင်တဲ့ အယူအဆ ... စိတ်ကြိုက်ပုံစံကို သူနဲ့ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင်ယူပေါ့ကွယ် ... သူက သိပ်တော်တယ် ပြင်သစ်ကနေ decorator diploma ယူလာခဲ့တာ သူအလှဆင်ပေးတဲ့အိမ်တွေ မင်းမြင်ဖူးမှာပေါ့ ...”

“ဟုတ်ကဲ့ ... ကျွန်မ သိပ်ကြိုက်ပါတယ် ...”

ထိုအတွက် ကျွန်တော့်အနုပညာအပေါ် ပထမဆုံးအကြိမ် ကျွန်တော် ဂုဏ်ယူလိုက်ပါသည် ...။

“ဒါဆိုရင် ... ကျွန်တော်တို့ အလုပ်ကိစ္စပြောလိုက်ကြရအောင် ... ငွေရေးကြေးရေးကိစ္စ ... ခင်ဗျားရဲ့အနုပညာကြေးငွေ ကျွန်တော် ဘယ်လောက်ချီးမြှင့်ရမလဲ ... အိမ်အတွက် လိုအပ်တဲ့ပစ္စည်းအသုံးအဆောင်ဝယ်တာက သူ့ဆီမှာ ကျွန်တော်ပေးခဲ့မယ် ခင်ဗျားအတွက်သက်သက်ပေါ့ ...”

ကျွန်တော်က ကျွန်တော်လိုချင်သော ငွေကြေးပမာဏကို ပြောလိုက်သည် ...။ သူက သဘောတူလိုက်သည် ...။

“ကျွန်တော် မရှိလဲ ... သူတော့ ရှိမှာပါ ... ကျွန်တော်က အလုပ်ကိစ္စနဲ့ ရန်ကုန်ပြန်ဆင်းရတာများတယ် ...

“မခင်မင်းခ စိတ်တိုင်းကျအောင် ကျွန်တော်လုပ်ပေးပါ့မယ် ...”





“ကျေးဇူးတင်ပါတယ် ... ကျွန်မက ဒီအိမ်ကလေးကို Romantic ကလေးဖြစ်စေချင်တာ .. ပြီးတော့ အိမ်တွင်းမှာ သစ်ပင်များများ .. ပန်းများများထည့်တာ ကျွန်မ ကြိုက်တယ် ... အဲ့ဒါလေးတော့ လုပ်ပေးနော် ...”

“စိတ်ချပါ ... ကျွန်တော်ကလဲ သစ်ပင်ပန်းပင်တွေကြိုက်ပါတယ် ... ဒါနဲ့ အိမ်ခေါင်မိုးက မှန်တံခါးက ဖွင့်လို့ရတယ်နော် ...”

“ဟင့်အင်း ... မရဘူးထင်တယ် ... ဒီအိမ်ရှင်တွေက အသေတပ်ထားတာ ... ကျွန်မက အဲ့ဒါကို အရှင်ဖြစ်စေချင်တယ် ... အောက်ကနေ ခလုတ်နဲ့ထိန်းလို့ ရမလားဟင် ...”

သူမနှင့်ကျွန်တော် စိတ်ကူးချင်းတူနေသည်။

“ဟုတ်ကဲ့ ... ကျွန်တော်လဲ အဲ့ဒီအတိုင်းဖြစ်ချင်ပါတယ် ... ကျွန်တော်လုပ်ပေးပါ့မယ် ...”

“ကျွန်မ ဖြစ်ချင်တာတွေကတော့ အများကြီးပဲ ... ဖြည်းဖြည်းချင်းပြောယူတာပေါ့နော် ... ကျွန်မ တစ်နေ့တစ်ခေါက်တော့ လာကြည့်လို့ရတယ်မဟုတ်လား ...”

“အို ... ရပါတယ် ... အိမ်ကို ဆေးပြန်သုတ်


www.burmeseclassic.com

www.burmeseclassic.com

တာကနေစ,ပါမယ် ... မနက်ဖြန်ဆို ကျွန်တော့် အလုပ်သမားတွေ ရောက်လာမှာပါ ... ဒါနဲ့ ... မခင်မင်းခက ဘာအရောင်ဖြစ်ချင်သလဲ ... ကျွန်တော်က ပန်းအလှစက္ကူ Wall Paper တွေမကပ်ချင်ဘူး ... Plastic Paint ပဲသုတ်မယ် ..."

"ချောကလက်နုရောင် ... သို့မဟုတ် ဆင်စွယ်နုရောင် ... ခပ်နုနုကလေးဖြစ်ချင်တယ် ..."

"အင်း ... သိပ်လှတဲ့ အရောင်ရွေးချယ်မှုပဲ ... ကောင်းပါပြီ ... ကျွန်တော် အဲ့ဒီအရောင်နှစ်မျိုးထဲက ပိုအဆင်ပြေတာကို ရွေးပါ့မယ် ..."

"အိုကေ ... ဒါဆို မနက်ဖြန်ပေါ့နော် ... ခင်မင်းခ ... မင်းက သော့တစ်ချောင်းယူထား ... ကိုအဂ္ဂါကို သော့တစ်ချောင်းပေးထားလိုက်ပေါ့ ... မင်းစိတ်တိုင်းကျပြင်နော် ... ကြိုက်တာလုပ် ... ကိုယ့်ဆီမှာ လိုသမျှငွေတောင်း ... ဒါ မင်းပိုင်မယ့်အိမ်ပဲ ... မင်းစိတ်ကြိုက်သာဖြစ်ပစေ ..."

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး ... ကံကောင်းပါစေ ..."

သူမက ကျွန်တော် မမျှော်လင့်သော စကားတစ်ခွန်းပြောလိုက်သည် ...။ အဲ့ဒါက ကျွန်တော်ပြောတဲ့





ဆုတောင်းစကားလေးကို သူမက တစ်ထပ်တည်းပြန်ရွတ်လိုက်ခြင်းဖြစ်လေသည် ...။

"ကံကောင်းပါစေရှင် ..."

ကျွန်တော် သူမကို သိပ်ချစ်သွားခြင်းသည် ကျွန်တော့်အတွက် ... ကံကောင်းခြင်းတစ်ခုမဟုတ်တာကို သူမ သိခဲ့လျှင် ... အဲ့ဒီလို ပြန်လည်ဆုတောင်းပေးလိမ့်မည်မထင်ပါ ...။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

သုံးလနှင့်လေးလဆိုသော ကာလအပိုင်းအခြားတွင် ... ကျွန်တော်သည် ထိုအိမ်ကလေးကို လှပကျစ်လျစ်စွာ အနစိပ်ပြင်ရမည်ဖြစ်ပြီး ... ကျွန်တော့်ဘဝကိုလည်း အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းပြင်ဆင်ရမည်ဖြစ်သည် ...။

အိမ်ကလေး၏ ဆေးအရောင်ကို ... ဦးဖ ပြောခဲ့တဲ့အတိုင်း အနုထည့်သုံးရမည့်နေရာတွင် ဆင်စွယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရောင်ကလေးသုံးပြီး ... အရင့်သုံးရမည့်နေရာတွင် ချော့ကလက်ဖျော့ရောင်ကို သုံးပေးခဲ့သည် ...။

သူမသည် ... ပြောတဲ့အတိုင်း .. တစ်နေ့ တစ်ကြိမ် မှန်မှန်ရောက်လာသည် ...။ သူမနှင့်အတူ တစ်ခါတစ်ရံတွင် ကိုရန်နိုင်ပါလာတတ်ပြီး ... တစ်ခါ တစ်ရှုတော့ သူမ၏သူငယ်ချင်း ပါလာတတ်သည် ...။

ကျွန်တော်သည် ... သူမကို မချစ်မိအောင် ဘယ်လိုမှ မထိန်းချုပ်နိုင်ဘဲ ... တစ်နေ့တစ်မျိုး တိုး တိုးပြီးသာ ချစ်မြတ်နိုးလာခဲ့သည် ...။ တစ်ခါတစ်ရံတွင် ကျွန်တော်နှင့်သူမသည် အိမ်အလှဆင်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးဖြစ်ကြသည် ...။ သူမက လိုချင်တာတွေ ... သူမ နှစ်သက်တာတွေကို ပြောပြတတ်သည် ...။ များ သောအားဖြင့်က ကျွန်တော်နှင့်သူမ အကြိုက်ချင်းထပ်တူ ကျနေတတ်ပါသည် ...။

တစ်နေ့တော့ ကျွန်တော့်က သူမကို မေးခဲ့ သည် ...။

"ပန်းပွင့်ထဲမှာ ခင်ဗျား ဘယ်ပန်းကို အကြိုက်ဆုံး လဲဟင် ..."

"နှင်းဆီပန်း ..."

သူမက မဆိုင်းမတွ အဖြေပေးသည် ...။





ကျွန်တော် လန့်သွားသည် ...။

"သေတော့မှာပဲ ... ခင်ဗျားနဲ့ကျွန်တော် အကြိုက် ချင်းသိပ်တူတာပဲဗျာ ... ကျွန်တော်လဲ နှင်းဆီ ပန်းဆို မြင်တာနဲ့ ရင်ခုန်တယ် ... ပန်းနုသွေး ကလေးကို ကျွန်တော် ပိုချစ်တယ် ..."

"ကျွန်မရောပဲ ပန်းနုသွေးကလေးမှ ..."

"ကျွန်တော် သိပ်ကြိုက်လွန်းလို့ နှင်းဆီတစ်ခင်းတော့ ပျိုးထားတယ် ... အရောင်စုံပဲ ... ဒါပေမယ့် ပန်းနုရောင် ပိုများတာပေါ့ဗျာ ..."

"တစ်နေ့လောက် ကျွန်မ လိုက်ကြည့်လို့မရဘူးလား ဟင် ... နှင်းဆီခင်းကို ကျွန်မ ပိုကြိုက်တယ်"

"ကျွန်တော် တစ်နေ့ ခေါ်သွားပါ့မယ် ..."

ကျွန်တော်တို့နှစ်ယောက် သိပ်မရင်းနှီးခင်မှာ င် အဖြစ်အပျက်တစ်ခုသည် ... လသာဆောင်တစ်ခု ာရောက်ရှိနေသော ကျွန်တော်နှင့် ... လသာဆောင်တွင် ျွန်တော်ရှိနေမှန်းမသိသော သူမနှင့် သူမ၏သူငယ်ချင်း ည် ထိုအခန်းကလေးထဲရောက်ရှိလာပြီး ... အမှတ်တ ပြောခဲ့ကြသောစကားများကြောင့် .. ဖြစ်ပျက်ခဲ့ပါသည်။

ထိုအဖြစ်အပျက်ကြောင့် ... ကျွန်တော့် း သားများ ပြုတ်ကျသွားသလို ခံစားလိုက်ရသည် ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကျွန်တော်သည် ... လသာဆောင်ကလေးတွင် ဘာပန်းအိုးကလေးတွေ ထားရင်ကောင်းမလဲဟု ငြိမ်သက်စွာ စဉ်းစားနေခဲ့ချိန်ဖြစ်သည် ...။

ရုတ်တရက် ကျွန်တော်ကြားလိုက်ရသောအသံမှာ ငိုသံတစ်ခုဖြစ်သည် ...။ မိန်းကလေးတစ်ယောက်၏ ငိုသံဖြစ်၏။ ပို၍သေချာသည်မှာ ... ကျွန်တော်သိပ်ချစ်သော မိန်းကလေး၏ သည်းထန်စွာ ရှိုက်ငင်သော ငိုသံဖြစ်လေသည် ...။ သူမ၏ ငိုသံကြောင့် ကျွန်တော် စိတ်ထိခိုက်သွားပြီး ... အကွယ်ကလေးတွင် ရုတ်တရက် ထိုင်ချလိုက်မိသည် ...။ သူမကို ကျွန်တော်ကိုယ်တိုင် ထွေးပွေ့ယုယကာ ချော့မြှူချင်ပါသော်လည်း ... ထိုအဖြစ်ကို ကျွန်တော် အိပ်မက်တောင် မက်ခွင့်ရလိမ့်မည်မဟုတ်ပါ ...။

"ခင်မင်းခရယ် ... မငိုပါနဲ့ဟယ် ... နင်ငိုတော့ ငါပါ ... ငိုချင်လာပြီ ... စိတ်ညစ်ပါတယ် ... မငိုနဲ့ ... တိတ် ... တိတ် ... မငိုနဲ့ဟာ ... မကောင်းဘူး ခင်မင်းခ ..."

သိပ်ဝမ်းနည်းလာလို့ပါဟယ် ... မျိုးသိပ်ထား ... မရ ... ဘူး ... ငါ သူ့ကို မချစ်ဘူး ... သူ ... ဘယ်လိုမှ ချစ်လို့မရဘူး ... ငါမချစ်တဲ့လူကို ငါ ဘယ်လိုလုပ်ပြီး လက်ထပ်ရမလဲ ... စပယ် ... ပြောပါဦး ... ငါမချစ်ဘူး ... မချစ်ဘူး ..."

သူမ၏ ရှိုက်ငင်သံသည် ... ပို၍ ... ငိုထန်လာသည် ...။ ကျွန်တော် စိတ်ထိခိုက်စွာ အံကြိတ်ထားမိသည် ...။

"ငါ ... သူ့ကို မချစ်ဘူးဟယ် ... အဲ့ဒါ ဘယ်လိုလုပ်ရမလဲ ... ငါ ထပ်တလဲလဲ ပြောနေမိမှာပဲ ... သူ့ကို မချစ်ဘူး ... မချစ်ဘူး ..."

ကျွန်တော့်ကိုယ်ကျွန်တော်တောင် မထိန်းချုပ်နိုင်တော့ချေ ...။ ကျွန်တော့်မျက်လုံးအိမ်ထဲ မျက်ရည်တွေ ပြည့်လျှံလာခဲ့သည်။ ကျွန်တော့်ချစ်သူကို ကျွန်တော် ဘယ်လိုနည်းနှင့် ကယ်တင်နိုင်ပါ့မလဲ ..။ အချစ်ဖြင့်သာ သူမကို ကယ်တင်နိုင်လိမ့်မည် ...။

"ငါသိပါတယ် ... သူ့ကို နင် ဘယ်တော့မှ ချစ်လို့မရတာ ငါသိပါတယ် ... ဒါပေမယ့် နင်မှ ဘာမှမတတ်နိုင်ဘဲ ... အဲ့ဒါကို စိတ်ဆင်းရဲခံပြီး နင် ဘာဖြစ်လို့ ငိုနေမလဲဟယ် ...

နင်လက်ထပ်ဖို့ လေးလလောက်ပဲလိုတော့တယ် ခင်မင်းခ ... အဲ့ဒီအတွက် နင် ငိုနေလို့







www.burmeseclassic.com

www.burmeseclassic.com



လဲ ဘာမှထူးခြားပြီး ဖြစ်မလာနိုင်တော့ဘူး ... ဘာမှလဲ ပြောင်းလဲလာစရာမရှိတော့ဘူး ... နင့်ကိုလဲ ဘယ်သူမှ မကယ်တင်နိုင်တော့ဘူး .. နင့်အကြောင်းတွေ အစအဆုံးသိတဲ့ ငါတောင်မှ နင့်ကို မကယ်တင်နိုင်တော့ဘူး ...”

“တွေးလိုက်တိုင်း ငါ သိပ်ငိုချင်တာပဲ ... စပယ် ကိုယ်ချစ်လို့မရတဲ့လူတစ်ယောက်ကို လက်ထပ်ပြီး သူနဲ့တစ်သက်လုံးပေါင်းသင်းသွားရမယ့်ကိစ္စက သိပ် ဝမ်းနည်းဖို့ကောင်းတဲ့ကိစ္စပဲ ... ဒီအိမ်ကလေးကို ငါ သိပ်ချစ်ပါတယ် ... ဒါပေမယ့် သူ့ကို ငါ မချစ်ဘူး ...”

သူမက ငိုသံကလေးဖြင့် ဆက်ပြောနေခဲ့သည်။ ကျွန်တော် ပိုငိုချင်လာသည် ...။ ကျွန်တော်က ထိခိုက်ခံစားလွယ်သော အနုပညာသမားတစ်ယောက်ဖြစ်သည်။ ပြီးတော့ ပိုင်ဆိုင်ခွင့် ဘယ်တော့မှရှိမလာနိုင်သည့် ချစ်သူတစ်ယောက်ကို ... သိပ်ချစ်တတ်သော ယောကျ်ားတစ်ယောက်လည်းဖြစ်သည် ...။

“နင်သိတယ်နော် ... ငါ့မှာ ဘယ်တုန်းကမှ အိမ်တစ်လုံး ပိုင်ဆိုင်မှုဆိုတာ မရှိခဲ့ဘူး ... ချစ်ရမယ့်ချစ်သူဆိုတာလဲ မရှိခဲ့ဘူး ... ဒါပေမယ့် ငါ





မချစ်တဲ့လူကိုယူပြီး ... အိမ်တစ်လုံးပိုင်ဆိုင်ခွင့်ကို ငါ လက်ခံခဲ့ရတယ် ... သိပ်ဆိုးတဲ့အဖြစ်ပဲနော် ...”

“ထပ်မငိုနဲ့တော့နော် ... နင့်မျက်လုံးတွေ ယောင်ကိုင်းလာလိမ့်မယ် ... လာ ... အောက်ဆင်းကြစို့ ... ကိုယ့်အတွင်းရေးကိစ္စတွေ တခြားလူသိသွားတော့ မကောင်းဘူး ... လာ လာ ...”

“ငါ့ပါးပေါ်မှာ မျက်ရည်တွေရှိသေးလားဟင် ...”

“မရှိတော့ဘူး ... ငါသုတ်ပေးထားပြီးပြီပဲ ... လာ လာ ... နင် ငိုချင်စိတ်ပျောက်သွားအောင် တစ်ယောက်ယောက်နဲ့ စကားပြောနေလိုက် ... ကိုအဂ္ဂါနဲ့ဖြစ်ဖြစ်ပေါ့ ... လာ ... လာ ...”

သူမတို့နှစ်ယောက် အခန်းထဲမှထွက်သွားကြသည့်တိုင် ... ကျွန်တော် ခေါင်းငိုက်စိုက်ချကာ ဆက်ထိုင်နေမိသည်။ ကျွန်တော့်အသည်းနှလုံးသည် လည်ချောင်းဝတွင် လာရောက်တစ်ဆို့နေသလို ခံစားရသည် ...။

ကျွန်တော့်ချစ်သူကို ... သူ မချစ်သောလူကို လက်ထပ်ရမည်ဖြစ်ပြီး ... ဒီအိမ်ကလေးတွင် အသက်ထက်ဆုံး နေထိုင်သွားရတော့မည်ဖြစ်ပြီး ... ကျွန်တော်ကတော့ ကျွန်တော့်ချစ်သူနေထိုင်ရမည့်အိမ်ကလေးကို ဆန်း



www.burmeseclassic.com

www.burmeseclassic.com


ကြယ်လှပအသက်ဝင်အောင် အလှဆင်ဖန်ဆင်းပေးရမည် ဖြစ်သည် ...။

ကျွန်တော့်ရင်ထဲတွင် အကြီးအကျယ် ဟာ ကျသွားခဲ့တော့သည် ...။

ကျွန်မ သက်တမ်းတလျှောက်တွင် ... တစ်ကြိမ်တစ်ခါမှ မပေါ်ပေါက်ဘူးသော အဖြစ်အပျက်ဆန်းတစ်ခုသည် ... တစ်ခုသော မနက်ခင်းတွင် တံခါးဘဲလ်တီးသံနှင့်အတူ ဖြစ်ပျက်ခဲ့သည် ...။ ကျွန်မ နောင်တွင်နေရမည့် အိမ်ကလေးသည် ... အခုမှ အလှဆင်ပြင်ဆင်ဆဲပဲဖြစ်ရာ ... ထိုအိမ်ကလေးဆီသို့ တစ်နေ့တစ်ခေါက် ကျွန်မ ရောက်နေကျဖြစ်သည် ...။ အလုပ်သမားများ သူတို့ဘာသာ ရှုပ်ထွေးနေချိန်တွင် ... ကျွန်မက Decorator ကိုအဂ္ဂါနှင့် ကျွန်မ လိုချင်သော ပုံစံအနေအထားများကို ပြောလေ့ရှိသည် ...။ ထိုအချိန်တွင် တံခါးဘဲလ်သံမြည်လာခဲ့ခြင်းဖြစ်သည် ...။



"နေနေ ... ကျွန်မ သွားဖွင့်လိုက်မယ် ..."

ကျွန်မက တံခါးကို သွားဆွဲဖွင့်လိုက်သည်။ တံခါးဝတွင် အံ့ဩစရာအဖြစ်အပျက်တစ်ခုက ကျွန်မကို အသင့်စောင့်ကြိုနေခဲ့တော့တာဖြစ်သည် ...။

"မခင်မင်းခအတွက် ပန်းတွေနဲ့ ကတ်ပါခင်ဗျာ ..."

"ဘုရားရေ ... ကျွန်မအတွက် ..."

ပန်းအိုးအကြည် ခပ်လှလှရှည်ရှည်ထဲတွင် ပန်းနုသွေးရောင် နှင်းဆီပန်းများ လှပမြောက်မြားစွာရှိနေသည် ...။ ကျွန်မ တအံ့တဩဖြစ်သွားသည် ...။

"သိပ်လှတာပဲ ... နှင်းဆီပန်းတွေ ... ဒါပေမယ့် ဘယ်သူကပို့ခိုင်းတာလဲဟင် ..."

"အဲဒါတော့ ကျွန်တော် မသိပါဘူးခင်ဗျာ ... အမည်မဖော်လိုတဲ့လူတစ်ယောက်က ခင်ဗျားနာမည်နဲ့ ဒီအိမ်ကို လာပို့ခိုင်းလို့ပါ ... ခင်ဗျား လက်ခံရရှိကြောင်း လက်မှတ်ကလေးထိုးပေးပါခင်ဗျာ ... ကျွန်တော်က ပန်းဆိုင်က အလုပ်သမားတစ်ယောက်ပါ ... ကျွန်တော့်မှာ ဘာမှပြောပိုင်ခွင့်မရှိပါဘူး အဲ့ဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ ... မခ"

"အို ... ရပါတယ် ... ကျွန်မ လက်မှတ်ထိုး ယူထားလိုက်ပါ့မယ် ... ကျေးဇူးတင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက လက်ခံရရှိကြောင်း လက်မှတ်ထိုး ယူလိုက်ကာ ... အကြည်ရောင် ဖန်ပန်းအိုးကြီးကို မွေ့ပိုက်ယူလိုက်သည် ...။ ကတ်ကလေးကို ကမန်းကတန်းဖွင့်ကြည့်လိုက်သော်လည်း ကတ်တွင် ဘာမှရေးမထားပါ။

"ဘယ်သူပါလိမ့် ..."

ကျွန်မသည် ... ပဟေဠိကြီးစွာဖြင့် ... တံခါးကို ပြန်ပိတ်လိုက်ကာ ... ပန်းတွေဝေဝေဆာဆာ လှလှပပရှိသော ပန်းအိုးကြီးကိုပိုက်လျက် ... ကိုအဂ္ဂါကို ရှက်ကိုးရှက်ကန်းတစ်ချက် ရယ်လိုက်ကာ ...

"အဟင်း ... ဘယ်သူလဲ မသိပါဘူးရှင် ... ကျွန်မဆီကို ပန်းတွေပို့ပေးလိုက်တယ် ... ကတ်ထဲမှ ဘာမှလဲရေးမထားဘူး ...

သြော် ... ကိုရန်နိုင်ပို့ပေးတာလဲဖြစ်နိုင်တာပဲ ..."

"သိပ်လှတဲ့ပန်းတွေပဲနော် ... ခင်ဗျားသိပ်ကြိုက်တဲ့ပန်းသွေးရောင်နှင်းဆီတွေဆိုတော့ ... သိပ်ကောင်းတာပေါ့ ..."

"ဟုတ်ကဲ့ ... ဒါပေမယ့် ... ပို့ပေးတဲ့သူ ဘယ်သူဆိုတာတော့ ကျွန်မ စုံစမ်းရဦးမယ် ... ကိုရန်နိုင်ကလဲ ဒီလောက် Romantic ဖြစ်တဲ့အလုပ်မျိုး





တစ်ခါမှ အပင်ပန်းခံပြီးမလုပ်ဖူးပါဘူး ..."

သူက ... အသံထွက်ပြီးရယ်နေလေသည်။ သူ ရယ်နေပုံမှာ တစ်မျိုးလေးဖြစ်သည် ...။ သူသည် အနုပညာဖန်တီးရာတွင် ကျစ်လစ်လှပကာ ဆန်းကြယ်သလောက် ရုပ်ရည်ကလည်း ချောမောခန့်ညားသော ယောကျ်ားတစ်ယောက်ဖြစ်သည် ...။ တစ်ခါတစ်ရံတွင် ရွှေကိုင်းမျက်မှန်ဝိုင်းကလေးတပ်ထားလျှင် ... ကျွန်မတောင် ငေးယူရလောက်အောင် ချောသည် ...။

"ရှင် ... ဘာဖြစ်လို့ရယ်နေတာလဲဟင် ..."

ကျွန်မက တအံ့တသြမေးလိုက်လျှင် ...

"ဘာမှမဖြစ်ပါဘူး ..."

"ဟင့်အင်း ... ရှင် တစ်ခုခုဖြစ်လို့ ရယ်တာပါ ကျွန်မအဖြစ်က ရယ်စရာကောင်းနေလို့လားဟင်"

"မဟုတ်ပါဘူး ... ခင်ဗျားကို ပဟေဠိလုပ်လိုက်တဲ့လူကို ကျွန်တော် ရယ်ချင်လို့ပါ ..."

"ကျွန်မ တစ်ခါမှ အခုလို ပန်းတွေအများကြီးပို့ပေးတာ မရဖူးဘူး ..."

သူက ပြုံးပြန်သည် ...။

"အခုရပြီဆိုတော့ ... ခင်ဗျားအတွက် တစ်ခုခုထူးခြားမှုရှိချင်ရှိနေမှာပေါ့ ... ဥပမာ ... ခင်ဗျား


www.burmeseclassic.com

www.burmeseclassic.com

ကို ကျိုဝ်ချစ်နေတဲ့ လူတစ်ယောက်ကများ ...”

“အဲ့ဒါဆိုရင် သိပ်ဆိုးတာပေါ့ရှင် ... ကျွန်မက လက်ထပ်တော့မယ့်ဥစ္စာ ... ကျွန်မ ပြန်လိုက်ဦးမယ် ... ဘာပဲဖြစ်ဖြစ် ... ကျွန်မ သိပ်ကြိုက်တဲ့ပန်းတွေပို့ပေးတဲ့လူကိုတော့ ကျွန်မ သိချင်သေးတယ် ...”

ကျွန်မသည် ... နှင်းဆီအိုးကြီးပွေ့ပိုက်ပြီး အိမ်ပြန်လာခဲ့သည် ...။ ဒီကိစ္စသည် သူများအတွက်တော့ သမားရိုးကျဖြစ်ချင်ဖြစ်နိုင်ပေမယ့် ကျွန်မအတွက်တော့ အထူးအဆန်းဖြစ်သည် ...။ ကျွန်မဘဝတွင် ... ဤမျှနူးညံ့သိမ်မွေ့သော အရေးစိုက်မှုမျိုးကို တစ်ခါမှ မခံခဲ့ဘူးပါ ...။

အိမ်ပြန်ရောက်တာနှင့် ကျွန်မသည် ... ပထမဆုံး ရန်ကုန်ကို ဖုန်းခေါ်ကြည့်သည် ...။ ကိုရန်နိုင်ကို ဖုန်းခေါ်မိသည်မှာ ဒါ ပထမဆုံးအကြိမ်ဖြစ်၏ ...။

“ကိုရန်နိုင်လား ...”

“ဟုတ်တယ် ... ခင်မင်းခ,လား ... အရေးကြီးလို့လား ... ဘာလိုလို့လဲ ... ဒီမှာ ကိုယ်အလုပ်တွေရှုပ်နေလို့ ... ပြောလေ ...”

ရှင် အလုပ်ပိပြီးတော့ မသေသေးဘူးလား ..





ဟု ကျွန်မစိတ်ထဲက လှမ်းအော်လိုက်မိသည် ...။ အမြဲအလုပ်နှင့် နပန်းလုံးနေသော ယောကျ်ားတစ်ယောက်ကို အင်မတန် ဂရုစိုက်ခံ ... အယုယခံ ... အချစ်ခံချင်သော မိန်းမတစ်ယောက်က ... ဘယ်လိုသည်းခံစိတ်ရှည်မှုမျိုးနှင့် ပေါင်းသင်းရမှာပါလိမ့် ... သူနှင့်ကျွန်မ တစ်စက်ကလေးမှ အသွင်မတူချေ ...။

“ကျွန်မ တစ်ခုမေးချင်လို့ပါ ...”

“မေးလေ ...”

“ရှင် ... ကျွန်မဆီ ပန်းတွေပို့ပေးသလားလို့”

“ပန်းတွေ ... ဘာပန်းတွေလဲ ... တယ်တုန်းကပို့ပေးလို့လဲ ...”

“ဆောရီး ... ရှင် အလုပ် သိပ်များနေတာ ... ကျွန်မ နှောင့်ယှက်မိရင် စိတ်မကောင်းပါဘူး ..”

ကျွန်မ ဖုန်းကို အမြန်ပြန်ချလိုက်သည် ...။ ဒုတိယမြောက်ဖုန်းခေါ်သူမှာ ... အချစ်ဆုံးသူငယ်ချင်း စပါယ်ဖြစ်သည် ...။

“စပါယ် ... နင် ငါ့ဆီ ပန်းတွေပို့မိသေးလား”

“ဘာပန်းတွေလဲ ...”

“နှင်းဆီပန်းတွေ ထည့်ထားတဲ့ပန်းအိုးတစ်လုံး”

“ပေါက်ကရ ... ငါ အဲ့ဒီလောက် စိတ်ကူးမ


www.burmeseclassic.com

www.burmeseclassic.com


ကောင်းဘူး ... ကဗျာမဆန်ဘူး မိန်းမရေ ... ပေးချင်မှတော့ ငါ့ဘာသာ နင့်ကို ကိုယ်တိုင်လာပို့ပေးမှာပေါ့ ... နင့်လူကြီးပေးတာနေမှာပေါ့"

"ဟေ့အေး ... သူ မပို့ဘူး... ငါမေးပြီးပြီ"

"ဒါဆို ဘယ်သူပို့တာလဲ ..."

"ငါ မသိဘူး ... အဲ့ဒါကို ငါ သိပ်သိချင်နေတာ ပန်းတွေက သိပ်လှတာပဲဟယ် ..."

"ငါ့အထင်ပြောရရင် နင့်ကို တိတ်တခိုးချစ်နေတဲ့ လူတစ်ယောက် ဒီမြို့မှာ ရှိနေပြီ ..."

"အင်း ... ငါ့ကို ကိုအဂ္ဂါ ... လဲ အဲ့ဒီအတိုင်းပြောတယ် ..."

"ဟုတ်ပြီ ... သူရော မဖြစ်နိုင်ဘူးလား ... သူက Romantic သိပ်ဖြစ်တာပဲနော် ... ပြီးတော့ လုပ်နေတဲ့အလုပ်က အနုပညာဆန်တဲ့အလုပ် ..."

ကျွန်မ ရင်ထဲ လှိုက်ခနဲခုန်သွားသည် ...။ သူသည် မေးရိုးများခိုင်မာအားကောင်းပြီး ... မျက်လုံးများ နူးညံ့သိမ်မွေ့သော ..ကြင်နာမြတ်နိုးတတ်ပုံပေါက်သော ... ယောကျာ်းပီသချောမောသော ... နှစ်လိုဖွယ်ပြုံးပြတတ်သော ... စကားပြောယဉ်ကျေးတည်ငြိမ်သော ချစ်စရာလူငယ်ကလေးဖြစ်သည် ...။

ကျွန်မ သူ့ကို လေ့လာမိသလောက် ... သူသည် ဘာအလုပ်မဆိုလုပ်ရင် ... လေးလေးနက်နက်ဖြင့် စေ့စပ် သေချာစွာ အသေးစိပ်ကျကျ အနုစိတ်အောင်လုပ်တတ်သူဖြစ်သည် ...။ တစ်ခုခုကို အမြဲထိုးထွင်းကြံဆဖို့ တွေးတောနေသော အမူအရာမျိုးရှိသည် ...။ စကားပြောခါနီးရင် ... သေချာစဉ်းစားပြီးမှ ပြောတတ်သည် ...။ ဝတ်စားဆင်ယင်ပုံ သန့်ပြန့်သားနားကာ အမြဲ အထက်တန်းကျကျ သပ်ရပ်နေတတ်သည် ...။ ဘယ်တော့မှ ပစ္စလက်ခတ် မနေထိုင်တတ် ...။ သူ့မျက်နှာသည် ... ကျွန်မ မြင်လိုက်တိုင်း အစဉ်အမြဲကြည်လင်ဝင်းဖန့်နေတတ်သည် ...။ သူ့ကို ကျွန်မ သိပ်သဘောကျပါသည် ...။ သဘောအကျဆုံးမှာ ... သူနှင့်ကျွန်မသည် ... အစစအရာရာ အကြိုက်ချင်းတူညီနေတတ်ပြီး ... စကားပြောရတာ အဆင်ပြေစိတ်ချမ်းသာမှုရှိခြင်းပင်ဖြစ်သည် ...။

"ဟဲ့ ... ခင်မင်းခ ... ငါပြောတာကြားရဲ့လား နင့်ကို ပန်းတွေ ပို့ပေးတဲ့လူဟာ ... ကိုအဂ္ဂါရော မဖြစ်နိုင်ဘူးလားလို့ ..."

ကျွန်မ တစ်ကိုယ်လုံး နုံးခွေ ချိနဲ့သွားတော့သည် ...။

"နင်က ဘာဖြစ်လို့ အဲ့ဒီလိုထင်ရတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင်ရော မထင်ဘူးလား ..."

"မထင်ဘူး ... မထင်ရက်တာပါဟယ် ... နောက်လေးလအကြာမှာ ငါ ကိုရန်နိုင်နဲ့ လက်ထပ်မယ်ဆိုတာ သူ သိသားပဲ ... ငါတို့နေဖို့အိမ်ကို သူကိုယ်တိုင်ပဲ ပြင်ဆင်ပေးနေတာ ... သူက ဒီလောက်မိုက်မဲတဲ့အလုပ်မျိုးကို လုပ်ပါ့မလား ..."

"ထားပါတော့လေ ... သူ မဟုတ်ရင် နောက်ဘယ်သူဖြစ်နိုင်သေးလဲ ... ဘယ်သူမှ မရှိတော့ဘူး ... အခု ပန်းတွေကို နင် ဘယ်မှာထားသလဲ"

"ငါ့အိပ်ရာခေါင်းရင်းက စားပွဲပေါ်မှာ ... သင်းသင်းလေးမွှေးနေတယ် ... ငါသိပ်ချစ်တာပဲ ... ငါ့ကို စိတ်ချမ်းသာအောင် လုပ်ပေးနိုင်တဲ့သူဆိုလို့ ဒီပန်းတွေ ပို့ပေးတဲ့လူပဲ ရှိသေးတယ် ..."

"အေးပါ ... ငါပါ ဝိုင်းစုံစမ်းပေးပါဦးမယ် ... နင့်ကို လူတစ်ယောက်က အသေအလဲချစ်နေပြီဆိုပါတော့ ... နင် ဘယ်လိုလုပ်မလဲ ..."

"ငါ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ... ဘာမှမတတ်နိုင်ဘူးပေါ့ဟယ် ..."

ကျွန်မက ... ဖုန်းကိုချလိုက်သည် ...။

ပန်းတွေ ပို့ပေးတဲ့သူ ဘယ်သူလဲဆိုတာ ... ကျွန်မ မ





သိနိုင်တော့ချေ ...။ လူဆိုတာသည် ... မသိရတဲ့အရာဆိုရင် ပိုပြီးသိချင်တာ သဘာဝပဲဖြစ်၏ ...။ ထို့ကြောင့် ပန်းပို့ပေးတဲ့သူကို ပိုသိချင်လေသည် ...။

သိခွင့်ရရင်လည်း ... ဘာမှထူးခြားပြောင်းလဲလာစရာမရှိနိုင်တာ သိရက်နဲ့ကို ထိုလူကိုသိချင်၏ ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

"အိပ်ခန်းမကြီးထဲမှာ နှစ်ယောက်အိပ်မွေ့ယာကြီး အပြင် ... ဆိုဖာဆက်တီကြီးတစ်ခုထားဦးမယ် ... အပန်းဖြေလို့ရတာပေါ့ ... ပြီးတော့ နံရံမှာ ... ကျွန်တော်က နွယ်ပင်လို ခပ်လှလှစိမ်းစိမ်းပန်းပင် ကလေးတစ်ပင် ထည့်ပေးချင်တယ် ... ပြီးတော့ အိပ်ခန်းထဲက လှမ်းကြည့်ရင် ခြံထဲကပန်းပင်တွေ

.................................................................



www.burmeseclassic.com

www.burmeseclassic.com

ကို လှမ်းမြင်ရအောင် ကျွန်တော်က မှန်ချပ်ကြီးတွေပဲထားချင်တယ် ... ခန်းစီးကို အပွင့်နုပ်နုပ်အရောင်နုနုကလေးကာမယ် ... ခန်းဆီးကို ခုတင်ပေါ်ကလှမ်းဖွင့်လို့ရအောင် ... ကျွန်တော် ခလုတ်တစ်ခုတပ်ထားပေးမယ် ... ဒီဘက်အုတ်နံရံအကာတွေမှာ ... နံရံမြှုပ်ဘီရိုတွေပဲလုပ်မယ် ... ဘီရိုကြီးတွေနဲ့ အခန်းထဲမှာပြည့်ပြီး နေရာမယူစေချင်ဘူးလေ ... နံရံမြှုပ်ဘီရိုတံခါးကို ချယ်ရီသားနဲ့လုပ်ရင်ကောင်းမလား ...”

ကျွန်တော်ပြောသမျှကို သူမက ငေးကြည့်ကာ ခေါင်းကလေး တညိတ်ညိတ်ဖြစ်နေသည် ...။

“သိပ်ကောင်းတဲ့ စိတ်ကူးပဲ ကိုအဂ္ဂါ ... လိုအပ်တဲ့စာရင်းနဲ့ ငွေကိုပြောလေ ... ကျွန်မ ပိုက်ဆံထုတ်ပေးဖို့ ...”

“အိုကေ ... ခင်ဗျားကြိုက်ပြီဆိုရင် ကျွန်တော်စာရင်းလုပ်ပြီး ကျွန်တော့်တပည့်တွေနဲ့လွှတ်လိုက်မယ် ဒါနဲ့ စကားမစပ် ခင်ဗျား ထမင်းစားပြီးပြီလား”

“ဟင့်အင်း ... မစားခဲ့ရဘူး ... အိမ်ကျမှပဲစားတော့မယ် ...”

“ဝန်မလေးဘူးဆိုရင် ကျွန်တော် ခင်ဗျားကို ထမင်း





လိုက်ကျွေးပါရစေ ... ကျွန်တော်လဲ မစားရသေးဘူး ... ဒီနားက ထမင်းဆိုင်ကလေး သိပ်ကောင်းတာပဲ ...”

“ဘာအတွက်လဲ ဟင် ...”

သူမက တအံ့တသြ မေးခွန်းထုတ်သည် ..။ ကျွန်တော် သူမမျက်နှာကလေးကို တစိမ့်စိမ့်ကြည့်ကာ ... “သိပ်ချစ်လို့ပါ ...” ဟု အဖြေပေးချင်စိတ်ကို မျိုသိပ်ထိန်းသိမ်းထားလိုက်ရသည် ...။

“အင်း ... ဘာရယ်မဟုတ်ပါဘူးဗျာ ... ခုအချိန်က ထမင်းစားချိန်လဲဖြစ်နေတယ် ... ပြီးတော့ ထမင်းဆိုင်ကလေးကလဲ သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်းနဲ့ အစားအသောက်တွေလဲကောင်းတယ် ခင်ဗျားကိုလဲ ကျွန်တော် ထမင်းလိုက်ကျွေးချင်စိတ်ပေါက်သွားလို့ပါ ...”

“ကောင်းပါတယ် ... ကျွန်မလဲ အပြောင်းအလဲလေးဖြစ်သွားတာပေါ့ ... ဒီနေ့ အိမ်မှာချက်ထားတဲ့ဟင်းကို ကျွန်မ မကြိုက်ဘူး ... သွားစားကြတာပေါ့ ...”

သူမက ပြုံးပြီးခွင့်ပြုလိုက်သောအခါ ... ကျွန်တော်ပျော်သွားပါသည် ...။


www.burmeseclassic.com

www.burmeseclassic.com



"လာ ... သွားစို့ ..."

"ရှင်က သိပ်အံ့ဩဖို့ကောင်းတာပဲနော် ..."

"ဘာကိုလဲ ..."

ကျွန်တော်တို့နှစ်ယောက် ရထားလုံးအတူစီးပြီး ... ထမင်းဆိုင်ကလေးဆီသို့ လာခဲ့ကြသည် ...။

"အစစအရာရာပေါ့ ... ရှင် ဘာလုပ်လုပ် ... ကျွန်မအတွက်တော့ အံ့ဩစရာချည်းပဲ ..."

ကျွန်တော်က သူမ မျက်နှာကလေးကို အသာအယာစိုက်ကြည့်ကာ ပြုံးနေခဲ့သည် ...။

ထမင်းဆိုင်ကလေးကို သူမကလည်း မြင်မြင်ချင်းသဘောကျပါသည် ...။

"ကိုအဂ္ဂါ ... ဘာဟင်းနဲ့စားမှာလဲဟင် ..."

"ကျွန်မက အသီးအရွက်များများကြိုက်တယ် ... ငါးကြိုက်တယ် ... အသားတွေမကြိုက်ဘူး ..."

"ကျွန်တော်လဲ အသီးအရွက်အစားများတယ် ... ဒါဆို အသီးအရွက်ပဲ များများမှာမယ်နော် ..."

"ဟုတ်ကဲ့ ..."

ကျွန်တော်က အသီးအရွက်အကြော်စုံ ... မုန်ညှင်းဖြူကြော် ... ဆယ်နှစ်မျိုးဟင်းချို ... ကြက်ဥဂေါ်ဖီကြော် ... စသဖြင့် အစုံမှာလိုက်သည် ...။





ပြီးတော့ သူမအတွက် ဖွှန်းခက်ရင်းကို ရေနွေးထဲထည့်စိမ်ဆေးပေးသည် ...။

"ကိုရန်နိုင် ... ဘယ်နေ့လောက်လာမလဲ ..."

"ကျွန်မ မသိဘူး ... သူအလုပ်သိပ်ရှုပ်နေရင်မလာဘူး ..."

သူမက ဇွန်းခက်ရင်းများကို ကိုင်ကြည့်နေသည် ...။ ပြီးတော့ ခပ်တိုးတိုးရယ်ကာ ...

"ကျွန်မ တစ်ခါမှ ဆိုင်မှာ ထမင်းမစားဖူးဘူး ... ရယ်စရာကြီးနော် ..."

"ကိုယ့်ဘာသာချက်တာလား ..."

"ဟုတ်ကဲ့ ... ကျွန်မက ငယ်ငယ်ကတည်းက အချက်အပြုတ် ... အိမ်အလှပြင်ဆင်တာ ... ဝါသနာပါတာ ... ရှင့်ကို ကျွန်မ သိပ်အံ့ဩတယ်သိလား ... ပြင်သစ်ကနေ Interior decorator diploma ယူလာလို့လေ ... ရှင့်မိဘတွေက သဘောကျရဲ့လားဟင် ..."

"ကျပါတယ် ... ကျွန်တော်တို့က Big Family ကြီးလေ ... ညီအစ်ကိုမောင်နှချည်းပဲ ကိုးယောက်ရှိတယ် ... ကျွန်တော်က အငယ်ဆုံး ... အပေါ်ကလူတွေအားလုံး အိမ်ထောင်တွေပြုကုကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေမွေး ... အားလုံး ကိုယ်ကြိုက်တာကိုယ်လုပ် ကိုယ့်စိတ်တိုင်းကျလုပ်ခွင့် ပေးထားတယ် ... ဘယ်တော့မှ ချုပ်ချယ်ကန့်သတ်တာမျိုး မဟုတ်ဘူး ... လွတ်လပ်စွာ ကိုယ့်ဘဝကို ဖန်တီးတည်ဆောက်ခွင့်ရှိတယ် ... ကိုယ်ဖြစ်ကိုယ်ခံ စံနစ် ... အဲ့ဒီထဲမှာမှ ကျွန်တော့်က အငယ်ဆုံးဆိုတော့ ပိုပြီးအလိုလိုက်ကြတယ် ... ကိုယ်လုပ်ချင်ရာ လုပ်ခွင့်ရတယ် ... ကျွန်တော်ကလည်း ကိုယ်ဖြစ်ချင်တာရှိရင် ဘယ်သူကမှ တားလို့မရတော့ဘူး ... ဖြစ်အောင်လုပ်တာပဲ ..."

"ရှင်တို့ မိသားစုကြီးက Big Family ဆိုတော့ ပျော်စရာသိပ်ကောင်းမှာပဲနော် ... ကျွန်မက အဲ့ဒီလိုမိသားစုမျိုးနဲ့ သိပ်နေချင်တာပဲ ... ကျွန်မတို့အိမ်က ပျင်းစရာသိပ်ကောင်းတယ် ... အဖေရယ် အမေရယ် ... ကျွန်မရယ်ပဲရှိတာ ...

နောက်မှ ရှင့်ကို အေးအေးဆေးဆေးပြောပြမယ် ... ကျွန်မအကြောင်းပေါ့ ..."

ထမင်းဟင်းတွေလာချပေးသည် ...။ အငွေ့တထောင်းထောင်းနှင့် အနံ့များမွှေးနေသည် ...။

"ဗိုက်တောင်ဆာလာပြီ ..."





"စားတော့လေ ... ရပြီ ..."

ကျွန်တော်က သူမကို ဂရုတစိုက် ဟင်းများထည့်ပေးသည် ...။ သူမက ကျွန်တော့်ကို ပြန်ထည့်ပေးသည် ...။ ပန်းဂေါ်ဖီနှင့်ကြက်ဥ ရောကြော်ထားသောအဖတ်တစ်ဖတ် စားပွဲပေါ်မတော်တဆကျသွားရာ ... ကျွန်တော်က ဖျတ်ခနဲကောက်လိုက်ပြီး ...

"မမြင်ချင်ယောင်ဆောင်နေနော် ... ကျွန်တော်ကောက်စားလိုက်မယ် ..."

ဟု ရယ်စရာပြောကာ ကောက်စားလိုက်သည်။ သူမက သဘောကျစွာ ရယ်ပါသည် ...။ သူမ မျက်နှာလေးမှာ ကြည်လင်ပြီးအပြစ်ကင်းစင်နေသည် ...။

"ခဏလေး ... ကျွန်တော် ခင်မင်းခ ထမင်းပန်းကန်လေးကို အလှဆင်ပေးမယ် ... ကြည့်နေနော်"

သူမက အဆန်းတကြယ်ဖြစ်သွားသော မျက်လုံးဝိုင်းကလေးဖြင့် ကျွန်တော်လုပ်သမျှကို စိတ်ဝင်တစားကြည့်ပြီး နှစ်လိုစွာပြုံးနေသည် ...။

ခရမ်းချဉ်သီးအကွင်းအကွင်းကလေးတွေ ... မုန်လာဥနီပွင့်ကလေးတွေ ... ရေတတ်သီးစိမ်းကလေးတွေ ပန်းပွင့်ကလေးတွေကို ... ကျွန်တော်က ခက်ရင်းနှင့်ဆွဲကာ သူမ ပန်းကန်ပေါ်တွင် လှပသပ်ရပ်စွာ စီချင့်စဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပြင်ဆင်ပေးသည် ...။

"လှလိုက်တာ ... ကျွန်မဖြင့် စားတောင်မစားရက်တော့ဘူး ... ရှင်က သိပ်ဆန်းကြယ်တာပဲနော်"

ကျွန်တော်က ထမင်းစားခါနီး ဆုတောင်းစာရွတ်တော့ ... သူမက မျက်လုံးကလေးဝိုင်းကာ ...

"ရှင်က ... ခရစ်ယာန်လားဟင် ..."

ဟု မေးသည် ...။

"ဟုတ်ကဲ့ ... ဒါပေမယ့် ကျွန်တော်က ဗုဒ္ဓဘာသာကိုလဲ ကိုးကွယ်တယ် ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဖေဖေက ခရစ်ယာန် ... မာမီက ဗုဒ္ဓဘာသာလေ ... နှစ်ယောက်စလုံး ဘာသာရေးအယူသည်းမှု ခွဲခြားမှုမရှိဘူး ... ခရစ္စမတ်(စ်)ပွဲတော်လဲ ကျွန်တော်တို့ ဆင်နွှဲလိုက်တာပဲ ... ချာ့(ချ်)လဲ တက်လိုက်တာပဲ ... မာမီနဲ့လဲ ဘုရားရှိခိုး ပုတီးစိပ် ... မွေးနေ့တိုင်း သက်သက်လွတ်စားလုပ်တာပါပဲ ...

ကဲ .. စားလို့ရပြီ .. ဟင်းချိုသောက်ရင်မှုတ်သောက်နော် ... လျှာကြွပ်သွားမယ် ..."

သူမက ထမင်းကို ငြိမ်သက်စွာငုံ့စားသည်။ တစ်ခါတစ်ရံ ကျွန်တော့်ကို ထူးဆန်းနစ်လိုသောမျက်လုံး





ဝိုင်းဝိုင်းများဖြင့် လှမ်းကြည့်တတ်သည် ...။

"ကျွန်မ စားနေတာကို ရှင် သေချာကြည့်မနေနဲ့လေ ... ကျွန်မ ခာမှမဲလိုပါဘူး ... အားလုံးပြည့်စုံတယ် ..."

"စားလို့ကောင်းရဲ့လား ..."

"nice..."

"ဒီမှာ ... စားပြီးရင် ..."

ကျွန်တော်က အိတ်ထဲမှာ ဗူးကလေးနှင့်အမြဲဆောင်နေကျ ... သွားတိုက်ဆေးပွတ်တံကလေးပါမှာ သွားတိုက်ဆေးကလေးညှစ်တင်ပေးလိုက်ပြီး သူမဆီလှမ်းပေးလိုက်သည် ...။

"ဟင် ... ဘာလုပ်ဖို့လဲ ..."

"သွားတိုက်ဖို့လေ ... ကျွန်တော်ဆို ထမင်းစားပြီးရင် သွားမတိုက်ဘဲ ဘယ်လိုမှ မနေနိုင်ဘူး ... ခံတွင်းမသန့်ရှင်းသလို ခံစားရတယ် ... ဒါကြောင့် သွားလေရာ ဒါလေးဆောင်ထားတာ ... မနက်စာက ကျွန်တော် ဆိုင်မှာစားတာများတယ်လေ ... ညစာကျမှ အိမ်မှာစားတာ ..."

"အို ... ထူးဆန်းလိုက်တာ ... တစ်ခါမှမတွေ့ဖူးဘူး ... ရှင်ပဲတိုက်ပါ ... ကျွန်မက ပ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးလိုက်ရင် ရပါတယ် ...”

“တိုက်လိုက်ပါ ... ခင်မင်းခ တိုက်ပြီးမှ ကျွန်တော်တိုက်မယ် ...”

“အားနာစရာကြီးရှင် ...”

“အားမနာရပါဘူး ... တိုက်ပါ ... ဟိုမှာ ဘေစင် ... ကျွန်တော် လိုက်တိုက်ပေးရမလား ...”

သူမက ရယ်မောလျက်ပင် ... သွားပွတ်တံယူသွားပြီး ဘေစင်မှာ သွားတိုက်ပလုပ်ကျင်းပြီး ပြန်လာသည် ...။

“သိပ်ရယ်ရတာပဲ ...”

“မရယ်ရပါဘူး ... ဒါ တစ်ကိုယ်ရေသန့်ရှင်းမှုလေ ... နောက်ဆို ထမင်းစားပြီးတိုင်း သွားတိုက်တဲ့အကျင့်လေး လုပ်ထားပေါ့ ...”

“ဟုတ်ကဲ့ပါရှင် ... ဟုတ်ကဲ့ပါ ...”

သူမနှင့်ကျွန်တော် ပို၍ရင်းနှီးနီးစပ်သွားသလို ခံစားလိုက်ရသည် ...။ ကျွန်တော် သွားတိုက်နေတာကို သူမက လှမ်းကြည့်ပြီး ရယ်မောလျက်ရှိသည် ...။

“ရှင် လုပ်လိုက်ရင် ခပ်ဆန်းဆန်းတွေချည်းပဲ ... သိပ်စိတ်ဝင်စားဖို့ကောင်းတယ် ... ကျွန်မ တစ်ခုမေးမယ် ... ရှင် စိတ်မဆိုးရဘူးနော် ...”





“အင်း ... မေး ... မဆိုးဘူး ...”

“ဒီလောက် စိတ်ဝင်စားဖို့ကောင်းပြီး စွဲဆောင်မှုရှိတဲ့ ရှင့်မှာ ချစ်သူ မရှိဘူးလား ... ရှင့်ချစ်သူဆိုရင် ဘယ်လောက်ကံကောင်းလိုက်မလဲလို့ ... ကျွန်မ ခုပဲတွေးမိတယ် ...”

ကျွန်တော့် စိတ်တွေ ယောက်ယက်ခတ်ကာ ဝရုန်းသုန်းကားဖြစ်ကုန်သည် ...။

သိပ်ရှိတာပေါ့ဗျာ ... ကျွန်တော့်ချစ်သူဟာ “ခင်မင်းခ ...” ဆိုရင် သိပ်ကံကောင်းတဲ့မိန်းမဟာလည်း ခင်မင်းခ ... ကိုယ်တိုင်ပဲပေါ့ ...။

“ဟော ... တွေ့လား ... ငိုင်သွားပြီ ... ကိစ္စမရှိပါဘူး ... ရှင်မဖြေချင်ရင်လဲ ... ကျွန်မ အတင်းမမေးတော့ပါဘူး ... ဒီနေ့ကစပြီး ရှင်ဟာ ကျွန်မရဲ့မိတ်ဆွေကောင်းတစ်ယောက်ဖြစ်သွားပြီလို့ ယူဆလိုက်ပြီးမေးမိတာပါ ... ရှင်ဟာ သိပ်ခင်စရာကောင်းတယ် ... ရှင့်လို ခင်စရာကောင်းတဲ့ယောကျ်ားမျိုး ... ကျွန်မ တစ်ခါမှမတွေ့ခဲ့မိဘူး ...”

“ကျွန်တော် ဝမ်းသာပါတယ် ...”

“ကျွန်မ အိမ်ကလေးကို လက်ရာမြောက်ပြီးလှပ



www.burmeseclassic.com

www.burmeseclassic.com

အောင် ပြင်ပေးမယ့်သူကို ကျွန်မဘဝရဲ့ တစ်စိတ်တစ်ဒေသအဖြစ် သတ်မှတ်ခွင့်ရှိပါတယ်နော် ... ရှင့်လက်ရာတွေ ... ရှင့်အငွေ့အသက်တွေနဲ့ပြည့်နေတဲ့ ကျွန်မ အိမ်ကလေးထဲမှာ ကျွန်မ နေနေတဲ့အချိန်တိုင်း ... ရှင့်ကို ကျွန်မ သတိရမိမှာပေါ့ မဟုတ်ဘူးလား ... ခုကစပြီး ...

ရှင်နဲ့ကျွန်မ သူငယ်ချင်းတွေဖြစ်သွားပြီနော် ... ရှင့်ကို ကျွန်မ သိပ်ခင်တယ် ... ဟုတ်ပြီလား ..."

သူမက ခပ်သွက်သွက်ကလေး ပြောသည်။ ကျွန်တော်က သူမနဲ့အတူ ထမင်းလက်ဆုံစားခဲ့ရသော အဖြစ်အပျက်ကလေးကို မမေ့နိုင်အောင် စွဲလမ်းနေခဲ့သည်။

ကြာလသည်နှင့်အမျှ ကျွန်တော့်ရဲ့ငြီတွယ်မှုသည် ပိုမိုအားကောင်းနိုင်မာလာတော့မည်ကို သိလျက်နှင့် ထိုငြိတွယ်မှုထဲသို့ ... ကျွန်တော် တစ်ထစ်ချင်းတိုးဝင်ခဲ့မိခြင်းဖြစ်သည် ...။

*





ကိုရန်နိုင်ရောက်လာလျှင် ... သူမနှင့်အတူ ကိုရန်နိုင်ပါလာတတ်သည် ...။ ထိုအခါ ကျွန်တော့်စိတ်ထဲတွင် နေလို့ထိုင်လို့မရအောင် အနှောင့်အယှက် ကြီးစွာဖြစ်နေသည် ...။ တစ်ခါတစ်ခါ ... ကိုရန်နိုင်က သူမလက်ကို ခပ်တင်းတင်းဆွဲကိုင်ထားလျှင် ... သူမက တအားဆောင့်ရုန်းပစ်တာကို ကျွန်တော် တွေ့ရသည် ...။ ကိုရန်နိုင်က ပို၍အရွဲ့တိုက်ကာ ... သူမကို ပခုံးမှသိုင်းဖက်ပစ်လိုက်လျှင် ... ကျွန်တော်က ပစ္စည်းတစ်ခုခုကို လွှတ်ကျချင်ဟန်ဆောင်ပြီး ... တမင်တကာ ပစ်ချလိုက်သည်။ ပြီးတော့ အကြောင်းမရှိအကြောင်းရှာကာ ... ကိုရန်နိုင်ကို စကားတွေ ခပ်များများပြောပစ်လိုက်သည် ...။

"ကိုရန်နိုင် ... ကျွန်တော် စဉ်းစားထားတာက ရေချိုးခန်းမှာ ရေချိုးဇလုံတပ်မယ် ... ပိုက်လိုင်းကို ရေပူနဲ့ ရေအေးနှစ်မျိုးဆွဲပြီး ရေချိုးကြွေဇလုံဆီပို့ပေးမယ် ... ရေပန်းလဲထားပေးမယ် ... ခင်ဗျား ဘာများထပ်ဖြည့်ချင်သေးလဲ ..."

"ရေချိုးခန်းနဲ့ ကပ်လျက်အခန်းက အိမ်သာပေါ့ ... အိမ်သာခန်းထဲမှာ အမွှေးဗူးမျိုးစုံထားဖို့ နံရံမြှုပ်ဘီရိုသေးသေးထားချင်တယ်ဗျာ ... မှန်နဲ့ ဘေစင်တော့ရှိပြီးသား ... ရေချိုးခန်းထဲမှာ ... Towel


www.burmeseclassic.com

www.burmeseclassic.com

တွေ ရောင်စုံချိတ်ချင်တယ် ...”

“ရပါတယ် ... ကျွန်တော် လုပ်ပေးပါ့မယ် ... ပြီးတော့ ကြမ်းခင်းတွေကို ပေါလစ်ရှ်ပြန်တိုက်မလား ဒါမှမဟုတ် ဘယ်လ်ဂျီယံကော်ဇောတွေခင်းမလား ကျွန်တော့်သဘောကတော့ ဧည့်ခန်းတစ်ခုတည်းပဲ ခန်းလုံးပြည့်ခင်းစေချင်တယ် ...”

“ခင်ဗျား သဘောပါ ... ကိုအဂ္ဂါ့ သဘောပေါ့ အိမ်က အကြမ်းလောက်ပဲရှိသေးတယ်နော် ... အနုစိပ်ရတာတွေ မပါသေးဘူး ... ခင်ဗျားပြောထားတဲ့ အချိန်ပိုင်းအတွင်း ပြီးပါ့မလား ...”

“ခင်ဗျား လက်ထပ်ပွဲအမီ ပြီးရပါစေ့မယ် ...”

“ကျွန်တော်တို့ လက်ထပ်ပွဲကျရင် ခင်ဗျားကို ဖိတ်ရဦးမယ် ...”

“လာရမှာပေါ့ဗျာ ...”

ကိုရန်နိုင်ရောက်သော တချို့ရက်များတွင် သူမ ရောက်မလာတတ်ပြန်ပါ ...။ ထိုအခါ ကျွန်တော်က သူမကို အပြင်းအထန် သတိရနေတတ်သည် ...။

သူမကတော့ ဘယ်လိုဖြစ်စေချင်မှန်းမသိပါ။ ကျွန်တော်ကတော့ သူမနှင့်တွေ့ခွင့်ရဖို့အတွက် ကိုရန်နိုင်ကို ရန်ကုန်သာ အမြန်ပြန်ပို့စေချင်ခဲ့သည် ...။





ကိုရန်နိုင်ကလည်း ကြာကြာမနေနိုင်ပါ ..။ ...ြန်သွားပြီးလျှင် ... သူမနှင့်ကျွန်တော်သည် အရင် ...က်ပိုပြီး ရင်းနှီးကျွမ်းဝင်သွားသလို ခံစားရသည် ...။ ... မျက်နှာပေါ်မှာလည်း ပေါ့ပါးလွတ်လပ်သော လွတ် ...က်မှုများဖြင့် ကြည်လင်လန်းဆန်းလျက်ရှိသည် ...။ ... ပျော်သလို ... ကျွန်တော်လည်း ပျော်နေတတ်သည်။ ...န်တော်က ရယ်စရာတွေပြောသည် ...။ သူမက သ ...ကျကျွစွာ ရယ်မောသည် ...။

တစ်နေ့တော့ သူမက တောင်းဆိုသည်မှာ

“ကျွန်မကို ရှင့်ပန်းခင်းလိုက်ပြပါလားဟင် ... ကျွန်မ လိုက်ကြည့်ချင်လို့ ...”

“တကယ်လိုက်ကြည့်ချင်တာလား ခင်မင်းခ ...”

“သြော် ... လိုက်ကြည့်ချင်လို့ ပြောတာပေါ့”

“ဒါဆိုလာ ... သွားကြစို့ ...”

ကျွန်တော့်ပန်းခင်းဆီသို့ သူမကို ခေါ်သွား ...သနေ့က ... ကျွန်တော့်စိတ်များ ဟန်ဆောင်မျိုးသိပ် ...ရအောင် ... ပျော်ရွှင်ယစ်မူးနေခဲ့သည် ...။

ပန်းခင်းဆီသို့ရောက်လျှင် သူမက တအံ့တ ...ဖြစ်နေသော မျက်လုံးများဖြင့် ...

“အိုး ... သိပ်အံ့သြဖို့ ကောင်းတာပဲ ... သိပ်


www.burmeseclassic.com

www.burmeseclassic.com

လည်းလှတာပဲ ... လှလိုက်တဲ့ပန်းခင်း ... နှင်းဆီတွေ နှင်းဆီတွေလည်း အများကြီးနော် ... ပန်းသွေးရောင်နှင်းဆီတွေ ..."

ဟု နှုတ်က တတွတ်တွတ်ရေရွတ်လျက်ရှိသည် ...။ ဆံပင်ရှည်ကြီးများ တဝဲဝဲလွင့်ကာ ... အရောင်အသွေးစုံသော ပန်းခင်းကြီးထဲတွင် ... သူမက ကြည့်မဝရှုမဝ ဖြစ်နေတော့သည် ...။

"သိပ် စိတ်ချမ်းသာဖို့ ကောင်းတာပဲနော် ... နှင်းဆီပန်းတွေကလဲ သိပ်ကိုလှတာပဲ ... ဒီနှင်းဆီတွေမြင်တော့ ကျွန်မဆီ နှင်းဆီတွေပို့ပေးတဲ့လူတစ်ယောက်ကို ကျွန်မ ခုထက်ထိမသိနိုင်သေးဘူး ..."

သူမ မျက်နှာကလေးကိုကြည့်ကာ ... ကျွန်တော့်စိတ်များ ပွင့်ထွက်သွားတော့သည် ...။ အလှဆုံးပန်းရောင်နှင်းဆီပွင့်ကလေးတစ်ပွင့် သူမကို ခူးပြီးလှမ်းပေးလိုက်ကာ ...

"ခင်မင်းခ တကယ်သိချင်နေလို့လား ..."

"သိချင်တာပေါ့ ... ရှင် ... ရှင်များလားဟင်"

သူမက ကျွန်တော့်ကို မယုံမရဲမျက်လုံးများဖြင့်ကြည့်ကာ ... ခပ်တိုးတိုးကလေး မေးသည် ... ကျွန်တော့်မျက်လုံးများကို သူမ ရိပ်မိသွားပုံရပါသည် ...





"ကျွန်တော်ဆိုရင် ... ခင်မင်းခ ... ဘာလုပ်မလဲ ..."

ကျွန်တော့်မျက်လုံးများကို သူမက စူးစူးနစ်နစ်စိုက်ကြည့်လိုက်ပြီး .. သက်ပြင်းတစ်ချက်ချလိုက်သည်။ သူမ အဖြေမပေးပါ ...။

ကျွန်တော် သူမကို ငေးကြည့်ပြီးဝန်ခံဖို့ ဆုံးဖြတ်လိုက်သည် ...။ သူမကို ပဟေဠိ ဖြစ်မနေစေချင်ပါ။

"ခင်မင်းခဆီကို နှင်းဆီတွေပို့ပေးခဲ့တာ ... ကျွန်တော်ပါ ... ပန်းတွေမပို့မီတစ်ရက်က ... ကျွန်တော့်စိတ်ကို သိပ်ထိခိုက်တုန်လှုပ်သွားစေတဲ့ ငိုသံကလေးတစ်ခုကို ကျွန်တော် ကြားခဲ့ရတယ် ... ခင်မင်းခ ငိုပြီး စပါယ်နဲ့ပြောနေတဲ့စကားတွေကို ကျွန်တော် အမှတ်မထင်ကြားခဲ့ရတယ် ... အဲ့ဒီအချိန်တုန်းက ကျွန်တော်က လသာဆောင်မှာ ရှိနေခဲ့တယ် ... ကျွန်တော် ခိုးပြီးနားထောင်နေခဲ့တာမဟုတ်ဘူး ... လသာဆောင်ကနေ ပြန်ထွက်လို့ မရတော့ဘူး ... ခင်မင်းခနဲ့စပါယ်က အခန်းထဲရောက်နေပြီ ...

နောက်တစ်နေ့မှာ ငိုနေတဲ့မိန်းကလေးကို စိတ်ချမ်းသာပါစေတော့ဆိုပြီး ... ချော့ထွေးသော


www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပန်းတွေ ပို့ပေးခဲ့တာ ...

အဲ့ဒီလိုလုပ်မိတဲ့အတွက် ကျွန်တော့်မှာ အပြစ်ရှိတယ်ဆိုရင် ခင်မင်းခ ကြိုက်တဲ့အပြစ်ပေးလေ ကျွန်တော် ခံပါ့မယ် ...”

ကျွန်တော် ကြည့်နေရင်းမှာပင် ... သူမ မျက်လုံးကလေးတွေ ... နာသီးဖျားကလေးတွေ ... နီရဲလာသည် ...။ ထို့နောက် သူမ မျက်လုံးအိမ်ထဲတွင် မျက်ရည်များပြည့်လာခဲ့တော့သည် ...။ နှုတ်ခမ်းကလေးများလည်း တဆတ်ဆတ်တုန်လာခဲ့သည် ...။

“ခင်မင်းခ ... ခင်မင်းခ ... မငိုချလိုက်နဲ့နော်-ကျွန်တော် မချော့တတ်ဘူး ...”

“ရှင့်ကို ကျွန်မ အပြစ်မတင်ပါဘူး ... ရှင်ဟာ သိပ်အလိုက်သိကြင်နာတတ်တဲ့ယောကျ်ားပါ ... ကျွန်မ ဝမ်းနည်းတာက ကိုယ့်အဖြစ်ကိုယ်ပါ ..”

သူမနှင့်ကျွန်တော် မျက်လုံးချင်းကြာရှည်စွာ ဆုံကြည့်မိကြသည် ...။ ထိုမျက်လုံးများမှတစ်ဆင့် သူမ ရင်ထဲ ဘယ်လိုခံစားချက်တွေ ရှိနေသလဲဆိုတာ ကျွန်တော် သိမြင်သွားခဲ့သည် ...။

“ကျွန်တော်တို့ တွေ့တာ သိပ်နောက်ကျတယ်နော်”

ကျွန်တော့်အသံမှာ ... စိတ်ထိခိုက်ကြေကွဲ





မှုဖြင့် ... တုန်ခါနေသည် ...။ သူမ နှုတ်ခမ်းကလေးများ တလှုပ်လှုပ်ဖြစ်လာသည် ...။

“ရှင်ဟာ သိပ် Romantic ဖြစ်တာပဲ ... တကယ် ...”

ဟု တိုးတိုးကလေးပြောသည် ...။ ကျွန်တော် သူမ ပါးကလေးကို ဖွဖွနမ်းလိုက်ချင်စိတ်တွေ ထိန်းမနိုင်သိမ်းမရ ပြုဆင်းလာတော့သည် ...။ သိပ်ချစ်တယ်ဟု ပြောချင်စိတ်တွေလည်း မွတ်သိပ်ပြင်းပြလာခဲ့သည်။

အခြေအနေကို သူမက စတင်သဘောပေါက်ခဲ့ပုံရပါသည် ...။ မျက်လုံးကလေးတွေ စုံမှိတ်ပစ်လိုက်တော့မလိုလုပ်ပြီးမှ ...

“ကျွန်မ ... သွားတော့မှဖြစ်မယ် ...”

ဟုပြောသည် ...။ ကျွန်တော် အိပ်မက်ထဲက လန့်နိုးလာသူလို ဖျတ်ခနဲ အသိဝင်လာသည် ...။

“ကျွန်မ စိတ်မကောင်းပါဘူး ...”

သူမက ချာခနဲ လှည့်ထွက်ကာ ... ပန်းခင်းထဲမှ ခပ်သွက်သွက်ထွက်ခွာသွားတော့သည် ...။ ကျွန်တော်တစ်ယောက်တည်း ခေါင်းငိုက်စိုက်ချလျက် ကျန်ရစ်သည် ...။

ကျွန်တော် မှားသွားပြီလား ... ဟု တွေး


www.burmeseclassic.com

www.burmeseclassic.com



မိသည် ...။ ဟင့်အင်း ... ကျွန်တော် မမှားပါ ...။

သူမ နောက် အပြေးလိုက်သွားသော်လည်း မမှီတော့ပါ ...။ သူမက ရထားလုံးတစ်ခုပေါ်တက်၍ ပါသွားသည် ...။

နောက်တစ်နေ့တွင် ကျွန်တော်လုပ်မိသည်မှာ ပြင်သစ်ကပါလာသော ... Forget - me - nots ရေမွှေးပန်းခြောက်ကလေးများကို ... ပန်းစည်းလုပ်ကာ ပါကင်ထုပ်၍ သူမဆီပို့ပေးခဲ့ခြင်းပင်ဖြစ်သည် ...။

သူမထံမှ ကျွန်တော်လိုချင်သည်မှာ ကျွန်တော့်ကို မမေ့စေခြင်း ... ဖြစ်သည် ...။



## အခန်း(၄)

Forget - me - nots ပန်းတစ်စည်း လက်ခံရရှိပြီးနောက် ကျွန်မ တုန်လှုပ်စွာ သိလိုက်မိသည်မှာ သူ့ကို ကျွန်မ ပြန်ချစ်နေမိခြင်းပင်ဖြစ်သည် ...။ ကျွန်မဘဝကို အဓိပ္ပါယ်ရှိလာအောင် ... စိုပြေလှပလာအောင် ... ဖန်ဆင်းတီထွင်ပေးနိုင်သူမှာ ... သူတစ်ယောက်တည်းသာ ရှိသေးသည် ...။



www.burmeseclassic.com

www.burmeseclassic.com



ပန်းစည်းကလေးကို ပန်းအိုးတစ်ခုတွင် ထိုး
လိုက်ကာ ...

"ရှင့်ကို ကျွန်မ ဘယ်တော့မှ မမေ့ဘူး ..."

ဟု ရေရွတ်လိုက်သည် ...။ ဒါပေမယ့်
ဘယ်လောက်စမ်းနည်းစရာ ကောင်းထားသလဲ ..။ ရှင့်
ကို ကျွန်မ ဘယ်တော့မှ ချစ်ခွင့်ရတော့မှာ မဟုတ်ဘူး
ကျွန်မတို့နှစ်ယောက် တွေ့ဆုံခြင်းဟာ ... ကံဆိုးခြင်း
တစ်ခုပါပဲ ...။

စပါယ်နှင့်တွေ့တော့ ... ကျွန်မ မနေနိုင်
ထိုင်နိုင်ဘဲ ... ရင်ဖွင့်လိုက်တော့သည် ...။

"စပါယ် ... ငါ ... ငါ ဘာတွေဖြစ်ကုန်မှန်း
မသိတော့ဘူး ..."

"ဘာတွေဖြစ်ကုန်ပြီလဲ ..."

ကျွန်မက မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်
ကာထားကာ ... ဘဝတွင် တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့
ဘူးသော ခံစားချက်အဆန်းတကြယ်တို့ကြောင့် ... နှုတ်
ခုန်လှုပ်ရှားကာ စကားတွေ ထစ်နေသည် ...။

"အဟင်း ... ငါ ... ငါ ဘယ်လိုမိုက်မဲမိမှန်း
မသိတော့ဘူး စပါယ် ... သိလား ... ဟိုး
ဘာလဲဆိုတော့ ... အမ်း ... ငါလေ ...





တစ်ယောက်ကို ... အဲ့ဒီလူကို ... သိပ် ...
သိပ်ချစ်သွားတယ် ..."

"ဘုရားရေ ..."

စပါယ်က မျက်လုံးကြီးပြူးကာ .. အလန့်
တကြား ရင်ဘတ်ဖိလိုက်သည် ...။

"ငါ ဘာဆက်လုပ်သင့်သလဲဟင် ... သူ့ကို ဘာ
အကြောင်းပြချက်မှ မရှိဘဲ ... တဒင်္ဂအတွင်းမှာ
ပဲ ... ငါ သိပ်ချစ်သွားတယ် ..."

"သူက ဘယ်သူလဲ ... ဘယ်ကပေါ်လာတာလဲ
နင်လက်ထပ်ရတော့မယ်လေ ... ခင်မင်းခ ...
ခုအချိန်ကျမှ နင် ဘာမှမလုပ်သင့်တော့ဘူး ..."

"ငါသိတယ် ... ငါသိတယ် ... ဒါပေမယ့်
ငါချစ်တာကို ဘယ်လိုမှမျိုသိပ်ထိန်းချုပ်ထားလို့ မ
ရတော့ဘူး စပါယ် .. ငါ မချစ်ဘဲမနေနိုင်အောင်
သူလုပ်တတ်တယ် ... ငါသိတယ် ... သူ့ကို
ခုကစပြီး ငါ သိပ်ချစ်မိတော့မယ် ..."

"အဲ့ဒီလူကို ကိုရန်နိုင် သတ်လိမ့်မယ် ... ဟ ...
ဟ ..."

စပါယ်က ရယ်ဖို့ကြိုးစားသည် ...။

"ချစ်သူဆိုတာရဲ့အဓိပ္ပါယ်ကို သူနဲ့တွေ့မှပဲ ငါ သိ



www.burmeseclassic.com

www.burmeseclassic.com

တော့တယ် ... သူက သိပ်ချောတယ် ..."

"နင် ဘာမှလုပ်လို့မရတော့ဘူး ... အရူးထ,မနေစမ်းနဲ့ ခင်မင်းခ ..."

စပါယ်က အော်သည် ...။ စပါယ်ပြောတာတွေ ကျွန်မ ဂရုမစိုက်ပါ ...။ ကျွန်မ ပြောချင်ရာတွေ တပ်ပြောသည် ...။ တစ်စုံတစ်ယောက်ကို ဖွင့်ပြောလိုက်ရမှ ... ကျွန်မ စိတ်ချမ်းသာမည် ...။

"သူ ဘာလုပ်လုပ် ဆန်းကြယ်ပြီး ချစ်စရာကောင်းတယ် ... သူဟာ ထမင်းစားပြီးတိုင်း ...သွားတိုက်တတ်တဲ့အကျင့်ရှိတယ် ... သူ့ဆီမှာ လတ်ဆတ်တဲ့ မွှေးရနံ့တစ်မျိုး အမြဲရတယ် ... သူက ရယ်စရာစကားတွေ ပြောတတ်တယ် ... ငါနဲ့ အကြိုက်ချင်းတူတယ် ... ငါ ဘာကြိုက်တယ်ဆိုတာ သူသိတယ် ..."

"ကဲ ... ပြောချင်ရာ စွတ်ပြောနေ ... ဘယ်သူလဲ ... ဘယ်သူလဲ ပြော ..."

"ငါ့ကို ပန်းတွေပို့ပေးတဲ့လူပေါ့ ... ဒီမှာ နောက်တစ်စည်း ... ဒါ ... ဘာပန်းလဲ နင်သိလား စပါယ် ... Forget - me - not..."

"သူ့နာမည်ပြော ... နင်တို့ ချစ်သူဖြစ်သွားကြ





ပြီလား ... နင်တော့ မှားကုန်တော့မယ် ..."

"ငါတို့ ချစ်သူတွေ ဘယ်တော့မှဖြစ်ကြမှာမဟုတ်ဘူး ... ငါ လက်ထပ်ရတော့မယ်ဆိုတာ သူ သိတယ် ... ဒါပေမယ့် သူ ငါ့ကို သိပ်ချစ်နေတယ် အဲ့ဒါကို ငါသိတယ် ... ငါကလဲ သူ့ကို ပြန်ချစ်သွားတယ် ... အဲ့ဒါပဲ ..."

"သူ ဘယ်သူလဲ ... ငါ သိချင်ပါတယ်ဆိုနေမှ"

"နောက်တော့ သိရမှာပေါ့ဟဲ့ ... နင့်ကို သူနဲ့ တွေ့ပေးမယ် ..."

"ငါ ဘာမှ ကူညီပေးနိုင်မှာ မဟုတ်ဘူး ခင်မင်းခ"

"နင့်ဆီကလဲ ငါ ဘာအကူအညီမှ မတောင်းပါဘူး"

"နင် သိပ်ပျော်နေတာ ငါ သိတယ် ... နင် ဘယ်တုန်းကမှ ... ဒီလောက် စိတ်ပါလက်ပါ မပျော်ဖူးဘူး ..."

"အချစ်ဟာ ပျော်စရာ ... ရင်ခုန်စရာကောင်းတယ် စပါယ် ..."

"ကျန်သေးတယ် ... အချစ်ဟာ ကြေကွဲစရာ ဆွေးမြည့်စရာလည်း ကောင်းသေးတယ် ..."

"ဘာပဲဖြစ်ဖြစ် ... မချစ်ရမှမနေနိုင်တာပဲ ... စပါယ် အချစ်ရဲ့ကောင်းခြင်း ဆိုးခြင်းအားလုံးကို


www.burmeseclassic.com

www.burmeseclassic.com



ငါ ယူရတော့မယ် ..."

"နင် သိပ်ပြောင်းလဲသွားပြီ ... ခင်မင်းခ ..."

"အချစ်ဟာ သိပ်ဆန်းတယ် စပါယ် ..."

ကျွန်မ အလေးအနက် ရေရွတ်လိုက်မိလေသည် ...။ အဲ့ဒီကစပြီး ... ကျွန်မ သူ့ကို တိတ်ဆိတ်စွာ ပြန်ချစ်ခဲ့ခြင်းဖြစ်ပါသည် ...။

နောက်တစ်နေ့တွင် ကျွန်တော်လုပ်ခဲ့သောအလုပ်မှာ ... သူမကို ချစ်မြတ်နိုးခြင်းအထိမ်းအမှတ်ဖြင့် သူမအတွက် နှင်းဆီပန်းသွေးရောင်တစ်အိုး စိုက်ပျိုးပေးခဲ့ခြင်းဖြစ်သည် ...။ ထိုပန်းအိုးကလေးကို ... သူမ အိပ်ခန်းထဲမှလှမ်းကြည့်လျှင် မြင်နိုင်မည့် လသာဆောင်ကလေးမှာ ထား၏ ...။

"အဲ့ဒါ အထိမ်းအမှတ် တစ်ခုခုလားဟင် ..."

သူမကမေးတော့ ကျွန်တော်ပြုံးနေခဲ့ကာ ...





"ဒါပေါ့ ... ခင်မင်းခ အတွက်လေ ..."

"ကျေးဇူးတင်ပါတယ် ..."

"ခင်မင်းခ ဆံပင်ရှည်ကြီးက သိပ်လှတာပဲ ... တစ်နေ့ကို ပန်းတစ်ပွင့်ပန်ပါလား ... ကျွန်တော့် ခြံထဲက ယူယူလာပေးမယ်လေ ... နှင်းဆီပွင့်ကလေးပန်လိုက်ရင် ခင်မင်းခ သိပ်လှမှာပဲ ..."

"ပန်မယ်လေ ..."

သူမက အလွယ်တကူ ခွင့်ပြုသဖြင့် ကျွန်တော်က ခြံထဲမှ ပန်းရောင်နှင်းဆီပွင့်တစ်ပွင့်တစ်ပွင့် ယူလာပေးသောအကျင့်ကို စခဲ့သည် ..။ သူမက ကျွန်တော်ပေးသောပန်းကို မဆိုင်းမတွပင် သူမရဲ့ ပိုးသားဆံမျှင်နက်နက်တွေပေါ်မှာ ပန်လေ့ရှိသည် ...။ ပန်းပန်ထားသောသူမကို တစ်ခုခုလုပ်ရင်း မကြာခဏငေးကြည့်ရတာက အရသာတစ်ခုဖြစ်သည် ...။

ကျွန်တော် ဘာလုပ်လုပ် သူမနဲ့တိုင်ပင်ပြီးမှ လုပ်သည် ...။ လိုက်ကာစပိတ်အုပ်တွေ ဝယ်တာကအစ သူမအကြိုက်ဖြစ်အောင် ဝယ်သည် ...။

"ကျွန်မ ဧည့်ခန်းမှာ ပန်းချီကားချပ်ကြီးအကြီးကြီး ထားချင်တယ် ..."

ဆိုတာနှင့် ...ကျွန်တော်ကိုယ်တိုင် မနေ့လေး



www.burmeseclassic.com

www.burmeseclassic.com

ထိဆင်းပြီး ပန်းချီကားရှာဝယ်ယူခဲ့သည် ...။ ဆိုဖာဆက်တီများ ... စားပွဲ ... ကုလားထိုင်များ အားလုံး သူမစိတ်တိုင်းကျ ဖြစ်စေခဲ့သည် ...။ ဧည့်ခန်းနှင့် အိပ်ခန်းထဲရှိ မီးလင်းဖိုများကို လှပဆန်းသစ်အောင် ပြန်လည်ပြုပြင်သည် ...။

သူမကို ကျွန်တော်က ပန်းအိုးအလှထိုးနည်းအတတ်ပညာကို သင်ပေးရသည် ...။ သူမက စိတ်ဝင်တစား လေ့လာသင်ယူသည် ...။ သူမနှင့် ကျွန်တော်သည် ပိုပိုပြီး ရင်းနှီးငြိတွယ်လာခဲ့ကြသည် ...။

အိမ်တွင်းမှာ အလုပ်သမားတွေနှင့် ရှုပ်နေလျှင် ကျွန်တော်နှင့်သူမသည် ... လသာဆောင်ကလေးတစ်ခုခုတွင် စကားပြောကြသည် ...။

"ခင်မင်းခ မွေးနေ့က ဘယ်နေ့လဲဟင် ..."

တစ်နေ့တော့ ထိုမေးခွန်းကိုမေးရင်း ... သူမရဲ့ဘဝ တစ်စိတ်တစ်ဒေသကို ကျွန်တော် သိခွင့်ရခဲ့သည်။

"ကျွန်မ မွေးနေ့က ရယ်စရာကောင်းတယ် ကိုအဂ္ဂါ ဧပြီတစ်ရက်နေ့ ..."

"ဟာ ... အဲ့ဒါ ဧပြီလဖူး(လ်)နေ့ပဲ ..."

"အလကားပြောတာ ... ကျွန်မမှာ မွေးနေ့မရှိဘူး ကျွန်မရဲ့မွေးနေ့အတိအကျကို ကျွန်မအမေက အတိ





အကျမသိကြဘူး ..."

"အံ့ဩစရာပဲ ... ဘာဖြစ်လို့လဲ ..."

"ကျွန်မ အဖေက ... ကျွန်မရဲ့ဘဝ အဖြစ်မှန်ကို အစအဆုံးပြောပြထားတယ် ... ကျွန်မကို ... အနီးနဲ့လုံလုံခြုံခြုံပတ်ပြီး ကလေးထည့်တွန်းလှည်း ကလေးထဲမှာထည့်ပြီး ... ကျွန်မကို ခုမွေးစားထားတဲ့ အဖေ အမေရဲ့အိမ်ရှေ့မှာ လာစွန့်ပစ်ခဲ့တယ်လို့ ပြောပြကြတယ် ...

ကျွန်မ အဲ့ဒီအိမ်ရောက်ပြီး ... တစ်ပတ်အကြာမှာ ... ကျွန်မရဲ့မွေးစားအမေ ဆုံးသွားတယ် အဲ့ဒါနဲ့ပဲ ကျွန်မအဖေက ကျွန်မကို ခိုက်တယ်လို့ အယူသည်းပြီးမုန်းခဲ့တယ် .. ကျွန်မဟာ သူ့ သမီးအရင်းမဟုတ်ကြောင်း အမြဲဝန်ခံလေ့ရှိတယ် ...

ကျွန်မမှာ မွေးနေ့မရှိဘူး ...။ မိသားစုမရှိဘူး ...။ ဘာပိုင်ဆိုင်မှုမှမရှိဘူး ..။ ကိုရန်နိုင်ကို ကျွန်မ လက်ထပ်ရမယ်လို့ ... ကျွန်မ မွေးစားအဖေက အမိန့်ချမှတ်လိုက်တယ် ... ငယ်ငယ်ကတည်းက ကျွန်မက အဖေ့ကို သိပ်ကြောက်ရတယ် အဖေက ခပ်တည်တည်ကြီးနဲ့ ချမှတ်တဲ့အမိန့်စည်းကမ်းတွေကို ကျွန်မ အမြဲလိုက်နာရတဲ့အကျင့် စွဲ



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့တယ် ...

ကျွန်မ ဘဝဟာ ဘယ်တုန်းကမှ ပျော်စရာ မက်မောစရာ မကောင်းခဲ့ဘူး ကိုအဂ္ဂါ ...”

“ကျွန်တော် စိတ်မကောင်းပါဘူးဗျာ ... ခင်မင်းခ မွေးနေ့ကို ကျွန်တော် မေးလိုက်မိတာ ...”

“ကိစ္စ မရှိပါဘူး ...”

“ခင်မင်းခ ... ကိုရန်နိုင်ကို မချစ်ဘဲ လက်ထပ်လိုက်ရပြီး ... တစ်သက်လုံး စိတ်ဆင်းရဲရမှာ မကြောက်ဘူးလား ...”

“ကျွန်မဘဝမှာ ဘယ်တုန်းကမှ မရခဲ့ဘူးတာဟာ စိတ်ချမ်းသာမှုပဲ ကိုအဂ္ဂါ ... အဲ့ဒီ ကိုယ်မရဘူးတဲ့ စိတ်ချမ်းသာမှုကြီးကို ... ကျွန်မ မိုက်မိုက်မဲမဲ မမျှော်လင့်ဘူး ... ကျွန်မနဲ့ အမြဲရင်းနှီးခဲ့တဲ့ စိတ်ဆင်းရဲမှုဆိုတာက ကျွန်မအတွက် ထူးပြီး ကြောက်စရာ မကောင်းတော့ဘူး ...

အဖေကပြောတယ်လေ ... ကိုရန်နိုင့်ကို လက်ထပ်ပြီးရင် ... ဘာပိုင်ဆိုင်မှုမှမရှိတဲ့ ကျွန်မရဲ့ဘဝမှာ ပိုင်ဆိုင်တွေ ရှိလာလိမ့်မယ်တဲ့ ... ဥပမာ ... ဒီအိမ်ကလေးပေါ့ ...”

ကျွန်တော်က သူမ မျက်နှာကလေးကို စိတ်





မကောင်းစွာ ငေးကြည့်နေမိခဲ့သည် ...။ ရုတ်တရက် သူမက ပခုံးကလေး ဖျတ်ခနဲတွန့်လိုက်ကာ ...

“ဒါပေမယ့် ... ရှင်နဲ့တွေ့ပြီး ကျွန်မမှာ ပိုင်ဆိုင်မှုနှစ်ခုရှိလာတယ်၊ အဖေ မသိသေးဘူး ...”

“ဘာတွေလဲ ...”

“စိတ်ချမ်းသာမှုရယ် ... ပန်းတွေရယ် ...”

ကျွန်တော် ငြိမ်သက်သွားပါသည် ...။

“ကျွန်တော့်ကြောင့် ... ခင်မင်းခ တကယ်စိတ်ချမ်းသာရသလားဟင် ...”

“အင်းလေ ... ကိုယ့်ဘဝတောင် ကိုယ်မပိုင်တဲ့ မိန်းမတစ်ယောက်ကို ... ရှင်က အလေးအနက်ထားပြီး ဂရုစိုက်တယ် ... ကျွန်မ လိုချင်တာ ဖြစ်ချင်တာအားလုံး ... ရှင် လုပ်ပေးနိုင်တယ်”

ကျွန်တော်တို့နှစ်ယောက် ... တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးရယ်လိုက်ကြပါသည် ...။

“ရှင်လိုချင်တာကိုသာ ... ကျွန်မက မပေးနိုင်ခဲ့တာပါ ...”

အပြုံးပျောက်ကွယ်သွားပြီး ... သူမက တိုးတိတ်စွာ ပြောသည် ...။

“ဟင့်အင်း ... ခင်မင်းခ မှားနေပြီ ... ခင်မင်းခ



www.burmeseclassic.com

www.burmeseclassic.com



ဆိုက ကျွန်တော် ဘာမှမလိုချင်ပါဘူး ... ဘယ်တော့မှလဲ မဖြစ်နိုင်တာကို ကျွန်တော် မတောင်းဆိုပါဘူး ... ကျွန်တော့်ဆန္ဒက ခင်မင်းခရဲ့ ဆန္ဒတွေကို ဖြည့်ပေးချင်တာ ... ခင်မင်းခကို စောင့်ရှောက်ပေးချင်တာ ... ခင်မင်းခ ... လိုချင်တာတွေအားလုံး လုပ်ပေးချင်တာ ..."

"ကျွန်မ သိပါတယ် ..."

ထိုအချိန်ကစပြီး ... ကျွန်တော်တို့နှစ်ယောက် နားလည်မှုရသွားခဲ့သလို ... ပါးစပ်က ဖွင့်ပြောစရာမလိုတော့ဘဲ .. တစ်ယောက်ရဲ့အလိုက်ကို ကျန်တစ်ယောက်ကသိဖို့ စတင်ကြိုးစားခဲ့တော့တာဖြစ်သည် ...။

"ယောကျ်ားတွေအတွက် ... တောင်းဆိုမှုတိုင်းဟာ အချစ်မဟုတ်ပါဘူး ခင်မင်းခ ..."

ကျွန်တော် တစ်ခွန်းသာပြောခဲ့သည် ...။ သူမက အံ့သြနှုတ်ဆိတ်စွာ ... ကျွန်တော့်ကို စိုက်ကြည့်နေခဲ့သည် ...။

"အဲ့ဒီလိုပဲ ... မိန်းမတွေဟာ ... အချစ်အတွက် ပေးဆပ်နေရမယ့် သူတွေလို့ ကျွန်တော် မယူဆပါဘူး ... ယောကျ်ားရဲ့အချစ်ဟာ တောင်းဆိုမှု ... မိန်းမရဲ့အချစ်ဟာ ပေးဆပ်မှုဆိုတဲ့ ဝါဒကို ကျွန်





တော် လက်မခံဘူး ...

အချစ်ကို ... ယောကျ်ားနဲ့မိန်းမဟာ တန်းတူအခွင့်အရေးနဲ့ ခံစားနိုင်ရမယ် ... ကျွန်တော့်အတွက် ခင်မင်းခ ... ဘာတွေလုပ်ပေးရမယ်ဆိုတဲ့တောင်းဆိုမှုမျိုး ကျွန်တော် ဘယ်တော့မှမလုပ်ဘူး ... ဒါကြောင့် ခင်မင်းခက ကျွန်တော့်ကို ဘာမှ ပြန်ပေးစရာမလိုဘူး ... ကျွန်တော်တို့နှစ်ယောက်ကြားမှာ အမြဲရှိရမယ့်အရာဟာ နားလည်မှုပဲ ...

ကျွန်တော် ခင်မင်းခကို နားလည်တယ် ကျွန်တော့်ကိုလဲ ခင်မင်းခ ... နားလည်ပါ ...

ရသမျှအချိန်ကလေးအတွင်းမှာ ... ကျွန်တော် ခင်မင်းခ ... အနားမှာ နားလည်မှုအပြည့်နဲ့ အမြဲရှိနေချင်တယ် ..."

သူမက မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်သည် ...။ ကျွန်တော့်အချစ်ကို သူမ သိနားလည်ရင် ကျွန်တော် ကျေနပ်ပါသည် ...။ ဖွင့်ပြောစရာမလို ...။ ဘယ်တော့မှ ဖွင့်ပြောမည်မဟုတ် ...။

"ရှင် ... ချစ်တတ်တယ်မဟုတ်လားဟင် ..."

"ကျွန်တော် နှလုံးသားရှိတဲ့လူတစ်ယောက်ပဲဗျာ ..



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကိုချစ်တတ်တာပေါ့ ...”

“ကျွန်မလဲ နှလုံးသားရှိတဲ့လူတစ်ယောက်ပဲ ... သိပ်ကိုချစ်တတ်တယ် ကိုအဂ္ဂါ ...”

ကျွန်တော်တို့နှစ်ယောက် စကားဆက်မပြော ဖြစ်ကြတော့ဘဲ ... တစ်ယောက်ကိုတစ်ယောက် ငြိမ်သက်လေးနက်စွာ စိုက်ကြည့်နေမိကြသည် ...။ အတော်လေးကြာမှ ကျွန်တော် ပြောခဲ့၏ ...။

“ခင်မင်းခ လက်ထပ်တဲ့နေ့အထိ ခင်မင်းခအနားမှာ ကျွန်တော် ရှိနေမှာပါ ... ခင်မင်းခ လိုချင်တာတွေအကုန် ကျွန်တော် ဖြည့်ဆည်းပေးဖို့ ရှိနေမှာ”

ထိုနေ့က ရေချိုးခန်းပြင်ဆင်မှုပြီးသွားကြောင်း သူက ကျွန်မကို ပြောသည် ...။

“ကောင်းတာပေါ့ ... ရေပူ ရေအေးလဲရပြီပေါ့နော် ...”

“အားလုံးရပြီ ... ရေချိုးခန်းထဲမှာ ... မှန်အ





ကြီးကြီး တပ်ထားပေးတယ် ... ခင်မင်းခ ကြည့်လို့ရအောင် ... လာ ... လိုက်ကြည့် ...”

“ခဏနေပါဦး ... အိမ်ပေါ်မှာ အလုပ်သမားတွေနဲ့ စကားကောင်းပြောလို့မရဘူး ... ဒီသစ်ပင်အောက်မှာ ခဏထိုင်ရအောင် ... အိမ်ကလေးကို ဒီကနေ လှမ်းကြည့်တာလဲ သိပ်လှတာပဲနော် ..”

သစ်ပင်အောက်မှာ နှစ်ယောက်သားထိုင်ကာ အိမ်ကလေးကို အတူတူလှမ်းကြည့်နေကြစဉ် ... ရုတ်တရက် ကျွန်မခေါင်းပေါ်သို့ ပျစ်ချွဲချွဲဖြူဖြူအရာများ ကျလာသည် ...။

“အား ... သွားပြီ ... ကျွန်မ ခေါင်းပေါ်ဘာတွေကျလာတာလဲ ...”

သူက အပေါ်ကိုမော့ကြည့်လိုက်ကာ ... ဟန်မဆောင်နိုင်ဘဲ ... အသံထွက်ရယ်မောလျက် ...

“ဟား ဟား ... ကျီးကန်းချီးပါသွားပြီ ... အဲဒါကံကောင်းတယ် ... ထီထိုး ... ထီထိုး ..”

“ရယ်မနေနဲ့ ... ဒီမှာ ဆံပင်ကြီးလျှော်ရတာ ဘယ်လောက်ခက်တယ်မှတ်လဲ ... ခေါင်းတွေပေကုန်ပြီ ...”

ကျွန်မက ရှုံ့မဲ့စွာ အော်လေလေ ... သူက



www.burmeseclassic.com

www.burmeseclassic.com

ပိုရယ်လေလေ ...။ ပြီးတော့ ကျွန်မခေါင်းပေါ် လှမ်းကြည့်ကာ ...

"မှန်း ... ပြစမ်း ... ကြည့်ရအောင် ... အား ဟုတ်ပါရဲ့ဗျာ ညစ်ပတ်ကုန်ပြီ ... လာ လာ ... ကိုယ်လျှော်ပေးမယ် ... ကိုယ်ကလျှော်ပေးမယ် ... ထ ... ထ ... ဒါကြောင့် ခုဏကပြောတယ် အိမ်ထဲ ဝင်ပါမယ်လို့ပြောတာ ... ခင်မင်းခကမှ မဝင်ချင်တာ ..."

သူက ... ကျွန်မကို လက်ကမ်းပေးလိုက်ရာ ကျွန်မကလည်း ... သူ့ကိုအားပြုပြီး ထိုင်ရာမှထသည် ...။

"ရှန်ပူမှ မရှိတာ ..."

"ကိုယ်သွားဝယ်လိုက်မယ်လေ ... ခဏစောင့် ... စတိုးဆိုင်ရှိတဲ့နေရာကို ရထားလုံးနဲ့အမြန်သွားဝယ်လိုက်မယ် ..."

"အင်း ..."

တကယ်တော့ ... ခေါင်းကို ရေနဲ့ အပေါ်ယံဆေးလိုက်ရင်လည်းဖြစ်တဲ့ကိစ္စမှန်း သူရော ကျွန်မပါ သိကြပါသည် ...။ သို့သော် ... ကျွန်မ ခံယူချင်သည်မှာ ... သူက ကျွန်မဆံပင်များကို ဆေးကြောသန့်စင်





ပေးမည့် အဖြစ်အပျက်ကိုဖြစ်၏ ...။ သူ့လက်များဖြင့် ကျွန်မဆံပင်များကို ကိုင်တွယ်တဲ့အခါ ဘယ်လောက်နူးညံ့သိမ်မွေ့ကြောင်း ကျွန်မ ခံစားချင်၍ဖြစ်သည် ...။

သိပ်မကြာပါ ...။ သူ ပြန်ရောက်လာသည်။ လက်ထဲမှာ **Head and Shoulder** ရှန်ပူဗူးကလေးပါလာသည် ...။

"လာ ... လာ ... ရေနွေးနဲ့ရေအေးစပ်ပြီး ကိုယ်လျှော်ပေးမယ် ... ရေနွေးချည်းပဲဆိုရင် ဆံပင်တွေကျွတ်ကုန်မယ် ... ရေအေးချည်းပဲဆိုရင်လဲ ... အေးလွန်းလို့ ခေါင်းတွေကိုက်ကုန်မယ် ... ဒီမှာ ငြိမ်ငြိမ်လေးထိုင် ..."

ကျွန်မရင်တွေ ထိန်းမရသိမ်းမရ ဆွဲခါခံရသလို ... လှုပ်ရှားတုန်ခါနေလေသည် ...။ ကျွန်မရဲ့ဆံပင်တွေကို သူ အမြတ်တနိုးကိုင်တွယ်ပုံမှာ ... တယုတယဖြင့် ညင်သာလွန်းပါသည် ...။ ကျွန်မက မျက်လုံးများကို ဖိမှိတ်ထားသည် ...။ ရေလောင်းပေးတာ ... ဆံပင်တွေကို ခပ်ဖြည်းဖြည်းပွတ်တိုက်ပေးတာ ... ဦးရေသားကို လက်ချောင်းထိပ်များဖြင့် ... ဖိနှိပ်ပေးတာကို ကျွန်မရင်ခုန်စွာခံစားမိသည် ...။ ကျွန်မဘဝတွင် ဒီလောက်ရင်ခုန်ယစ်မူးရသော အဖြစ်အပျက်မျိုး ... တစ်ကြိမ်တစ်

www.burmeseclassic.com

www.burmeseclassic.com

ခါမှ မကြုံခဲ့ဘူးပါ ...။

သူက လေကလေးချွန်ကာ ... ကျွန်မရဲ့ ရှည်လျားများပြားသော ဆံပင်အုံထူထူကြီးကို စိတ်ရှည်လက်ရှည် လျှော်ပေးခဲ့သည် ...။

"မိန်းမချောလေး ... သိပ်ဇိမ်ခံမနေနဲ့ ... ပြီးပြီ ... ထတော့ ..."

ကျွန်မ မျက်လုံးဖွင့်လိုက်တော့ ... သူ့လက်ထဲမှာ ပန်းနုရောင်မွှေးပွသဘက်ကြီး အဆင်သင့်ရှိနေသည်။ သဘက်ဖြင့် ဆံပင်များကို သုတ်ပေးနေသည် ...။ ကျွန်မတို့နှစ်ယောက်ရဲ့ပုံသည် ... မှန်ထဲမှာပေါ်နေသည် ...။

"သဘက်ပါ ဝယ်လာရတာလား ..."

"အင်းပေါ့ ... လိုတာအားလုံးပေါ့ ... ဆံပင်ရှည်ကြီး တစ်ခါလျှော်ရင် လိုတဲ့အရာတွေအားလုံး စဉ်းစားပြီး ဝယ်လာတာပေါ့ ... ဒရိုင်ယာလဲပါတယ် ... ဘီးလဲပါတယ် ...အကုန်ဝယ်ခဲ့တယ်"

"လိမ္မာလိုက်တာ ..."

ကျွန်မ နှစ်သိမ့်ကြည်နူးစွာ ရယ်မိသည် ...။ ဆံပင်သုတ်ပြီး ပလပ်ပေါက်တစ်ခုတွင် ပလပ်တပ်ကာ ... ဒရိုင်ယာနဲ့ စိတ်ရှည်လက်ရှည်မှုတ်ပေးသည် ...။ ဆံပင်များ မရှုပ်ထွေးအောင် ဘီးနှင့် စံနစ်တကျ ရှင်းပေးသည်။





"သန့်သွားပြီ ... ဟုတ်လား ... ခင်မင်းခ ခေါင်းပေါ် အိီးပါချတဲ့ကျီးကန်းကို ... ကိုယ် ကျေးဇူးတင်ကြောင်းပြောခဲ့တယ် ..."

"ဘာဖြစ်လို့လဲ ... သူပါချလို့ ကျွန်မခေါင်းတွေ ပေကုန်တဲ့ဟာကို ..."

"သူပါချလို့ ခင်မင်းခကို ဒီလိုခေါင်းလျှော်ပေးခွင့်ရတာပေါ့ ... အလကားနေရင်းနဲ့ လျှော်ပေးလို့ရတာမှမဟုတ်တာ ... မဟုတ်ဘူးလား ... အခုတော့ အခွင့်သင့်သွားတယ် ... အားလုံး အိုကေသွားပြီ ... ဒီမှာ နှင်းဆီပန်းကလေးပါ ကိုယ်ပန်ပေးလို့ရပြီ ..."

သူက ပန်းနုရောင်နှင်းဆီပွင့်ကလေးကို ကျွန်မခေါင်းမှာ ... စံနစ်တကျ ပန်ပေးလိုက်သည် ...။ ကျွန်မရင်ထဲ နွေးနေသည်' ...။ သူ့ကို ကျွန်မ သိပ်ချစ်နေကြောင်း ဖွင့်ပြောလိုက်ချစ်စိတ်တွေ ... ဖြုန်းခနဲ ပြို့ဆင်းလာသည် ...။ ကျွန်မရဲ့မျက်လုံးများက ပြောနေကြပြီ ...။

သူ့မျက်လုံးများဆီမှ ... ချစ်ခင်တောင့်တသောအရိပ်တွေ ... တဖျပ်ဖျပ်လက်နေပြီ ...။

"အင်း ... သိပ်လှသွားပြီ ... လာ ... အပြင်


www.burmeseclassic.com

www.burmeseclassic.com

သွားကြစို့ ... ရှန်ပူရယ် ... ဒရိုင်ယာရယ် ... ပုဝါလေးရယ် ... ခင်မင်းခ ... အမှတ်တရသိမ်းထားလိုက်ပေါ့ ... ဒီအိမ်လေးမှာပဲထားလိုက်ပေါ့ အချိန်မရွေး ခင်မင်းခ ... သုံးလို့ရတာပေါ့ ... ဟုတ်လား ...”

“ရှင့်ရဲ့ အကြင်နာတွေကို ကျွန်မ ဘယ်တော့မှမေ့မှာ မဟုတ်ပါဘူး ကိုအဂ္ဂါ ...”

“ကျေးဇူးတင်ပါတယ် ...”

သူ့အသံလေးမှာ ... လေသံသဲ့သဲ့ကလေးမျှဖြစ်သည် ...။

“အချိန်တွေက အကုန်မြန်သလိုပဲနော် ကိုအဂ္ဂါ ... ဒီအိမ်ကလေးကို စ,ပြင်တဲ့ရက်ကရေရင် ဒီနေ့ တစ်လပြည့်ပြီ ... သိလား ...”

“နောက် သုံးလ ကျန်ပါသေးတယ်ကွယ် ...”



## အခန်း(၅)

ကျွန်တော်တို့သည် ... တစ်ယောက်ကိုတစ်ယောက် ... ဟန်မဆောင်မိအောင် ... စကားအမှားအယွင်းမျိုးဖြင့် တစ်ယောက်ရဲ့စိတ်မှာ နာကျင်ဒဏ်ရာရသွားတာမျိုး မလုပ်မိအောင် မျိုသိပ်ထိန်းချုပ်ခြင်းဖြင့် ... တစ်ယောက်နဲ့တစ်ယောက် ဝေးသွားတာ စိမ်းကားသွားတာမျိုး မဖြစ်မိအောင် ... အတတ်နိုင်ဆုံး စိတ်ထဲရှိတဲ့အတိုင်း အပွင့်


www.burmeseclassic.com

www.burmeseclassic.com

လင်းဆုံး ပြုမူနေထိုင်ခဲ့ကြသည် ...။

ချစ်သူတွေဖြစ်ကြစို့ ... ဟု တရားဝင်ဖွင့်မပြောတာကလွဲလို့ ... သူမ ကျွန်တော့်ကို သိပ်ချစ်ကြောင်းကို ကျွန်တော်က သိခွင့်ရခဲ့ကာ ... သူမကို ကျွန်တော်သိပ်ချစ်ကြောင်းလည်း ... သူမက သိနေခဲ့သည် ...။

"ကိုယ်တို့ရဲ့ ဆက်ဆံရေးဟာ ဘာမှ လိပ်ပြာမလုံစရာမရှိဘူး ခင်မင်းခ ... ခင်မင်းခကလဲ ဖောက်ပြန်နေတာမဟုတ်ဘူး ... ကိုယ်ကလဲ ... ပြစ်မှားနေတာ မဟုတ်ဘူး ... ကိုယ်တို့နှစ်ယောက်ဟာ ဘယ်သူ့အတွက်မှ မဟုတ်ဘူး ..."

ဟု ကျွန်တော်က ပြောခဲ့သည် ...။ ပြောခဲ့တဲ့အတိုင်းပဲ ... စိတ်လုံစွာ ... သစ္စာရှိစွာ ... ရိုးသားစွာ ဆက်၍နေထိုင်ခဲ့ကြသည် ...။

ထိုရိုးသားမှုကို စတင်၍ အထင်လွဲခဲ့သူမှာ ကိုရန်နိုင်ဖြစ်သည် ...။ အဲ့ဒီအချိန်မှာ ... ကျွန်တော်တစ်ယောက်လုံးကို ရှေ့မှာထားပြီး ... ထိုအိမ်ကလေးမှာပင် ကိုရန်နိုင်က သူမကို ရန်စ,စွပ်စွဲခဲ့သည် ...။

ရန်မဖြစ်ခင်က .. အခြေအနေမှာ အကောင်းသားကြီးဖြစ်ပြီး ... ထိုအကောင်းသားကြီးကနေ ...





ကိုရန်နိုင်က အသားလွတ် ထ,ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

"ခင်မင်းခ ... အိမ်ခေါင်မိုး ဖွင့်တဲ့ခလုတ်တပ်ပြီးပြီ ... ဖွင့်ကြည့်ပါလား ..."

ကျွန်တော်ကပြောတော့ ... သူမက ဝမ်းသာအားရဖြင့် ... ခလုတ်ကလေးကို နှိပ်ကြည့်ကာ ခေါင်မိုးပေါ်သို့ မော့ကြည့်သည် ...။ အလင်းဖောက်သော ခေါင်မိုးအပေါက်အကြည်ကလေးက ဖွင့်လိုက်ပိတ်လိုက် ...

"သိပ်ကောင်းတာပဲ ... အဲ့ဒီ ခေါင်မိုးတံခါးလေးကို ကျွန်မ အကြိုက်ဆုံးပဲ သိလား ကိုအဂ္ဂါ ... ရှင်ဟာ ... သိပ်တော်တဲ့ အနုပညာသမား တစ်ယောက်ပဲ"

"ခင်မင်းခ ... မင်း ကိုယ့်ကိုတော့ တစ်ခါမှ ဒီလို စိတ်ပါလက်ပါ မချီးကျူးဖူးဘူးနော် ... ဒီအိမ်ကို ဒီလိုအခြေအနေရောက်အောင် ငွေစိုက်ထုတ်ပေးနေတာက ကိုယ်ပါကွ ... မင်း တစ်နေ့ လက်ထပ်ရမယ့်ယောကျ်ားပါကွ ... နော် ..."

ရုတ်တရက် ကိုရန်နိုင် လှမ်းပြောလိုက်သော စကားကြောင့် ... သူမ မျက်နှာပျက်သွားပါသည် ...။

"ရှင် ...ဘာကိုအပြစ်တင်ချင်တာလဲ ကိုရန်နိုင်"

"အားအားရှိ ... ဒီအိမ်ပြင်ဆင်တဲ့ကိစ္စတစ်ခုတည်း


www.burmeseclassic.com

www.burmeseclassic.com

ကိုပဲ မင်း အာရုံစိုက်ထားတယ် ... ဒီအိမ်မှာပဲ မင်း ဈာန်ဝင်နေတယ် ... မင်္ဂလာကိစ္စ ... လက်ထပ်ပွဲကိစ္စ ... မင်း ဘာတွေပြင်ဆင်ထားပြီးပြီလဲ ..."

ကျွန်တော် ရှောင်ထွက်သွားဖို့ စဉ်းစားသေးသော်လည်း ... သူမကို ကိုရန်နိုင် ပြောချင်တိုင်းပြောဖို့ ချန်ထားရစ်ခဲ့တာမျိုး ... ကျွန်တော် မလုပ်ရက်ပါ ...။ ခင်မင်းခကို အားငယ်စိတ်ညစ်အောင် ... တစ်ယောက်တည်း မထားခဲ့နိုင်ပါ ...။ အနားတွင် ကျွန်တော် ရှိနေဖို့လိုသည် ...။

"ဘာတွေ ပြင်ဆင်ရဦးမှာလဲ ကိုရန်နိုင် ... ပြင်ဦးလွင်မှာလက်ထပ်ဖို့ ရှင် အားလုံးစီစဉ်ထားပြီးသားပဲ ... ဟိုတယ်လ်ရက်လဲ ရှင်ပဲရွေးထားပြီ ... ဒီခြံကလေးထဲမှာလဲ ဒင်နာလုပ်ဖို့ ပြောထားပြီးပြီ ဒီ့ထက်ပိုပြီး ... ကျွန်မ ဘာတွေပြင်ဆင်နေရဦးမှာလဲ ..."

သူမက ပြန်အော်ပြောသည် ...။

"မင်းပုံစံက လက်ထပ်တော့မယ့် သတို့သမီးလောင်းနဲ့ မတူဘူး ... သိပ်လွတ်လပ်တဲ့ မိန်းမပျိုကလေးကျနေတာပဲ ... တစ်ခေါက်တလေ ရန်ကုန်





လိုက်ခဲ့ဖို့ခေါ်တာ မလိုက်ဘူး ...

ဒီအိမ်ကိုပဲ သည်းကြီးမည်းကြီး မက်မောနေတယ် ... ဒီအိမ်ကြီးကို မက်မောတာ တစ်ခုတည်းနဲ့ ... ငါ့ကို လက်ထပ်ချင်တာမျိုးတော့ မဖြစ်သင့်ဘူးပေါ့ကွာ ..."

သူမက ... ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်လိုက်သည် ...။ ကျွန်တော်နှင့်သူမ အကြည့်ချင်းဆုံသွားကြလေသည် ...။

"ရှင် ... ကျွန်မအပေါ် အဲ့ဒီလို သံသယဝင်လာတာတော့ ... ကျွန်မ ဘာမှမတတ်နိုင်ဘူးလေ .. ဒါပေမယ့် ... ရှင်ပဲ ကျွန်မကို အဖေ့ဆီမှာ ပိုက်ဆံတွေ ... စိန်ကျောက်နီလာပတ္တမြားတွေ ... အိမ်တွေတင်ပြီး တောင်းယူခဲ့တာလေ ... ကျွန်မက ဘာတွေ့မှ ရှင့်ကိုလက်ထပ်မယ်လို့ တောင်းဆိုခဲ့ဖူးသလား ... ရှင့်အိမ်ကြီးကို ကျွန်မ မက်မောလှပါချည်ရဲ့လို့ ... ဘယ်နှခါများ ရေရွတ်မိသလဲရှင် ..."

သူမအသံတွင် ... နာကြည်းမှုတွေ ... လှောင်ပြောင်သရော်မှုတွေ စီတန်း၍နေသည် ...။

"ရှူး ... တိတ်တော့ ... မင်း ... ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ ရှေ့မှာ အရှက်မခွဲနဲ့နော် ..."

ကျွန်တော် မကြားချင်ဟန်ဆောင်ကာ ဖည့်ခန်းပုံစံအကြမ်းကို ရေးခြစ်နေလိုက်သည် ...။

"ရှင်က ကျွန်မကို အရှက်ခွဲတာလား ... ကျွန်မက ရှင့်ကို အရှက်ခွဲတာလား ..."

"တော်ပါတော့ .. လက်မြှောက်ပါတယ် .. အရှုံးပေးပါတယ် ..."

ကိုရန်နိုင်က လက်နှစ်ဖက်ကို စုံမြှောက်ပြလိုက်သည် ...။

ကျွန်တော် ... သူမကို ငိုးကြည့်လိုက်မိသည် ...။ သူမ၏ မျက်နှာပေါ်တွင် နာကြင်ကြေကွဲသော အရိပ်များသာ လွှမ်းမိုးနေသည် ...။ ကိုရန်နိုင်က စော်ကားပြီးမှ ပြန်တောင်းပန်တတ်သော ယောက်ျားဖြစ်၏။

"ဆောရီးပဲ ခင်မင်းခ .. မင်းစိတ်ညစ်အောင် ကိုယ်မလုပ်ချင်ပါဘူး ... ကိုယ့်ဘက်မှာလဲ ခံစားချက်ကလေးရှိနေလို့ပါ ... မင်းကို ကိုယ့်ဘက်လည်း ထည့်တွက်စေချင်လို့ပါ ... မင်းကို ကိုယ် ဘယ်လောက်ချစ်သလဲဆိုတာ ... မင်းအသိဆုံးပါ ... ရန်ကုန်နဲ့ပြင်ဦးလွင်ကို တစ်ပတ်တစ်ခေါက် ... ကိုယ်လာလာနေရတယ် ... မင်းကိုတွေ့ချင်လွန်း





လို့ ... ပြီးတော့ ... မင်းလုပ်ချင်တာအားလုံး လုပ်ခွင့် ကိုယ်ပေးထားတယ် ... မင်းအလိုကို အမြဲတမ်းလိုက်ခဲ့တယ် ...

မင်း ... ကိုယ့်ကို သူစိမ်းတစ်ယောက်လို ဆက်ဆံနေတာ ... ကိုယ် မခံနိုင်ဘူး ... ကိုယ်ဟာ မင်းအတွက် သူစိမ်းတစ်ယောက် မဟုတ်ဘူး ... ကိုယ်နဲ့မင်း ရင်းရင်းနှီးနှီး နေရမယ် ... ခုဏက မင်း ... ကိုအင်္ဂါကို ပြောသလိုမျိုး ကိုယ့်ကို ပြောရမယ်"

သူမက နှုတ်ခမ်းတင်းတင်းစေ့ထားပြီး ... ဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ ... အိမ်အမိုးကို မော့ကြည့်လျက် တိတ်ဆိတ်စွာနေသည် ...။

ကျွန်တော်နဲ့ နှစ်ယောက်တည်းဆိုလျှင် ... ပြုံးချိုမြူးတူးလျက် ... ကလေးလေးတစ်ယောက်လို မူချွဲနွဲ့သော အမူအရာကလေးမှာ ... သိသာစွာ ပျောက်ဆုံးနေပြီး ... ဒဏ်ရာဖြင့် နာကျင်ထိခိုက်စွာ ဆိတ်ဆိတ် ငြိမ်ခံနိုင်သော အမူအရာမျိုးဖြစ်နေသည် ...။

"ဆောရီးပဲ ကိုအင်္ဂါ ... ခင်ဗျားရှေ့မှာ ကျွန်တော်တို့ ရန်ဖြစ်မိသွားတယ် ... ကဲ ... ကျွန်တော်တို့ အလုပ်ကိစ္စလေး ဆက်ဆွေးနွေးလိုက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဒီမှာ ညှော့ခန်းပုံစံအကြမ်းရေးထားတ
ဖြည့်ရမယ့် ပစ္စည်းစာရင်း ... မခင်မင်းခ,က ဧည့်
ခန်းမှာ စန္ဒရားကြီးတစ်လုံးထားချင်တယ် ...
ဗျား မှာပေးနိုင်မလား ..."

ကျွန်တော် သူမရှိရာဆီ လှမ်းကြည့်လို
သည်။ သူမ မရှိတော့ချေ ...။

"သူလိုချင်တယ်ဆိုရင်တော့ ... ကျွန်တော်
ပေးရမှာပေါ့ဗျာ ...

ဘယ်လိုဟာလေးမှန်းကို မသိဘူး ...
လှုပ်လီလှုပ်လဲ့ စူတူမူတူလေးနဲ့ ... အဲ့ဒါလေး
က သိပ်ချစ်စရာကောင်းတာဗျ သိလား ... ကျွ
တော်သိပ်ချစ်မှန်း သူသိလေ ... ပိုပြီး အိုက်
ခံလေပဲ ... ခုအချိန်ထိ ရင်းရင်းနှီးနှီး စ
ကောင်းကောင်းကို မပြောဘူး ..."

ကျွန်တော် အသာအယာပင် ပြုံးနေလို
သည်။ သူတို့နှစ်ယောက်ရဲ့ အခြေအနေကို ကျွန်
ကောင်းစွာနားလည်သဘောပေါက်နေခဲ့ပြီဖြစ်သည် ...

"သူ ... ဒီအိမ်ကို နေ့တိုင်းလာကြည့်သ
ကိုအဌါ ..."

"ဟုတ်ကဲ့ ... သူလိုချင်တာတွေ လာပြောပါတ





"အဲ့ဒါပြောတာဗျ ... ဒီအိမ်ကို သူ တန်ဖိုးထား
စိတ်ဝင်စားတာရဲ့ ဆယ်ပုံတစ်ပုံပဲ သူ ကျွန်တော့်
အပေါ်စိတ်ဝင်စားပါ ... ကျွန်တော် ကျေနပ်တယ်"

ကျွန်တော် ဘာထင်မြင်ချက်မှ မပေးနိုင်ပါ။
အထူးသဖြင့် ... ကျွန်တော်ချစ်မြတ်နိုး တန်ဖိုးထားမိ
သည့် ... မိန်းကလေးတစ်ယောက်ကို ... အပြီးတိုင်
သိမ်းပိုက်လှယူတော့မည့် ယောကျ်ားဆီမှာ ... ထိုမိန်း
ကလေးအတွက် ထင်မြင်ချက်ကို ကျွန်တော် ဘယ်တော့
မှ ပေးဖြစ်မည်မဟုတ်ပါ ...။

သိုးပေါက်စသားကလေးတွေရဲ့ အမွေးနုနုဖြင့်
လုပ်ထားသော ... အဖြူရောင် ချည်လုံးများ ဗူးလိုက်
ဝယ်ယူခဲ့ပြီးနောက် ... ကျွန်မသည် ... သုံးလအတွင်း
ခေါင်းစွပ်လက်ပြတ်အကျႌကလေးတစ်ထည် အပြီးထိုးဖို့
စတင်ခဲ့သည် ...။

စပါယ်က သူမ ထိုးနေတာကိုကြည့်ကာ ...


www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်သူ့အတွက်လဲ ခင်မင်းခ ... လှလိုက်တာ ... အမွေးနုနုကလေးတွေ ..."

"ငါ့ချစ်သူအတွက်ပေါ့ ..."

"နင် ဇက်ကြောတက်တာတို့ ... ခေါင်းကိုက်တာတို့ဖြစ်နေဦးမယ် ... နင် လက်ထပ်ဖို့ သုံးလပဲ လိုတော့တယ်နော် ..."

"ငါ သိတယ်လေ ... ဒါကြောင့် သုံးလအတွင်းပြီးအောင် ... ငါ နေ့နေ့ညည ထိုးနေရတာပေါ့ ငါ ... သူ့ကို ပေးခဲ့နိုင်မှာဆိုလို့ ... ဒီ လက်ထိုးဆွယ်တာကလေးပဲရှိမှာ ... ငါ့လက်နဲ့ ကိုယ်တိုင်ထိုးခဲ့တာ သူ သိရင် ... ဒါလေးကို သူဝတ်တိုင်း ငါ့လက်နဲ့ ထိတွေ့နေသလို သူ ခံစားရမှာပေါ့ ...

သူကလဲ ငါနေမယ့်အိမ်ကလေးရဲ့ အခန်းတိုင်းကို ... သူ့အငွေ့အသက်တွေနဲ့ အနုစိပ်ပြင်ဆင်ပေးခဲ့တာဆိုတော့ ... ငါကလဲ သူ့အတွက် ငါ့လက်နဲ့လုပ်ထားတဲ့အရာတစ်ခုခု ပြန်ပေးခဲ့ရမှာပေါ့ ..."

"နင် ... သူ့ကို သိပ်ချစ်တာပဲလား ဟင် ..."

"သိပ်ချစ်တယ် ... ငါ့ဘဝမှာ ဘယ်သူ့ကိုမှ မ





ချစ်ဘူးတဲ့ အချစ်မျိုးနဲ့ သူ့ကို ငါချစ်တယ် ..."

"ဒါပေမယ့် နင်တို့တွေ့တာ သိပ်နောက်ကျသွားပြီလေ ... ကိုအဂ္ဂါအနေနဲ့လဲ သူများဝယ်ပြီးသား အရုပ်ကလေးကို ဘယ်လောက်လိုချင်မက်မောနေပါစေ ... ထပ်ဝယ်လို့မှ မရတော့တာ ... သူပဲ စိတ်ဆင်းရဲရရှာရှိတော့မှာပေါ့ဟယ် ..."

"စပါယ် ... ရှေးဘဝက ရေစက်ကြောင့် ... ဒီဘဝမှာ ငါတို့နှစ်ယောက် လေးလပဲချစ်ဖို့ ကံပါလာတယ်လို့ပဲ ... ငါ ယူဆပါတယ် ...

လေးလပြည့်လို့ ငါတို့ခွဲရပြီးရင် ... စည်းတစ်စည်း ခြားသွားပြီ ...",

"သူကရော အဲ့ဒီလို နေနိုင်သလား ..."

"သူ့ ကာရိုက်တာက တစ်မျိုးပဲ ... သိပ်ဆန်းတယ် စပါယ် ... တစ်ခုခကို မဖြစ်မနေရအောင် လုပ်တတ်တဲ့အကျင့်ရှိတယ် ... ဒါပေမယ့် သူ လုပ်သမျှတိုင်းဟာ သူ့ကိုယ်သူအတွက် မဟုတ်ဘူး သူ ချစ်ခင်မြတ်နိုးတဲ့ လူတစ်ယောက်ယောက်အတွက်ပဲ ...

အကောင်းဆုံး ဥပမာက ... သူ့အလုပ်ကိုပဲကြည့် ... Interior decorator ရဲ့အလုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးတွေကို လှပဆန်းကြယ်ပြီး နေချင့်စဖွယ် ဖြစ်အောင် အလှဆင်ရတဲ့အလုပ်ပဲ ... ဒါပေမယ့် အဲ့ဒီအိမ်ကလေးတွေ လှပအသက်ဝင်လာတဲ့အခါ ... သူ မပိုင်ရဘူးလေ ... သူများလက်ထဲအပ်လိုက်ရတော့တာ ...

ဒီအိမ်ကလေးကို သူ မပိုင်ရမှန်း သိသိကြီးနဲ့ ... သူ့အိမ်ကလေးလို စိတ်စေတနာကောင်းကောင်းနဲ့ သူ အလှဆုံး တီထွင် ဖန်တီးတယ် ... ပြီးရင် သူများ အတွက် သူ ပေးလိုက်ရတယ် ... အဲ့ဒီ ကာရိုက်တာကလေးကို ငါ ချစ်တယ် ...”

ကျွန်မက ... ကိုယ်ချစ်မြတ်နိုးတဲ့လူတစ်ယောက်အကြောင်းကို ... ဂုဏ်ယူနှစ်သက်စွာ ပြောပြခဲ့သည် ...။

“အေးလေ ... နင် နေမယ့်အိမ်ကလေးဆို ... သူ ပိုပြီးလက်ရာမြောက်အောင် အလှဆင်ပေးမှာပေါ့”

“အင်းပေါ့ ... ငါဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် သူ လုပ်ပေးတယ် ... ဥပမာ ... အိမ်ခေါင်မိုးကို အဖွင့်အပိတ်အရှင်ရအောင် သူ လုပ်ပေးခဲ့တယ် အပေါ်ထပ်မှာ အခန်းသုံးခန်းအလွတ်ရှိတာကို ... သူက အခန်းနာမည်လေးတွေခွဲပြီး ... အလှဆင်





ပေးမယ်တဲ့ ... အခန်းတိုင်းမှာ အမိပ္ပါယ်တစ်ခုဆီရှိတယ် ...”

“အခန်းသုံးခန်းရဲ့အရောင်က သုံးရောင်ပါမယ် ... ခင်မင်းခ ... တစ်ခန်းက ပန်းနုနှင်းဆီရောင် ... အဲ့ဒီအခန်းနဲ့ပတ်သက်သမျှ ပစ္စည်းအသုံးအဆောင်အားလုံးရဲ့အရောင်ဟာ ... ပန်းနုသွေးပဲဖြစ်ရမယ် ခန်းဆီးလိုက်ကာကအစပေါ့ ... အားလုံး ပန်းနုရောင် ... အဲ့ဒါက ... အချစ်ရဲ့သင်္ကေတ ... အခန်းနာမည်ကို ကိုယ်က ... “ပန်းနုနှင်းဆီ” လို့ပေးမယ် ...”

သူ့မျက်နှာပေါ်တွင် ... ချစ်မြတ်နိုးခြင်းအရောင်များဖြင့် ပြည့်သိပ်နေခဲ့သည် ...။ သူပြောပြရုံနှင့်ပင် ... ကျွန်မက ထိုအခန်းကလေးအတွက် ရင်ခုန်စိတ်ထားနေမိပြီ ...။ သူ့မျက်နှာလေးကို ... တမေ့တမောနှင့် ချစ်ခင်စွာစိုက်ကြည့်နေပြီး ... နားထောင်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည် ...။

"ဒုတိယအခန်းရဲ့အရောင်က ... အဖြူဆွတ်ဆွတ် အားလုံးအဖြူရောင်တွေပဲ သုံးမယ် ... အဖြူဟာ ဖြူလွနေရမယ် ... အဓိပ္ပါယ်က ... အဖြူဆိုတာ သန့်စင်ကြည်လင်သော သစ္စာတရားရဲ့ အရောင် အသုံးအဆောင်တွေ ... နံရံတွေ ... ခန်းဆီးတွေ ... ဘောစင်ကအစ အဖြူရောင် ...

အခန်းနာမည်က "ဖြူလွသစ္စာ" လို့ပေးမယ် ..."

"အို ... ကောင်းလိုက်တာ ... ရှင်က သိပ်စိတ်ကူးကောင်းတာပဲကွယ် ... အင်း ... အင်း ... တတိယအခန်းအကြောင်း ပြောပြပါဦး ..."

"ပြောပြမယ် ... တတိယအခန်းရဲ့အရောင်က အပြာရောင် ... Forget - me - not ပန်းရဲ့အရောင် အခန်းအားလုံးဟာ ... အပြာရောင်သန်းနေရမယ်

တတိယအခန်းရဲ့နာမည်ကို ... ကိုယ်က "ပြာလွင်မမေ့" လို့ပေးမယ် ..."

ကျွန်မက သဘောကျစွာ လက်ခုပ်ကလေးပင် တီးလိုက်မိလေသည် ...။ သူ့ရဲ့ စိတ်ကူးကောင်းပုံကိုလည်း မချစ်မိဘဲ မနေနိုင်လောက်အောင် ဖြစ်သွားသည် ...။





ထိုအခန်းသုံးခန်းသည် ... အရင်က ဘာမှမဟုတ် ...။ ဧည့်သည်တွေလာရင် တည်းတဲ့အခန်းနှင့် ... ပစ္စည်းပစ္စယအဟောင်းအမျိုးတွေ စုပြုံထည့်သိုထားသော ... အခန်းဟောင်းသုံးခန်းသာဖြစ်သည် ...။ ထိုအခန်းသုံးခန်းကို သူက နာမည်ကလေးတွေပေးပြီး ... ပြင်ဆင်ဖို့ ဆုံးဖြတ်လိုက်သောအခါ ... ကျွန်မက မယုံနိုင်လောက်အောင် အံ့သြနှစ်သက်သွားမိတော့သည် ...။

ဒီလောက် စိတ်ကူးစိတ်သန်းကွန့်မြူးဆန်းကြယ်သော လူငယ်တစ်ယောက်နှင့် တစ်သက်လုံးစာ ချစ်ခွင့်ရလျှင် ကျွန်မဘဝလောက် တန်ဖိုးမဖြတ်နိုင်အောင် အဓိပ္ပါယ်ပြည့်စုံသွားမည့်ဘဝ မရှိနိုင်တော့ချေ ...။

ထိုအခန်းသုံးခန်းကို အလှဆင်နေသောရက်များတွင် ... ကျွန်မနှင့်သူသည် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်များစွာပျော်ဝင်နေသော ... မျက်လုံးများဖြင့် မိနစ်ပေါင်းအတော်ကြာအောင် ငေးမောငြိတွယ်မိကြသည် ...။

"ပန်းနုနှင်းဆီ ..." "ဖြူလွသစ္စာ ..." "ပြာလွင်မမေ့ ..." ။ နာမည်တိုင်းတွင် ... သူနှင့် ကျွန်မအတွက် အဓိပ္ပါယ်များစွာ ပျော်ဝင်နေခဲ့သည် ...။ ထိုအဓိပ္ပါယ်များကို ... သူ ရှင်းလင်းဖော်ပြပေးစရာမလို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ နှလုံးသားဖြင့် အဓိပ္ပါယ်ဖော်ကြည့်လို့ရပါသည်။ ထိုအခန်းကလေးတွေသည် ... ကျွန်မတို့နှစ်ယောက်ရဲ့ သင်္ကေတဖြစ်သည် ...။ ထိုအခန်းကလေးတိုင်းတွင် လသာဆောင်ကလေးများလည်း ကိုယ်စီပါရာ ... ကျွန်မတို့နှစ်ယောက်သည် ထိုလသာဆောင်ကလေးတိုင်းတွင် ... အခန်းနှင့် သက်ဆိုင်ရာ ပန်းအိုးကလေးများ စိုက်ခဲ့သည်။

အချိန်များသည် ... တစ်နေ့တစ်နေ့ သိပ်ကို မြန်ဆန်ကုန်လွယ်လွန်းလှသည် ... ဟု ကျွန်မတို့နှစ်ယောက်စလုံး ... မကြာခဏ ညည်းဖြစ်ကြလေသည်။

❦ ❦

"ခင်မင်းခ,ကို ကိုယ် ပွဲတစ်ခုဖိတ်ချင်တယ် ..."

"ပွဲတစ်ခု ... ?"

ကျွန်မက အံ့သြသွားသည် ..။ ကျွန်မသည် ဘယ်လိုပွဲမျိုးကိုမှ တက်ရောက်လေ့ရှိသူ မဟုတ်ချေ ...။

"အင်း ... မနက်ဖြန် ဒီဇင်ဘာလ နှစ်ဆယ့်ငါး ရက်နေ့လေ ... ကိုယ်တို့အိမ်မှာ ခရစ္စမတ်(စ်)ပွဲ





တော်ကျင်းပတဲ့အထိမ်းအမှတ်နဲ့ ... ခရစ္စမတ်(စ်) ဒင်နာပွဲကလေးလုပ်လိမ့်မယ် ... မိသားစုအားလုံး စုံတဲ့အချိန် ... တစ်ယောက်တစ်ပေါက်နဲ့ သိပ် ပျော်စရာကောင်းတာပဲ ... ရယ်လဲရယ်ရတယ်

ခင်မင်းခ ဒင်နာလိုက်စားပါလား ... ကိုယ် ခင်မင်းခကို ခေါ်သွားချင်တယ် ..."

"ကျွန်မ သိပ်လိုက်ချင်ပါတယ် ... ကိုအင်္ဂါရဲ့မိသားစုနဲ့လည်း တွေ့ခွင့်ရချင်တယ် ... ဒါပေမယ့် အဖေက ခွင့်ပြုမှာမဟုတ်ဘူး ... ညဘက်ကြီး"

"ကိုယ် ပြန်ပို့ပေးမယ်လေ ... မစပါယ်ကိုပါ ခေါ်ခဲ့ပေါ့ ..."

သူက ကျွန်မကို အတင်းအကြပ်ကြီး မတိုက်န်းပေမယ့် ... သူ့မျက်လုံးတွေထဲမှာ ... ကျွန်မကို က်စေချင်သော ဆန္ဒတွေထင်ရှားစွာ ပေါ်လွင်နေခဲ့သည်။ သည် ... အခွင့်အရေးတစ်ခုကို ဘယ်တုန်းကမှ အ င်းအကြပ်မတောင်းဆိုခဲ့ချေ ...။ အဲဒါကြောင့်ပင် ... ဆန္ဒကို ကျွန်မက ဘယ်တော့မှ မငြင်းရက်ချေ ...။

"ဒါဆိုရင်လဲ ... စပါယ်အိမ်မှာ တစ်ညသွားအိပ်မယ်လို့ အဖေ့ကို ပြောလိုက်ရင် ရပါတယ် ..."

စပါယ်နဲ့ကျွန်မက အချစ်ဆုံးသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့မဲ ... သူ့အိမ်လဲ ကျွန်မ တစ်ခါတလေ အပျော်လိုက်အိပ်နေကျ ... ကျွန်မတို့ တစ်ညလုံးပေါက် စကားထိုင်ပြောလေ့ရှိတယ် ... ကျွန်မအိမ်လဲ စပါယ်လာအိပ်နေကျ ... ဒီလိုဆိုရင် အဖေခွင့်မပြုစရာ ဘာအကြောင်းမှ မရှိပါဘူး ..."

သူ့မျက်နှာပေါ်တွင် ဝမ်းသာကျေနပ်သောအရိပ်များ ဖြတ်ပြေးသွားသည် ...။ သူ့ကမ်းလှမ်းချက်ကို ကျွန်မ ငြင်းပစ်လိုက်ရင်လည်း ... သူက ဘာမှထပ်ပြီး စောဒကတက်တော့မှာမဟုတ်ချေ ...။ အဲ့ဒါကို ကျွန်မသိသည် ...။

ကျွန်မ ကိုယ်တိုင်က ... ကျွန်မ ချစ်မိသော လူတစ်ယောက်၏မိသားစုနှင့် တွေ့ဆုံချင်တာဖြစ်သည်။

ကျွန်မသည် ... မိသားစုမရှိသူဖြစ်သောကြောင့် ... မိသားစုကြီးများကို အမြဲစိတ်ဝင်စားလေ့ရှိပါသည် ...။



အခန်း(၆)

အဖေ့ကို စပါယ့်အိမ်မှာ တစ်ညသွားအိပ်မလို့ ... ဟု ခွင့်တောင်းလိုက်သည် ...။ အရက်သောက်နေသော အဖေက အေးတိအေးစက်ပင် ခွင့်ပြုလိုက်လေသည် ...။ စပါယ်က လာခေါ်သည် ...။ အဝတ်အစားတွေကို ကျွန်မက အိတ်ကလေးတစ်လုံးဖြင့် ထည့်ယူလာသည် ...။ ဘယ်တုန်းကမှ အဖေ့ကိုလိမ်ပြီး ခိုးဝှက်မလုပ်ခဲ့ဘူးသဖြင့် ရင်



www.burmeseclassic.com

www.burmeseclassic.com



ခုန်နေသည် ...။ ကားပေါ်ရောက်တော့ စပါယ်က ခပ်တိုးတိုးရယ်ကာ ...

"မိန်းမ ... ပြောတော့ဖြင့် နင့်ဆီက အကူအညီ မယူပါဘူးဆို ..."

ဟု ခနိုးခနဲ့ ပြောသည် ...။

"သူ့မိသားစုနဲ့ ငါ တွေ့ဖူးချင်လို့ပါဟယ် ... သူတို့မိသားစုက သိပ်ရယ်ရတာပဲတဲ့ ... တစ်ယောက်တစ်ပေါက်နဲ့ ပျော်စရာလဲကောင်းတယ်တဲ့ ... ကလေးလေးတွေလဲ ရှိတယ် ... သူ့တူနဲ့တူမလေးတွေပေါ့ ... သိပ်ချစ်စရာကောင်းတာပဲတဲ့ ... တစ်ခါတလေတော့ မိသားစုကြီးတစ်ခုဆီက ပျော်စရာကောင်းတာတွေကို ကူးစက်ယူချင်တယ် ..."

"အေးပါ ... ငါ နောက်တာပါ ... နင့်ကို ငါ ပျော်စေချင်ပါတယ် ... ကိုအဂ္ဂါက ငါ့အိမ်မှာ လာခေါ်မှာလား ..."

"အင်း ..."

ကျွန်မတို့နှစ်ယောက် စပါယ့်အိမ်ရောက်ပြီး ရေချိုးအဝတ်အစားလဲပြီး မကြာခင်မှာ ... သူ ရောက်လာသည် ...။

ကျွန်မက ပန်းနုရောင်ပိုးဂါဝန်ပျော့တစ်ဆောင် တည်းကလေးကို ... ရိုးစင်းစွာ ဝတ်ဆင်ထားခဲ့သည်။ သူက ကျွန်မကို သေသေချာချာကြည့်ကာ ...

"သိပ်လှတာပဲ ..."

ဟု စပါယ်မကြားအောင် ပြောသည် ...။ ကျွန်မက ရင်ခုန်ရှက်သွေးဖြာနေသည် ...။ သူက ... အဖြူခံပေါ်မှာ အပြာရောင် ကွမ်းရိုးစင်းရုပ်လက်ရှည်ကို နက်ပြာရောင် နက်(ခ်)တိုင်နှင့် သေသပ်စွာ ဝတ်ထားပြီး သက္ကလပ်အနုစားဘောင်းဘီနက်ပြာကို ဝတ်ထားသည်။ အဝတ်အစားကို အမြဲသပ်ရပ်စွာ ဝတ်လေ့ရှိတာကိုလည်း ကျွန်မ သဘောကျသည် ...။

သူ မောင်းဝင်လာသော ခြံကြီးမှာ အကျယ်ကြီးဖြစ်ပြီး ... အိမ်ကြီးကလည်း အကြီးကြီးဖြစ်သည်။ ခြံထဲက ထင်းရှူးပင်တွေမှာ ... မီးလုံးလေးတွေတပ်ဆင်ထားသဖြင့် ... ခြံကြီးက နန်းတော်ကြီးတစ်ခုလို လှပနေသည် ...။

အိမ်တံခါးအဝတွင် ...

"Merry Christmas..."

ဆိုသော စာတန်းနှင့် ပန်းခြင်းလှလှကြီး ချိတ်ဆွဲထားသည် ...။

သူ တံခါးဖွင့်ပြီး အိမ်ထဲဝင်လိုက်ပြီဆိုတာ







www.burmeseclassic.com

www.burmeseclassic.com

နှင့် ... ဝိုင်းအော်သံတွေ ... ရယ်မောသံတွေ ... တစ်ယောက်တစ်ပေါက် ဝိုင်းအော်သံတွေ ဆူညံစွာ ထွက်ပေါ်လာသည် ...။

"ဟယ်လို ... အဂ္ဂါ ... Merry Christmas"

"Merry Christmas..."

အစ်ကိုတွေနဲ့ သူ ပွေ့ဖက်နှုတ်ဆက်နေတာကို ကျွန်မက အနောက်နားကနေ လက်ကလေးပိုက်လျက် အသာလေးကြည့်နေမိသည် ...။ မိသားစုရဲ့ တွေ့ဆုံနှုတ်ဆက်ပုံက ... နွေးထွေးလှိုက်လှဲနေကာ ... ရင်ထဲကလာသော ချစ်ခင်လေးနက်မှုများဖြင့် သိုက်သိုက်မြိုက်မြိုက်ဖြစ်နေသည် ...။

"ငါ့ကောင်ကြီးက ... ပိုဖြောင့်လာတယ်ကွ ... အဂ္ဂါ ... ဘယ်လိုလဲ ... ရည်းစားမရသေးဘူးလား ... ပြင်သစ်မှာထားခဲ့တယ် ထင်တယ်"

"ဟား ဟား ဟား ... လျှောက်ပြောမနေနဲ့ ကိုကြီး ... ခုမှတွေ့ပြီး လျှောက်အော်နေတယ် ... ဒီမှာ ကျွန်တော့်ညှိသည်တွေပါတယ် ... မိတ်ဆက်ပေးမယ် ...

သူက ခင်မင်းခ ... ဟိုဘက်က စပါယ်"

"Hi ... တွေ့ရတာ ဝမ်းသာပါတယ် ... ပျော်





ပျော်ပါးပါးပေါ့ ..."

သူ့အစ်ကိုက ကျွန်မတို့ဘက်လှည့်ပြီး ခင်ခင်မင်မင် ပြုံးရယ်နှုတ်ဆက်ပြီး သူ့နားထဲသို့ တစ်ခုခု တိုးတိုးလှမ်းပြောလိုက်သည် ...။ သူက ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး ကျွန်မကို တစ်ချက်လှမ်းကြည့်ပါသည် ...။ ပြီးတော့ ... သူ့အစ်ကိုနားထဲသို့ တစ်ခုခုပြန်ပြောလိုက်သည် ...။ သူ့အစ်ကိုက မျက်နှာကြီး တအားပြုံးလာကာ ...

"ဟေး ... ငါသိပြီကွ ..."

ဟု အားပါးတရအော်ပစ်လိုက်ကာ ... သူ့ကို တအားဖက်ပြီး မွှေ့ယမ်းပစ်လိုက်သည် ...။ ဘာမှန်းမသိဘဲနဲ့တောင် သူတို့ကိုကြည့်ကာ ရယ်ချင်လာသည် ...။ ပျော်စရာလည်း ကောင်းသည် ...။

"Hi ... အဂ္ဂါ ... မမကြီးတို့နဲ့လဲ မိတ်ဆက်ပေးလေ ..."

"လေးလေးအဂ္ဂါ Merry Christmas ..."

"Merry Christmas ..."

အစ်ကိုတွေ ... အစ်မတွေ ... တူ၊ တူမလေးတွေ ... သူ့ကို တစ်ယောက်ချင်း ဝိုင်းနှုတ်ဆက်ကြသည် ...။ အမေတွေက နမ်းနမ်းသွားသဖြင့် ...


www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးပြင်နဲ့ နားရွက်တွေမှာ ... နဖူးမှာ နှုတ်ခမ်းနီရာတွေ ပေကျံကုန်သည် ...။ တစ်အိမ်လုံးက သူ့ကို ဝိုင်းချစ်နေကြမှန်း ... မြင်ရုံနှင့်ပင် သိသာပါသည် ...။

သူက လာနှုတ်ဆက်သမျှ လူတွေကို ... ကျွန်မနှင့် မိတ်ဆက်ပေးသည် ...။ အားလုံးက ကျွန်မကို လိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည် ...။ အစ်မတော်က ... ကျွန်မကို ပခုံးမှသိုင်းဖက်ကာ ... နမ်းပြီးနှုတ်ဆက်သည် ...။

"ကြည့်စမ်း ... အဂ္ဂါ့သူငယ်ချင်းလေးက သိပ်ချောတာပဲ ... ဆံပင်ကြီးကလဲ အရှည်ကြီးပဲ သိပ်ကိုလှတာပဲ ..."

"သိပ်သေချာတာပေါ့ ... အဂ္ဂါက သိပ်အလှကြိုက်တာ ..."

"အဂ္ဂါက အလှကြိုက် ... အသန့်ကြိုက် ... အနုစိတ်ကြိုက် ... အကောင်းကြိုက် ... ကိုင်သမျှ အရာဝတ္ထုတိုင်းဟာ ... ထိပ်တန်းစပေါ်ရှယ်တွေထဲကပဲ ..."

စသဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းသနောက်ပြောင်၍ ရယ်မောနေကြသည် ...။

အသက်သုံးနှစ်အရွယ် ... ဆံပင်ရှည်ရှည် ...





တွန့်တွန့်ကလေးများဖြင့် အရုပ်ကလေးတစ်ရုပ်လို ချစ်စရာကောင်းသော ... ကလေးမလေးတစ်ယောက် ... ကျွန်မဆီ တလှုပ်လှုပ်နှင့် လျှောက်လာကာ ... ကျွန်မကို မမိမကမ်း လှမ်းဖက်ကာ ... မော့ကြည့်ပြုံးပြလျက် ...

"မာမီ ..."

ဟု ချစ်စဖွယ်လာအော်သဖြင့် ... ကျွန်မက ... ငုံ့ကြည့်ကာ သူမကို ပွေ့ချီလိုက်သည် ...။

"ကက်သရင်းလေး ... မာမီက ဒီမှာလေ ... ဟား ဟား ... ဦးလေးတူမက အမှားကောင်းဟေ့ ..."

သူ့အစ်မက လှမ်းအော်ပြောကာ ဝိုင်းရယ်ကြပြန်သည် ...။ ကျွန်မက ကလေးမ,လေးကို ချစ်ခင်စွာ နမ်းလိုက်လေသည် ...။

"ခင်မင်းခ ... လာ ... ဒက်ဒီနဲ့မာမီကို သွားနှုတ်ဆက်မယ် ..."

ဆိုဖာဆက်တီကြီးတွင် နှစ်ယောက်တွဲထိုင်ကာ သားသမီးတွေကို ချစ်ခင်သဘောကျစွာ ပြုံးပြုံးကြီးတွေ ကြည့်နေသည့် သူ့မိဘတွေဆီ သွားနှုတ်ဆက်ကြသည်။

"Merry Christmas ဒက်ဒီ ... မာမီ ... ဒါ ကျွန်တော့်မိတ်ဆွေ ... ခင်မင်းခ ... သူက



www.burmeseclassic.com

www.burmeseclassic.com



စပါယ် ...”

“တွေ့ရတာ ဝမ်းသာပါတယ်ကွယ် ... ဟုတ်ပါ သမီးလေးက ချစ်စရာကောင်းလိုက်တာ ... ဆို နော် ...”

“Charming lady ပါ ...”

သူ့အဖေနှင့်အမေက တစ်ယောက်တစ်မျိုး မှတ်ချက်ပေးကြသည် ...။ ကလေးလေးတွေကလည်း များကြီး ...။ သူ့တူကလေးက ... ပြုံးစိစိလှမ်းကြ ကာ ...

“ထက်ထက်မိုးဦးနဲ့တူတယ် ...”

ဟု လှမ်းအော်သဖြင့် ရယ်ကြရပြန်သည် ကက်သရင်းလေးကို ကျွန်မဆီကနေ ဘယ်သူမှ ခေါ် မရတော့ ...။ ကျွန်မကို အတင်း ဆွဲကုပ်တွယ်ဖက်ထား ကာ ... တစ်ယောက်ယောက်က ဆွဲခေါ်ဖို့ပြင်လျှင် အားအော်လေသည် ...။

“ကက်သရင်းလေး ... လာ လာ လေးလေးချီ မယ် ... လေးလေးဆီလာ ...”

“နေပါစေ ကိုအဂ္ဂါ ... ကျွန်မပဲ ချီထားလိုက် မယ် ...”

“ကြည့်စမ်း ... ခင်မင်းခကို တွယ်ကပ်နေတာ





မမလေး သမီးကိုကြည့်ပါဦး ...”

“အေးလေ ... ဒါကြောင့်ပြောတာ ... အဂ္ဂါ တူမဆိုတော့ အဂ္ဂါလိုပဲ ... ချောချောလှလှမိန်းက လေးကို တွယ်ဖက်ထားတာမို့လို့ ခေါ်လို့မရတာ”

“ရပါတယ် ... ကျွန်မ သူ့ကိုချီထားရတာ ပိုကြိုက် ပါတယ် ... နွေးနွေးအိအိကလေး ...”

ကက်သရင်းလေးကို ချီထားပြီး ... လူစုံ ဘော်စုံနှင့်လည်း ထိတွေ့နှုတ်ဆက်ပြီးပြီမို့ ... ကျွန်မနှင့် မျက်နှာချင်းဆိုင်မိကြလေသည် ...။

“ပျော်ရဲ့လား ... ခင်မင်းခ ... ကိုယ့်မိသားစု က ဘယ်လိုနေလဲ ...”

“ပျော်စရာသိပ်ကောင်းပါတယ် ... ဟင်းဟင်းဟင်း”

“ဘာရယ်တာလဲကွ ...”

သူ့မျက်နှာ နှုတ်ခမ်းနီတွေပေနေတာကို ကျွန်မ ယ်ဘဲမနေနိုင်ချေ ...။

“ကိုအဂ္ဂါမျက်နှာပေါ်မှာ နှုတ်ခမ်းနီတွေ ပေပွကုန် ပြီ ...”

“ဟုတ်လား ... အစ်မတွေလက်ချက်ပဲ ...”

“နေဦး ... ကျွန်မ သုတ်ပေးလို့ရမလား ...”

“အင်း ... သုတ်ပေးလေ ...”



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက ကက်သရင်းကို ပေါင်ပေါ်တင်ထားပြီး ... သူ့ပါးပြင် ... နဖူးနှင့် ... နားရွက်တို့မှာ ပေနေသော နှုတ်ခမ်းနီများကို လက်ဖြင့် ညင်သာစွာသုတ်ပေးလိုက်သည် ...။ သူက ဓာလေးတစ်ယောက်လို ငြိမ်ခံနေသည် ...။ ကက်သရင်းလေးက တခိခိရယ်နေသည်။

"ရသွားပြီ ..."

"ကျေးဇူးပဲ ..."

အဲဒီနောက်မှာ ... ကျွန်မတို့နှစ်ယောက်ကို သူ့မိသားစုအားလုံးက ... မသိမသာ အကဲခတ်စောင့်ကြည့်နေကြောင်း ကျွန်မ သိလိုက်ရသည် ...။

"လူစုံပြီဆိုရင် ထမင်းစားလို့ ရပြီးနော် ..."

"လာ လာ ... ထမင်းစားကြစို့ ... ဗိုက်ဆာပြီ"

"လာ ... ခင်မင်းခ ... ထမင်းစားရအောင် စပါယ်လဲ လာ ..."

မိသားစုတွေ စုရုံးတွန်းထိုးကာ ... စည်စည်ကားကား ... ရယ်ရယ်မောမောဖြင့် ထမင်းစားခန်းထဲသို့ရောက်လာသည် ...။ မိသားစုတွေ စုံလင်သဖြင့် အကြောင်းအရာခေါင်းစဉ်များလဲ စုံလင်သည် ...။

ထမင်းစားခန်းမှာ အကျယ်ကြီးဖြစ်ပြီး ... ကျွန်းစားပွဲရှည်ကြီးကလည်း ... ဟင်းခွက်တွေနှင့် ပြည့်နေသည် ...။ စားပွဲပေါ်တွင် ပန်းအလှများထိုးထားပြီး ရွှေရောင်ခွက်လှလှကလေးများဖြင့် ဖယောင်းတိုင်များ ထွန်းထားသည် ...။

"အလည်က ... ကြက်ဆင်သားကောင်လုံးကင်လေ သိပ်အရသာရှိတာပဲ ..."

"သမီး ခင်မင်းခ,နဲ့ စပါယ်တို့ ကိုယ့်အိမ်သားတွေလိုပဲ သဘောထားပြီး လွတ်လွတ်လပ်လပ်နေနော် လွတ်လွတ်လပ်လပ် ကြိုက်ရာခပ်ယူစားကြနော် ... ဟန်နီ ... သမီးတို့ကို ထည့်ပေးနော် ..."

"စိတ်ချပါ မာမီ ..."

"မာမီ ... စိတ်မပူနဲ့ ... အဲဒါက သူတောင်စားမှာမဟုတ်ဘူး ... သူ့မိတ်ဆွေတွေဆို သူ သိပ်ဂရုစိုက်တာ ..."

"ကဲ ... စားကြ ... စားကြ ... Merry Christmas ..."

"Merry Christmas ..."

ဆုတောင်းသံကလေးတွေ ထွက်လာသည်။ ခရစ်ယာန်လိုဝတ်ပြုလိုက်ပြီး ဇွန်းသံ ... ခက်ရင်းသံတွေ စကားသံတွေ ... ရယ်မောနောက်ပြောင်သံတွေ ထွက်လာသည် ...။






www.burmeseclassic.com

www.burmeseclassic.com

"စပျစ်ဝိုင်က ကောင်းလိုက်တာ ...ဘယ်သူ့လက်ရာလဲ ..."

"အမေ့လက်ရာ မာမီ ..."

"ကြက်ဆင် barbecue က ... စင်ဒီလက်ရာ"

"nice ပဲ ... nice ..."

"အင်္ဂလက်ရာကရော nice"

"Potato chips ..."

"ကျွန်တော့်လက်ရာက ... tomato sauce ..."

"ကျွန်တော့်လက်ရာက ... vegetable fried rice"

"အဲလက်(စ်)ကရော ..."

"ကျွန်တော်က ... ငါးခေါင်းချဉ်စပ်ဟင်းချိုလေ"

"အော်ဒီက ပုဇွန်ချိုချဉ် ..."

"ကျွန်တော်က ဂဏန်းလက်မကြော် ..."

စသဖြင့် ... တစ်ယောက်တစ်မျိုးလက်ရာတွေ ရေရွတ်ကြသည် ...။

"ကျွန်မ လက်ရာကတော့ ဘာမှမရှိဘူး ကိုအင်္ဂါ ပါးစပ်ပဲစိုက်ရမှာ ..."

ကျွန်မက သူ့ကို တိုးတိုးကလေးကပ်ပြောလိုက်သည် ...။ သူက ရယ်ကာ ...

"ဒါဆို ခဏ ... ထ ... ကိုယ်နဲ့ခဏလိုက်ခဲ့လာ ..."

"ဘာလုပ်မလို့လဲ ..."

"လာပါ ..."

သူက ကျွန်မကို မီးဖိုခန်းထဲခေါ်သွားကာ ရေဖန်အိုးတစ်အိုးထဲ သောက်ရေအေးအေးအပြည့်ဖြည့်ပေးသည်။

"အဲ့ဒါ ... ကျွန်မလက်ရာလို့ ခင်မင်းခ,က အော်လိုက်ပေါ့ ..."

ထမင်းစားပွဲရှည်ကြီးဆီ ကျွန်မတို့ပြန်ရောက်လာခဲ့သည် ...။ ကျွန်မစိတ်ထဲတွင် ပျော်လွန်းသဖြင့် ရင်တလှပ်လှပ်ခုန်နေသည် ...။

"ကျွန်မ လက်ရာက ... သောက်ရေ ..."

ကျွန်မက အော်ပြီး စားပွဲပေါ်တင်လိုက်လျှင် အားလုံးဝိုင်းရယ်ကြလေသည် ...။

သူက ကျွန်မ ပန်းကန်ထဲ ဟင်းတွေစုံအောင်ထည့်ပေးသည် ...။ စပါယ်က ... မမလေးနှင့်အဖွဲ့ကျသွားသည် ...။ (တကယ်တော့ ... ကျွန်မတစ်ယောက်တည်းကို သူ့မောင် ဂရုတစိုက်ရှိနိုင်အောင် အဖော်ဖြစ်တဲ့ စပါယ့်ကို တာဝန်ယူလိုက်တာလည်းဖြစ်နိုင်ပါသည်)

"စားလေ ... ဘာယူဦးမလဲ ..."

"Potato chips ထပ်ယူဦးမယ် ... စားလို့ကောင်းပါ







www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာပဲ ... ကိုအဂ္ဂါလက်ရာမှိုလားမသိဘူး"

"သိပ်သေချာတာပေါ့ ..."

"အဂ္ဂါက ခုမှ ခင်မင်းခကို ပွဲထုတ်လာတာ ... ဘယ်အချိန်ကတည်းက တွေ့ကြတာလဲ သမီး ... ပြောပြပါဦး ..."

"အင်း ... ဟို ..."

"နှစ်လတောင် မပြည့်သေးပါဘူး မာမီ ... သူနေမယ့်အိမ်ကလေးရဲ့ Decoration ကို ကျွန်တော် လုပ်ပေးနေတာ ..."

"သြော် ... သြော် ..."

"ပြင်ဦးလွင်ဇာတိပဲလား ..."

"ဟုတ်ကဲ့ ..."

"ထည့်ပေးဦး ... ထည့်ပေးဦး ... အဂ္ဂါ ... ဟန်နီထည့်ပေးလေ ... ကြက်ဆင်ကတစ်ကောင်လုံးကုန်မှဖြစ်မှာနော် ..."

"ကုန်မှာ ... ကုန်မှာ ... မပူနဲ့ ..."

ညီအစ်ကိုတွေ တစ်ယောက်နဲ့တစ်ယောက်နောက်ပြောင်ကာ ... အရိုးတွေ လှမ်းထည့်ပေးတာတို့ ဝိုင်ခွက်လှသောက်တာတို့ စသဖြင့် အမျိုးမျိုးပျော်စရာကောင်းနေသည် ...။ ကျွန်မစိတ်ထဲ သိမ်မွေ့စွာ လှုပ်ရှားပျော်ရွှင်





လာသည် ...။ ဒီမိသားစုထဲ သူ့ရဲ့ဇနီးတစ်ယောက်အဖြစ် ဝင်ခွင့်ရလျှင် ဘယ်လောက်ပျော်ရွှင်ကျေနပ်ဖွယ်ကောင်းလိုက်မလဲ ...။

ထမင်းစားပြီးတော့ ဧည့်ခန်းမှာ နေရာပြန်ယူကြသည် ...။ ဧည့်ခန်းထဲက ခရစ္စမတ်(စ်)သစ်ပင်ကြီးမှာ ... ခရစ္စမတ်(စ်)လက်ဆောင် ပါကင်ထုပ်လှလှကလေးတွေ ချိတ်ဆွဲထားသည် ...။ ကက်သရင်းလေးက ကျွန်မပေါင်ပေါ် ပြန်တက်လာသည် ...။ ကျွန်မဘေးမှာ သူကထိုင်ကာ ... ကျွန်မ ကိုယ်ပေါ်မှ ကက်သရင်းကို ငုံ့နမ်းသောအခါ ... ကျွန်မတို့နှစ်ယောက် သိပ်ကိုနီးကပ်သွားသည် ...။ ကျွန်မ ရင်ခုန်သွားခဲ့ပါသည် ...။

"ကဲ ... လက်ဆောင်ထုပ်တွေ ဖောက်ရအောင် ဘယ်သူ ပထမဆုံးဖောက်မှာလဲ ..."

"ကျွန်တော် ... ကျွန်တော် ... ကျွန်တော် ..."

"ဇွန်" ဟု အမည်ရသော သူ့တူကလေးက လက်ဆောင်ထုပ်ကို စ,ဖွင့်သည် ...။

"ဖြေးဖြေးလုပ်လေ ..."

အထဲမှ မီးရထားတွဲအရုပ်ကြီးထွက်လာသဖြင့် ဇွန်က ... ဟေးခနဲအော်ကာ ပျော်ရွှင်သွားသည် ...။ တခြားလူတွေ တစ်ယောက်ပြီးတစ်ယောက် လက်ဆောင်


www.burmeseclassic.com

www.burmeseclassic.com

ထုပ်တွေ ဖောက်ကြသည် ...။ ကိုယ်ရတဲ့လက်ဆောင် ကိုယ်သဘောကျကာ အသီးသီးရယ်မောပျော်ရွှင်နေကြတာ ကိုကြည့်ပြီး ... ကျွန်မ ဝိတိဖြင့်ကျေနပ်ကာ မျက်ရည် ဝဲလာခဲ့သည် ...။

"အဂ္ဂါ ... သားအလှည့်လေ ... လာယူ ... ဟိုထိပ်ဆုံးက အထုပ်ကလေးကိုဖောက် ... အဲ့ဒါ မာမီနဲ့ဒက်ဒီ့လက်ဆောင် ..."

ကျွန်မအနားမှ သူထ,သွားကာ ... လက်ဆောင်ထုပ်ကလေးသွားယူလာပြီး ... ပြန်လာထိုင်သည်။

"ဖောက်လေ ... ဖောက် ... ကြည့်ချင်တယ်"

သူက ခပ်ပြုံးပြုံးမျက်နှာကလေးဖြင့် အထုပ်ကိုဖောက်သည် ...။ ထွက်လာသောအရာကလေးမှာ ... အိမ်ပုံစံလှလှကလေးဖြစ်သည် ...။

"ဟေး ... လှလိုက်တာ ..."

"Thank you ... ဒက်ဒီနဲ့မာမီ ..."

"အို ... ခဏနေဦး ... ခင်မင်းခအတွက်လဲ လက်ဆောင်ပါရမှာပေါ့ ... ဟန်နီ ... ဒီထဲက တစ်ခုခု လာယူပေးလိုက်ပါ ..."

"နေပါစေ ... နေပါစေ ... ရပါတယ် ... ရပါတယ် ..."





"မဟုတ်တာဘဲ ... လက်ဆောင်တစ်ခုခု ဖောက်ပါကွယ် ... ဟန်နီ ... ပေးလိုက်ပါ ... ဒီထဲက တစ်ခုလာယူ ..."

"ရပါတယ် မာမီ ... ကျွန်တော်ကိုယ်တိုင်ပေးဖို့ ရည်ရွယ်ထားပါတယ် ..."

ကျွန်မကိုယ်တိုင် အံ့သြသွားသည် ...။ အားလုံးက အံ့အားသင့်ပြီး ကျွန်မနှင့်သူ့ဆီ ငြိမ်သက်စွာလှမ်းကြည့်နေသည် ..။ ထိုအချိန်တွင် သူက မယုံနိုင်လောက်ဖွယ် ... ကျွန်မရှေ့မှာ ဒူးထောက်ချကာ ... ကျွန်မကို မော့ကြည့်ပါသည် ...။ မော့ကြည့်နေသော သူ့မျက်လုံးတွေထဲတွင် ... မြတ်နိုးချစ်ခင်ခြင်း ... ကြင်နာယုယခြင်း ... မက်မောငြိတွယ်ခြင်းတို့နှင့် ပြည့်သိပ်ဖိတ်လျှံလျှက်ရှိသည် ...။

သူ့မျက်နှာကို ကျွန်မ ငုံ့ကြည့်ပြီး ရင်ခုန်လာခဲ့သည် ...။ ဘယ်လောက်ချစ်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါလဲ ...။ သူ့အပြုအမူတိုင်းမှာ ... ကျွန်မကို ချစ်ခင်မြတ်နိုးခြင်းများဖြင့် ထုံးဖွဲ့ဆင်ယင်ထားသလိုဖြစ်နေသည် ...။

"ခင်မင်းခ ... ရော့ ... ကိုယ့်လက်ဆောင်"

သူက အကျႌအိတ်ထဲမှ ... တစ်ခုခု ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးသည် ...။ ထိုတစ်ခုစုမှာ ... ကတ္တီပါဗူးအနီကလေး ဖြစ်သည် ...။ ကျွန်မ ယောင်ကမ်းကမ်းနှင့် သူ့ကို သေချာပြန်ကြည့်မိရင်း ကတ္တီပါဗူးကလေးကို လှမ်းယူလိုက်သည် ...။

"ဖွင့်ကြည့်လေ ..."

သူ့အသံမှာ ... တိုးတိတ်တုန်ရင်နေသည်။ မိသားစုအားလုံးက ကျွန်မရဲ့ဗူးကလေးဆီ စိတ်ဝင်တစား အာရုံစုပြုံစိုက်ထားလျက်ရှိသည် ...။

ကျွန်မက တုန်ရင်နေသောလက်ချောင်းများဖြင့် ဗူးကလေးကို အသာအယာ ဖွင့်ကြည့်လိုက်မိသည် ...။

"အိုး ... အဂ္ဂါ ..."

"ဘုရားရေ ..."

"လှလိုက်တာ ..."

ကျွန်မကိုယ်တိုင်လည်း ... လန့်ဖျပ်တုန်လှုပ်သွားသည် ...။ မိသားစုတွေထဲမှလည်း အာမေဋိတ်သံ တစ်ယောက်တစ်မျိုးစီ စုံလင်စွာထွက်လာသည် ...။

"ဘာသဘောလဲ ကိုအဂ္ဂါ ..."

ကျွန်မ တုန်ရင်စိတ်လှုပ်ရှားစွာ မေးသည်။ ကတ္တီပါဗူးကလေးထဲမှ သူ့လက်ဆောင်သည် ... ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားသည့် ... စိန်ပွင့်ကလေးတပ် လုံးတည်းပါဝင်သည့် ... ရွှေလက်စွပ်ကလေးဖြစ်သည်။ အဲ့ဒါမျိုးဟာ ... စေ့စပ်လက်စွပ်မှန်း ... မြင်သူတိုင်းက သိနိုင်ပါသည် ...။

ကျွန်မ ... ရုတ်တရက် ငိုချင်ပြင်းပြလာကာ တစ်မျက်နှာလုံး နီရဲထူပူလာသည် ..။ မိသားစုတွေအားလုံးက ... ကျွန်မတို့နှစ်ယောက်ဆီ လှမ်းကြည့်ပြီး တိုးတိုးတိုးတိုးနှင့် ထင်မြင်ချက်တွေ အမျိုးမျိုးပေးနေကြသည်ကို ... ကျွန်မ မကြားနိုင်တော့ ...။ ကျွန်မ အာရုံတွေအားလုံး ဝေဝါးကုန်သည် ...။

"ကျွန်မ ... ပြန်မှဖြစ်တော့မယ် ... ပြန်ပါရစေတော့ ..."

ကျွန်မ ... အတုန်တုန်အလှုပ်လှုပ်ဖြင့် ထ, ရပ်လိုက်သည် ...။

"ဟော ... ရှက်သွားရှာပြီထင်တယ် ..."

"ပြန်တော့မလို့လား ... တကယ်ပြန်တော့မလို့လား ..."

"အားလုံးပဲ ကျွန်မကို ပြန်ခွင့်ပြုပါရှင် ... ကျေးဇူးတင်ပါတယ် ..."

ကျွန်မ ညှို့ခန်းထဲမှ ခပ်သွက်သွက်ထ,လာခဲ့သည် ...။







www.burmeseclassic.com

www.burmeseclassic.com



"ခင်မင်းခ ..."

ကျွန်မနောက်မှ ... သူ ... ပြီးတော့ စပါယ်လိုက်လာသည့် ခြေသံတွေ ကြားရသည် ...။

"ခင်မင်းခ ... ခဏလေး ... ခဏလေးနေပါဦး"

"ဘယ်လိုလုပ်လိုက်တာလဲ ကိုအဂ္ဂါ ... ရှင့်မိသားစု စုံစုံညီညီရှေ့မှာ ... အဲ့ဒီလိုဖွင့်ချပြလိုက်တာ ဘာ အဓိပ္ပါယ်လဲ ... ကျွန်မ မလုပ်နိုင်တဲ့ကိစ္စတစ်ခု ကို ... ရှင့်မိသားစုဝင်တွေအားလုံးရှေ့မှာ မိသား စုတွေရှေ့မှာ ..."

ကျွန်မ ဆို့နင့်သွားပြီး ဆက်မပြောနိုင်တော့။ သူက ကျွန်မကို စိတ်မကောင်းသော မျက်လုံးများဖြင့် တ အံ့တသြစိုက်ကြည့်နေသည် ...။

"မိသားစုတွေရှေ့မှာ .. မင်းကို ကိုယ်ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ ကိုယ်ပြလိုက်မိတယ်လေ အဲ့ဒါ ဘာမှားသလဲ ... ကိုယ် မင်းကို စော် ကားမိတာလား ... မင်း နစ်နာအောင်လုပ်မိသ လား ... မင်း ဒီလောက်စိတ်လှုပ်ရှားသွားတာ ကိုယ်နားမလည်ဘူး ... ခင်မင်းခရယ် ..."

"ကျွန်မ ... ကျွန်မ ဘာမှမတတ်နိုင်ဘူး ... ဘာမှမတတ်နိုင်တဲ့လူကို ... ရှင် ထိထိရောက်





ရောက်ရောက်နှက်လိုက်တာနဲ့ တူနေတယ် ကိုအဂ္ဂါ

မိသားစုတွေရဲ့ရှေ့မှာ လက်စွပ်ပေးတဲ့ အ ဓိပ္ပါယ်ဟာ ... စေ့စပ်ခြင်းရဲ့အဓိပ္ပါယ်မဟုတ်ဘူး လား ..."

"မဟုတ်ဘူး ... မြတ်နိုးတန်ဖိုးထားခြင်းရဲ့ အ ဓိပ္ပါယ်ပါ ..."

"နောက်သုံးလကြာရင် လက်ထပ်ရတော့မယ့်မိန်းမ တစ်ယောက်ကို ရှင် ဒါလာပေးနေလို့ ကျွန်မ ဘာ တတ်နိုင်မှာလဲ ... ကျွန်မ ဘာမှလုပ်လို့မရဘူး ကျွန်မ လက်ထပ်သွားတဲ့အခါ ... ရှင့်မိသားစုက ကျွန်မကို ဘယ်လိုမြင်မလဲ ..."

ကျွန်မ ငိုချလိုက်သည် ...။ သူ မနေတတ် ထိုင်တတ်ဖြစ်သွားသည် ...။ ခြေမကိုင်မိ ... လက်မ ကိုင်မိပုံစံဖြစ်သွားကာ ...

"မငိုပါနဲ့ ... မငိုပါနဲ့ ခင်မင်းခရယ် ... ကိုယ် စိတ်မကောင်းပါဘူး ... ကိုယ် အမြတ်တနိုးတန် ဖိုးထားတဲ့မိန်းကလေးတစ်ယောက်ကို ... အထိမ်းအ မှတ်တစ်ခုအနေနဲ့ ပေးမိတာဟာ ... မင်းအတွက် စိတ်ထိခိုက်စရာဆိုရင် ... ကိုယ် ပြန်ယူထားပါ့ မယ် ...



www.burmeseclassic.com

www.burmeseclassic.com



တခြား ကိုယ် ဘာမှမရည်ရွယ်ပါဘူး ...

ကိုယ့်ကိုယ့်ပါ ... ဒါလေးဟာ ... ခရစ္စမတ်(စ်)
လက်ဆောင်သက်သက်ပါပဲ ... ကိုယ့်လက်ဆောင်
လေးဟာ မင်းကိုယ်ခန္ဓာရဲ့အစိတ်အပိုင်းတစ်ခုခုမှာ
တန်ဖိုးရှိစွာ နေရာယူစေချင်တဲ့ စေတနာပဲ ကိုယ့်
မှာရှိပါတယ် ...

မင်းငြင်းတာကို ကိုယ်လက်ခံပါတယ်
နားလည်ပါတယ် ... မင်းကို ကိုယ့်ကြောင့်စိတ်
မကျဉ်းကြပ်စေချင်ဘူး ... စိတ်အနှောင့်အယှက်
မဖြစ်စေချင်ဘူး ...

ဒီနေ့ည အဖြစ်အပျက်အတွက် ... ကိုယ်
တောင်းပန်ပါတယ် ... ကိုယ့်ကို ခွင့်လွှတ်ပါ"

ကျွန်မ သူ့ကို ဘာမှပြန်မပြောနိုင်တော့
ရင်ထဲနာကျင်နေကာ .. ကားပေါ်တက်ထိုင်နေလိုက်သည်
စပါယ်ကလည်း တစ်ခွန်းမှ ဝင်မပြောဘဲ .. စိတ်မကော
သလို တိတ်ဆိတ်ငြိမ်သက်နေသည် ...။

သူလည်း စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ...
ကျွန်မတို့ကို စပါယ့်အိမ်အထိ လိုက်ပို့သည် ...။ အား
တရ ရင်ပွင့်အောင် ငိုကြွေးမိသည် ...။ ကြာတော့
ပိုက်လာပြီး ခြေကုန်လက်ပန်းကျလာသည် ...။





မောင့်ကို ကျွန်မ သိပ်ချစ်တယ်ရှင် ...။

အတော်လေးကြာမှ စပါယ်ဝင်လာသည် ...။
ကျွန်မကိုယ်ကို ထွေးပွေ့ကာ ...

"ဒါတွေကို ... အရင်ကတည်းက ငါ ကြိုမြင်ခဲ့
တယ် ခင်မင်းခ ... ခုတော့ နှစ်ယောက်စလုံး
စိတ်ဆင်းရဲရပြီ ...

သူနဲ့ငါ စကားနည်းနည်းပြောဖြစ်တယ်
သူလဲ မျက်ရည်တွေလည်နေတယ် ... နင် ဒီ
လောက်စိတ်ထိခိုက်သွားမယ်မှန်း သူ တကယ်မသိ
ခဲ့ဘူးတဲ့ ... သူ့မိသားစုတွေရှေ့မှာ ... နင့်ကို
ဘယ်လောက်အလေးအနက်တန်ဖိုးထားသလဲဆိုတာ
သက်သေပြချင်တာတစ်ခုတည်းပါတဲ့ ...

နင်လက်ထပ်တော့မယ်ဆိုတာ သူ သိ
သွားပဲတဲ့ ... လက်စွပ်ကို စေ့စပ်တဲ့အဓိပ္ပါယ်နဲ့
ပေးတာ လုံးဝမဟုတ်ကြောင်း သူ ကျိန်ပြတယ်"

"ငါ သိပ်စိတ်မကောင်းဖြစ်သွားတာပါ ... ငါ့ကိုယ်
ငါ ဘာဖြစ်သွားမှန်းတောင် ပြောမပြတတ်တော့ဘူး
ငါ ... သူ့ကိုသိပ်ချစ်တယ် ... အဲ့ဒါပဲ ငါသိ
တော့တယ် ... ငါ ဘာလုပ်ရမလဲ စပါယ် ..."

"ဘာမှလုပ်လို့မရတော့ဘူး ... နင်တို့ တစ်နေတ



www.burmeseclassic.com

www.burmeseclassic.com



ခြား ပိုပိုပြီး သံယောဇဉ်တွေ ပိုတိုးလာဖို့ပဲရှိတယ် သူဖွင့်မပြောပေမယ့် သူ့မျက်နှာကြည့်ရုံနဲ့ နင့်ကိုလဲ သူ အရူးအမူးသိပ်ချစ်နေတာ သိပ်ကို သိသာတယ် ခင်မင်းခ ...

နင်တို့ မတွေ့ဘဲနေကြရင် ပိုကောင်းမယ် မတွေ့ဘဲ နေကြည့်ပါလား ... နေ့တိုင်းတွေ့နေ ရင်တော့ နင်တို့နှစ်ယောက် ကြာလေ .. ခွဲရခက် လေ ဖြစ်ကုန်လိမ့်မယ် ..."

မတွေ့ဘဲနေကြည့်ဖို့ စိတ်ကူးမိတာနင့်တင် အင်မတန်လွမ်းစရာကောင်းနေသည် ...။

"မဖြစ်နိုင်ဘူး ထင်တယ် ... ငါ သူနဲ့မတွေ့ရ မနေနိုင်ဘူး ..."

"နောက်သုံးလဆိုရင် ... နင့်အခြေအနေ ဒီ ဆိုးမယ် ... အဲ့ဒီအချိန်ကျမှ ... ရှေ့တိုးရ နောက်ဆုတ်ရခက်ဖြစ်လိမ့်မယ် ... ခင်မင်းခ

ဖြစ်နိုင်ရင်တော့ နောက်လဲ ခွဲရ မယ့်အတူတူ ခုကတည်းက ... ဝေးဝေးနေကြ ပါဟယ် ..."

ကျွန်မ မျက်လုံးများကို စုံမှိတ်ပစ်လိုက်သည် မျက်ရည်များ အရှိန်မထိန်းနိုင်ဘဲ စီးကျသွားသည် ...





ခေါင်းကို ခါယမ်းမိသည် ...။ မဖြစ်နိုင် ...။ သူ့မျက်နှာကလေးကို မြင်ယောင်သည် ...။ အစစအရာရာယုယ ဂရုစိုက်တတ်တဲ့ အမူအရာလေးတွေကို ... တစ်နေ့စာ ဆုံးရှုံးရမှာတောင် ကြောက်နေမိလေသည် ...။

"သုံးလကို ရက်ပေါင်းတွက်ကြည့်ရင် ... ရက်ပေါင်းကိုးဆယ်လောက်ရှိမယ် စပါယ် ... ရက်ပေါင်းကိုးဆယ်လောက်တော့ ... ငါ သူ့ကို ချစ်နေပါရစေ ..."

"အဲ့ဒီ ရက်ပေါင်းကိုးဆယ်စာ အချစ်တွေက ... နင့် နှလုံးသားကို အစိပ်စိပ်အမြွှာမြွှာဖြစ်အောင် ဒဏ်ရာတွေပေးဦးမှာ ..."

"ဒဏ်ရာရရင်လဲ ရပါစေတော့ ... သိပ်ချစ်တာကိုတော့ ဘာနဲ့မှတားမရဘူး စပါယ် ..."

"အစကတည်းက ... နင်တို့ မတွေ့ခဲ့ကြရင် ... အကောင်းဆုံးဖြစ်မှာ ..."

"တွေ့ခွင့်ရခဲ့တဲ့ ကံကြမ္မာကို ငါ ကျေးဇူးတင်ပါတယ် ... ဘဝမှာ သိပ်ချစ်ရတဲ့ချစ်သူတစ်ယောက်ကို တွေ့ဆုံခွင့်ရလိုက်တဲ့အတွက် ငါ့ဘဝဟာ ပိုပြီး အဓိပ္ပါယ်ရှိလာတယ် ... ပိုပြီး လှပလာတယ် ... ခြောက်သွေ့မနေတော့ဘူး ... အထီးကျန်ဆန်မနေ



www.burmeseclassic.com

www.burmeseclassic.com


တော့ဘူး ... အနာဂတ်မဲ့မနေတော့ဘူး ...

ချစ်သူတွေဖြစ်ခွင့်မရပေမယ့် ... တစ်သက်လုံး တစ်ယောက်ပေါ်တစ်ယောက် အကောင်းဆုံးမိတ်ဆွေသူငယ်ချင်းတွေအဖြစ် ငါတို့ ဆက်နေကြမှာပေါ့ ..."

"နေနိုင်ရင်တော့ ကောင်းတာပေါ့ ... ခုလိုပေါက်ကွဲမှုမျိုး ထပ်မဖြစ်နိုင်ဘူးလို့ နှင်း အာမခံနိုင်သလား ခင်မင်းခ ... ကိုရန်နိုင်သိသွားရင်ရော ... ဘာတွေဆက်ဖြစ်မလဲ ... နှင်း တွေးထားဖို့လိုတယ်

ငါ မတားရက်လို့သာ မတားခဲ့တာ ... ခင်မင်းခ ... နှင်း ဒီနေ့ သူ့မိသားစုနဲ့တွေ့လိုက်တာ သိပ်မှားတယ် ..."

"ဘာဖြစ်လို့လဲ စပါယ် ... ငါ့မှာ အဲ့ဒီလောက်တောင် အခွင့်အရေးမရှိတော့ဘူးလား ..."

"မဟုတ်ဘူး ... ငါပြောတာက ... ငါက နှင်း Feelings တွေကို အစအဆုံး အရူမချေးခါး မကျ အသေးစိပ်သိထားလို့ ပြောတာ ...

နှင့်မှာ မိသားစုမရှိခဲ့ဘူး Family Li ကို နှင်း သိပ်မွတ်သိပ်တောင့်တမှန်း ငါသိတယ် ... သူတို့ရဲ့ Family ကြီးကိုကြည့်ပြီး ... နှင်း သိ အားကျမက်မောသွားမှန်း နှင့်မျက်လုံးတွေကို ငါ တစ်ချိန်လုံး အကဲခတ်နေလို့ သိခဲ့တယ် ...

နှင်း သူ့ကိုလဲ သိပ်ချစ်နေတယ် ... ပျော်စရာကောင်းတဲ့ သူတို့ရဲ့ Happy Family ကြီးထဲ နှင်း တိုးဝင်ချင်စိတ်တွေ ပေါက်လာတယ် ... အဲ့ဒီစွဲလမ်းမှုကြီးထဲက နှင်း ရုန်းထွက်လို့မရတော့ဘူး အဲ့ဒီစိတ်ကြောင့် နှင့်ဘဝနင်ပိုပြီး စိတ်ပျက်နာကြည်းလာမယ် ... ကိုရန်နိုင်နဲ့လက်ထပ်ရမယ့်ကိစ္စကို ပုန်ကန်တွန်းလှန်ချင်လာမယ် ... မရနိုင်ရင် နှင့်စိတ်မှာ ပိုပြီး ဒဏ်ရာရမယ် ...

နှင့်ဘဝမှာ အဆင်မပြေတာတွေ ... စိတ်ဆင်းရဲစရာတွေတွေ့လေ ... သူတို့ရဲ့ ပျော်စရာကောင်းတဲ့ Family ကြီးကို နှင်း တသသနဲ့ စွဲမက်လေဖြစ်မယ် ... အဲ့ဒါတွေ နှင့်စိတ်ထဲဝင်မလာစေချင်တော့ဘူး ခင်မင်းခရယ် ...

ဒီနေ့ နှင်ပေါက်ကွဲလာခဲ့တာဟာ သူတို့ Family ထဲ နှင်း ဝင်ခွင့်မရတော့ဘူးဆိုတဲ့ ဝမ်းနည်းစိတ်နဲ့ ပေါက်ကွဲလာတာပါ ... နှင်း ဝန်ခံစမ်း"

"ငါဝန်ခံပါတယ် ... ငါ ဝန်ခံပါတယ် ... နှင့်ပြောတာ သိပ်မှန်ပါတယ် စပါယ် ..."



www.burmeseclassic.com

www.burmeseclassic.com

"ငါ အကောင်းဆုံးအကြံတစ်ခုပေးမယ် ခင်မင်းခ မနက်ဖြန် နင် ဟိုအိမ်ကလေးကို မသွားဘဲနေနိုင်အောင်ကြိုးစားစမ်း ... ငါနဲ့အတူနေ ... ခုအချိန်ကစပြီး နင် ... နေတတ်အောင် နေနိုင်အောင်ကြိုးစားတော့ ..."

ကျွန်မ မတတ်နိုင်တော့ပါ ...။ မနက်ဖြန် တစ်နေ့ကို သူနဲ့မတွေ့ဘဲ နေနိုင်အောင် ကြိုးစားကြည့်ရတော့မည်ဖြစ်သည် ...။



# အခန်း(၇)

တစ်နေ့လုံး ... ကျွန်တော် အမှားမှားအယွင်းယွင်းနှင့် ဘာလိုမှန်းမသိ တစ်ခုခုလိုအပ်နေသလို ခံစားရသည် ...။ စိတ်ထဲက ကွက်လပ်သည် ... အတော်ကြီးမားပြီး မနေတတ်မထိုင်တတ်ဖြစ်နေသည် ...။

နောက်ဆုံးတွင် ကျွန်တော် မနေနိုင်တော့ဘဲ သူမအိမ်သို့ ဖုန်းခေါ်မိသည် ...။ ကျွန်တော် ဘာများမှား


www.burmeseclassic.com

www.burmeseclassic.com


သွားခဲ့လို့လဲ ..။ ကိုယ်သိပ်ချစ်တဲ့မိန်းကလေးတစ်ယောက်ကို တသက်လုံးစာ လက်ထပ်ခွင့်မရနိုင်ပေမယ့် ... သူမကို တန်ဖိုးထားသောအဓိပ္ပါယ်ဖြင့် လက်စွပ်ကလေးတော့ ပေးခွင့်ရှိသည် ... ဟု ကျွန်တော်ထင်ပါသည် ...။

"ခင်မင်းခ, ရှိပါသလား ခင်ဗျာ ..."

"ခုဆက်တာ ဘယ်သူလဲ ..."

အေးစက်မာကြောသောအသံသည် ... သူမရဲ့မွေးစားအဖေသာဖြစ်လိမ့်မည် ...။

"ကျွန်တော် ... သူ့အိမ်ကို အလှဆင်ပေးနေတဲ့ Interior decorator ပါခင်ဗျာ ... လိုအပ်တဲ့ပစ္စည်းတွေဝယ်ဖို့ သူနဲ့ဆွေးနွေးစရာရှိလို့ပါ ..."

"သူ ဒီမှာမရှိဘူး ... သူ့သူငယ်ချင်းအိမ်မှာပဲ ရှိလိမ့်မယ် ... အဲ့ဒီကိုဆက်လိုက်ပါ ... ဖုန်းနံပါတ်က ..."

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ခင်ဗျာ ..."

ကျွန်တော် အိမ်ခဏပြန်ပြီး ... Forget-me-nots ပန်းတစ်စည်းကို ပါကင်ပေပါနှင့် လှလှပပ ထုပ်ပိုးကာ ... ရေမွှေးနည်းနည်းဖြန်းလိုက်သည် ...။

အဲ့ဒီနောက် ... စပါယ့်အိမ်သို့ လူကိုယ်တိုင်လိုက်လာခဲ့သည် ...။ စပါယ့်အိမ်တံခါးကို ခေါက်



ရင်း ...သူမ ဘယ်လိုမျက်နှာမျိုးနဲ့ ကျွန်တော့်ကို လက်ခံတွေ့ဆုံမလဲ ... ဟု စိတ်လှုပ်ရှားနေသည် ...။ တံခါးလာဖွင့်သူမှာ ... စပါယ်ကိုယ်တိုင်ဖြစ်သည် ...။

"ဩော် ... ကိုအဂ္ဂါ ..."

"ကျွန်တော် ခင်မင်းခနဲ့ တွေ့ချင်လို့ပါ ..."

"သူ တွေ့ချင်မှာမဟုတ်ဘူး ကိုအဂ္ဂါ ... အိပ်နေတယ် ..."

"သူ ကျွန်တော့်ကို စိတ်ဆိုးနေတာလားဗျာ ... ဒီနေ့တစ်နေ့လုံး ... သူ့ကိုမျှော်နေတာ ... ရောက်မလာဘူး ... သူ ... ကျွန်တော့်ကို တကယ်မတွေ့ချင်တော့ဘူးလား ... ကျွန်တော် ဘာမှားမိလို့လဲဗျာ ..."

"ရှင်တို့ကိစ္စ ကျွန်မ မသိဘူး ကိုအဂ္ဂါ ... ကျွန်မ သိတာကတော့ ... ခင်မင်းခဟာ ကိုရန်နိုင်နဲ့လက်ထပ်ရတော့မယ့် သတို့သမီးလောင်းဆိုတာကိုပဲ ..."

"ကျွန်တော် သိပြီးသားပါ ... ကျေးဇူးပြုပြီး အဲ့ဒီစကားကို ထပ်တလဲလဲ ရွတ်ပြမနေပါနဲ့ မစပါယ် ... သူ့ကို ဒီပန်းစည်းကလေး ပေးပေးပါ ..."

ချော့ခွင့်မရှိမှန်းသိပေမယ့် ... ဒီပန်းက


www.burmeseclassic.com

www.burmeseclassic.com


လေးတွေနဲ့ ချော့ပါတယ် ... ကျေနပ်ပေးပါလို့ ပြောပေးပါဗျာ ..."

"ကောင်းပါပြီ ..."

ကျွန်တော် ပြန့်ဖို့ထ,ရပ်လိုက်သည် ...။ ထို အချိန်တွင် လှေကားထစ်ဆီမှ ... ဆို့နစ်လှိုက်လှဲနေသော အသံကလေးတစ်ခု ထွက်လာခဲ့သည် ...။

"ကိုအဂ္ဂါ ..."

ကျွန်တော့်ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်ကာ အသံလာရာဆီ ... အလောတကြီး လှည့်ကြည့်လိုက်မိလေသည် ...။ လှေကားဆီမှ ... ဆွေးမြည့်နွမ်းလျနေသော မျက်နှာကလေးသည် ... လွင့်ခနဲ ... လွင့်ခနဲ ကျလာသည် ...။ ကျွန်တော် စိတ်လှုပ်ရှားစွာ ရင်ခုန်လာသည် ...။

သူမက ကျွန်တော့်ဆီသို့ ခပ်သွက်သွက်လျှောက်လာပြီး ... ကျွန်တော့်မျက်နှာကို မွတ်သိပ်ပြင်းပြစွာ ကြည့်သည် ...။ မျက်တောင်ပင်မခတ်ပေ ...။

"တစ်နေ့စာ ဆုံးရှုံးသွားမှာစိုးလို့ပါ ကိုအဂ္ဂါ ..."

သူမက တိုးတိတ်စွာပြောသည် ...။ ကျွန်တော့်ရင်ထဲ လှပ်ခနဲဖြစ်သွားကာ ... တစ်ကိုယ်လုံး အေး



"ကိုယ်တို့ တစ်ယောက်ယောက်ကြောင့် စိတ်မဆင်းရဲကြေးလေ ... ခင်မင်းခ ... ဒီနေ့ မင်း ရောက်မလာတော့ ကိုယ် ဘယ်လောက်စိတ်ဆင်းရဲရတယ်မှတ်လဲ ... မင်းရော နေနိုင်လို့လား ..."

"ဟင့်အင်း ..."

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ချစ်မြတ်နိုးစွာ စိုက်ကြည့်ပြုံးပြလိုက်မိလေသည် ...။

ကျွန်တော်က သူမဆီ ... ပန်းစည်းကလေး လှမ်းပေးလိုက်သည်။ သူမက တယုတယ လှမ်းယူသည်။

"အချိန်တွေက သိပ်တိုတောင်းတယ် ခင်မင်းခ ... အဲဒီအချိန်တိုတိုကလေးအတွင်းမှာ ... တစ်ယောက်ကိုတစ်ယောက် နားလည်ကြစို့နော် ... နောက်ဒါမျိုးမဖြစ်ကြေးနော် ... ကတိပေးလား ..."

"အင်း ... ကတိပေးပါတယ် ..."

ကျွန်မ ရင်ထဲက စိတ်ဆင်းရဲနာကျင်ရခြင်းတွေ ရေသန့်သန့်ကြည်ကြည်ကလေးဖြင့် ဆေးကြောသန့်စင်ဖစ်လိုက်သလို သန့်ရှင်းကြည်လင်သွားတော့သည်။

"ဒီနေ့တစ်နေ့စာ နှမြောစရာသိပ်ကောင်းတာပဲနော် ဒီနေ့ကို ကိုယ်တို့ အစားပြန်မရတော့ဘူး ... တစ်


www.burmeseclassic.com

www.burmeseclassic.com



ရက်ကုန်သွားပြီ ... ကိုယ့်ကို မလွမ်းဘူးလား”

“အင်း ... လွမ်းတယ် ...”

“မနက်ဖြန် စောစောလာနော် ... Breakfast တစ်ဆိုင်ဆိုင်မှာ သွားစားကြရအောင် ...”

“ဟုတ်ကဲ့ ...”

ကျွန်တော် စိတ်ချမ်းသာစွာ ပြုံးပြလိုက်သည်။ သူမ မျက်နှာကလေးက ... ချစ်မြတ်နိုးဖွယ် ရှက်ကိုးရှက်ကန်းဖြစ်နေလေသည် ...။

အတော်လေး ပုံစံပေါ်လာပြီဖြစ်သော သိုးနုသားမွေးချည်ကလေးဖြင့် ထိုးခဲ့သည့် ဆွယ်တာလက်ပြတ် အဖြူကလေးကို အမြဲထိုးနေသဖြင့် ... သူက ...

“အိမ်ကျမှ အဲ့ဒါဆက်ထိုးကွာ ... ခင်မင်းခကလဲ ဒီမှာ စကားကောင်းကောင်းပြောလို့ မရဘူး ... ကိုယ့်ကိုကြည့် ... ကိုယ့်မျက်နှာကိုကြည့် ... ကိုယ်ပြောတာ သေချာနားထောင်လေ ...”





စိတ်မလိုစွာ ပြောခဲ့သည် ...။

“ပြောလေ ... ဒီမှာ နားထောင်နေတာပဲ ...”

“မရဘူး ... အဲ့ဒါကြီး မထိုးနဲ့ ... ဘယ်သူ့အတွက်မို့ ဒီလောက် ကြိုးစားပမ်းစားကြီး ထိုးနေရတာလဲ ... ပင်ပန်းလိုက်တာကွာ ...”

ကျွန်မက သူ့မျက်နှာကို ပြုံးကြည့်ပြီး ...

“ကိုအဂ္ဂါ့အတွက် ...”

ဟု ရင်ထဲကလာသောအသံဖြင့် ပြောလိုက်သည် ...။ သူ ... ရုတ်တရက် မင်သက်အံ့သြသွားကာ ငြိမ်ကျသွားသည် ...။

“ကိုယ့်အတွက် ...”

“ဒါပေါ့ ...”

သူက ... ဆွယ်တာကလေးကို တယုတယ ကိုင်ကြည့်သည် ...။

“ကိုယ် ... ဒါလေးကို ဘယ်တော့မှ တန်ဖိုးဖြတ်နိုင်တော့မှာ မဟုတ်ဘူး ...”

“ကျွန်မ ... ကိုအဂ္ဂါကို အမှတ်တရတွေ အများကြီးပေးခဲ့ချင်ပါတယ် ... ဒါပေမယ့် အဲ့ဒီအမှတ်တရတွေနဲ့ ကိုအဂ္ဂါရဲ့ကျန်တဲ့အချိန်တွေမှာ ... ကျွန်မကို လွမ်းနေရမှာမျိုးလည်း မဖြစ်စေချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုအင်္ဂါကို တစ်ယောက်ယောက်နဲ့လက်ထပ်စေချင်တယ် ... ကျွန်မ သဘောတူမယ်လေ"

"မိန်းကလေးတစ်ယောက်ကို လက်ထပ်တယ်ဆိုတာ ဘဝတစ်လျှောက်လုံးစာ ဖွဲဖွဲလမ်းလမ်း ချစ်မြတ်နိုးနိုင်မှ လက်ထပ်ဖို့ကောင်းတာ ခင်မင်းခရဲ့ ..."

"အင်းလေ ... အဲ့ဒီလို မိန်းကလေးမျိုး ထပ်မတွေ့နိုင်ဘူးလား ..."

"မတွေ့နိုင်ဘူး ... ကိုယ်သိတယ် ... အဲ့ဒါမျိုးက တမင်သက်သက်ကြီး လိုက်ရှာလို့မရဘူး ..."

ကျွန်မက သက်ပြင်းတစ်ချက်ရှိုက်ကာ ...

"သံယောဇဉ်တွေ သိပ်ကြီးပြီး ... လက်မထပ်ဖြစ်တဲ့လူနှစ်ယောက်ဟာ ... ကျန်တဲ့အချိန်တွေမှာ ဘယ်လိုပြန်ဆက်ဆံသင့်သလဲ ကိုအင်္ဂါ ..."

"အကောင်းဆုံးမိတ်ဆွေတွေအဖြစ်ပေါ့ ..."

ထိုအချိန်ကစပြီး ... ကျွန်မက သိုးမွှေးထိုးနေလျှင် ... သူက အေးမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး ကျွန်မထိုးတာကို သေချာစိုက်ကြည့်နေတတ်သည် ...။

"ကိုယ့်ကို သင်ပေးပါလားကွာ ... ကိုယ်လဲ ကျ ပြီးထိုးပေးချင်တယ် ... ခင်မင်းခလေး ဇက်ကြောတွေတက်ကုန်မှာစိုးတယ် ..."





ဟု သူကပြောတော့ ... ပထမတော့ ရယ်စရာပြောနေတယ်ပဲ ထင်ခဲ့သည် ...။

"နောက်မနေစမ်းပါနဲ့ကွယ် ... ရှင် ... ဘယ်ထိုးတတ်မလဲ ..."

"ရအောင်ထိုးကြည့်မယ်လေ ... ခင်မင်းခသင်ပေးပေး ... ပေး ... ဘယ်ကိုဘယ်လိုကိုင်ရလဲ ... ပြီးရင် ဘယ်လို ဘယ်လို ထိုးရသလဲဆိုတာ ... လက်ကိုင်ပြီး သင်ပေး ..."

"တကယ် ..."

"တကယ်ပြောတာ ... လုပ်ပြ ..."

"ကဲ ... ရော့ ... အပ်နှစ်ချောင်းကို ဒီလိုကိုင် လက်ညှိုးလေးကို ဟော့ဒီလိုထား ... အင်း ... ဟုတ်ပြီ ... ဒီဘက်ကစ ... အပ်ကို ခပ်ယို့ယို့ကလေးဆွဲပြီး ချည်ကိုဆွဲယူ ... မဟုတ်သေးဘူး ... ဒီလိုလေ ... ဒီမှာကြည့် ဒီလို ... ဒီလက်က ဒီလိုဆွဲယူ ... တွေ့လား ..."

"ဒီလိုလား ..."

သူက သဘောကျစွာ ရယ်မောကာ ... ကျွန်မပြောတဲ့အတိုင်း တသဝေမတိမ်းလိုက်လုပ်သည် ...။ ကျွန်မလက်ဖြင့် သူ့လက်ကို ဆွဲဖိကိုင်တာ ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်လို သင်ပေးရသလို ... ကျွန်မက ဂရုတစိုက် သင်ပေးသည် ...။

အမြဲတမ်း အလုပ်တစ်ခုကို အနုစိပ်လုပ်တတ် နေကျမို့ ... နောက်နာရီဝက်အကြာတွင် သူ ကောင်း တိုးတတ်သွားပါသည် ...။ သူက မှတ်ဉာဏ်အလွ ကောင်းသည် ...။ ဖြတ်ထိုးဉာဏ်လည်းရှိသည် ...။

"ဟား ဟား ... ရပြီ ... ရပြီ ... တွေ့လား ဒီမှာ တစ်တန်းဖြစ်တော့မယ် ..."

"မညီရင် ပြန်ဖြုတ်ပစ်နော် ... မလှဘဲနေမယ်"

"အင်းပါ ..."

သူက ... ဂရုတစိုက်ထိုးသည် ...။ ကျွန် က သူ့ကို ချစ်မြတ်နိုးစွာ ပြုံးကြည့်ပြီး အချိန်တွေကို ဆရပ်ထားလိုက်ချင်သည် ...။ သူနှင့် နှစ်ကိုယ် ပွင့်လင်းစွာ ချစ်သူတွေဖြစ်ရလျှင် ဘယ်လောက် စိတ်ချ မြှေ့ပျော်ရွှင်ဖွယ် ကောင်းလိုက်မလဲ ... ဟု အကြိမ်ပေါင် မရေတွက်နိုင်အောင် တွေးကြည့်မိသည် ...။

အဲ့ဒီနေ့က ... အမှတ်မထင် ကျွန်မတို့ ကလေးကို ဖြိုခွဲချပစ်မည့်လူတစ်ယောက် ရောက်လာခဲ့သ ထိုလူမှာ ... ကျွန်မ ဘယ်လိုမှ မျှော်လင့်မထား ကိုရန်နိုင်ဖြစ်သည် ...။ ကိုရန်နိုင်လိုက်လာလိမ့်မည်





ဟု ကျွန်မ ထင်မထားပါ ...။

"ခင်မင်းခ ... ငါထင်ထားတဲ့အတိုင်းပဲ ... ခြေလှမ်းတွေပျက်နေတာ ... ဘယ်လိုလဲ ... ကိုယ့်ကိုကိုယ် လက်ထပ်ရတော့မယ့်မိန်းမဆိုတာများ မေ့နေပြီလား ..."

သူ့မျက်နှာသည် အခါများစွာကထက် တင်းမာခက်ထန်နေခဲ့သည် ...။

"ကျွန်မ ဘာဖြစ်လို့လဲ ... ကိုရန်နိုင် ..."

ကျွန်မ ထ,ရပ်လိုက်ကာ ... ကိုရန်နိုင်နှင့် ရင်ဆိုင်လိုက်သည် ...။

"ဘာဖြစ်လို့လဲ ပြန်မေးဖို့တောင် မလိုဘူး ခင်မင်းခ ... မင်းတို့နှစ်ယောက်ရဲ့ အနေအထားကို ကိုယ်ခုပဲ ကောင်းကောင်းသိသွားပြီ ..."

"ရှင် မစွပ်စွဲနဲ့ ကိုရန်နိုင် ... ကျွန်မတို့ ဘာမှ မဖြစ်ဘူး ..."

"ဘာမှမဖြစ်ဘူး ... လဲသေလိုက်စမ်းကွာ ... မင်းတို့နှစ်ယောက်ရဲ့အလုပ်က ... အိမ်အလှပြင်ဆင်တဲ့ကိစ္စပဲရှိရမယ် ... သိုးမွေးချည် အတူထိုင်ထိုးနေဖို့ ငါ ခွင့်မပြုထားဘူး ခင်မင်းခ ... ပေးစမ်း ... အဲ့ဒီအကျႌ ..."


www.burmeseclassic.com

www.burmeseclassic.com



"ကိုရန်နိုင် ... ကျွန်တော်ရှင်းပြမယ် ... အေး
အေးဆေးဆေးပြောပါ ..."

"ခင်ဗျားပါးစပ်ပိတ်ထားလိုက် ကိုအင်္ဂါ ... ကျုပ်ရဲ့
ဂုဏ်သိက္ခာကို ခင်ဗျားတို့ စော်ကားဖို့ ကြိုးစားနေ
ကြတာ ..."

သူက ... ကိုအင်္ဂါ့လက်ထဲမှ သိုးမွေးထိုး
လက်စ အကျႌကို ဖျတ်ခနဲဆွဲယူကာ ... အကုန်ဖြန့်
ဖြတ်ပစ်နေသည် ...။

"ကိုရန်နိုင် ... ရှင် ... ရှင် ... မလုပ်နဲ့ ...
မလုပ်နဲ့ ... ကျွန်မ ပင်ပင်ပန်းပန်းထိုးထားရတာ"

ကျွန်မက အတင်းဝင်ဆွဲလုသည် ...။ သူက
ကျွန်မကို ဆောင့်တွန်းပစ်လိုက်ကာ ... သိုးမွေးချည်
ကို ဒေါသတကြီးဆွဲဖြေပစ်နေသည် ...။

"ကိုရန်နိုင် ..."

"ငါက စီးပွားရေးသမားတစ်ယောက် ခင်မင်း
ငါ့ဘဝမှာ အမြတ်နဲ့အရှုံးနှစ်ခုပဲ ရှိတယ် ...
အတွက် ငါ အများကြီး ရင်းနှီးထားခဲ့ရတာ ...
ဒါကြောင့် ငါ အရှုံးတော့မခံနိုင်ဘူး ... ငါမြတ်
ဖြစ်မယ် ... နားလည်တယ်နော် ..."

"ခင်ဗျား အရှုံးအမြတ်ကိစ္စတွေကို ကျွန်တော်





မလည်ဘူး ကိုရန်နိုင် ... ကျွန်တော်ပြောချင်တာ
က ခင်မင်းခက ခင်ဗျားအပေါ် ဒီနေ့ထက်ထိ သစ္စာ
စောင့်သိတယ်ဆိုတာပဲ ..."

"အဲ့ဒါဆိုရင်တော့ သစ္စာမရှိတာ ခင်ဗျားပဲ ..."

ကိုရန်နိုင်ရဲ့ ပြင်းထန်သော လက်သီးချက်က
ကျွန်တော့်မျက်ပေါ်သို့ မြန်ဆန်စွာ ကျရောက်လာသည်။
ကျွန်တော့်မျက်နှာလည်းထွက်သွားပြီး ... နှုတ်ခမ်းကွဲသွား
သလို ... သွေးစို့လာတာ ခံစားရသည် ...။

"ကိုအင်္ဂါကို ရှင် ဘာမှမလုပ်နဲ့ ကိုရန်နိုင် ..."

ကျွန် က ကိုရန်နိုင်ကို အတင်းဆွဲထားရင်း
တ်ထိခိုက်စွာ ငိုကြွေးမိလေသည် ...။ ကျွန်မ ငိုတော့
ကိုအင်္ဂါက ... မငိုပါနဲ့ ... ဟု တောင်းပန်ချော့မော့
သာ မျက်လုံးများဖြင့် ကျွန်မကို လှမ်းကြည့်နေသည်။
ကိုရန်နိုင်က ရှူးရှူးရှားရှားနှင့် ဒေါသတွေထိန်းမရအောင်
ဖြစ်နေသည် ...။

"ကျွန်မတို့ကို ယုံပါ ကိုရန်နိုင် ... ကျွန်မတို့
ဘာမှမဖြစ်ကြပါဘူး ... ကျွန်မ ရှင့်ကိုပဲလက်ထပ်
မှာပါ ..."

"ခင်ဗျား ဒီအိမ်ကို ဆက်ကိုင်စရာ မလိုတော့ဘူး
ကိုအင်္ဂါ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်နိုင်က ... တစ်လုံးချင်း အေးခဲစွာ ပြောသည် ...။ ကျွန်မ တုန်လှုပ်သွားသည် ...။

"မဟုတ်သေးဘူး ကိုရန်နိုင် ... အိမ်ကို တစ်ဝက် တပျက်နဲ့တော့ ကျွန်တော် လက်စမသတ်နိုင်ဘူး ကျွန်တော့်အလုပ်ကို ပြီးအောင်ဆက်လုပ်ရမှာပဲ ...

အလုပ်ကိစ္စနဲ့ လူမှုရေးကိစ္စကို ခင်ဗျား ရောထွေးမပစ်ပါနဲ့ဗျာ ... ကျွန်တော် အလှဆင် ခဲ့သမျှ ဘယ်လိုအိမ်မျိုးကိုမှ ... ကျွန်တော် တစ် ဝက်တပျက်မရပ်ပစ်ခဲ့ဘူး .. အဲ့ဒီလို ရပ်ပစ်လိုက် ရရင် ... ကျွန်တော့်အလုပ် ... ကျွန်တော့်ဂုဏ် သိက္ခာ ... ကျွန်တော့်နာမည်ကို အများကြီး ထိ ခိုက်နိုင်တယ် ..."

ကိုရန်နိုင်က ... ကျွန်မတို့နှစ်ယောက် အ မြတ်တနိုး တန်ဖိုးထားခဲ့သော သိုးမွေးနုနုချည်အဖြူ လေးများကို တစ်စစီဆွဲဖြည်ပစ်ပြီး ... မြေကြီးပေါ်ပစ် ချကာ ... ဖိနပ်ဖြင့်နင်းချေပစ်နေသည် ...။ ကျွန်မ ရင်ထဲ နာကျင်အောင့်မျက်နေသည် ...။

"ဘာပဲဖြစ်ဖြစ် ... ခင်ဗျား ဒီအိမ်ကို ဆက်ထိုင် တာ ကျုပ်လက်မခံနိုင်တော့ဘူး ..."

"ကျွန်တော့်အလုပ်ကို ပြီးအောင် ကျွန်တော်ဆက်





လုပ်မယ် ... အဲ့ဒါ ကျွန်တော့်ကတိပဲ ကိုရန်နိုင် ဒီအိမ်ကို ကျွန်တော် လက်ခံထားတဲ့လေးလပြည့်မှ ခင်ဗျားလက်ထဲ အပ်မယ် ..."

ကိုအဂ္ဂါက ပြတ်သားစွာ ပြောသည် ...။

"မလိုဘူး ... တခြားတစ်ယောက်ပြောင်းငှားမယ် ခင်ဗျားနဲ့ ဆက်မလုပ်နိုင်တော့ဘူး ..."

"မဖြစ်နိုင်ဘူး ... ကျွန်တော့်အနုပညာကို ဘယ် သူနဲ့မှ အရောစပ်မခံနိုင်ဘူး ... ကျွန်တော် ပြီး အောင် ဆက်လုပ်မယ် ... ကျွန်တော်တို့ ယောကျ်ား စကားနဲ့ သဘောတူကတိကဝတ်ပြုပြီး လုပ်ထားတာ ခင်ဗျားဘက်က ကတိဖျက်ပေမယ့် ကျွန်တော့်ဘက် က မပျက်နိုင်ဘူး ကိုရန်နိုင် ... ဒီအိမ်အတွက် ကုန်ကျစရိတ်တွေ ခင်ဗျား ဆက်မခံတော့ဘူးဆိုရင် လဲ ... ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော် ဆက် လုပ်မယ် ... လေးလပြည့်မှ ခင်ဗျားလက်ထဲ ကျွန်တော်အပ်နိုင်မယ် ... အဲ့ဒါ ကျွန်တော့် ဂုဏ် သိက္ခာအတွက်ပဲ ..."

ကိုအဂ္ဂါမျက်လုံးတွေထဲတွင် ... ပြောတဲ့အ တိုင်းလုပ်မည့် အရိပ်အရောင်တွေ ပြည့်နှက်နေသည်။

"ကိုရန်နိုင် ... ကျွန်မ တောင်းပန်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com

ဒီအိမ်ကို ကိုအဂ္ဂါပဲ ဆက်လုပ်ပါစေ ... ကျွန်မ
တို့ ဘာမှမဖြစ်ဘူးဆိုတာ ရှင်ယုံပါ ... ရှင် သေ
သေချာချာ ပြန်စဉ်းစားပါ ... ကိုရန်နိုင် ...
သူ့ဘက်ကိုလဲ တွေးပါ ... ဒီအိမ်ကို တစ်ဝက်
တပျက်နဲ့ တခြားတစ်ယောက်ပြောင်းလုပ်လိုက်ရင်
သူ့နာမည် ပျက်သွားနိုင်တယ် ... သူ့အလုပ်မှာ
ထိခိုက်နိုင်တယ် ...

ရှင် ဖြစ်ချင်တာ ... လိုချင်တာတစ်ခု
တည်းကို ရှင် မတွေးပါနဲ့ ... တခြားလူတွေ
ဘက်ကိုလဲ မျှမျှတတ တွေးပါ ... ကျွန်မ ရှင့်
အပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာ ရှင်
ယုံပါ ... ကျွန်မ ကတိပေးပါတယ် ..."

ကျွန်မ စကားကြောင့် ... ကိုရန်နိုင် သေ
သေချာချာ ပြန်စဉ်းစားသည် ...။ ကျွန်မနှင့်ကိုအဂ္ဂါ
မျက်လုံးချင်းဆုံကြသည် ...။ ဘယ်လိုပြဿနာမျိုးပဲ ပေါ်
ပေါက်လာခဲ့ပါစေ ... တစ်ယောက်အပေါ်တစ်ယောက်
အပြန်အလှန်ချစ်မြတ်နိုးမှုများကို ဘယ်တော့မှ ပြန်လည်
ရုတ်သိမ်းလိမ့်မည် မဟုတ်ကြောင်း ... နှစ်ယောက်စလုံး
၏ မျက်လုံးများက ... သက်သေပြလျက်ရှိသည် ...။

"ရှင် မမှားအောင် ကျွန်မ အကြံကောင်းပေးနေတာ





ပါ ကိုရန်နိုင် ... ငဲ့ညှာမှု ... တရားမျှတမှု
သာ ကျွန်မတို့ဆီမှာ မရှိခဲ့ရင် ... ရှင် ကျွန်မကို
ဆုံးရှုံးခဲ့ရတာ ကြာပြီ ...

ကျွန်မ ထပ်တလဲလဲ ကျိန်ပြနေမယ် ...
ကျွန်မတို့နှစ်ယောက် ဘယ်တော့မှ ဘာမှမဖြစ်စေ
ရဘူး ..."

ကျွန်မက ခိုင်မာစွာ ကတိထပ်ပေးသည်။ ချစ်
ခြင်းကို မတားမြစ်နိုင်တာကလွဲလို့ ... စောင့်ထိန်းသိ
တတ်မှုများ ကိုယ်ကျင့်သိက္ခာများကို .. ကျွန်မနှင့်ကိုအဂ္ဂါ
အမြဲ တန်ဖိုးထားပါသည် ...။

"ကောင်းပြီ ခင်မင်းခ ... မင်းရဲ့ကတိကြောင့်ရယ်
မင်းကိုချစ်တဲ့စိတ်ကြောင့်ရယ် ... ငါ ဒီတစ်ကြိမ်
အလျှော့ပေးလိုက်မယ် ...

နောက်တစ်ကြိမ် ထပ်ဖြစ်လာရင် ... ငါ့
ကို အဆိုးမဆိုနဲ့တော့ ... ပြီးတော့ မင်းလဲ ဒီ
အိမ်ကို လာစရာမလိုတော့ဘူး ... ငါပါမှပဲ မင်း
လာခွင့်ရှိတယ် ..."

"ရှင် ... ကျွန်မကို အမိန့်ပေးနေတာလား ကိုရန်
နိုင် ..."

"ဟုတ်တယ် ... အမိန့်ပေးနေတာ အသေအချာ


www.burmeseclassic.com

www.burmeseclassic.com

ပဲ ...”

ကျွန်မ ... သူ့ကို မျက်စောင်းပစ်ထိုးလိုက်သည် ...။ သူနှင့်လက်ထပ်ခြင်းသည် ... ကျွန်မဘဝတွင် အမှားယွင်းဆုံး အဖြစ်အပျက်ဖြစ်မှာ ... သေချာပါသည် ...။

ထိုအမှားကို ကျူးလွန်ဖို့ ... ကျွန်မ ဘာကြောင့်များ မိုက်မဲစွာ ဆုံးဖြတ်ခဲ့မိပါလိမ့် ...။ ကျွန်မကိုယ်တိုင် မသိပါ ...။



# ရင်ခုန်ခြင်းရဲ့အလယ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ကျွန်တော်တို့နှစ်ယောက်တွေ့ဆုံဖို့ အခွင့်အလမ်းသည် ... သိပ်ကိုနည်းပါးသွားခဲ့သည် ...။ သူမ မပါဝင်ဘဲ ... ထိုအိမ်ကို ဆက်ပြီးအလှဆင်ဖို့ ... ကျွန်တော် ဘယ်လိုမှ စိတ်မဝင်စားနိုင်တော့ပေ ...။

ဘယ်နေရာမှာ ဘာလေးထားရင်မကောင်းဘူးလား ... ဘယ်လိုလုပ်လိုက်ရင် ပိုကောင်းမလဲနော် ...

..............................................

**[illegible]**

www.burmeseclassic.com

www.burmeseclassic.com

စသဖြင့် အကြံဉာဏ်များစွာပေးတတ်သော သူမရဲ့အသံက လေးကိုသာ ကျွန်တော် ကြားယောင်နေခဲ့သည် ...။

ကျွန်တော် ဘာလုပ်လုပ် သူမကို သတိရတမ်းတ,ဖို့သာဖြစ်နေသည် ...။

ပို၍ဆိုးသည်မှာ ... မိသားစုရဲ့ထင်မြင်ချက်တွေကို လက်ခံရရှိသောနေ့ကဖြစ်သည် ...။ ထိုနေ့က ညစာစားရင်း ... မာမီက စတင်၍ ...

"ဟန်နီ ... ခင်မင်းခနဲ့ ဘယ်တော့လောက် လက်ထပ်ဖြစ်မလဲ ..."

ဟု မေးလိုက်သောမေးခွန်းသည် ... ကျွန်တော့်အရှိက်တည့်တည့်ကို ထိုးချလိုက်သလို ပြင်းပြင်းထန်ထန် နာကျင်သွားခဲ့လေသည် ...။ သူမကို ပို၍ သတိရစရာဖြစ်သွားသည် ...။

"ဘာဖြစ်လို့ မေးတာလဲ မာမီ ..."

"အို ... မမေးရဘူးလား ဟန်နီရဲ့ ... မင်းရဲ့အသက်က လက်ထပ်ဖို့အကောင်းဆုံးအရွယ်ရောက်နေပြီလေ ... မိသားစုထဲမှာ လက်မထပ်ရသေးဘဲကျန်တဲ့သူဆိုလို့ ဟန်နီတစ်ယောက်ပဲရှိတော့တယ်

ပြီးတော့ အဲ့ဒီကလေးမလေးကို မာမီ သိပ်သဘောကျတယ် ...ချစ်လဲချစ်တယ် ...မျက်နှာ





လေးက ကြည်လင်ပြီး အပြစ်ကင်းတယ် ... ရိုးသားတယ် ... ဟန်နီ့ကိုလဲ သိပ်ချစ်ပုံရတယ်"

"ဟုတ်တယ် ... အဂ္ဂါနဲ့ သူဆို ရှေ့သွားနောက်လိုက် သိပ်ညီတာပဲ ... သိပ်လိုက်တယ် ..."

"ဟုတ်တယ် အဂ္ဂါ ... သားမှာလဲ ကိုယ်ပိုင်အလုပ်နဲ့ ဝင်ငွေကောင်းကောင်းရှာနိုင်နေပြီ ... မိန်းကလေးတစ်ယောက်ကို တင့်တင့်တယ်တယ်ထားနိုင်တဲ့အဆင့်အတန်းရှိနေပြီ ... ဒီအချိန်ဟာ လက်ထပ်ဖို့ အသင့်ဆုံးပဲ ..."

"ခင်မင်းခက ... မမလေးတို့မိသားစုနဲ့လည်း ကာရန်ညီတယ် ... ဟာမိုနီကျတယ် ... မမလေးတော့ ကောင်းကောင်း သဘောတူတယ် ..."

"အားလုံးသဘောတူပါတယ်ကွာ ... ဒီလောက်ချစ်စရာကောင်းတဲ့ မိန်းကလေးကို ငါတို့အားလုံးလက်ခံနိုင်တယ် ..."

"သိပ်သေချာတာပေါ့ ..."

"**Absolutely...**"

ကျွန်တော် လက်ထဲက ဖွန်းခက်ရင်းကို ချပစ်လိုက်မိပြီး ... ခေါင်းငိုက်စိုက်ချကာ မျက်လုံးကိုမှိတ်ထားလိုက်သည် ...။ ဘာစကားမှ ပြန်လည်တုံ့ပြန်နိုင်


www.burmeseclassic.com

www.burmeseclassic.com



စွမ်း မရှိချေ ...။

"အဂ္ဂါကလဲ ကောင်မလေးကို သိပ်ချစ်တာ ပေါ်လွင်ပါတယ်ကွာ ... အရိပ်တကြည့်ကြည့်နဲ့ အသိသာကြီး ..."

ကျွန်တော် မျက်ရည်လည်လာတဲ့အထိ စိတ်ထိခိုက်သွားသည် ...။

"ရှူး ... ဟန်နီ ... ယူ အိုကေ ..."

"တစ်ခုခု အဆင်မပြေတာများ ရှိသလား ..."

ကျွန်တော့်မျက်နှာတစ်ခုလုံး ထူပူနီရဲလာခဲ့သည်။ မာမီ့ဆီ အားကိုးရာမဲ့သော မျက်လုံးများဖြင့် လှမ်းကြည့်ကာ ...

"သူ ... လက်ထပ်ရတော့မှာ မာမီ ..."

ဟု တစ်ခွန်းချင်း တိုးတိတ်အက်ကွဲစွာရေရွတ်လိုက်လေသည် ...။

"ဘုရားရေ ..."

"အို ... ဖြစ်မှဖြစ်ရလေ ..."

"မယုံနိုင်စရာ ..."

"မင်းတို့နှစ်ယောက် ချစ်နေကြတာ မဟုတ်လား"

"အင်းလေ ... ခရစ္စမတ်(စ်)ညက လက်စွပ်တောင် ပေးခဲ့သေးတဲ့ဥစ္စာ ..."





တစ်ယောက်တစ်ပေါက်အသံတွေကို မခံစားနိုင်တော့ဘဲ ... ကျွန်တော် လက်နှစ်ဖက်ဖြင့် အုပ်ထားလိုက်သည် ...။

"ဘယ်တော့ လက်ထပ်မှာတဲ့လဲ ..."

"နောက်နှစ်လကြာရင် ..."

"အိုး ... ဒီလောက်တောင် မြန်ရသလား ..."

ကျွန်တော် မရှင်းပြလို့မရတော့ပါ ...။ သူမကို မိသားစုတွေ အထင်မြင်လွဲကုန်မှာ ကျွန်တော် စိုးရိမ်ပါသည် ...။

"ကျွန်တော်နဲ့ တွေ့တဲ့အချိန်ကတည်းက ... သူက လက်ထပ်ဖို့ အဆင်သင့်ရှိပြီးသား မာမီ ..."

"အို ... ဆိုးလိုက်တာ ... သိပ်ဆိုးတဲ့အဖြစ်ပဲ ခင်မင်းခက ချစ်သူရှိပြီးသားပေါ့ ..."

"မဟုတ်ဘူး ... လက်ထပ်ဖို့ အမိန့်ပေးခံထားရတဲ့သူ ... အမိန့်ကို မဖီဆန်နိုင်တဲ့သူ ... သူက သူလက်ထပ်ရမယ့်သူကို ... မချစ်ဘူး ..."

"သနားစရာကောင်းလိုက်တာ ... သူ မချစ်မနှစ်သက်တဲ့လူတစ်ယောက်ကို သူ တစ်သက်လုံး ဘယ်လိုပေါင်းသင်းသွားနိုင်မှာလဲ ...

သူ တကယ်ချစ်ရှာတာ ... ဟန်နီ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ဟုတ်လား အဂ္ဂါ ...”

“ကျွန်တော်လည်း သူ့ကို သိပ်ချစ်တယ်မာမီ ...”

“ဆိုးတာပေါ့ ... ဟန်နီတို့ ဘာမှ မတတ်နိုင်ဘူး ပေါ့ ...”

“သူက ကတိတစ်လုံးကို သိပ်တန်ဖိုးထားတယ်မာမီ သူ လက်ထပ်ဖို့ပေးထားတဲ့ကတိကို ... ဘယ်လိုအကြောင်းနဲ့မှ ဖျက်တော့မှာ မဟုတ်ဘူး ...”

“သူ့နေရာမှာ မာမီဆိုရင်တော့ ... ကိုယ့်ချစ်သူကိုပဲ ရွေးမယ် ဟန်နီ ... ကတိတည်မှုကို မရွေးဘူး ...”

“သူက မာမီ မဟုတ်ဘူးလေ ...”

“ဒုက္ခပါပဲ ... ဟန်နီ့ကို ဘယ်လိုကူညီပေးရင်ကောင်းမလဲ ...”

“အဂ္ဂါ ... ခဏလိုက်ခဲ့ဦး ... ငါ မင်းကို အကြံပေးမယ် ...”

အစ်ကိုနှစ်ယောက်က ကျွန်တော့်ကို တစ်ယောက်တစ်ဖက် ဆွဲထူပြီး ဝရန်တာသို့ ခေါ်လာခဲ့သည်။

“အဂ္ဂါ ... မင်း သူ့ကို ရအောင်မယူချင်ဘူးလား”

“မင်းခိုးပြေးချင်ရင် ... ငါတို့ညီအစ်ကိုတွေ ကူညီမယ် ... မင်းတို့နှစ်ယောက်စလုံးချစ်ကြတာ





ရအောင်ယူကွာ ... ဘယ်သူ့ကိုမှ ဂရုစိုက်မနေနဲ့”

“ကျွန်တော် ... တွေဝေတဲ့ကောင် သတ္တိမရှိတဲ့ကောင်မဟုတ်ဘူး ကိုကြီးနဲ့ကိုငယ် ... ကျွန်တော့် အဲ့ဒီနည်းနဲ့ သူ့ကို ရအောင်ယူနိုင်တာမှန်တယ် ... ဒါပေမယ့် ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး ...

ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် သိပ်နားလည်ကြတယ် ... ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေ မဟုတ်ဘူး ... ကျွန်တော်ကလဲ သူ့ကို ချစ်တယ်လို့ ဖွင့်မပြောခဲ့ဘူး ... ဒါပေမယ့် ဖွင့်ပြောပြတာထက် သူ့ကို ကျွန်တော် ပိုချစ်တယ် ... သူကလဲ ကျွန်တော့်ကို သိပ်နားလည်တယ် ...

သူ ကျွန်တော့်ကို ဖွင့်ဝန်မခံပေမယ့် သူ ကျွန်တော့်ကို သိပ်ချစ်တာလည်း ကျွန်တော်နားလည်တယ် ... ကျွန်တော်တို့နှစ်ယောက်ကြားမှာ အဲ့ဒီ နားလည်မှုကလေးပဲ ရှိတာ ...

ကျွန်တော်သိပ်ချစ်တဲ့မိန်းကလေးကို ချစ်တယ်လို့တောင် ဖွင့်မပြောရက်ခဲ့တာ ... ခိုးပြေးဖို့ ... အပိုင်ယူဖို့ ... သိမ်းပိုက်ဖို့ဆိုတာ ကျွန်တော် ဘယ်လိုလုပ်ရက်မလဲဗျာ ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သူ့ကို ချစ်တယ်လို့ဖွင့်ပြောခဲ့မိရင် ... သူ ပျော်ရမှာထက် စိတ်ဆင်းရဲနာကျင်ရတာတွေ ပိုများလာမယ် ... ကျွန်တော့်အလိုဆန္ဒတွေဖြည့်ပေးချင်တဲ့ စိတ်ဆန္ဒတွေနဲ့ သူ ပင်ပန်း အနောင့်အယှက်ဖြစ်မယ် ... အဲ့ဒါမျိုး မဖြစ်စေချင်ဘူး ... သူ့ကို ကျွန်တော့်ကြောင့် အမြဲပျော်စေချင်တယ် ... သူ့ဆီက ဘာမှ မတောင်းဆိုချင်ဘူး ...

ကျွန်တော့်အချစ်အားလုံးကို သူနေမယ့် အိမ်ကလေးထဲ ကျွန်တော်ပုံအောပြီး ထည့်ထားပေးမယ် ... အိမ်ကလေးရဲ့ နေရာတိုင်းမှာ ... ကျွန်တော့်အငွေ့အသက်တွေ ... လက်ရာတွေ ... အနုပညာမြောက်မှုတွေရှိနေစေခြင်းဟာ .. ကျွန်တော့်အချစ်ပဲ ...

ကျွန်တော့်အချစ်နဲ့ သူ့ကို စိတ်ချမ်းသာစေချင်တယ် ... ဒါပဲ ..."

"မင်းနဲ့အတူတူ မနေရဘဲ ... တစ်သက်လုံးဝေးသွားရမယ့်အဖြစ်ကိုရော သူ စိတ်ချမ်းသာနိုင်မယ်ထင်လို့လား အဂ္ဂါ ..."

ထိုစကားအတွက် ... ကျွန်တော့်မှာ အဖြေ





မရှိပါ ...။

"မင်း ... သူနဲ့ ဆွေးနွေးကြည့်ဖို့ကောင်းတယ် အဂ္ဂါ ... သူ့စိတ်ထဲမှာ ဘယ်လိုဆန္ဒမျိုး ရှိနေနိုင်မလဲဆိုတာ ... မင်း ဘယ်လောက်သိနိုင်မှာမို့လဲ"

"ကျွန်တော် မသိဘူး ကိုကြီးရာ ..."

"သိအောင်ကြိုးစားဖို့က မင်းတာဝန်လေကွာ ... တကယ့်အချစ်မှာ ... အပိုင်လိုချင်ကြတာချည်းပါပဲ ... မင်းကျမှပဲ ... သွေးအေးအေးနဲ့ သူများနဲ့အတူနေဖို့ အိမ်တောင်အလှဆင်ပေးနေသေးတယ် ဘယ်လောက်ဆန်းသလဲလို့ ..."

"ကျွန်တော် ကြိုးစားကြည့်မယ်ဗျာ ..."

ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ကျွန်တော်နှင့်သူမအကြားတွင် ပြောင်းလဲမှုတစ်ခုခုတော့ ရှိရမည် ...။

"သူ ရန်ကုန်ပြန်သွားပြီ ကိုအဂ္ဂါ ... ကျွန်မကို ဒီအိမ်ကလေးကို တစ်ယောက်တည်းမလာဖို့ အတန်


www.burmeseclassic.com

www.burmeseclassic.com



တန်မှာသွားတယ် ... ကျွန်မကို အမိန့်တွေပေးပြီး ချုပ်ချယ်တာ ကျွန်မ သိပ်မုန်းတယ် ကိုအဂ္ဂါ ... ဒါကြောင့် ကျွန်မ မရောက်ရောက်အောင်လာခဲ့တာ"

တစ်ပတ်တိတိ မတွေ့လိုက်ရသော သူမမျက်နှာကလေးကို ကျွန်တော် သေချာစိုက်ကြည့်မိရင်း ... ပြောဖို့ကြံစည်လာသမျှတွေ အားလုံးပျောက်ဆုံးကုန်သည်။

"ကိုယ်တို့ တစ်ခုခုသွားစားရအောင် ခင်မင်းခ ..."

"အင်း ... သွားလေ ... အကျီလေးကို သူ ဖျက်ဆီးပစ်လိုက်တာ ကျွန်မ စိတ်ထဲမကောင်းဘူး ကိုအဂ္ဂါ ... ကျွန်မ မရရအောင်ပြန်ထိုးမယ် ... ကိုအဂ္ဂါကို ပေးဖြစ်အောင်ပေးမယ် ..."

သူမက ရဲရင့်ပြတ်သားစွာပြောသည် ...။ သူမကို ကျွန်တော်က အေးအေးဆေးဆေးရှိမည့် စားသောက်ဆိုင်တစ်ခုဆီ ခေါ်လာခဲ့သည် ...။

စားပွဲတစ်ခုမှာ နှစ်ယောက်မျက်ချင်းဆိုင်ထိုင်ပြီး ... တစ်ယောက်မျက်နှာကို တစ်ယောက် ကြာမြင့်စွာ စိုက်ကြည့်မိကြသည် ...။

"တစ်ပတ်လုံးလုံး ... ကျွန်မ ကိုအဂ္ဂါကို သတိရနေတယ် ... ကိုအဂ္ဂါရော ..."

"အတူတူပဲပေါ့ ... ဘာအလုပ်မှလုပ်လို့မရဘူး ...





စိတ်တွေလေနေတယ် ..."

"ကျွန်မ သိပါတယ် ... စောင့်စည်းရမယ့် ကျင့်ဝတ်သိက္ခာတွေသာ ကျွန်မ တန်ဖိုးမထားရင် ... ကိုအဂ္ဂါဆီ ကျွန်မ အပြေးရောက်လာမိမှာပဲ သိလား"

"အင်း ... ခင်မင်းခကို ကိုယ်ပြောစရာရှိတယ် လက်ထပ်ဖို့ ဘယ်လောက်ပဲ လိုတော့လဲဟင် ..."

"နှစ်လတောင်မလိုတော့ဘူးလေ ... ဖိတ်စာတွေတောင် ရိုက်ပြီးထားပြီ ... သူ ယူလာတယ် ... ကိုအဂ္ဂါ ကြည့်မလားဟင် ..."

ပြောဖို့စကားတွေအားလုံး တစ်လုံးမကျန် လွင့်စင်ပျောက်ပျက်ကုန်သည် ...။

"ကြည့်မယ်လေ ..."

သူမက ... ကျွန်တော့်မျက်နှာကို သေသေချာချာ အရိပ်ကြည့်ရင်း ... လွယ်လာသောအိတ်ကလေးထဲမှ ဖိတ်စာကတ်ကို မရဲတရဲထုတ်သည် ...။ ပန်းရောင်ရေမွှေးဖိတ်စာဆီမှ သင်းပျံ့သော မွှေးရနံ့သည် ... ကျွန်တော့်ထံလွင့်လာသည် ...။ ဖိတ်စာကတ်ဆီမှာ ... နှင်းဆီပွင့်များ ရိုက်နှိပ်ထားပြီး ဖောင်းကြွလုပ်နေသည် ...။

"တစ်စောင်တစ်စောင်ကို တော်တော်တန်ဖိုးရှိမယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက နှင်းဆီပန်းတွေ သိပ်ကြိုက်မှန်း သူ သိတယ်လေ ..."

"လှပါတယ် ... တော်တော်လှတယ် ..."

"ကျွန်မတို့ လက်ထပ်ပွဲကို ကိုအဂ္ဂါကို ဖိတ်ချင်တယ် လာနိုင်မလားဟင် ..."

"ဟိုတယ်လ်ကို မလာချင်ဘူး ... ညဘက် ဒီခြံ လေးထဲမှာ ဒင်နာလုပ်မှာဆို ... အဲ့ဒါကို ကိုယ် လာမယ် ..."

"အဲ့ဒီအကြောင်းကို ခဏမေ့ထားလိုက်ရအောင် ကို အဂ္ဂါ ... ကျွန်မတို့နှစ်ယောက် တွေ့တဲ့အချိန်ဟာ သိပ်တိုပေမယ့် ပျော်စရာသိပ်ကောင်းပါတယ် ..."

ကျွန်တော် သူမကို ဘယ်လိုအင်အားမျိုးနှင့် "ကိုယ်နဲ့အတူမနေချင်ဘူးလားဟင် ..." ဟု စွဲဆော ရက်ပါတော့မလဲ ...။ သူမ လက်ထပ်ဖို့က အားလုံးအ ဆင်သင့်ဖြစ်နေပြီ ...။ ခိုင်မာသထက်ခိုင်မာနေပြီ ... ထိုလက်ထပ်ပွဲမျိုးကို ဘယ်လိုမိုက်မဲမှုမျိုးဖြင့် ကျွန်တော် ဖျက်ရက်ပါ့မလဲ ...။

ဖိတ်စာကိုကြည့်ရှုနှင့်တင် ... မိန်းကလေး အပေါ် ယောက်ျားဘက်က ဘယ်လောက်အလေးအန တန်ဖိုးထားချစ်မြတ်နိုးသလဲဆိုတာ ပေါ်လွင်ထင်ရှားနေ





ပြီးသားဖြစ်သည် ...။

"ကိုယ် ဒီဖိတ်စာလေးသိမ်းထားဖို့ ... ယူထားမယ်နော် ..."

သူမက ရုတ်တရက် ငိုချလိုက်တော့မလို နှုတ်ခမ်းကလေး တုန်ခါမဲ့ကွေးသွားလေသည် ...။ ကြည်လဲ့သော မျက်လုံးကလေးများတွင် ... မျက်ရည်များလည်လာခဲ့သည် ...။

"ကိုအဂ္ဂါသိမ်းထားဖို့ မလိုပါဘူး ... ကိုအဂ္ဂါဘဝမှာ ဘယ်တော့မှ သိမ်းထားဖို့ မကောင်းတဲ့ပစ္စည်းဟာ အဲ့ဒီလက်ထပ်ဖိတ်စာပဲ ... သိလား ..."

ကျွန်တော် သက်ပြင်းရှိုက်ကာ ...

"အမှတ်တရ ပေါ့ ..."

ဟုပြောပြီး ... ဖိတ်စာကတ်ကလေးကို ယူထားလိုက်သည် ...။

"မယူနဲ့ ..."

သူမက ... ကျွန်တော့်လက်ကို ပြန်ဆွဲပြီး လုသည် ...။ ကျွန်တော်က မပေး ...။ တခြားတစ်ဖက်သို့ပြောင်းကာ .. ဖိတ်စာကတ်ကို ကျောမှာဝှက်ထားသည် ...။

"ယူမှာပဲ ... အမှတ်တရပါလို့ဆိုနေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ စိတ်ထိခိုက်ဖို့လုပ်နေတာလဲ ... အဲ့ဒါ မြင်တိုင်း ကိုအင်္ဂါ စိတ်ဆင်းရဲနေရမှာ ..."

"စိတ်မဆင်းရဲရအောင် ကိုယ့်ဘာသာ စိတ်ဖြေယူမှာပေါ့ ... မနက်ဖြန်ကျတော့ ကြည့် ... ဒီဖိတ်စာဟာ ကိုယ့်တို့အတွက် ပျော်စရာတစ်ခုဖြစ်လာမယ် ... စောင့်ကြည့် ..."

"ဟင့်အင်း ... မယုံပါဘူး ..."

"မယုံရင် စောင့်ကြည့်ကွာ ... ကိုယ်က အင်္ဂါပဲ လူတွေကို အမြဲ အံ့သြစေခဲ့တာ ..."

"အဲ့ဒါဆိုလဲ ပြီးရော ... မနက်ဖန် မအံ့သြရရင် ကိုအင်္ဂါမလွယ်ဘူးမှတ် ... အဆိတ်ခံရမယ်"

"အေး ... စောင့်ကြည့် ... ခင်မင်းခ အံ့သြသွားရင် ကိုယ်ကပြန်ပြီး ဆိတ်မယ် ..."

နှစ်ယောက်သား ... အားလုံးကိုမေ့ထားလိုက်ပြီး ရယ်မောမိကြသည် ...။ ရယ်မောရင်း နှစ်ယောက်စလုံး မျက်ရည်စို့လာခဲ့သည် ...။

ထိုညတစ်ညလုံး ... ကျွန်တော် အပြင်းအထန်ကြိုးစားခဲ့သည်မှာ ... ဖိတ်စာထဲက စာလုံးများအတိုင်းရအောင် ကွန်ပျူတာဖြင့် သေသပ်စွာ ရိုက်ခဲ့ခြင်းဖြစ်သည် ...။





ကွန်ပျူတာစာလုံးများတွင် ...

ပြင်ဦးလွင်မြို့ ရပ်နေ ...
ဦးဌွန် ... နှင့် ဒေါ်လှမြတ်ဆွေတို့၏
သားထွေး ...

မောင်အင်္ဂါ (Interior decorator)

(Romantic Interior decoration Agency)

ဆိုသော စာလုံးများပါဝင်သည် ...။ စာရွက်အောက်ခံမှာ ပန်းနုရောင်ကလေးဖြစ်သည် ...။ ထိုစာရွက်ကလေးကို သေသေသပ်သပ် ပိပိရိရိညှပ်ကာ ... ကိုရန်နိုင်ရဲ့ သတို့သားနေရာတွင် ထပ်ပြီးကပ်ပစ်လိုက်သည်။

သတို့သားနေရာတွင် ကျွန်တော့်နေရာတွင်လှပသေသပ်စွာ ရောက်ရှိသွားတော့သည် ...။ ကိုယ့်ရဲ့ဖြတ်ထိုးဉာဏ်နှင့် လူလည်ကျမှုအပေါ် ... ကိုယ့်ဘာသာပြန်ပြီး ရယ်ချင်နေခဲ့သည် ...။

နောက်တစ်နေ့ သူမ ရောက်လာတော့ ... မျက်နှာပိုးသတ်ထားကာ သူမ လက်ထဲထည့်ပေးလိုက်သည်။ ဖိတ်စာကတ်ကလေးကို ဖွင့်ကြည့်ပြီး ... သူမနှုတ်ခမ်းလေးတွေ တဖြည်းဖြည်းချင်းပြုံးလာသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"လှူလည် ..."

"ဖြတ်ညှပ်ကပ်ဆရာကြီးလေ ... ကဲ ရယ်ရပြီ မဟုတ်လား ..."

"ရယ်ဖို့မကောင်းပါဘူး ... ရင်ခုန်ဖို့ကောင်းတာ"

ထို့နောက် သူမက ငြိမ်သက်စွာတွေးတောနေသည် ...။ အဲ့ဒီအတိုင်းဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ ... ဟု သူမ တွေးနေမှာ သေချာပါသည် ...။

"ရင်ခုန်ဖို့လဲ ကောင်းတယ် ... ပြီးတော့ အဲ့ဒီ ဖိတ်စာကတ်ကလေး သိမ်းထားရတာ စိတ်သက်သာရာရတာပေါ့ ... စိတ်မညစ်ရတော့ဘူးလေ ... ဟုတ်သည်ဖြစ်စေ ... မဟုတ်သည်ဖြစ်စေ နော်"

"ကိုအင်္ဂါက သိပ်တော်တာပဲနော် ... ကျွန်မ သိပ်သဘောကျတာပဲ ... သိပ် Romantic ဖြစ်တယ် သိလား ..."

နှစ်ယောက်စလုံး ရင်ခုန်စွာ ဖိတ်စာကတ်ကလေးကို ကြည့်လို့မရနိုင်အောင် ဖြစ်နေခဲ့သည် ...။



# အခန်း(၂)

အိမ်ကလေးသည် ... တဖြည်းဖြည်းနှင့် လှပပီပြင်ကာ အသက်ဝင်လာခဲ့သည် ...။ အိမ်ကလေးလှပလာလေလေ ဒီအိမ်ကလေးကိုရော ... ကျွန်တော် ချစ်မြတ်နိုးသော မိန်းကလေးကိုပါ ... ကျွန်တော် လက်လွှတ်ဆုံးရှုံးရတော့မည့်အချိန်မှာ ... ပို၍ နီးကပ်သေချာလေလေဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်းနှီးငြိတွယ်မှု



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ... တစ်နေ့တခြား ပိုမို ခိုင်မာအားကောင်းလာ ခဲ့သည် ...။

"မီးဖိုခန်းကလေးပြီးသွားပြီ ကိုအဂ္ဂါ ... ကျွန်မတို့ ထမင်းချက်စားကြည့်ရအောင် ... ကိုအဂ္ဂါကို ကျွန်မကိုယ်တိုင် ချက်ကျွေးမယ်လေ ..."

"အိုကေ ... ဒါဖြင့်လာ ... ဈေးအတူတူသွား ဝယ်ရအောင် ..."

ကျွန်တော်တို့နှစ်ယောက် ဈေးအတူတူလာကာ ဟင်းသီးဟင်းရွက်တွေ ... အသားငါးတွေ ဝယ်ကြသည်၊ သူမက တစ်ခုခုဝယ်ခါနီးတိုင်း ...

"ကိုအဂ္ဂါ ... ဘာဟင်းစားမှာလဲ ... အဲ့ဒီကြက်ကို ဘယ်လိုချက်ရင်ကောင်းမလဲဟင် ..."

ဟု မေးတတ်သည် ...။ ကျွန်တော်က ...

"ကြက်တောင်ပံအစာသွပ်စားချင်တယ် ခင်မင်းခ ... အတောင်ပံကို အရိုးထုတ်ပြီး ... အထဲမှာအစာသွပ်တဲ့ဟင်း ..."

"အင်းကောင်းပြီ ... ဒါဆို ကြက်ဝယ်မယ် ..."

"အသီးအရွက်တွေ အစုံကြော်တစ်ပွဲစာရယ် ... ဟင်းချိုအတွက်ရယ် အစုံဝယ်ရအောင် ..."

"ဟုတ်ကဲ့ပါ ..."





"မှိုစားချင်တယ် ... မှိုဖူးဝယ်ရအောင် ..."

"မှိုမစားနဲ့ ... ဇက်ကြောတက်လိမ့်မယ် ..."

"ငါးတစ်ကောင်လုံးကို အကြွပ်ကြော်စားမယ် ..."

"ကောင်းတယ် ... ကောင်းတယ် ..."

ဟင်းတွေ အစုံဝယ်ပြီးသမျှ ... ကျွန်တော်က သယ်ပေးရသည် ...။ ပြီးတော့ ရထားလုံးနှင့် အိမ်ကလေးဆီ ပြန်လာကြသည် ...။

"အမလေး ... မောလိုက်တာနော် ... ဈေးဝယ်ရတာ ..."

"ကိုယ် ချွေးသုတ်ပေးရမလား ..."

"အင်း ..."

ကျွန်တော်က လက်ကိုင်ပုဝါဖြင့် ... သူမမျက်နှာပေါ်မှာ သီးနေသော ချွေးစက်ကလေးတွေကို တယုတယသုတ်ပေးသည် ...။ သူမက မျက်လုံးကလေးမှိတ်ကာ ခံယူသည် ...။

တစ်ခါတစ်ခါတော့ သူမကို သိပ်ချစ်ကြောင်းစကားတွေ ... ထိန်းမနိုင်သိမ်းမရ ပြင်းပြမွတ်သိပ်စွာပြောချင်စိတ်တွေ ... ဝုန်းခနဲ ပြုဆင်းလာတတ်သည်။

တကယ်တော့ ကျွန်တော့်အဖြစ်ဟာ အချင်ယောင်ဆောင်နေရတဲ့လူတစ်ယောက်နှင့် တူပါသည် ...။


www.burmeseclassic.com

www.burmeseclassic.com

"ခင်မင်းခကို ကိုယ် ကူလုပ်ပေးမယ် ..."

မီးဖိုခန်းတွင် ... ကျွန်တော်နှင့်အတူ အသီးအရွက်တွေ အတူတူလှီး ... ကြက်အတောင်ပံတွေ အရိုးထုတ်ပြီး အစာတွေသွပ် ... ငါးအကောင်းကြီးကြီး ကက်ကတစ်ငါးကို အကောင်လိုက်ကြော် ... စသဖြင့် ဟင်းအတူတူချက်ရင်း ... ရယ်စရာတွေပြောကာ ... ထမင်းပွဲကို အလှဆင်သည် ...။

ကျွန်တော်က ငါးကောင်လုံးကြော်ကြီးကို ပန်းအလှပန်းပေးတာမျိုး ... သခွော်သီးအစိမ်းကြီးကို သခွော်ပုံစံဖော်ယူပြီး ... "ငါးသခွော်" လို့ အမည်တပ်ပေးလိုက်သည် ...။ သခွားသီး ... ခရမ်းချဉ်သီး ... မုန်လာဥနီ ... နံနံပင် ... ဆလတ်ရွက် ... မုန်ညှင်းဖြူ စသဖြင့် အသီးအရွက်များဖြင့် အလှဆင်သည် ...။

ပြီးတော့ ... ကြက်အကောင်လိုက်ကို နူးညံ့နေအောင်ပေါင်းပြီး ... မုန်လာဥနီ ... ပန်းမုန်လာ သခွားသီးကို ပန်းပွင့်ပုံဖော် ... မုန်လာဥနီကို ပန်းပွင့်ပုံဖော်ကာ ... လှလှပပ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြင်ဆင်ကာ ... "ကြက်အိမ်တွင်းပုန်း ..." ဟု အမည်ပေးလိုက်သည် ...။

ကျွန်တော် အမည်ပေးသမျှကို သူမက ဒိုင်ခံရယ်မောပါသည် ...။





ကျွန်တော်က ကျောက်ဖရုံသီးကြီးကိုလည်း ခြင်းတောင်းပုံစံဖော်ယူပြီး ... ထိုခြင်းတောင်းထဲတွင် အသားလုံးကြော်များ ... အသီးအရွက်စုံများထည့်ကာ ... "သီးစုံခြင်းတောင်း ..." ဟု အမည်ပေးပြန်သည် ...။

ထို့နောက် အလှပြင်ဆင်ထားသော ... ဟင်းပွဲများကို စားပွဲပေါ်မှာ လုပသေသပ်အောင်တင်ကာ ... နှစ်ယောက်သား ဈက်နှာချင်းဆိုင်ကြည့်ကာ ... မစားရက်ဘဲ ... ရယ်မောလို့သာနေကြသည် ...။

"**Amazing** ပဲနော် ..."

"ကဲ ... စားနိုင်ပါပြီခင်ဗျာ ..."

"ဘယ်ဟာက စ,စားရမှန်းတောင် မသိတော့ဘူး"

"ဒါဆို ... သီးစုံခြင်းတောင်းက စပြီးစား ..."

"ကြက်အိမ်တွင်းပုန်းကြီးက ဖွဲ့ရမှာ နမြောစရာ"

"ဖွဲ့သာဖွဲ့ ... ကိုယ်တို့မှမဖွဲ့ရင် ... သူ အဲ့ဒီအိမ်တွင်းပုန်းဘဝ ကျွတ်မှာမဟုတ်ဘူး ..."

သူမက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါသည် ...။ ရယ်မောပြီး ရပ်လိုက်ကာ ...

"ကိုရန်နိုင်ဆို အဲ့ဒီလို ရယ်စရာ မပြောတတ်ဘူး အဲ့ဒီလို ဆန်းဆန်းပြားပြားတွေလဲ တီထွင်ရကောင်းမှန်းသိတာမဟုတ်ဘူး ... သူ့ခေါင်းထဲမှာရှိတာ


www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာနဲ့ ငွေကြေးဥစ္စာတွေပဲ ... ကျွန်မကို မြင်ရင် ... ကျွန်မကို သူ့အလိုဆန္ဒအတွက် အသုံးချဖို့ကလွဲပြီး ... ဘယ်လိုမျက်စိနဲ့မှ မကြည့်ဘူး"

ဟု ... ခါးသီးမှုအပြည့်ပါသောအသံဖြင့် ရေရွတ်ခဲ့သည် ...။ ကျွန်တော် ရုတ်တရက် သူမကို ဘယ်လိုဖျောင်းဖျနှစ်သိမ့်ရမှန်း မသိတတ်အောင် စိတ်တွေ ထုံကျဉ်သွားသည် ...။

"တစ်ခါတလေ တွေးကြည့်မိတော့ ... သူနဲ့ တစ်သက်လုံးအတူနေရမှာ ကျွန်မ သိပ်ကြောက်တယ် ကျွန်မဘဝကြီးတစ်ခုလုံးကို သူ့လက်ထဲမှာ မြှုပ်နှံလိုက်ရရင် ဘာအဓိပ္ပါယ်မှရှိလာတော့မှာ မဟုတ်ဘူး သူက သိပ်အတ္တကြီးတယ် ... သူ့အတ္တအတွက် ကျွန်မကို အိမ်တွေ ... ငွေတွေ ... ကျောက်မျက်ရတနာတွေပေးပြီး ထိုက်ထိုက်တန်တန်ဝယ်ယူခဲ့တာ"

သူမ မျက်နှာသည် ... နာကြည်းစိုးရွံ့ရပ်များသာ ပြည့်လျှံလာခဲ့သည် ...။ ကျွန်တော် ဘာပြောသင့်ပါသလဲ ...။ ဒီအချိန်တွင် သူမကို စိတ်သက်သာရာ အရဆုံးဖြစ်စေမည့် စကားတစ်ခွန်း ကျွန်တော် ပြောသင့်ပါသည် ...။

ကျွန်တော် သူမ မျက်နှာကလေးကို ချစ်မြတ်





နိုးမှုအပြည့်ဖြင့် ကြည့်လိုက်သည် ...။

"မင်း စိတ်ချမ်းသာမယ်ဆိုရင် ကိုယ်တစ်ခုခုလုပ်ပေးချင်ပါတယ် ... ခင်မင်းခ ... ကိုယ် ဘာအကူအညီ ပေးနိုင်မလဲ ပြောပြလေ ..."

"ကျွန်မ လိုချင်သလောက် ကိုအဂ္ဂါပေးနိုင်မှာမဟုတ်ပါဘူးကွယ် ..."

သူမက ခပ်ညည်းညည်းကလေး ရေရွတ်လိုက်သည်။

"ဘာဖြစ်လို့ မပေးနိုင်ရမှာလဲ ... ကိုယ်ဟာ အဂ္ဂါလေ ... သူတစ်ပါးလိုချင်တာကို မရရအောင် ဖြည့်ဆည်းပေးနိုင်သူလို့ ... ခင်မင်းခ တွေးကြည့်လိုက်လေ ... တွေးကြည့်မယ်မဟုတ်လား ..."

သူမက ပြုံးကာ မျက်လုံးကလေးတွေ စုံမှိတ်ချလိုက်သည် ...။

"ကဲ ... ဒါဖြင့် ... ကျွန်မကို သူနဲ့လက်မထပ်ရအောင် ကိုအဂ္ဂါ တားပေးနိုင်မလား တားပေးလေ"

ကျွန်တော် ပါးစပ်ပိတ်သွားသည် ...။ သူမ မျက်လုံးများမှာ နာကြည်းမှုဖြင့် တောက်ပနေသည် ...။ သို့သော် ခဏအကြာတွင် ထိုမျက်လုံးများသည် မျက်ရည်အပြည့်ပျော်ဝင်နေသော ကရုဏာသက်ဖွယ်မျက်လုံးများအ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ပြောင်းလဲသွားတော့သည် ...။ ကူကယ်ရာမဲ့သော ကလေးငယ်တစ်ယောက်ရဲ့ မျက်လုံးများဖြစ်သည် ...။

ကျွန်တော့်ရင်ထဲသို့ အလွန်ပြတ်ရှစေသော ဓားတစ်စင်းဖြင့် မွှမ်းခံနေရသလို အခံရခက်လာသည်။

"ကဲ ... တားပေးလေ ..."

ထိုစကားကို သူမ နောက်ပြောင်ပြီး ပြော နေတာမဟုတ်ပါ ...။

"တားပေးရမယ် ... ဘယ်သူ့ကိုလဲ ... ခင်မင်းခရဲ့ အဖေကိုလား ... ကိုရန်နိုင့်ကိုလား ..."

"ဘယ်သူ့ကိုဖြစ်ဖြစ် ... ကျွန်မ သူ့ကို လက်မ ထပ်ရရင်ပြီးရော ..."

သူမအသံမှာ ကလေးဆိုးတစ်ယောက်လို မဖြစ် နိုင်တာကို မဖြစ်နိုင်မှန်းသိလျက်နှင့် တမင်တကာ ပူဆာ ဂျစ်တိုက်နေသိပုံပေါက်နေသည် ...။

ကျွန်တော် သူမကို မရယ်ရက်ပါ ...။

"သူတို့ကိုတော့ တားလို့ရမှာ မဟုတ်ဘူး ... ခင် မင်းခကို သူတို့လက်ထဲက ကယ်ထုတ်သွားပေးနိုင် တာပဲ ရှိမယ် ... တစ်နေရာရာမှာ မင်းကို ဝှက် ထားပေးရင် လက်ထပ်ပွဲပျက်သွားမယ် ..."

"အဲ့ဒါဆိုရင် ... ကျွန်မကို အဖေ မတွေ့





အောင်လိုက်ရှာပြီးသတ်မှာ သေချာတယ် ... သူ က သိပ်ဒေါသကြီးတယ် ... ရက်စက်တတ်တယ်

ကျွန်မ ငယ်ငယ်က သူ့ရဲ့နှိပ်စက်မှုတွေ အတော်ခံခဲ့ရတယ် ... ကျွန်မကို ရေတိုင်ကီထဲ ခေါင်းစိုက်နှစ်ပစ်တာမျိုး ...ခြေထောက်နှစ်ချောင်း ကိုကိုင်ပြီး ပြတင်းပေါက်ကကနေ အောက်ကိုပစ် ချမယ်လို့ ခြိမ်းခြောက်ပြီး တွဲလွဲကြီးဆွဲချထားတာ မျိုး ... ပစ္စည်းတွေလှောင်တဲ့ စတိုခန်းသေးသေး လေးထဲ ထိုးသိပ်ထည့်ပြီး အပြင်က သော့ခတ်ထား တာမျိုးတွေပေါ့ ...

ကျွန်မ ကလေးဘဝတစ်လျှောက်လုံး .. ပြီးတော့ လူလားမြောက်လာတဲ့ အပျိုစင်ဘဝတစ် လျှောက်လုံး ... သူ့လက်ထဲမှာ အမျိုးမျိုးနှိပ်စက် ခံနေရတဲ့ တိရစ္ဆာန်တစ်ကောင်ပဲဖြစ်ခဲ့တယ် ကိုအဂ္ဂါ

ကိုရန်နိုင်က ကျွန်မကို အိမ်တွေ ... ငွေတွေ ... ရတနာတွေနဲ့ တင်တောင်းတဲ့အချိန် ကျမှ ... ကျွန်မဟာ လူလိုပြန်နေခွင့်ရခဲ့တာ ... ဒါပေမယ့် ကိုရန်နိုင်ကလဲ ... ကယ်တင်ချင်ဟန် ဆောင်ထားတဲ့ အဖေ့လိုလူစားမျိုးထဲကပါပဲ ... ကျွန်မကို နိုင့်ထက်စီးနင်း သိပ်ဆက်ဆံချင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာတစ်ပြင်လုံးတွင် မျက်ရည်တွေ ရွှဲနစ်လာသည်အထိ သူမက ရင်ဖွင့်ခဲ့၏ ...။ ကျွန်တော် စိတ်ထိခိုက်မှု ပြင်းထန်စွာဖြင့် သူမ လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်ထားမိသည် ...။ သူမ ကိုယ်လုံးကလေးမှာ တုန်ခါနေသည် ...။

"ခင်မင်းခ ... ခင်မင်းခ ... ကိုယ်ပြောမယ်
ကိုယ်ပြောတာ သေချာနားထောင် ...
ခင်မင်းခကို ကိုယ်သိပ်ချစ်တယ် ...
ပြောမပြတတ်လောက်အောင် သိပ်ချစ်တယ် ... ဒီတော့ ကိုယ်တို့ စွန့်စားကြစို့ ... ကိုယ်တို့ ဒီကနေ ထွက်ပြေးကြမယ် ... မြို့တစ်ခုခုမှာ လက်မှတ်ထိုးကြမယ် ...
ခင်မင်းခ ... ကိုယ့်ကို ချစ်သလား ..."

သူမ မျက်နှာကလေးမှာ ... စိတ်လှုပ်ရှားမှုဖြင့် ... သွေးရောင်လျှမ်းလာသည် ...။ ကျွန်တော်တို့ စောင့်စည်းမျိုသိပ်လို့ရသမျှ စောင့်စည်းခဲ့ကြပြီးပြီ ...။

"ကိုအဂ္ဂါကို ကျွန်မ သိပ်ချစ်တယ် ..."

ပြောရင်း သူမ ခေါင်းကလေး ... ကျွန်တော့်ရင်ခွင်ထဲ ပြုဆင်းလာခဲ့သည် ...။ ကျွန်တော်က သူမဦးခေါင်းကလေးကို အသာပွတ်သပ်ပေးရင်း ... ရင်





ခုန်စိတ်လှုပ်ရှားလာခဲ့သည် ...။

"ကိုယ် ... ကားတစ်စင်း အမြန်ဝယ်လိုက်မယ်"

ကျွန်တော် ဘာမှမတွေးတော့ ...။ ဆုံးဖြတ်ချက် အမြန်ချပစ်လိုက်သည် ...။

"ဒီအိမ်ကလေးကိုရော ..."

သူမက အိမ်ကလေးကို သံယောဇဉ်ကြီးစွာဖြင့် ... နောက်ဆံငင်စွာပြောသည် ...။

"ကိုယ်တို့ စွန့်လွှတ်လိုက်ရမှာပေါ့ ..."

သူမက သက်ပြင်းလေးတစ်ချက်ရှိုက်လိုက်သည် ...။

"ကျွန်မတို့နှစ်ယောက် အများကြီးရင်နှီးပေးဆပ်ခဲ့ရတဲ့ အိမ်ကလေးနော် ... ကျွန်မ ဒီအိမ်ကလေးကို သိပ်ချစ်တယ် ...
ပြီးတော့ ကျွန်မချစ်သူရဲ့လက်ရာတွေ"

ကျွန်တော် ရယ်မောပြီး သူမကို နှစ်သိမ့်ဖို့ ကြိုးစားရလေသည် ...။

"ခင်မင်းခအတွက် အကောင်းဆုံးအိမ်ကလေးတစ်လုံး ကိုယ်ပြန်လုပ်ပေးမှာပေါ့ကွယ် ... မဟုတ်ဘူးလား"

"ကျွန်မ စဉ်းစားပါရစေဦး ကိုအဂ္ဂါ ... ကျွန်မ သူတို့ကို ကတိတွေပေးပြီး ... ထွက်ပြေးသွားရ



www.burmeseclassic.com

www.burmeseclassic.com

မှာ ကြောက်နေတယ် ... သူတို့နှစ်ယောက်စလုံး က အဆိပ်သိပ်ပြင်းကြတယ် ..."

"ကိုယ် အစွမ်းကုန် ကာကွယ်သွားမှာပါ ... အင်းလေ ... ခင်မင်းခ သဘောပါ ... ခင်မင်းခ ဆန္ဒအတိုင်း ဖြစ်စေရမယ် ... စဉ်းစားချင်ရင် စဉ်းစားလေ ... ဟုတ်ပြီလား ..."

"ကျွန်မ ကိုအဂ္ဂါကို သိပ်ချစ်ပါတယ် ..."

ကျွန်တော်တို့နှစ်ယောက်လုံး စိတ်လှုပ်ရှားစွာ ပြုံးလိုက်ကြလေသည် ...။ ကျွန်တော့်အတွက် သေချာသထက် သေချာလာသည်မှာ ... သူမကို ဘယ်လိုမှ အဆုံးရှုံးမခံချင့်တော့ခြင်းဖြစ်သည် ...။ စိတ်ကူးယဉ်အိပ်မက်များ စတင်မက်ဖို့ ဖြစ်လာခဲ့သည် ...။ လှပဆန်းကြယ်သော အိပ်မက်များ ...။

ထိုအချိန်ကစပြီး ကျွန်တော့်စိတ်တွေ ပြောင်းလဲသွားခဲ့သည် ...။ ကျွန်တော့်မိသားစုနှင့် ထပ်တွေ့ပြီး





ဒုတိယအကြိမ် အဲ့ဒီကိစ္စကို ဆွေးနွေးခဲ့ပြန်သည် ...။ မိသားစုအားလုံးက သိပ်ချစ်သော ချစ်သူနှစ်ယောက်ကိုသာ ရစေချင်ကြသည် ...။

ကျွန်တော့်သွေးများလည်း ဆူပွက်လှုပ်ရှားလာခဲ့သည် ...။

"အဂ္ဂါ အခုမှပဲ အမှန်ကိုတွေးတတ်လာတယ် ... ကိုယ်ချစ်တဲ့သူကို ရအောင်ယူနိုင်မှ ကိုယ့်ဘဝတစ်လျှောက်လုံး ပျော်စရာတွေအတိုင်ပြီးတော့မှာပေါ့ ...

ခင်မင်းခ လက်ထပ်သွားပြီးမှ ... အဂ္ဂါများပြီဆိုတာကို သိလိမ့်မယ် ... အဲ့ဒီတော့မှ မင်းနောင်တ,ရလိမ့်မယ် ..."

"ခင်မင်းခကပါ ကြည်ဖြူသဘောတူတယ်ဆိုရင် ... မာမီတို့က အမြဲတံခါးဖွင့်ထားပါတယ် ဟန်နီ ..."

"အချစ်နဲ့ စစ်မှာ ... မတရားဘူး ... တရားတယ်ဆိုတာ မရှိပါဘူးကွ ... ကိုယ်က လက်ဦးမှ အရင်ယူထားနိုင်ရမယ် ..."

"မင်းတို့နှစ်ယောက်သိပ်ချစ်တာ မျက်လုံးတွေကြည့်ရုံနဲ့တင် အဖြေထွက်ပြီးသားပါကွာ ... မင်းတို့နှစ်ယောက် ရသင့်တယ် ..."

အထူးသဖြင့် အစ်ကိုတွေက ... ဆက်ကြ



www.burmeseclassic.com

www.burmeseclassic.com



စွာ အားပေးအားမြှောက်ပြုကြသည် ...။

"ငါ ... မန္တလေးဆင်းပြီး ကားတစ်စင်းဝယ်ပေးမယ် ... စက်ကောင်းပြီး အကြမ်းခံတဲ့ ဗင်န်တစ်စင်းပေါ့ ..."

"အဲ့ဒါကောင်းတယ် ... ခင်မင်းခ ခေါင်းညိတ်တဲ့နေ့မှာ ... ခေါ်သွားတော့ ... မင်းဘက်က အားလုံးပြင်ဆင်ထားရမယ် ..."

"လောလောဆယ်တော့ ဣန္ဒြေမပျက် ဆက်နေကြပေါ့ ... အကူအညီလိုရင် ... ငါတို့ပါ ကူမယ်ကွာ ..."

"ဟုတ်တယ် ... ချစ်သူချင်းပဲ ရသင့်တယ်၊ ဘယ့်နှယ်ကွာ ... ခင်မင်းခက သူမချစ်တဲ့လူကို လက်ထပ်ရမယ်လို့ ... ဆက်သာလုပ် ... မင်းတို့ဆုံးဖြတ်တာ မှန်တယ် ..."

အဖြစ်အပျက်ကို တွေးကြည့်တာနှင့်တင် ... ကျွန်တော် စိတ်လှုပ်ရှားရင်ခုန်လာခဲ့သည် ...။ ထိုအဖြစ်ကို စောစောက ကျွန်တော်တို့ ဘာဖြစ်လို့မတွေးခဲ့တာပါလိမ့် ...။





ထိုအချိန်ကစပြီး .. ကျွန်မစိတ်တွေ ဆောက်တည်ရာမဲ့ ကယောင်ချောက်ချား ဖြစ်နေခဲ့သည် ...။ တစ်သက်လုံးက သမားရိုးကျလမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းခဲ့သည် ...။ ဘယ်တုန်းကမှ မစွန့်စားခဲ့ဘူးချေ ...။ ကိုအဂ္ဂါကို ဘဝတွင် မချစ်ဘူးသေးတဲ့အချစ်မျိုးနှင့် ချစ်ခင်မြတ်နိုးခဲ့တာမှန်ပေမယ့် ... ဒီလိုထွက်ပြေးကြဖို့ တစ်ခါမှ စိတ်မကူးခဲ့ဘူးချေ ...။

ပြီးတော့ ... ကျွန်မ အကြောက်ဆုံးမှာ ကိုရန်နိုင်နှင့် လက်ထပ်ရဖို့ကိုဖြစ်သည် ...။ ကျွန်မ သူ့ကို မချစ်ပါ ...။ မချစ်တဲ့အပြင် မုန်းတောင်မုန်းသေးသည်။ ဒီအိမ်ကလေးကို မက်မောချစ်ခင်စိတ်တစ်ခုတည်းဖြင့်ပင် သူ့ကိုလက်ထပ်ဖို့ ... ကျွန်မ မျက်စိမှိတ် သဘောတူခဲ့တာဖြစ်သည် ...။

ဒီအိမ်ကလေးကို ကျောခိုင်းစွန့်ပစ်ခဲ့ပြီး ကိုအဂ္ဂါနှင့် နှစ်ယောက်တည်းထွက်ပြေးကြလျှင် ... ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲရလာဒ်များကို ကျွန်မ မတွေးရဲ ... မခန့်မှန်းရဲလောက်အောင်ဖြစ်နေသည် ...။

ကျွန်မ သိပ်ချစ်သော ယောကျ်ားတစ်ယောက် ကျွန်မ ငတ်မွတ်တောင့်တလိုချင်ခဲ့သော မိသားစုကြီးတစ်ခု ကျွန်မ တစ်သက်လုံးစိတ်ချမ်းသာပျော်ရွှင်ရမည့် အဖြစ်အ

www.burmeseclassic.com

www.burmeseclassic.com



ပျက်များ ... အိပ်မက်များ ...။ အဲ့ဒါတွေကို ကျွန်မ မက်မောပါသည် ...။ ကိုအဂ္ဂါသည် ... ကျွန်မအတွက် အိပ်မက်တစ်ခုဖြစ်၏ ...။ ထိုအိပ်မက်ထဲတွင် ... ကျွန်မ အတိုင်းအဆမဲ့စွာ မျောလွင့်လိုက်ချင်ပါသည် ...။

ကျွန်မ စိတ်တွေတည်ငြိမ်မှုကင်းမဲ့နေချိန်တွင် တစ်စုံတစ်ယောက်အား ရင်ဖွင့်တိုင်ပင်ချင်လျှင် ထိုတစ်စုံတစ်ယောက်မှာ စပါယ်သာဖြစ်ရမည် ...။

"ငါ ... ကိုအဂ္ဂါကို သိပ်ချစ်တယ် စပါယ် ..."

"ငါသိတယ်လေ ... ဒါပေမယ့် အဲ့ဒီအတွက် နင်ရော ငါပါ ဘာမှမတတ်နိုင်တော့ဘူးဆိုတာ နင်နားလည်ဖို့ကောင်းပြီ ခင်မင်းခ ...

လက်ထပ်ဖို့အချိန်ဟာ သိပ်ကိုနီးကပ်နေပြီ ဒီအချိန်ကျမှ နင် အရူးမထ,သင့်တော့ဘူးနော်"

စပါယ့်မျက်နှာက အလေးအနက်မျက်နှာမျိုးဖြစ်ကာ ငြိမ်သက်နေသည် ...။ ကျွန်မက လှုပ်ရှားနေသလောက် စပါယ်က တည်ငြိမ်နေသည် ...။ ထိုအဖြစ်ကို ကျွန်မ မကြိုက်ပါ ...။ စပါယ်သည် ကျွန်မရဲ့ တစ်ယောက်တည်းသော ... အချစ်ဆုံးသော သူငယ်ချင်းဖြစ်သည် ...။ ကျွန်မနှင့်အတူ စပါယ်လိုက်ပြီး စိတ်လှုပ်ရှားစေချင်သည် ...။ စိတ်လှုပ်ရှားသင့်သည် ...။





"ငါ မချစ်တဲ့လူကို ငါ တစ်သက်လုံးပေါင်းသွားရတော့မှာလား စပါယ် ..."

"အဲ့ဒါ နင်အမြဲရေရွတ်နေကျစကားပဲ ခင်မင်းခ ... ဘာပဲဖြစ်ဖြစ် နင့်ဘဝဟာ နင့်အဖေလက်ထဲမှာထက်စာရင်တော့ ကိုရန်နိုင့်လက်ထဲမှာ ပိုကောင်းလာမယ်လို့ ငါထင်တယ် ... ငါသိထားသလောက်တော့ နင့်ကို ကိုရန်နိုင် သိပ်ချစ်သားပဲ ...

တခြားဘာမှ မတွေးနဲ့တော့ ခင်မင်းခ"

ကျွန်မ ဒေါသထွက်ကာ ... ခေါင်းကို တအားခါယမ်းပစ်လိုက်သည် ...။

"ဟင့်အင်း ... ငါ့ကို သူ ချစ်တာမဟုတ်ဘူး တပ်မက်တာ ... အပိုင်လိုချင်တာ ... သိမ်းပိုက်ချင်တာ ...

ချစ်တယ်ဆိုတာ ... ကိုအဂ္ဂါက ငါ့ကို ဆက်ဆံတဲ့အပြုအမူမျိုးကို ခေါ်တာ စပါယ်ရဲ့ ... ကိုအဂ္ဂါက ငါ့ကို အမြဲစိတ်ချမ်းသာစေခဲ့တယ် ... ငါ့အပေါ် ကြင်ကြင်နာနာ ယုယုယယ စောင့်ရှောက်တယ် ... ငါလိုချင်သမျှ အားလုံးဖြည့်ဆည်းပေးတယ် ... ငါ့ကိုအမြဲ အရိပ်ကြည့်နေတယ် ... ငါ့ဆီက သူ ဘာမှပြန်မတောင်းဆိုဘူး ... ငါ



www.burmeseclassic.com

www.burmeseclassic.com


ပျော်အောင် သူ အမြဲကြိုးစားနေတယ် ... ငါ့ကို လူတစ်ယောက်လို ဆက်ဆံတယ် ... ငါ့ရဲ့ခံစားချက်တွေကို နားလည်ပေးနိုင်တယ် ... မျှဝေခံစားနိုင်တယ် ... အဲ့ဒါ အချစ်ရဲ့အဓိပ္ပါယ်ပဲ ..."

ကျွန်မ ထင်ထားသလောက် စပါယ့်မျက်နှာပေါ်တွင် ပြောင်းလဲမှုများ ပေါ်မလာခဲ့ပါ ...။

"ဒါပေမယ့် ... ကိုရန်နိုင်က နင့်ကို အရင်ဦးခဲ့တာလေ ... နင်နဲ့ကိုရန်နိုင် လက်ထပ်ဖို့ အားလုံးအဆင်သင့်ဖြစ်ပြီးမှ ... ကိုအဂ္ဂါပေါ်လာတာ ... ကိုအဂ္ဂါက နောက်ကျတဲ့လူ ... နောက်ကျတဲ့လူဆိုတာ ..."

ကျွန်မ ... စပါယ့်စကားကို အဆုံးမသတ်စေဘဲ ... ကြားဖြတ်ပြောလိုက်သည် ...။

"နောက်ကျတဲ့လူပေမယ့် .. သူ့လောက် ငါ့အပေါ်ကောင်းနိုင်တဲ့လူ မရှိဘူးဆိုရင် သူဟာ ငါ့အတွက် နောက်မကျဘူး စပါယ် ... ဘယ်တော့မှ နောက်မကျဘူး ...

ပြီးတော့ သူက ငါ့ရဲ့အချစ်ဦးပဲ ... ငါ့အချစ်ကို သူတစ်ယောက်ပဲ ရခဲ့တာ ..."

စပါယ်က မျက်မှောင်ကြုတ်လိုက်သည် ...။

သူ့မျက်နှာပေးတွင် ... နားမလည်နိုင်ခြင်းတွေ ... စိတ်ရှုပ်ထွေးခြင်းတွေ ပေါ်လာသည် ...။

"အဲ့ဒီတော့ နင်က ဘာဖြစ်ချင်နေတာလဲ ... ခင်မင်းခ ... ငါကတော့ နင့်ကို အချစ်ကိုကိုးကွယ်တဲ့လူ မဖြစ်စေချင်ဘူးနော် .. အရာရာကို ဦးနှောက်နဲ့ပဲ တွေးပြီးဆုံးဖြတ်စေချင်တယ် ... နင့်နေရာမှာ ငါသာဆိုရင် ကိုရန်နိုင့်ကိုပဲ အေးအေးဆေးဆေး လက်ထပ်မယ် ... ငါတို့အိမ်ထောင်ရေးမှာ အနှောင့်အယှက်ဖြစ်စေမယ့် နောက်ယောကျ်ားတစ်ယောက်ကို ငါ ဘယ်လောက်ကြီးပဲ ရင်ပွင့်အောင် ချစ်ပါစေ ... သူ့အကြောင်းမတွေးမိအောင် ကြိုးစားမယ် ...

ကိုရန်နိုင်ဟာ နင့်ဘဝတစ်ခုလုံးကို လုံခြုံမှုပေးနိုင်မယ့် လူကြီးလူကောင်းတစ်ယောက်ပဲ ခင်မင်းခရယ် ..."

"ဒါဖြင့် နင်ယူလိုက်ပါလား ..."

ကျွန်မ စိတ်ဆိုးစွာ ခပ်ဆတ်ဆတ်ပြောလိုက်သည် ...။ စပါယ်က ပခုံးတွန့်ပြကာ ရယ်မောလိုက်သည် ...။

"ငါ့ကိုမှ သူက မချစ်ဘဲ ... ငါက နင့်လို မြင်



www.burmeseclassic.com

www.burmeseclassic.com

သူတကာငေးမောချစ်ခင်ကြရတဲ့ မိန်းမချော တစ်ယောက်မှ မဟုတ်တာ ...”

“ငါ အတည်ပြောမလို့ စပါယ် ... ငါနဲ့တစ်ထပ်တည်းဖြစ်အောင် ခံစားပြီး ... နင်နားထောင်ပါ ငါ့ဘဝမှာ ရင်ဖွင့်စရာ ... တိုင်ပင်စရာဆိုလို့ နင်တစ်ယောက်တည်းပဲရှိတယ် ... နင်က ငါရဲ့အချစ်ဆုံးသူငယ်ချင်းလဲဖြစ်တယ် ... ငါ့ဘဝကို အသိဆုံးလဲဖြစ်တယ် ... ငါ့အတွက် နင် စဉ်းစားပေးမယ်မဟုတ်လားဟင် ...”

ကျွန်မက ... စပါယ့်ကို အားကိုးတကြီးဆွဲဖက်လိုက်သည် ...။ စပါယ်က ကျွန်မကို သူ့ရင်ခွင်ထဲဆွဲသွင်းကာ ... တစ်ချက်ရယ်လိုက်သည် ...။

“ပြောပါ ... ငါ့ကို ဒီလောက်ဖားစရာမလိုပါဘူး ခင်မင်းခရယ် ... နင့်ကို ငါသိပ်ချစ်ပါတယ် ... နင့်ကို တစ်ယောက်ယောက်က တစ်ခုခုဖြစ်စေခဲ့ရင် အဲ့ဒီလူကို ငါ သတ်မယ် ... ငါကိုယ်တိုင်သတ်မယ် ... အဲ့ဒီလောက် နင့်ကို ချစ်တယ် ... ကဲပြော ...”

“ငါ ... ငါ ... ကိုအဂ္ဂါနဲ့ ... ထွက်ပြေးတော့မယ် ...”





“ဘာ ...”

ကျွန်မက အထစ်ထစ်အငေါ့ငေါ့ ရေရွတ်မိပြီး ... စပါယ်က အလန့်တကြားဖြစ်သွားကာ ကျွန်မကိုယ်ကို ရုတ်ရက် ဆွဲခွာပစ်လိုက်သည် ...။

“နင် ဘာတွေလျှောက်လုပ်မလို့လဲ ... ပြင်ဦးလွင်တစ်မြို့လုံးမှာ နင် ကိုရန်နိုင်နဲ့လက်ထပ်တော့မယ်ဆိုတာ သိနေကြပြီ ... ဟိုတယ်ဒိတ်ကအစယူထားပြီးသားလေ ... ဖိတ်စာတွေတောင် နင့်အဖေလက်ထဲရောက်နေပြီ ... တချို့ဆို ဖိတ်ပြီးသလောက်တောင်ရှိနေပြီ ...

ပြင်ဦးလွင်မှာ နင့်နာမည်ရစရာမရှိအောင်ပျက်သွားမယ် ... အဲ့ဒီလိုအဖြစ်မခံနိုင်ဘူး ... နင့်ကို နာမည်ပျက်မခံနိုင်ဘူး ခင်မင်းခ ...

လက်ထပ်ခါနီး မိန်းမတစ်ယောက်က ... တခြားယောကျ်ားတစ်ယောက်နောက် လိုက်ပြေးတယ်ဆိုတဲ့ နာမည်ဆိုးကြီး အရိပ်မည်းကြီး ... နင့်အပေါ်မဖုံးလွှမ်းစေချင်ဘူး ခင်မင်းခ ... အချစ်အတွက် နင် အဲ့ဒီလောက်မပေးဆပ်သင့်ဘူး ... မရူးသင့်ဘူး ... မစွန့်စားသင့်ဘူး ...

နင်က မိန်းကလေး ... ကိုအဂ္ဂါက


www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား ... သူက ဘာမှမဖြစ်ဘူး ... နင်ပဲ ဒီမြို့မှာ ချေပြန်မချရဲအောင် မျက်နှာမပြရဲအောင်ဖြစ် ရမှာ ... နင်မလုပ်သင့်ဘူး ခင်မင်းခ ...

နင့်အဖေရော ကိုရန်နိုင်ပါ ... အရှက် တကွဲတွေဖြစ်ကုန်မယ် ... နင့်ကို သတ်ပစ်ချင် လောက်အောင် မုန်းသွားကြမယ် ..."

ကျွန်မ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ စပါယ်က ကျွန်မဘက်မှာ မရှိပါ ...။ ပို၍သေချာသည်မှာ စပါယ်သည် ... မိန်းမတစ်ယောက်ရဲ့အချစ်ထက် ဂုဏ်သိက္ခာကို ပို၍ဦးစားပေးမည့်မိန်းမဖြစ်သည် ...။

"နင် နောင်တ,ရလိမ့်မယ် ... ငါ့ကို ကတိပေး စမ်း ... ကိုအဂ္ဂါနောက် လိုက်မသွားပါဘူးလို့ ပေးမယ်မဟုတ်လားဟင် ..."

ကျွန်မ စိတ်ပျက်နာကြည်းစွာ ခေါင်းခါ လိုက်သည် ...။

"နင် ... ငါ့ဘက်က မတွေးပါဘူး စပါယ် ... ငါ့ရဲ့ ခံစားချက်ကို နင် ကိုယ်ချင်းမစာပါဘူး ..."

"မဟုတ်ဘူး ... နင့်ကို မမှားစေချင်တဲ့စေတနာ ငါ့မှာ အပြည့်ရှိတယ်ဆိုတာ နင် ယုံထား ... တော့ ကိုအဂ္ဂါနဲ့ နင်က ဘာသာချင်းလဲ တူ





မဟုတ်ဘူး ... နင် မှားကိုမှားမယ် ... အချစ် တစ်ခုတည်းအတွက် ... နင် ထင်ရာတွေလျှောက် စိုင်းမယ်ဆိုရင် ... နင် တစ်သက်လုံးနောင်တရ လိမ့်မယ် ..."

"ငါတို့နှစ်ယောက်ကြားမှာ ဘာသာတရားအယူသည်း မှုတွေ မရှိကြဘူး စပါယ် ... အချစ် ... အချစ် တွေပဲ ရှိတယ် ..."

"အချစ် ... ဘာအချစ်လဲ ... အသုံးမကျတဲ့ အချစ်ပဲ ဖြစ်မယ် ... နင် အရှုံးထ,မနေနဲ့ ... နင့်အိမ်ကလေးကိုရော ... နင် စွန့်လွှတ်နိုင်လို့ လား ... ကိုရန်နိုင်က နင့်အတွက် နင်စိတ်တိုင်း ကျ ဆောက်ခွင့်ပေးထားတဲ့အိမ်ကလေးရဲ့မျက်နှာကို တော့ နင်ထောက်ထားသင့်တယ် ..."

ကျွန်မနှင့် စပါယ့်ကြားတွင် ... ကြီးမားသော အယူအဆကွဲလွဲမှုကြီးတစ်ခု ပေါ်ပေါက်လာခဲ့ပြီ ...။

"ကိုရန်နိုင့်ကို ငါ မချစ်ဘူး ... ငါ ဆုံးဖြတ်ပြီး သွားပြီ ... ငါ ကိုအဂ္ဂါနောက်ပဲလိုက်သွားတော့ မယ် ... ငါ့ဘဝရဲ့ ကျန်တဲ့အချိန်တွေကို ကိုအဂ္ဂါ နဲ့ပဲ အတူရှိနေချင်တယ် ..."

"နင် မလိုက်ရဘူး ခင်မင်းခ ... ကိုအဂ္ဂါနဲ့နင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသလောက်ကရဘူး ... နင် အမှားတွေ ကျူးလွန်တော့မယ် ... အချစ်ကိုဘန်းပြပြီး နင် မိုက်တော့မယ် ...

ကိုရန်နိုင့်ကိုပဲ ... ဣန္ဒြေသိက္ခာရှိရှိ နင် လက်ထပ်ရမယ် ခင်မင်းခ ... အဲ့ဒါ နင့်အတွက် အကောင်းဆုံးပဲ ကိုအဂ္ဂါကို နင် သိပ်ချစ်တာ ငါ သိတယ် ... ဒါပေမယ့် နင် သူ့ကို မေ့ပစ်ရမယ်"

ကျွန်မ ဒေါသထောင်းခနဲထွက်သွား၏ ...။ စပါယ်သည် ... ကျွန်မကို တစ်စက်ကလေးမှ ကိုယ်ချင်း မစာနာ ...။

"နင်က ငါ့ကိုအမိန့်ပေးရအောင် ... နင်က ငါ့ အမေမို့လို့လား ... မိစပါယ် ... နင့်ကို ငါ အပြီးပြောခဲ့မယ် ... ငါ့ချစ်သူနဲ့ပဲ ငါလိုက်သွားမယ် ... နင့်ကို အပြီးနှုတ်ဆက်ခဲ့တယ် ... နင့် ဆီက ဘာအကူအညီမှ ငါမတောင်းတော့ဘူး ... ဟုတ်ပြီလား ... ကျေးဇူးတင်ပါတယ် ..."

ကျွန်မ စိတ်လိုက်မာန်ပါ အော်ဟစ်ပစ်လိုက်သည် ...။ စပါယ့်ကို အခုလောက် တစ်ခါမှ စိတ်မဆိုးဘူးပါ ...။ စပါယ့်လိုမိန်းမက ... တရားသေကြီး အယူသည်းသူဖြစ်သည် ...။ ကိုရန်နိုင်နှင့်လက်ထပ်ဖို့ပဲ ... သူ အမြဲတိုက်တွန်းနားချခဲ့သည် ...။ ကိုရန်နိုင်နှင့်လက်ထပ်မှ ... ကျွန်မဘဝ မြင့်မားပြည့်စုံပြီး ...အနာဂတ် သာယာပလိမ့်မည် ... ဟု သူ အမြဲထင်မှတ်ယူဆခဲ့သည်။

ကျွန်မနှင့်ကိုအဂ္ဂါရဲ့ အချစ်တွေကို သိသိကြီးနှင့် တမင် လျစ်လျူရှု ဥပေက္ခာပြုခဲ့သည် ...။ အဲ့ဒါ ကျွန်မရဲ့ ဂုဏ်သိက္ခာအတွက်ဟု ... သူ ဆင်ခြေပေးသည် ...။

"ခင်မင်းခ ..."

စပါယ့်အော်သံကို ကျွန်မ ကျော်ခိုင်းပစ်လိုက်သည် ...။

ဒီနေ့ကစပြီး ... စပါယ်နှင့်ကျွန်မ အယူအဆမတူသူတွေအဖြစ် ဝေးကြပြီ ... ဟု တွေးလိုက်သည် ...။

စပါယ်နှင့်လည်း ဝေးမည် ...။ အဖေနှင့် ကိုရန်နိုင်နှင့်လည်း ဝေးမည် ...။

ကျွန်မ ရောက်အောင်သွားရမည့်နေရာမှာ ... ကျွန်မချစ်သူဆီသို့ဖြစ်သည် ...။







www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကျွန်မ ခြေလှမ်းတစ်ကွက် မှားသွားခဲ့ခြင်းဖြစ်သည် ...။ ကျွန်မရဲ့ လျှို့ဝှက်ချက်ကြီးကို ကျွန်မနှင့် အယူအဆချင်းမတူညီသော ... သူငယ်ချင်းထံမှာ အကုန်အစင် ဖွင့်မပြောသင့်ပေ ...။

စပါယ့်အိမ်မှ ကျွန်မ ထွက်သွားပြီး နောက် ငါးမိနစ်အကြာတွင် ... ကိုရန်နိုင့်ဆီသို့ စပါယ် ဖုန်းဆက်ခေါ်လိမ့်မည် ... ဟု ကြိုသိခဲ့ရင် ... စပါယ့်ဆီမှာ ကျွန်မရဲ့လျှို့ဝှက်ချက်ကို စိတ်လိုက်မာန်ပါ ဖွင့်ပြောမိလိမ့်မည် မဟုတ်ပါ ...။

လူနှစ်ယောက်ကို အဝေးဆုံးသို့ ဆွဲခွာပစ် လိုက်နိုင်သော အရာမှာ အယူအဆကွဲလွဲမှုသာဖြစ်ကြောင်း နောက်မှ ကျွန်မ သိခွင့်ရခဲ့ပါသည် ...။



## အခန်း(၃)

ကျွန်တော့်ရုံးခန်းသို့ .. ကျွန်တော် မထင်မှတ်သောအချိန်တွင် .. ကျွန်တော် မထင်မှတ်သော ဧည့်သည်တစ်ယောက် ရောက်ရှိလာခဲ့သည် ...။ ထိုဧည့်သည်မှာ ... သူမ၏ သူငယ်ချင်း စပါယ်ဖြစ်သည် ...။

“ကျွန်မ ရှင်နဲ့ ဆွေးနွေးစရာရှိလို့ ကိုအဂ္ဂါ ...”

စပါယ့်မျက်နှာမှာ ခပ်တည်တည်ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က နေရာပေးရင်း ...

"ပြောလေ မစပါယ် ... ထိုင်ပါဦး ... ခင်မင်းခကများ တစ်ခုခုမှာလိုက်သလားဟင် ..."

"ခင်မင်းခက မမှာပါဘူး ... ခင်မင်းခအတွက် ကျွန်မမှာတာဝန်ရှိတယ်လို့ယူဆပြီး ကျွန်မလာတွေ့တာပါ ..."

"အိုကေ ... ပြောပါ စပါယ် ..."

စပါယ်က ကျွန်တော့်မျက်နှာကို စိုက်ကြည့်လိုက်သော မျက်လုံးများတွင် ... အပြစ်တင်ရိပ် ... မကျေနပ်ရိပ် တစ်ခုခုလွှမ်းနေသည်ဟု ကျွန်တော်ခံစားလို့ရသည် ...။

"ရှင့်ကို ကျွန်မ နားမလည်တာလေး တစ်ခုရှိလို့ မေးမယ်နော် ... ရှင် ခင်မင်းခကို ချစ်တယ်ဆိုတဲ့ အချစ်အမျိုးအစားက ဘယ်လိုမျိုးလဲ ... ကျွန်မ နားမလည်ဘူး ..."

သူမမေးခွန်းကို ရုတ်တရက် ကျွန်တော်ပင် နားမလည်ပါ ...။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ ... ကျွန်တော် နားမရှင်းဘူး ... ကျေးဇူးပြုပြီး နောက်တစ်ခေါက် ထပ်ပြောပါဦး ..."





သူမက မကျေမနပ်မဲ့ဟပြုံး ပြုံးလိုက်သည်။

"အော် ... ရှင်းရှင်းလေးပါ ... ခင်မင်းခကို ရှင် ဘယ်လိုအဓိပ္ပါယ်နဲ့ ချစ်တာလဲလို့ပါ ..."

ကျွန်တော် ပခုံးတစ်ချက်တွန့်ပစ်လိုက်သည်။ ဒါ သွေးရိုးသားရိုးမေးခွန်းမျိုးမဟုတ်ပါ ...။ ထို့ကြောင့် ကျွန်တော့်အဖြေသည် လိမ္မာပါးနပ်၍ ပညာသားပါရလိမ့်မည်။

"ကောင်းပြီ ... ကျွန်တော် ဖြေတတ်သလိုဖြေမယ်နော် ... ကျွန်တော် သူ့ကိုချစ်တဲ့အချစ်ထဲမှာ သူ့အတွက် စိတ်ချမ်းသာ ပျော်ရွှင်စေခြင်းတွေ .. အနိုင်ရလိုမှုမပါတဲ့ အရှုံးပေးခြင်းသက်သက်တွေ ... သူ့အလိုဆန္ဒတွေကို ဖြည့်ဆည်းပေးခြင်းတွေ ... တောင်းဆိုမှုမပါတဲ့ပေးဆပ်ခြင်းတွေ ... နောက်ပြီး သူ့တစ်ယောက်တည်းအပေါ် ... တစ်သက်လုံး သစ္စာရှိရှိ စောင့်ရှောက်သွားချင်တဲ့ ... ရိုးမြေကျ ပေါင်းသင်းသွားချင်တဲ့အချစ်တွေပါတယ် မစပါယ်"

စပါယ်က ... သရော်တော်တော်အပြုံးမျိုး ပြုံးလိုက်ကာ ... ကျွန်တော့်ကို စော်ကားလိုသောမျက်လုံးဖြင့် စိုက်ကြည့်ခြင်းကိုခံရ၏။

"ကျွန်မနည်းနည်းထပ်ဖြည့်ပေးမယ်လေ ... ရှင့် အချစ်တွေထဲမှာ ... ခင်မင်းခကို သူ့ပြို့မှာ နာ


www.burmeseclassic.com

www.burmeseclassic.com



မည်ရစရာမရှိပျက်သွားအောင် ... ဂုဏ်သိက္ခာကျဆင်း ညှိုးနွမ်းသွားအောင် လုပ်မယ့်စေတနာမျိုးရော မပါဘူးလား ..."

ကျွန်တော့်မျက်နှာငွေးခနဲဖြစ်ကာ ထောင်းခနဲ ဒေါသထွက်သွားရ၏ ...။ ဒါ သက်သက် ရန်စတာ။

"မပါဘူး ... အသေအချာကို မပါတာ ... ကျွန်တော် သူ့ကိုချစ်တယ် ... ကျွန်တော့်ကြောင့် သူ့နာမည် ... သူ့ဂုဏ်သိက္ခာ ... ကျဆင်းသွားစရာအကြောင်း မရှိဘူး ... မြင့်မားလာဖို့ပဲရှိတယ်"

"မယုံဘူး ..."

"ခင်ဗျားယုံအောင် ကျွန်တော် ပြောနေတာမဟုတ်ဘူး ခင်ဗျား ယုံတာ မယုံတာကို ကျွန်တော် ဘယ်လိုမှ မခံစားရဘူး ... ဂရုလဲမစိုက်ဘူး ... ရှင်းတယ်နော် ..."

ကျွန်တော် ခပ်ပြတ်ပြတ်ပြောလိုက်သဖြင့် ... သူမ ဒေါသထွက်သွားပုံရပါသည် ...။

"ကျွန်မက ခင်မင်းခရဲ့ အချစ်ဆုံးသူငယ်ချင်း ... ခင်မင်းခကို တစ်ခုခုဖြစ်စေတဲ့လူကို ကျွန်မ ဘာလုပ်မယ်ထင်သလဲ ..."

ထို့နောက် မျက်လုံးများမေးကျဉ်းပစ်လိုက်ကာ





ခပ်ပြုံးပြုံးနှင့် ... "သတ်ပစ်မယ် ..." ဟု ခြိမ်းခြောက်လျှင် ... ကျွန်တော် အော်မရယ်ပစ်မိအောင် ထိန်းချုပ်ထားလိုက်ရသည် ...။ ဘယ်လိုမိန်းမမျိုးလဲဟု တွေးမိ၏ ...။

"ခင်ဗျားက ... ကျွန်တော့်ကို သတ်ပစ်မယ်ပေါ့ ဒီလိုလား ..."

"ကျွန်မပြောမယ် ... ခင်မင်းခဟာ သိပ်ရိုးသားတယ် ... သူ့ဘဝတစ်လျှောက်လုံးမှာ ... ဘာအမှားမှလဲ မကျူးလွန်ခဲ့ဘူးသလို ... ဘာအပြစ်မှလည်း မရှိခဲ့ဖူးဘူး ... နာမည်ပျက်လည်း မရှိခဲ့ဖူးဘူး ... သိပ်အပြစ်ကင်းတဲ့ မိန်းကလေး ...

မကြာခင်မှာ သူ လက်ထပ်ရတော့မယ် သူ့ကို လက်ထပ်မယ့်လူကလဲ သူ့ဘဝကို မြင့်သထက်မြင့်အောင်ထားနိုင်တဲ့ စည်းစိမ်ချမ်းသာမျိုးရှိတယ် ... အဲဒါ သူ့ဘဝရဲ့ အင်မတန် ဖြောင့်စင်းတဲ့လမ်းတစ်ခုပဲ ...

ရှင်နဲ့တွေ့ပြီးမှ ... သူ့စိတ်တွေ မယုံနိုင်လောက်အောင် ပြောင်းလဲလာတယ် ... ဆန့်ကျင်ပုန်ကန်ချင်လာတယ် ... စွန့်စားချင်လာတယ် ... ဘယ်သူ့ကိုမှ ဂရုမစိုက်ချင်တော့တဲ့ ကလေးကချေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓါတ်မျိုးဝင်လာတယ် ... လူတွေအပေါ် မကျေနပ်စိတ်တွေ ... မကောင်းမြင်စိတ်တွေ ဝင်လာတယ် ... ရှင်ကလွဲပြီး ဘယ်သူကမှ သူ့အပေါ်ကောင်းတယ်လို့ မမြင်တော့ဘူး ...

အဲဒါထက် ဆိုးရွားတာက... ရှင်နဲ့ သူ ထွက်ပြေးဖို့ ကြံစည်တဲ့ကိစ္စပဲ ... အဲဒါ ဘယ်လောက်ဆိုးသလဲ ရှင် သိရဲ့လား ... အဲဒီကိစ္စကြောင့် သူ့ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံပြောင်းလဲသွားနိုင်တယ် ... ဒီမြို့ကို သူ ပြန်မလာရဲတော့လောက်အောင် နာမည်အကြီးအကျယ်ပျက်သွားနိုင်တယ် ...

တစ်သက်လုံး အပြစ်ကင်းကောင်းမွန်ခဲ့တဲ့ ကျွန်မသူငယ်ချင်းအတွက် ကျွန်မ အစွမ်းကုန် ကာကွယ်ရလိမ့်မယ် ...

သူ့ကို ခေါ်သွားမဲ့အစီအစဉ်ကို ... ရှင်ဖျက်လိုက်ပါ ... ကျွန်မ အကောင်းဆုံးအကြံပေးတာပဲ ..."

ကျွန်တော် .. စိတ်ပျက်လက်ပျက်ဖြစ်သွားသည် ...။ တစ်ခါမှ မကြားဘူးခဲ့ပါ ...။ ကိုယ့်သူငယ်ချင်းဖြစ်သူ ... ချစ်သူနဲ့ခိုးရာလိုက်ပြေးမယ့်ကိစ္စကို





အကူအညီမပေးတဲ့အပြင် ... လာရောက်တားဆီး ပိတ်ပင်နေသော သူငယ်ချင်းမတဲ့ ...။

"ခုလို အကြံပေးတဲ့အတွက် ... ကျေးဇူးတင်ပါတယ် စပါယ် ... ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက ... ခင်ဗျားအကြံကို ကျွန်တော် လက်မခံနိုင်ဘူးဆိုတာပဲဗျာ ...

ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်တော့်ချစ်သူ တစ်သက်လုံး စိတ်ချမ်းသာပျော်ရွှင်ဖို့ ဒီတစ်လမ်းပဲ ရှိတော့တယ် ... ကျွန်တော်အများကြီးစောင့်ထိန်းခဲ့ပါသေးတယ် ... စောင့်စည်းရမယ့် လူမှုသိက္ခာတွေ အတွက်ပေါ့ ...

ဒါပေမယ့် ခုတော့ ကျွန်တော်စိတ်ပြောင်းသွားပြီ .. ကျွန်တော့်ချစ်သူကို ဘဝတစ်လျှောက်လုံးအဆုံးရှုံးခံပြီး သူများလက်ထဲ ကျွန်တော် မထည့်လိုက်နိုင်တော့ဘူး ...

ခင်ဗျားမှာ ကိုယ်ချင်းစာနာစိတ် တစ်စက်ကလေးမှမရှိဘူးနော် ... ကိုယ့်အချစ်ဆုံးသူငယ်ချင်း မချစ်မနှစ်သက်တဲ့လူနဲ့ တစ်သက်လုံးပေါင်းရတော့မယ့်ကိစ္စ ... သူသိပ်ချစ်တဲ့ချစ်သူနဲ့ဝေးရတော့မယ့်ကိစ္စကို ... ခင်ဗျားမို့လို့ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမက ထိုင်နေရာမှ ဝုန်းခနဲ ထ,ရပ်ပစ်လိုက်သည် ...။

"ကျွန်မက အရာရာကို ဦးနှောက်နဲ့ပဲတွေးခေါ်ခံစားတယ် ကိုအဂ္ဂါ ... အဓိပ္ပါယ်မရှိတဲ့ အချစ်ကို ဘာန်းပြုပြီး နာမည်ပျက်မခံနိုင်ဘူး ...

ရှင် ... စောစောကတည်းက ကိုရန်နိုင်ထက်ဦးအောင် ခင်မင်းခကို ချစ်ခဲ့ပါလား ... ကိုရန်နိုင့်မှာ အသိုင်းအဝိုင်းနဲ့၊ ဂုဏ်သရေရှိ လူကြီးတစ်ယောက်အဖြစ် လက်ထပ်ဖို့ အားလုံးလိုလေသေးမရှိ စီစဉ်ထားပြီးသား ...

ရှင့်မှာက အချစ်တစ်ခုတည်းရှိတာ ... လူသိရှင်ကြား ဘာမှလက်လွှန်သေးတာမဟုတ်ဘူး ရှင် နောက်ဆုတ်လိုက်လို့ ... ဘယ်သူမှ သိကြမှာမဟုတ်ဘူး ...

ကိုရန်နိုင့်လက်ထပ်ပွဲ ပျက်သွားရင်သာ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် အရှက်တကွဲဖြစ်ကုန်မှာ ... ခင်မင်းခလည်း နာမည်ဆိုးကြီး အရိပ်မည်းကြီး ဖုံးလွှမ်းခံရမယ် ...

ကျွန်မပြောချင်တာက ကိုယ်တစ်ယောက် စိတ်ချမ်းသာမှုရဖို့အတွက် ... တခြားလူဘက်က





ဘယ်လောက် နစ်နာထိခိုက်ခံရမလဲဆိုတာကို ရှင့်ကို ကိုယ်ချင်းစာစေချင်တာ ...

ကျွန်မ တစ်ခုပဲပြောမယ် ... ရှင်သာ ကိုရန်နိုင့်နေရာမှာဆိုရင် ... ရှင်ဘယ်လိုခံစားရမလဲ .. ခံစားကြည့်ပါ .. ခံစားကြည့်လိုက်ပါ"

ကျွန်တော် စိတ်ဓါတ်ပျက်ပြားစွာ မှန်စားပွဲပေါ် ခေါင်းမှောက်ချပစ်လိုက်မိသည် ...။

အဲဒါတွေ ကျွန်တော်သိသားပဲ ... အရင်ကတည်းက ... ကျွန်တော်ကြိုမြင်ခဲ့သားပဲ ...။ ဒါကြောင့်လည်း ကျွန်တော်တို့နှစ်ယောက်လုံး မျိုသိပ်ထိန်းချုပ်ထားခဲ့ကြတယ်လေ ...။ ဘယ်တော့မှ ဖွင့်မပြောတော့ဘူးလို့လည်း ကျွန်တော်ဆုံးဖြတ်ခဲ့တယ်လေ ...။

ဒါပေမယ့် အချစ်ဆိုတဲ့ရောဂါတကြီး အရှိန်ပြင်းစွာ ပြိုကျစီးဆင်းလာတဲ့အခါ ... ဘယ်လိုအတားအဆီး အပိတ်အပင်မျိုးနဲ့မှ တားဆီးပိတ်ကာလို့မရတော့တဲ့ သဘောပဲ ...။ ကျွန်တော်ရော ... ခင်မင်းခပါ ဘယ်လိုမှ မျိုသိပ်တားဆီးလို့ မရကြတော့ဘူး ...။

"ကျွန်မကတော့ အမှန်တရားဘက်က တရားမျှမျှ တတရပ်ခဲ့တာပါ ကိုအဂ္ဂါ ... ရှင့်ကို အတ္တကြီးတဲ့ ... တစ်ကိုယ်ကောင်းဆန်တဲ့ ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် မဖြစ်စေချင်သလို ...

ခင်မင်းခကိုလဲ ... ဣန္ဒြေသိက္ခာ မစောင့်စည်းတဲ့ ... ဂုဏ်သိက္ခာမရှိတဲ့ မိန်းမအဖြစ် ပတ်ဝန်းကျင်ရဲ့ စွပ်စွဲကဲ့ရဲ့မှုတွေအောက်မှာ နာမည်မပျက်စေချင်ဘူး ...

မိန်းမတစ်ယောက်ရဲ့ဘဝတစ်ခုလုံးမှာ တန်ဖိုးအရှိဆုံး ... အလုံခြုံဆုံး ဝတ်ရုံဟာ နာမည်ကောင်းတစ်ခုပဲ ကိုအဂ္ဂါ ...

နာမည်တစ်ခါပျက်သွားပြီးရင် အဲ့ဒီမိန်းမဟာ တစ်သက်လုံး အပြစ်တင်ခံရတဲ့မျက်လုံးတွေနဲ့သာ အကြည့်ခံရတော့တယ် ... သူဘာလုပ်လုပ် ဘယ်သူကမှ အကောင်းမမြင်ကြတော့ဘူး ...

ရှင် ... ခင်မင်းခကို ချစ်တယ်ဆိုရင် သူ့ဘဝကို ဆွဲမနှစ်ချပစ်လိုက်ပါနဲ့ ကိုအဂ္ဂါ ... ကျွန်မ တောင်းပန်ပါတယ် ..."

ကျွန်တော့် ဦးခေါင်းကို ကြေမွနေအောင်ထုရိုက်နေသလို ... စပါယ်က စကားလုံးတွေနှင့် အဆက်မပြတ် ထုနက်နေသည် ...။ ကျွန်တော်နာကျင်စွာ လူးလိမ့်တွန့်လိမ်နေခဲ့သည် ...။ လက်နှစ်ဖက်ဖြင့်ကာကွယ်ကာ ကျွန်တော်အက်ကွဲစွာ ရေရွတ်လိုက်သည် ...။





"ကျွန်တော်လဲ တောင်းပန်ပါတယ် စပါယ် ... ကျေးဇူးပြုပြီး .. ဘာမှဆက်မပြောပါနဲ့တော့ ထွက်သွားပါတော့ ... သွားပါတော့ ..."

သူမ ချာခနဲလှည့်ထွက်သွားသည့် ခြေသံမှာ အနိုင်ရသူတစ်ယောက်လို ပြင်းထန်နေသည် ...။ ကျွန်တော်က အလဲလဲအပြိုပြို ကျန်ရစ်ခဲ့ရသူဖြစ်လေသည် ...။

တစ်ပတ်မပြည့်သေးခင် ... ကိုရန်နိုင် အလောတကြီး ပြန်ရောက်လာသောအခါ ... ကျွန်မ အံ့သြတုန်လှုပ်စွာသိလိုက်ရသည်မှာ ... ဒါ စပါယ့်လက်ချက်သာ ဖြစ်ရမည်ဟူ၍ဖြစ်သည် ...။ စပါယ်နှင့်ကိုရန်နိုင်သည် ကျွန်မထက်တောင် ပို၍ ရင်းနှီးနေသေးသည်။

"ကိစ္စရှိလို့လား ..."

သူ ရုတ်တရက် ပြန်ရောက်လာတာကို ကျွန်မက မသင်္ကာဟန်ဖြင့် မေးလိုက်သည် ...။

"ကိစ္စရှိတာပေါ့ ... စပါယ်ဖုန်းဆက်လို့ ..."



www.burmeseclassic.com

www.burmeseclassic.com


သူ့မျက်နှာမှာ ဒေါသကို မျိုသိပ်ထားရသော မျက်နှာဖြစ်သည် ..။ ကျွန်မက သူငယ်ချင်းရဲ့သစ္စာဖောက် ခြင်းကိုခံလိုက်ရပြီဖြစ်သည့်အတွက် .. နာကျင်သွားသည်။

"စပါယ်က ဘာကိစ္စ ဖုန်းဆက်ရတာလဲ ... ဘာ တွေပြောလို့လဲ ..."

သူက မဲ့ပြုံးပြုံးလိုက်ကာ ...

"အဲဒါတွေ ထားပါလေ ... ကိုယ်ပြောပြနေစရာ မလိုပါဘူး ... ကိုယ်ဖွင့်ပြောလဲ မင်းငြင်းမှာပဲ ငြင်းလို့ရနေတာပဲ ... ဒီတော့ ကိုယ် မင်းနဲ့ ရန်မ ဖြစ်ချင်ဘူး ... တစ်ခုပဲပြောမယ် ... မင်းစိတ် ကူးတွေကို ဖျက်ပစ်လိုက်ပါ ... ဒါပဲ ..."

သူက ပြောပြောဆိုဆို ဆိုဖာဆက်တီပေါ် ဆောင့်ကြီးအောင့်ကြီး ပစ်ထိုင်ချလိုက်ကာ ... အသက်ကို ခပ်ပြင်းပြင်းရှူနေသည် ...။

ကျွန်မ သူ့မျက်နှာကို စိတ်ရှုပ်ထွေးစွာ ကြည့် ရင်း တုန်လှုပ်ချောက်ချားနေချိန်တွင် ... အဖေ ရောက် လာခဲ့သည်။

"ဟော့ ... မောင်ရန်နိုင် ရောက်နေပါလား ... ဒီတစ်ခေါက် မြန်လှချည်လားကွ ... အရေးတကြီး ကိစ္စများရှိလို့လား ..."



သူက မျက်လုံးဖွင့်ကြည့်ကာ ... အဖေ့ကို ရင်ဆိုင်လိုက်သည် ...။ သူတစ်ခုခု ပြောလိုက်မှာ စိုးရိမ် စိတ်ဖြင့် ... ကျွန်မက လက်ချောင်းကလေးများကို အချင်း ချင်း ပွတ်သပ်ချိုးလိမ်နေမိကာ ရင်တမမဖြစ်နေသည် ...။ အဖေ ကျွန်မကို နဘာန်မကျင်းတာ အတော်ကြာနေပြီ ...။ အသားနာခံရမှာ သိပ်ကိုကြောက်ရွံ့နေပြီ ...။

"အင်း ... ကိစ္စတော့ မရှိပါဘူး အန်ကယ်လ် လက်ထပ်ဖို့ တစ်လလောက်ပဲလိုတော့တယ်လေ ဒါကြောင့် ... ကျွန်တော် ရန်ကုန်မှာ အလုပ်တွေ အကုန်လွှဲပစ်ခဲ့တယ် .. ပြင်ဦးလွင်မှာပဲ ... အေး အေးဆေးဆေး အနားယူရင်း ကျွန်တော် လက်ထပ်ဖို့ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရတော့မယ်လေ ... ဒါကြောင့် ပြန်လာတာ ..."

"အေးကွာ ... ကောင်းတာပေါ့ ... ငါနဲ့ သောက် ဖော်ရပြီပေါ့ ... မင်းပြန်သွားရင် ... ငါတစ် ယောက်တည်းသောက်ရတာ ပျင်းစရာကြီးကွာ"

ကျွန်မ စိတ်ဓါတ်တွေ အကြီးအကျယ်ကျဆင်း သွားတော့သည် ...။ ဒီပုံအတိုင်းဆို လက်ထပ်ချိန်အထိ သူ ရန်ကုန်မပြန်တော့ဘဲ ... ဒီမှာပဲ ကျွန်မအနားမှာ တောက်တဲ့ကပ်သလို တွယ်ကပ်နေတော့မည် ...။ အဲဒါဆို


www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ သွားပြီ ...။ ကျွန်မအဖို့ လွတ်လမ်းမမြင်တော့ပေ ...။

ကျွန်မစိတ်ထဲက ... စပါယ့်ကို အခုလောက်တစ်ခါမှ မုန်းတီးစွာ မဆဲရေးခဲ့ချေ ...။ အိမ်ရှေ့သို့ အမြန်ထွက်လာကာ ... ကျွန်မ စပါယ့်ထံ ဖုန်းခေါ်ခဲ့သည်။ ကျွန်မစိတ်တွေ နာကျင်ခါးသီးမှုနှင့် ယောက်ယက်ခတ်နေသည် ...။

"ဟယ်လို ..."

လာကိုင်သူမှာ စပါယ်ကိုယ်တိုင်ပဲဖြစ်သည်။ ကျွန်မသည် တိုးတိတ်မာကျောသောအသံဖြင့် စပါယ့်ကို ပြောလိုက်သည် ...။

"သစ္စာဖောက်မ ... စပါယ် ... နင့်ကို ဒီနေ့ကစပြီး ... ငါရဲ့သူငယ်ချင်းအဖြစ်က စွန့်လွှတ်လိုက်ပြီ ... ငါ့စာရင်းထဲမှာ နင်မရှိတော့ဘူး ... နားလည်လား ..."

သူမ တစ်ခုခုပြန်မပြောနိုင်ခင် ကျွန်မက ဒုန်းအောင် ဖုန်းကိုဆောင့်ချပစ်လိုက်သည် ...။

ကျွန်မစိတ်ထဲ သည်းထန်စွာ ငိုကြွေးပစ်ချင်လာသည် ...။ ဖုန်းကိုချပြီး ... ကိုယ်ကိုအလှည့်တွင် ကျွန်မကို စိမ်းစိမ်းစူးစူးကြီး စောင့်ကြည့်နေသည့် မျက်လုံးတစ်စုံနှင့် ရင်ဆိုင်လိုက်ရသဖြင့် ... ကျွန်မ အသည်းထိတ်သွားသည် ...။

ကိုရန်နိုင်ရဲ့ မျက်လုံးများဖြစ်သည် ...။ သူ့မျက်လုံးများမှာ ... စူးရှတောက်ပြောင်ကာ ... ကျွန်မ ထွက်မပြေးနိုင်အောင် ချောင်ပိတ်ထားမည့်မျက်လုံးများဖြစ်သည် ...။ ဘုရားရေ ... အဲ့ဒီမျက်လုံးတွေနဲ့ တစ်သက်လုံး ကျွန်မ အကြည့်ခံရတော့မှာလား ...။ အဲ့ဒီလောက် မွန်းကြပ်စိတ်ပျက်ဖွယ်ကောင်းတဲ့ မျက်လုံးတွေအောက်မှာ ... အသက်ရှူလို့တောင်မဝတဲ့ ကျွန်မ မြုပ်နေရတော့မှာလား ...။

ဟင့်အင်း ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ ကျွန်မ အံတစ်ချက်ကြိတ်လိုက်သည် ...။ ထိုအချိန်မှာ ဖုန်းသံမြည်လာသည် ...။ ကျွန်မတစ်ကိုယ်လုံး တုန်ခနဲဖြစ်သွား၏ ...။ ဒါ ... စပါယ်ပြန်ဆက်သော ဖုန်းဖြစ်ရမည် ...။

"ဖုန်းကိုင်လိုက်လေ ..."

"ဟင့်အင်း ..."

ကျွန်မ ဖုန်းနှင့်ဝေးရာသို့ ... မပြေးရုံတယ် ... ခပ်သွက်သွက်ခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။

"ဒြော် ... ခင်မင်းခ နယ် ..."







www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ချက်ရေရွတ်ကာ ... ဖုန်းကို သွားကိုင်သည် ...။ စပါယ်သည် ... ကိုရန်နိုင့်ကို ဘာတွေများ ကုန်းတိုက်ဦးမှာပါလိမ့် ...။ စပါယ်သည် ကျွန်မလူမဟုတ်တော့ ...။ ကိုရန်နိုင့်လူဖြစ်သွားပြီ ...။ သေချာတာကတော့ စပါယ်သည် ... ငွေမက်သောမိန်းမသာ ဖြစ်ရမည် ...။

ကျွန်မ ခြေစုံရပ်လျက် ... သူတို့ဘာပြောမလဲ စောင့်နားထောင်လိုက်မိသည် ...။ ကျွန်မ အကြီးအကျယ် မှားယွင်းသွားပါသည် ...။

"ဟယ်လို ... အင်း ... ပြော ... ကိုအဂ္ဂါလား ခင်ဗျား ဖုန်းဆက်ဖို့ ဘာအကြောင်းရှိလို့လဲ လိုအပ်တဲ့ ငွေကြေးကိစ္စတွေ ခင်ဗျားနဲ့ကျွန်တော် အပြီးရှင်းပြီးသားလေဗျ ..."

ကျွန်မတစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားကာ အသက်ရှူဖို့ မေ့လျော့သွားတော့သည် ...။

"ကျွန်တော် ခင်ဗျားကို သတိပေးလိုက်မယ် ... ဒီနေ့ကစပြီး အိမ်ကိစ္စနဲ့ပတ်သက်သမျှအားလုံး ကျွန်တော်နဲ့ပဲ ရင်ဆိုင်ဖြေရှင်းပါ ...။ ခင်မင်းခနဲ့ ဘာမှမပတ်သက်တော့ဘူး ... ကျွန်တော်ပြောတာ နားလည်တယ်နော် ...





ကျွန်တော် ခုအချိန်ကစပြီး .. လက်ထပ်မယ့်နေ့အထိ ... ဒီမှာပဲရှိမယ် ... ဘာကိစ္စမဆို ကျွန်တော်နဲ့ပဲပြောပါ ..."

ကျွန်မ နှုတ်ခမ်းများ တဆတ်ဆတ်တုန်ရင်လာသည် ...။ ဘာဖြစ်လို့ ဒီလောက်ဆိုးရွားတဲ့အခြေအနေအဖြစ်ကို ပြောင်းလဲသွားခဲ့တာပါလိမ့် ...။ ကိုရန်နိုင့်အသံမှာ အေးစက်မာကြောနေသည် ...။

"ခင်ဗျားသိထားဖို့က အဲ့ဒီအိမ်က ... ကျွန်တော့်အိမ် ... ဟုတ်ပြီနော် ... အိုကေ ... ခင်မင်းခနဲ့ ဘာမှမဆိုင်ဘူး ... သူနဲ့ တိုက်ရိုက်ပြောခွင့် ခင်ဗျားမှာ ဘာမှမရှိတော့ဘူး ... ကျွန်တော့်အိမ်ကိစ္စ ... ကျွန်တော်ပဲပြောရမယ် ...

အဲ့ဒီအတွက် ခင်ဗျားမကျေနပ်ရင် ... အိမ်အလှဆင်မှုကို ခုချက်ချင်းရပ်ပစ်လိုက်နိုင်တယ် ဟုတ်ပြီလား ..."

"... ... ..."

တစ်ဖက်က ကိုအဂ္ဂါက တစ်ခုခုတောင်းဆိုနေပုံရပါသည် ...။ ကျွန်မနှင့်ပြောဖို့ တောင်းဆိုနေတာပဲဖြစ်ရမည် ...။

"ခင်မင်းခ ဆန္ဒကို ဘာမှမေးစရာမလိုတော့ဘူးဗျ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆန္ဒဟာ ခင်မင်းခရဲ့ဆန္ဒပဲပေါ့ ... သူ
က ကျွန်တော့်မိန်းမပဲဖြစ်ရတော့မှာ ...”

ကိုရန်နိုင်က ဖုန်းခွက်ကို အသံမြည်အောင် ဆောင့်ချပစ်လိုက်သည် ...။ ပြီးတော့ ကျယ်လောင်စွာ တက်ခေါက်လိုက်လေသည် ...။

ကျွန်မရင်ထဲသို့ ... မီးစ,တွေ အထည့်ခံရသလို ... ပူလောင်လျက်ရှိသည် ...။ ရင်ထဲတွင် လောင်မြိုက်မှုတစ်ခုကလွဲပြီး ဗလာကျင်းနေသည် ...။

အခန်းထဲသို့ ကျွန်မ သွေးရူးသွေးတန်းပြေးဝင်လာပြီး ... သည်းထန်စွာ ငိုကြွေးမိလေသည် ...။ ကျွန်မဘဝတွင် ... အခုလောက် ဝမ်းနည်းထိခိုက်ရတာမျိုး တစ်ခါမှ မကြုံဘူးခဲ့ ...။

ကိုအဂ္ဂါရဲ့ သိမ်မွေ့ညင်သာမှုကို ကျွန်မ ချစ်သည် ...။ ကိုရန်နိုင့်ရဲ့ ပိုင်စိုးပိုင်နင်းဆန်မှုကို ကျွန်မ သိမ်မှန်းသည် ...။ ကျွန်မကို ကိုအဂ္ဂါက လူသားတစ်ယောက်လို တန်ဖိုးထား နူးညံ့စွာဆက်ဆံတတ်ပြီး ... ကိုရန်နိုင်က သူ ဝယ်ယူထားသော တိရစ္ဆာန်တစ်ကောင်လို ကြမ်းတမ်းစွာ ဆက်ဆံသည် ...။

ကျွန်မ ခိုင်မြဲစွာ ဆုံးဖြတ်ချက်ချလိုက်သည်။ လောကတွင် ... ကျွန်မအတွက် အကောင်းဆုံးလူမှာ ကိုအဂ္ဂါပဲဖြစ်သည် ...။ ကျွန်မချစ်သူတစ်ယောက်သာ ... ကျွန်မအတွက် ကိုးကွယ်ရာဖြစ်သည် ...။







www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

ထိုအိမ်ကလေးသို့ ... ရောက်လာရသည့်အကြိမ်ပေါင်းများစွာတွင် ... ယခုအကြိမ်တွင် ကျွန်မအတွက် နာကျင်ခါးသီးမှု အပြင်းထန်ဆုံး ဖြစ်လေသည် ...။

ကိုရန်နိုင်သည် ... ကျွန်မလက်ကို ကျွန်မရုန်းမရအောင် တင်းတင်းဆုပ်ကိုင်ထားသဖြင့် ... နာကျင်မှုသည် ... လက်ကောက်ဝတ်ဆီကနေ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးပုံနှံ့လွှမ်းမိုးထားခဲ့သည် ...။ ကျွန်မလက်ကို ကိုင်ထားသော ... ကိုရန်နိုင့်လက်သည် ... ခွေးတစ်ကောင်ကို လည်ပင်းကနေ သံကြိုးနဲ့ဆွဲချည်ပြီး ... ဆွဲလျှောက်လာသည့် ပိုင်ရှင်တစ်ယောက်၏ လက်များကဲ့သို့ ဖြစ်နေသည် ...။ သူ့မျက်နှာမှာ ... အလှဆုံးခွေးတစ်ကောင်ကို ပိုင်ဆိုင်ထားရသည့်အတွက် ... ဂုဏ်တက်ဝင့်ကြွားသောအပြုံးမျိုးဖြင့် တောက်ပနေသည် ...။

ကျွန်မတို့ ဝင်လာသည်ကို လှမ်းကြည့်လိုက်သော ... ကိုအဂ္ဂါရဲ့မျက်လုံးကလေးတွေထဲမှ ... နှမြောကြေကွဲခြင်း ... စိတ်ထိခိုက်အားငယ်ခြင်းများကို ကျွန်မကူးစက်ခံစားလိုက်ရပါသည် ...။ ကိုအဂ္ဂါ့အကြည့်ကြောင့် ကျွန်မရင်ထဲ နာကျင်ထုံထိုင်းသွားသည် ...။ ထိုအကြည့်ကြောင့်ပင် ... ကျွန်မ ဘာလုပ်သင့်သည်ကို သိရှိသွားခဲ့ရလေသည် ...။ ကျွန်မက ... ကိုရန်နိုင့်လက်ထဲမှ တအားဆောင့်ရုန်းထွက်ပစ်လိုက်မိသည် ...။ ထိုအတွက် ကိုရန်နိုင်က အငြိုးပိုကြီးသွားပုံရပါသည် ...။ သူသည် အံတစ်ချက်ကြိတ်လိုက်ကာ ... ကျွန်မကို နစ်ဝင်ထွင်းဖောက်သည့်အကြည့်တစ်မျိုးဖြင့် စိုက်ကြည့်လိုက်တာကို ခံရသည် ...။

ထိုအကြည့်ထဲတွင် မကျေနပ်ခြင်းများ ...





ဒေါသအမျက်ထွက် ရန်မူလိုခြင်းများ ပြည့်သိပ်စွာပါဝင်ပါသည် ...။

ကျွန်မက ကိုရန်နိုင့်အကြည့်ကို ဂရုမစိုက်ဘဲ ကိုအဂ္ဂါကို ပြုံးပြနှုတ်ဆက်လိုက်သည် ...။

"ကားဝယ်ထားပြီးပြီလား ကိုအဂ္ဂါ ... ကိုအဂ္ဂါဝယ်မယ်ပြောထားတဲ့ကားလေ ..."

သာမန်စကားလို့ ကိုရန်နိုင်အဖို့ ထင်ရမည်ဖြစ်သော်လည်း ... 'ကိုအဂ္ဂါကတော့ ကျွန်မစကားရဲ့ အဓိပ္ပါယ်အထာကို ကောင်းစွာ သဘောပေါက်ပါလိမ့်မည်။

"အင် ... ဝယ်ထားပြီးပြီ ခင်မင်းခ ..."

သူက ခပ်အေးအေးပင် ပြန်ဖြေသည် ...။ အသေအချာစိုက်ကြည့်မိမှ ... ကိုအဂ္ဂါနှုတ်ခမ်း[illegible] လျှို့ဝှက်နူးညံ့စွာပြုံးနေတာကို မြင်ရမည်ဖြစ်သည် ...။ ကျွန်မက သူ့ကို သေချာစိုက်ကြည့်မိသူဖြစ်သောကြောင့် ထိုအပြုံးကို မိမိရရပင် မြင်မိပါသည် ...။ ကျွန်မ စိတ်ထဲ လှုပ်ရှားပျော်ရွှင်သွား၏ ...။

"အိမ်ကလေးက အတော်လှသွားပြီနော် ... အနုပညာလက်ရာကို မြောက်နေတာပဲ ..."

ကျွန်မက တစ်အိမ်လုံးကို အထပ်ထပ်လိုက်ကြည့်သည် ...။ နေရာတိုင်းတွင် ကိုအဂ္ဂါရဲ့ ဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့သော အငွေ့အသက်များဖြင့် တောက်ပနေသည်။ ဒီအိမ်ကလေးကို ကျွန်မ သိပ်ချစ်ပါသည် ...။ မစွန့်လွှတ်ရက်လောက်အောင် ... မက်မောတန်ဖိုးထားပါသည်။ သို့သော် ... ထိုမျှအံ့သြဖွယ်စွဲဆောင်မှုရှိသော အိမ်ကလေးကို ... ကျွန်မသိပ်ချစ်သော လူငယ်ကလေးနှင့်ယှဉ်လိုက်သောအခါ ... ကျွန်မ ပို၍ မက်မောစွဲလမ်းသူမှာ ကျွန်မ၏ လူငယ်ကလေးဖြစ်သွားတော့သည် ...။ ကျွန်မ,ချစ်သူအပေါ် ... မက်မောချစ်ခင်မှုကို ... ဘယ်လိုမက်မောမှုကမှ လိုက်မမီတော့ ...။ ဘယ်အရာကမှ ... ကျွန်မကို ကိုအဂ္ဂါလောက် မစွဲဆောင် နိုင်တော့ပေ ...။ ကမ္ဘာကြီးပေါ်တွင် ကျွန်မအလိုချင်ဆုံးမှာ ကျွန်မရဲ့ချစ်သူသာဖြစ်သည် ...။

အိမ်ကလေးထဲမှာ ... နှစ်သက်ဖွယ်အကောင်းဆုံးကတော့ ... "ပန်းနုနှင်းဆီ ..." "ဖြူလွသစ္စာ" "ပြာလွင်မမေ့ ..." ဟု အမည်တပ်ထားသော အခန်းသုံးခန်းဖြစ်သည် ...။ ထိုအခန်းသုံးခန်းကို ကျွန်မက မက်မောသောအပြုံးဖြင့် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ကြည့်နေသလောက် ... ကျွန်မနောက်ကနေ မဲ့ပြုံးတစ်ခုဖြင့် ပါလာသူမှာ ကိုရန်နိုင်ဖြစ်သည် ...။

"ရှစ်(ထ်) ..."





ဟု သူက တိုးတိုးဆဲရေးသေး၏ ...။ ရှစ်ပြီးတော့ ... ကိုး ... တစ်ဆယ်ပေါ့ ... ဟု ကျွန်မက စိတ်ထဲက ခံပက်လိုက်သေးသည် ...။ အလကား အနုပညာကို တန်ဖိုးမထားတတ်တဲ့လူ ...။ ငွေရှိတိုင်းရိုင်းပြီးဆဲဖို့လောက်သာ နားလည်သူ ...။

"ပြာလွင်မမေ့ .." အခန်းကလေးထဲ ကျွန်မဝင်လာခဲ့သည် ...။ ကျွန်မနောက်မှ ကိုရန်နိုင်ပါလာသေးသဖြင့် ကျွန်မ စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်နေသည်။

"ဒီအခန်းက ဘာအဓိပ္ပါယ်လဲ ပြာလွင်မမေ့ဆိုတာ"

သူက အခန်းတံခါးကို ဝုန်းခနဲဆောင့်ပိတ်လိုက်သည် ...။ ကျွန်မက သူ့ကို လှည့်မကြည့်ဘဲ အဖြေပေးလိုက်သည် ...။

"Forget - me - nots ပန်းတွေရဲ့အဓိပ္ပါယ်ပေါ့ .."

"ဩော ... ဩော ... ဒီလိုကိုး ... ကောင်းပြီ မမေ့ချင်းမမေ့ရရင် ... မင်း မမေ့ရမယ့်သူဟာ ကိုယ်ပဲဖြစ်ရမယ် ... နားလည်ပြီလား ..."

သူ့အသံမှာ ဒေါသဖြင့် လောင်မြိုက်နေသည်။ ကျွန်မ မမျှော်လင့်ခင်မှာပင် ... သူက ကျွန်မကို နောက်ကျောဘက်ကနေ တင်းကျပ်စွာ သိုင်းဖက်ပစ်လိုက်တာကို အငိုက်မိကာခံလိုက်ရသည် ...။ ရုတ်တရက် ကျွန်မ တုန်



www.burmeseclassic.com

www.burmeseclassic.com

လှုပ်သွားပြီး ... သူ့လက်ထဲမှ အားကုန်ဆောင့်ရုန်းပစ်သည် ...။ သို့သော် ခွန်အားချင်းမမျှသောကြောင့် ... ကျွန်မ ဘယ်လိုမှ ရုန်းမရပါ ...။

"ရှင် ... ရှင်ဘာလုပ်တာလဲ ကိုရန်နိုင် ... ရှင်မယုတ်မာနဲ့နော် ... ကျွန်မကို လွှတ် ... ခု လွှတ် ... ရှင် လူ မဟုတ်ဘူး ... ခွေးတစ်ကောင်လိုပဲ ကျင့်ကြံတယ် ... ခွေးသားကြီး"

ကျွန်မက ဆဲရေးကာ ရုန်းသည် ...။ သူက ကျွန်မ ရုန်းထွက်မရအောင် ချုပ်နှောင်ထားပြီး ... ကျွန်မကို အတင်းနမ်းဖို့ ကြိုးစားသည် ...။ ကျွန်မ တအားအော်ပြီး ခေါင်းကို ခါယမ်းတမ်းရှောင်နေရသည် ...။ ကျွန်မလက်တွေ ... ကျွန်မရဲ့ဆံပင်တွေ ... ကျွန်မရဲ့လည်ပင်းတွေ နာကျင်လာသည် ...။ အဲဒါထက် ပိုနာသည်မှာ ရင်ထဲက နာကျင်မှုပင်ဖြစ်သည် ...။

"မင်းဟာ ... ကိုယ် တန်ဖိုးရှိရှိသိမ်းပိုက်တာကို ဂုဏ်သိက္ခာရှိရှိ ခံချင်တဲ့မိန်းမမှ မဟုတ်ဘဲ ... အမေကျော်ပြီး ခွေးတော်ကို လွှမ်းချင်နေတဲ့မိန်းမလေ ...

မင်း ... ငါ့ကို ဒူးထောက်တောင်းပန်ပြီး ... ကျွန်မကို လက်ထပ်ပါတော့လို့ အရှုံးပေး





လာအောင် ငါလုပ်ပြမယ် ... ငါလုပ်နိုင်တယ်ကွ နားလည်လား ..."

ကျွန်မ အစွမ်းကုန်အော်ဟစ်ရုန်းကန်ပစ်ရင်း အရှုံးပေးရတော့မလို ဖြစ်လာသည် ...။ အားအင်ကုန်ခမ်း မောဟိုက်လာသည် ...။

"ကိုအဂ္ဂါ ... ကျွန်မကို ကယ်ပါ ... ကိုအဂ္ဂါ"

ကျွန်မ အာခေါင်ကိုခြစ်ပြီး ကုန်းအော်သည်။ ကိုရန်နိုင် ပို၍ဒေါသထွက်သွားပုံရသည် ...။ ကျွန်မကို ချုပ်ကိုင်ထားသောလက်တွေ ပို၍သန်မာအားကောင်းလာသည် ...။

"ကိုအဂ္ဂါ ..."

ကျွန်မ နာကျင်စွာ မျက်ရည်တွေကျလာခဲ့သည် ...။ ကျွန်မတစ်ကိုယ်လုံး နာကျင်မှုတွေ လွှမ်းမိုးနေသည် ...။ ခါးသီးမှုတွေ ဖုံးအုပ်နေသည် ...။ ခေါင်းကိုတအားခါယမ်းပစ်ကာ ငြင်းဆန်နေရသည် ...။

"ကိုအဂ္ဂါ ..."

ကျွန်မအသံမှာ တဖြည်းဖြည်း တိမ်ဝင်သွားတော့သည် ...။ ဝမ်းနည်းစိတ်ထိခိုက်လွန်းသဖြင့် တစ်ကိုယ်လုံးတုန်ရင်နေသည် ...။

သူ့ကို ကျွန်မ အရှုံးပေးလိုက်ရတော့မလိုဖြစ်


www.burmeseclassic.com

www.burmeseclassic.com


သွားချိန်တွင် ... အခန်း တံခါးသည် ဝုန်းခနဲ ...ပွင့်သွားသည် ...။ တံခါးဝတွင် ... ကိုအဂ္ဂါ ... ပေါ်လာသည်။

ကျွန်မ ဆံပင်ရှည်တွေ ... အဝတ်အစားတွေ ဖရိုဖရဲရှုပ်ထွေးလျက် ... ကိုအဂ္ဂါကို အားကိုးတကြီးလှမ်းကြည့်မိကာ ... သည်းသည်းထန်ထန် ငိုကြွေးမိတော့သည် ...။ ကိုအဂ္ဂါမျက်နှာတစ်ခုလုံး နာကျင်စိတ်ထိခိုက်ခြင်းတွေ လွှမ်းခြုံထားသည် ...။ မျက်နှာတစ်ပြင်လုံး နီရဲတောက်ပလျက် ... မျက်လုံးများမှာ ဒဏ်ရာရထားတဲ့ သားကောင်လို စူးရှပြောင်လက်နေသည် ...။ သူ့လက်သီးများ ကျစ်ကျစ်ဆုပ်ထားသည် ...။

ကျွန်မ ရက်ရွံ့စွာ ချောင်မှာ ကုပ်ပြီး မျက်နှာကို လက်ချောင်းများဖြင့် အုပ်ကွယ်ထားလိုက်သည် ...။ ဘယ်လောက်ရှက်စရာ ကောင်းထားတဲ့ အဖြစ်လဲလို့ ...။

"ခင်ဗျားနဲ့ ဘာဆိုင်လို့ ရောက်လာတာလဲ ကိုအဂ္ဂါ ခုထွက်သွားပါ ... ခင်ဗျားကို ကျွန်တော် အလိုမရှိဘူး ... ထွက်သွား ..."

ကိုရန်နိုင်က ရိုင်းပျစွာ မောင်းထုတ်လိုက်သည်။

"ကိုယ်ရမယ်သေချာနေတဲ့ အရုပ်လေးတစ်ရုပ် ...



ကိုယ့်ကို ဘာမှပြန်မလုပ်နိုင်တဲ့ ရုပ်သေးရုပ်ကလေးတစ်ရုပ်ကို ... ခင်ဗျား ဘာကြောင့်များ ... အတင်းအဓမ္မ အနိုင်ကျင့် သိမ်းပိုက်လုယူချင်ရတာလဲ ကိုရန်နိုင် ... ရှက်စရာကြီးဗျာ ... ပြီးတော့ ဒီပွဲက ဘယ်လိုမှကြည့်မကောင်းတဲ့ မတရားပွဲကြီးပဲ ကျွန်တော် ငြိမ်ခံနေလို့ မဖြစ်ဘူးဗျ ..."

သူ့ အသံတွင် ဒဏ်ရာများဖြင့် အက်ကွဲ ဆို့နစ် နေခဲ့သည် ...။ ကျွန်မ ပို၍ ဝမ်းနည်း ရှက်ရွံ့သွားတော့သည် ...။ ကိုရန်နိုင်က ဒေါသတကြီး ဝုန်းခနဲ ခုန်ထကာ ...

"မင်း ငြိမ်မခံတော့ ငါက သောက်ဂရုစိုက်ရမှာလား မင်းက ဘာအဆင့်ရှိလို့ ငါတို့လင်မယားကိစ္စထဲ ဝင်ပါလာရတာလဲ ... အလကား ကြောင်သူတော်ကြွက်သူခိုး ... ပွဲလန့်တုန်း ဖျာခင်းချင်တဲ့ကောင် မင်းကို ငါ မယားခိုးမှုနဲ့ တရားစွဲပစ်နိုင်တယ်ကွ ဒုဿနသောရဲ့ ..."

ဟု ပျစ်ပျစ်နှစ်နှစ် ဆဲရေးနေသည် ...။

"လင်မယား ... ဟုတ်လား ... ခင်ဗျား မရှက်ဘူးလား ... လက်ထပ်ရသေးဘဲနဲ့ သေချာလှချည်လားဗျ ... ကံကြမ္မာကို ခင်ဗျား


www.burmeseclassic.com

www.burmeseclassic.com



အပိုင်တွက်မထားနဲ့ ကိုယ့်လူ ... ကံကြမ္မာက ခင်ဗျားဘက်မှာ အမြဲမရှိနိုင်ဘူး ... လက်ထပ်ခါနီး မယားတ,ရူးတွေ ... အရူးထောင်ထဲမှာ အပုံကြီးပဲ ... မယုံရင် သွားကြည့်ဦး ..."

"ဟာ ... ဒီ ခွေးသား ..."

ကိုရန်နိုင်က ... ကိုအဂ္ဂါကို အရင်ဆုံး လက်သီးနှင့် စ,ထိုးတာဖြစ်ပါသည် ...။ ကိုအဂ္ဂါကလည်း မခံ ...။ တစ်ယောက်တစ်ပြန်စီ ထိုးကြိတ်သတ်ပုတ်ကာ လုံးထွေးနေသည် ...။ ကျွန်မရင်ထဲ ကြွက်ကြွက်ပူလောင်ကာ ... အလန့်တကြားဖြင့် ... သူတို့ရန်ပွဲကို မင်သက်မိ ငေးမောနေမိလေသည် ...။

ရန်ပွဲမှာ ... တစ်စထက်တစ်စ ပို၍ပြင်းထန်လာပါသည် ...။

"ကယ်ပါဦး ... ဒီမှာ သတ်ကုန်ပြီ ..."

ကျွန်မ အော်ဟစ်မှုကြောင့်ရယ် ... ကမ္ဘာပြိုမတတ် ဝုန်းဒိုင်းကြဲနေမှုကြောင့်ရယ်ကြောင့် ... အလုပ်သမားအချို့ ပြေးတက်လာကာ ... အတင်းဝိုင်းဆွဲတားမြစ်ကြသည် ...။ လူတွေဝိုင်းဆွဲထားတဲ့ကြားက နှစ်ယောက်လုံး ဒေါသအိုးပေါက်ကွဲကာ ရှူးရှူးရှားရှားဖြစ်နေသည် ...။





ကိုအဂ္ဂါနှုတ်ခမ်းနှင့် နှာခေါင်းထဲမှ သွေးတွေ ...း ကျနေသည် ...။

"မင်း ... ငါ့အိမ်ထဲက ခုထွက်သွား ဟောကောင် မင်းမျက်နှာကို ငါ မကြည့်ချင်ဘူး၊ အလကား မယားခိုး ..."

"ခင်ဗျား ပါးစပ်ပိတ်ထားလိုက် ... ခင်ဗျားကို ကျုပ် သတ်မိလိမ့်မယ် ..."

"မင်း ... ငါ့အကြောင်း ကောင်းကောင်းသိစေရမယ် ... လင်ရှိမယားကို ပြစ်မှားတဲ့ကောင် ... ဒုဿနသောနဲ့ ငရဲအိုးချိုးကပ်မယ် ..."

"တောက် ..."

ကိုအဂ္ဂါ ချာခနဲလှည့်ထွက်သွားသည် ...။ ...န်မ ... ရှိုက်ကြီးတင် ငိုချလိုက်မိလေသည် ...။ ...ပုံအလယ်မှာ အပြောခံရသဖြင့် ... ကိုအဂ္ဂါ ပိုရှက် ...းမှာ သေချာပါသည် ...။ ကိုရန်နိုင်က မပြီးနိုင်မစီး အမျိုးမျိုးဆဲရေးနေသေးသည် ...။

"အဲဒါ ... ဘယ်သူ့အပြစ်မှ မဟုတ်ဘူး ... မင်းအပြစ် နားလည်လား ခင်မင်းခ ... ငါနဲ့ လက်ထပ်ရမယ်ဆိုတာ သိရက်နဲ့ ငါ့ကိုသစ္စာဖောက်ချင်တဲ့အပြစ် ... မင်း ဘယ်လိုမိန်းမလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... မင်းဟာ မင်းအဖေပြောသလိုပဲ ... ဂြိုဟ်မွှေတဲ့မိန်းမပဲ ... ငါ့ကို အရှက်ကွဲအောင်လုပ်ဖို့တော့ ... မင်း မကြိုးစားနဲ့ ... မရဘူး ... ခင်မင်းခ ...

မင်း ငါ့မိန်းမပဲဖြစ်ရမယ် ... ငါ့မိန်းမဖြစ်ကိုဖြစ်စေရမယ် ...”

ကျွန်မ နားနှစ်ဖက်ကို တအားဖိပိတ်ထားလိုက်သည် ...။

မတရားမှု ... မတရားမှု ... ထိုမတရားမှုကနေ ... ကျွန်မ လွတ်အောင်ပြေးရတော့မည် ... ကျွန်မကို ကယ်တင်နိုင်မည့်သူမှာ ... ကျွန်မချစ်သူ တစ်ယောက်တည်းသာ ဖြစ်ရမည် ...။

ထိုနေ့ကစပြီး ... ကျွန်မ ကိုရန်နိုင့်လက်ထဲမှ ထွက်ပြေးဖို့ ... အခွင့်အလမ်းကို စတင်ချောင်းမြောင်းရတော့သည် ...။ ကိုရန်နိုင့်အလစ်ကို အမြဲစောင့်နေခဲ့သည် ...။

ကျွန်မတို့ချစ်သူနှစ်ယောက် ထွက်ပြေးကြမည့်မတရားမှု အနိုင်ကျင့်မှုများနှင့် ဝေးရာဆီသို့ဖြစ်သည် ... ပြီးရင် အင်မတန် အေးငြိမ်းလှပသော ကမ္ဘာသစ်တစ်ခု တည်ဆောက်ကြမည် ...။





ထိုအတွက် ... ကတိများအားလုံးကို ရိုက်ချိုးဖျက်ဆီးရပါစေ ... ဘာနဲ့ပဲလဲရပါစေ ...။

ကိုရန်နိုင်လစ်သော အချိန်တစ်ချိန်တွင် ကျွန်မသည် ... ကိုအဂ္ဂါဆီသို့ ဖုန်းဆက်ကာ ...

“ခုရက်ပိုင်းအတွင်း Romantic မှာ ကားနဲ့ အဆင်သင့်စောင့်ပါ ...”

ဟု အမြန်ပြောပြီး ... အမြန်ချပစ်လိုက်သည် ...။ အခုလောက်ဆို ကိုအဂ္ဂါသဘောပေါက်လောက်ပြီ ...။

လူဆိုသည်မှာ ... ပိတ်ပင်ချုပ်နှောင်ခံရလေ လွတ်မြောက်ရာလမ်းကို စွန့်စားရှာဖွေလေဖြစ်သည် ...။ ဖိနှိပ်ပါများလာရင် ... တွန်းကန်တတ်လာတာ သဘာဝပဲဖြစ်ပြီ ...။

ကိုရန်နိုင်ကလည်း ... ကျွန်မကို အလစ်မပေး ...။ ပို၍တင်းကြပ်စွာ စောင့်ကြည့်လာသည် ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကြွေမြေမပျက်အောင်နေသည် ...။

ကျွန်မ နာကျင်အရှက်ကွဲခဲ့သမျှ ... ကိုရန်နိုင် ပြန်၍အရှက်တကွဲ ခံစားစေချင်သော လက်စားချေချင်စိတ် ... နှလုံးသားတွင် ပြင်းပြစွာ ခိုအောင်းခဲ့ပြီဖြစ်သည် ...။

တစ်နေ့တော့ ကိုရန်နိုင် ရေချိုးခန်းဝင်နေချိန် အဖေအိပ်နေချိန်မှာ ... ကျွန်မ စွန့်စားမှု စတင်ခဲ့လေသည် ...။ ကိုရန်နိုင့်ကို တံခါးအပြင်ဘက်ကမှ သော့ချက် အသေပိတ်ထားခဲ့ကာ ... ကျွန်မ လိုအပ်တာတွေ ယူပြီး ထွက်ပြေးခဲ့တော့သည် ...။ ကိုရန်နိုင်သည် ခြံတံခါးကို သော့ခတ်ထားသောကြောင့် ညဘက် ထွက်ပြေးခွင့်မရပါ ...။ ထို့ကြောင့် ကျွန်မ ထွက်ပြေးရချိန်မှာ နေ့ခင်းဘက်ကြီးဖြစ်သည် ... ။ ခြံဝကနေ လမ်းမရောက်အောင် အတော်ပြေးရသည် ...။ တွေ့သောရထားလုံးတစ်စင်းကို အမြန်တားရသည် ...။ ရထားလုံးပေါ်ရောက်မှ ကျွန်မ နောက်ဆံတင်းတာ နောက်ကျောမလုံတာ ပျောက်သွားသည် ...။ အဆမတန်တော့ မောဟိုက်နေလေသည်။ မျက်လုံးများကို တင်းတင်းကျပ်ကျပ် ဖိမှိတ်ပစ်ကာ ...

"ကျွန်မ လာပြီ အချစ်ရေ ... ကျွန်မ လာနေပြီ"

ဟု နှုတ်ခမ်းကလေး လှုပ်စိလှုပ်စိဖြင့် ရေ





ရွတ်လျက်ရှိသည် ...။ ကြောက်ရွံ့စိုးရိမ်စိတ်တော့ မပြယ်သေး ...။ လွတ်မြောက်ပြီ ... ဟုလည်း စိတ်ဒုံးဒုံးချလို့ မရသေး ...။

ခုလောက်ဆိုရင်တော့ ကိုရန်နိုင် ရေချိုးခန်းထဲမှာ ဝုန်းဒိုင်းကြဲကာ သောင်းကျန်းနေလောက်ပြီ ...။ အဖေနိုးလာရင်တော့ ... ယမ်းပုံမီးကျသလို ဒေါသအိုးပေါက်ကွဲတော့မည် ...။

လမ်းတစ်လျှောက်လုံး တဆတ်ဆတ်တုန်နေသည် ...။ ကိုယ့်ကို တစ်ယောက်ယောက်မြင်သွားမှာလည်း စိုးရိမ်မှု အကြီးအကျယ်ဖြစ်နေသည် ...။ စွန့်စားရသည့် ရလာဒ်သည် ... အင်မတန် ထူးဆန်းအံ့ဩဖွယ်ကောင်းပါသည် ...။ ပြီးတော့ ... နှလုံးလည်း တဒိတ်ဒိတ်ခုန်လေသည် ...။

**Romantic** အိမ်ကလေးရှေ့ရောက်မှပဲ ကျွန်မ ရင်ထဲကအလုံးကြီး ကျဆင်းသွားသည် ...။ ဗဲန်ကားအဖြူလေး အဆင်သင့်ရပ်ထားတာ တွေ့ရသည် ...။ ကိုအဂ္ဂါ ဟာ ကျွန်မစကားကို အမြဲနားထောင်ခဲ့သူ ... ကျွန်မအတွက် အမြဲအဆင်သင့်ရှိနေခဲ့သူပါပဲ ...။

"ကိုအဂ္ဂါ ..."

သူ့ကိုမြင်မြင်ချင်း ... သူ့ရင်ခွင်ထဲသို့ အား



www.burmeseclassic.com

www.burmeseclassic.com

ကိုးတကြီး ပြေးဝင်ခိုလှုံပစ်လိုက်မိတော့သည် …။ သူ့ရင်ခွင်သည် ကျယ်ပြန့်နွေးထွေးကာ … လှိုက်လှဲသော ကြိုဆိုမှုအပြည့်နှင့်ဖြစ်သည် …။

"အိုး … ခင်မင်းခလေး … ကိုယ်မျှော်နေတာ ဖုန်းအဆက်အသွယ်ရပြီးကတည်းကပဲ … ဒီကနေ ဘယ်မှမသွားရဲဘူး … ထမင်းဆိုင်လဲ မသွားရဲဘူး … နေ့ရောညပါ စောင့်နေတာ … ဖြောင့်ဖြောင့်တောင် မအိပ်ရဲဘူး … နားထဲမှာ ခင်မင်းခလေးရောက်လာသံမျိုးကြားပြီး လန့်လန့်နိုးလာတယ် …"

သူက ကျွန်မ ကိုယ်ခန္ဓာလေးကို လွတ်ထွက်မသွားအောင် တင်းကျပ်စွာ ထွေးပွေ့ထားပါသည် …။

"ကျွန်မ ကိုရန်နိုင်ကို ရေချိုးခန်းထဲမှာရှိတုန်း အပြင်က သော့ခတ်ပစ်ခဲ့တယ် … သွားကြစို့ကိုအင်္ဂါ မကြာခင် သူ ထိုက်လာနိုင်တယ် …"

"လာ … သွားကြစို့ …"

သူနှင့်ကျွန်မ တစ်ယောက်တစ်ယောက် တင်းကြပ်စွာ ဆုပ်ကိုင်ထားပြီး ကားပေါ်သို့တက်ခဲ့သည် …။ ကားစက်နှိုးရုံသာရှိသေးသည် …။ ကားတစ်စီး ကျွန်မတို့ကားနားသို့ ကြမ်းတမ်းစွာ ထိုးရပ်လာသည် …။





ကျွန်မ မျက်လုံးတွေပြာဝေထူပူသွား၏ …။ ကားပေါ်မှာ … ကိုရန်နိုင် … အဖေနဲ့ တခြားလူနှစ်ယောက် …

"ဘုရားရေ … သူတို့လိုက်လာပြီ … ကိုအင်္ဂါ မောင်း … မောင်းတော့ …"

"အိုကေ … ခင်မင်းခ ဘာမှမကြောက်နဲ့ … ကိုယ်ရှိတယ် … ဟုတ်ပြီနော် …"

သူက ကျွန်မခေါင်းလေးကို တစ်ချက်ပွတ်ပေးကာ … ကားကို တရကြမ်းမောင်းထွက်လာခဲ့သည်။ အနောက်က ကိုရန်နိုင်တို့ကား ထပ်ချပ်မကွာ ပါလာသည်။

"လွတ်ပါ့မလား ကိုအင်္ဂါ … ဒုက္ခပါပဲ …"

"စိတ်အေးအေးထားပါ ချစ်လေးရယ် … ကဲလာ ကိုယ့်ရင်ခွင်မှာ ခေါင်းမှီထားလိုက် …"

ကျွန်မက … သူ့ရင်ခွင်တွင် ခေါင်းလေး မှေးတင်ထားလိုက်သည် …။ ဒီတစ်ခါ ပြန်မိသွားရင် ကျွန်မတို့ မလွယ်တော့ချေ …။

"မောင် …"

ကျွန်မက သူ့ကို မောင်လို့ ပထမဆုံးစခေါ်ခဲ့သည် …။ သူက ကျွန်မခေါင်းကို လက်တစ်ဖက်ဖြင့် ပွေ့ဖက်ထားပြီး တစ်ဖက်က စတီယာရင်ကိုင်ကာ …


www.burmeseclassic.com

www.burmeseclassic.com

သီဟာကို အရှိန်ပြင်းစွာဖိနင်းထားသည် ...။ ကားရဲ့အရှိန်သည် ... မြှားတစ်စင်းလို မြန်လွန်းနေသည် ..။ ကျွန်မ နောက်ကို လှည့်မကြည့်ရဲပါ ...။

"ပြောလေ ချစ်လေး ..."

"ကျွန်မ သိပ်ပျော်တာပဲ မောင်ရယ် ... ကျွန်မ ဘဝမှာ ဒီအချိန်ဟာ စိတ်လှုပ်ရှားစရာအကောင်းဆုံးနဲ့ ပျော်စရာအကောင်းဆုံးပဲ ... ပြီးတော့ မောင့်ကို ကျွန်မ အရမ်းချစ်တာပဲ ... သိလား ..."

"ကိုယ် ... လွတ်မြောက်အောင်မောင်းမယ် သိလားချစ်ရေး ... ကိုယ်တို့ အခွဲမခံတော့ဘူး ... ချစ်လေးကို ကိုယ်သိပ်ချစ်တယ် ... အဲ ... မောင်သိပ်ချစ်တယ် ... ဘာနဲ့မှ မလဲနိုင်ဘူး ..."

"ရင်ခုန်လိုက်တာ မောင်ရယ် ... ကြောက်လိုက်တာ ..."

ကျွန်မက တိုးတိုးကလေး ရေရွတ်နေသည်။ မောင်က ... ကျွန်မပါးကလေးကို ပုက်ကာ နှစ်သိမ့်ရင်း ကားကို ကွေ့ဝိုက်ရှပ်လိမ်အောင် မောင်းရင်း သူတို့ကို မျက်ခြည်ပြတ်ဖို့ ကြိုးစားနေသည်

"မကြောက်ပါနဲ့ ချစ်လေးရယ် ... မောင်ရှိသားပဲ မောင်တို့နှစ်ယောက်ကို သူတို့ မခွဲနိုင်ပါဘူး ..."





ကျွန်မ သူ့ကို တင်းကြပ်စွာ ဖက်ထားလိုက်သည် ...။ သူ့ဆီမှာ နွေးထွေးမှု ... မွှေးရနံ့တို့ကို ကျွန်မ ရရှိပါသည် ...။ အဲ့ဒါအပြင် ... ချစ်ခင်မှု ... လုံခြုံမှု ... ကြင်နာယုယမှုတို့ကိုလည်း ... ကျွန်မ လက်ခံရရှိလိုက်ပါသည် ...။

❀ ❀

ကျွန်မတို့ကားသည် တဖြည်းဖြည်း မြို့ပြင်သို့ ရောက်လာသည် ...။ သူတို့ကားက အနောက်မှ ပါလာဆဲဖြစ်၏ ...။ အဖေသည် ပြင်ဦးလွင်လမ်းများကို ကျွမ်းကျင်ပြီးဖြစ်သည် ...။ သူတို့ကို ဘယ်လိုမှ မျက်ခြည်ဖြတ်လို့မရပါ ...။

ကျွန်မဆီသို့ စိုးရိမ်စိတ်များ ဖုံးလွှမ်းပြိုကျလာသည် ...။ စိတ်တွေ ခဏကလောက် မပေါ့ပါးတော့။ လေးလံလာသည် ...။

မကြာပါ ...။ ကျွန်မတို့ကားကို သူတို့ အရှိန်ပြင်းစွာ ကျော်တက်သွားသည် ...။ ဟိုးအဝေးမှာ ကား


www.burmeseclassic.com

www.burmeseclassic.com

ကို ကန့်လန့်ဖြတ်၍ ပိတ်ချထားလိုက်သည် ...။

"တောက် ..."

မောင်က ရောင်ထွက်ဖို့ ကြိုးစားသေးသည်။ မရတော့ ...။ လူတွေအပြည့် ပိတ်ရပ်ထားသည် ...။

"တော်တော်သတ္တိကောင်းတဲ့ စုံတွဲပါလားကွ ... ဟေ ..."

အဖေ့ရဲ့ သရော်တော်တော် လှမ်းအော်လိုက်သံကြီး ထွက်လာသည် ...။ ကျွန်မ မောင့်ကို အတင်း ဖက်ထားလိုက်သည် ...။ သူတို့ ကားဆီသို့ ချဉ်းကပ်လာကြသည် ...။

"သိပ်ချစ်နေကြတာလား ... ဟုတ်လား ... ဘုရား ... ဘုရား ... အစိမ်းလိုက်ခွဲပစ်ရမှာ စိတ်မကောင်းစရာဘဲ ... ဟိတ် ... ခွေးမ ... လာခဲ့စမ်း ..."

"ဟင့်အင်း ..."

ကျွန်မ မောင့်ကို အတင်းကုပ်တွယ်ထားသည်။ ကိုရန်နိုင်က ကျွန်မကို အတင်းဆွဲခွာသည် ...။ ဆွဲလို့မရချေ။

"တောက် ... လက်တွေပြုတ်ထွက်သွားပစေ ဆွဲကွာ ... မရရအောင်ဆွဲ ..."





အဖေက အမိန့်ပေးသည် ...။ ကိုရန်နိုင့်လူတွေက ... မောင့်ကားရှေ့မှန်ကိုရိုက်ခွဲပစ်လိုက်ကြသည်။ ထို့နောက် ... မောင့်ကိုဆွဲထုတ်ကာ ထိုးနှက်ဖို့ကြိုးစားကြသည် ...။ သို့သော် ... ကျွန်မတို့နှစ်ယောက်ကို ဘယ်သူမှ ခွဲထုတ်လို့မရချေ ...။ နှစ်ယောက်သား တင်းကျပ်စွာ ဖက်ထား၏ ...။ လက်သီးတွေ မောင့်ဆီသို့ဝင်လာသည်။ မောင့်ရဲ့ဦးခေါင်း မျက်နှာများဆီသို့ ... လက်သီးများ တရစပ်ကျရောက်လာသည် ...။ မောင်က ကြိတ်မှိတ်ခံသည် ... ။

ဒီပုံစံနဲ့ ဆက်နေလို့မလွယ် ...။ မောင် အသက်ထွက်သွားလိမ့်မည် ...။ မောင်နာလှပြီဆိုတာ ကျွန်မ သိသည် ... ။

"မောင် ... ဘယ်လိုလုပ်ကြမလဲ ..."

"မောင် ပြန်ခုခံမှဖြစ်တော့မယ် ... ချစ်လေး .."

ထိုအချိန်ကျမှ ... မောင့်ကို ဖက်တွယ်ကုပ်ဆွဲထားသော ... ကျွန်မလက်တွေ ဖြေလျှော့ပစ်လိုက်သည်။ ကျွန်မကို အတင်းဆွဲနေသော ကိုရန်နိုင့်လက်ထဲသို့ ကျွန်မ ပါသွားတော့သည် ... ။ မောင်နှင့် လူနှစ်ယောက် အပြန်အလှန်ထိုးနှက်သတ်ပုတ်နေကြပြီ ...။

အဖေက ... ကျွန်မမျက်နှာကို ကောက်ပြန်


www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ရိုက်ချပစ်လိုက်သည် ...။ ကျွန်မမှာ နာကျင်လွန်းသဖြင့် သတိလစ်တော့မလိုဖြစ်သွားသည် ...။

"အန်ကယ်လ် ... ခင်မင်းခကိုမလုပ်နဲ့ ... အန်ကယ့်လ်ဒေါ်သတွေကို ဟိုခွေးသားဆီပုံချပစ်လိုက်"

မောင့်တစ်ကိုယ်လုံး ဒဏ်ရာတွေ ရစရာရှိတော့မည်မထင် ...။ အင်အားချင်းက ဘယ်လိုမှ မမျှတပါ။

"ရပ်လိုက်ကြပါ ... ရပ်လိုက်ကြပါ ... မောင့်ကို ဘာမှမလုပ်ကြပါနဲ့ ... မနှိပ်စက်ကြပါနဲ့"

ကျွန်မက အသံကုန် အော်ဟစ်တားမြစ်သည်။ ကိုရန်နိုင်က ကျွန်မ လွတ်မထွက်သွားအောင် အတင်းဖက်ချုပ်ထားသည် ...။

"ဟာဟ ... မောင်တဲ့လား ... အံ့သြစရာပဲ မောင် ... အဲဒီနာမည်က မင်း ငါ့ကို ခေါ်ရမှာလေ သစ္စာဖောက်မရဲ့ ... မင်း ငါ့ကိုပဲ လက်ထပ်ရမယ် ငါ့ကိုပဲယူရမယ် ... မင်းဟာ ငါ့မိန်းမပဲဖြစ်စေရမယ် မင်းကို အဆုံးရှုံးမခံနိုင်တော့ဘူး ... မင်းအတွက် ငါပေးဆပ်ထားရတဲ့ အရင်းအနှီးတွေက ... သိပ်များနေပြီကွ ..."

ကျွန်မ သူ့နားရွက်ကို တအားကိုက်ပစ်လိုက်သည် ...။ သူက နာကျင်စွာအော်ပြီး ... ကျွန်မကို





လက်ပြန်ရိုက်ချပစ်လိုက်သည် ...။

နာကျင်မှုကြီးတစ်ခု ... ကျွန်မဆီ ဖုံးလွှမ်းသွားတော့သည် ...။ ကျွန်မတစ်ကိုယ်လုံး မည်းနက်မှောင်မိုက်သော ချောက်ကမ်းပါးကြီးတစ်ခုထဲ ဖောက်ထိုးမိုးမျှော်စိုက်ဆင်းသွားတော့သည် ... ။

ရှန်းကန်ရင်း ... အော်ဟစ်ရင်း ... နာကျင်ရင်းဖြင့်ပင် ... အမှောင်ထုကြီး ... ကျွန်မဆီသို့ ပြုဆင်းကျလာတော့သည် ... ။

နောက်ဆုံးအသိစိတ်ဖြင့် ... ကျွန်မ အသံကုန် အော်ဟစ်လိုက်မိပါသည် ... ။

"မောင် ..."

အသံသည် ... အတော်လေးကြာအောင် ပဲ့တင်ရိုက်ခတ်နေသည် ... ။ အနက်ရောင်တွေ ... အနက်ရောင်တွေ ... ။ အလင်းတန်းမျှင်ကလေး တစ်စတစ်လေကို ... ကျွန်မအမှောင်ထဲမှာ ကြိုးစားရှာဖွေကြည့်သည်။ မတွေ့ရပါ ... အလင်းရောင်မျှင်မျှင်ကလေးမှ မရှိတော့ပါ ...။

ကျွန်မဘဝသည် ကံဆိုးမိုးမှောင်ကျမှုထဲတွင် စုံးစုံးနစ်မြုပ်သွားခဲ့ပြီဖြစ်သည် ...။

ဘုရားရေ ... မောင်သေများသွားပြီလား



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ... မောင် မသေရဘူးနော် ... မောင့်ကို မ သတ်ကြပါနဲ့ ... မောင် မသေပါစေနဲ့ ...။

မောင်ဟာ ကျွန်မအတွက် အမြဲရှင်သန်နေမှ ဖြစ်မယ်ရှင် ...။



# ရင်ခုန်ခြင်းအဆုံး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ဒဏ်ရာများသည် ... ကျွန်တော့် တစ်ကိုယ်လုံးတွင် နေရာလပ်မကျန်တော့အောင် ပြည့်နှက် များပြားလှသည်။ နာကျင်လွန်းသဖြင့် လှုပ်တောင် မလှုပ်နိုင် ..။ နည်းနည်းလေး လှုပ်လိုက်ရင်ပင် ... အသည်းခိုက်အောင် နာကျင်လွန်းပါသည် ...။

ကျွန်တော့်ဒဏ်ရာများကြောင့် .. မိသားစု

www.burmeseclassic.com

www.burmeseclassic.com



မှာ ယူကျုံးမရ ကြေကွဲဝမ်းနည်းကြသည် ...။ ဒေါ်သ တကြီးပေါက်ကွဲကြသည် ...။ ညီအစ်ကိုတွေက သည်းမ ခံနိုင် ...။

"ဒီလောက် ရက်စက်တဲ့ကောင်တွေ ... ငါတို့လက် ချက်နဲ့ပြန်သတ်ရမှ ကျေနပ်မယ်ကွ ... လူမဆန် တဲ့ကောင်တွေ ..."

"ဒါ ရာဇဝင်ကြွေးပဲကွ ... လက်စားပြန်ချေရမယ် ချေကိုချေရမယ် ..."

ပထမတော့ ကျွန်တော်စကားမပြောနိုင် ... စကား ပြောနိုင်တော့မှ ...

"ကျွန်တော်ကိုယ်တိုင်ပဲ သူ့ကို ပြန်ပြီးလက်စားချေ မယ် ... ကိုကြီးတို့ ကိုလေးတို့လက်စားချေစရာ မလိုပါဘူး ... ကျွန်တော့်လက်နဲ့ကျွန်တော် ပြန်အ ကြွေးဆပ်မယ် ... ကျွန်တော့်လက်နဲ့ ... ကျွန် တော့်အနုပညာနဲ့ ... လက်စားချေပြမယ် ..."

ဟု နာကျင်မှုအပြည့်ဖြင့် ပြောခဲ့သည် ...။ အစ်မများက ငိုကြွေးကြသည် ...။ ကျွန်တော့်ဒဏ်ရာ များကိုမကြည့်ရက်ကြပါ ...။





"ဘုရားသခင်က ... ဒင်းတို့ကို လှလှပပကြီး ဒဏ် ပြန်ခတ်မှာပါကွယ် ..."

"ဟုတ်တယ် ... ဘုရားသခင်က အပြစ်ပေးလိမ့် မယ် ... ဘာ Revenge မှ လုပ်စရာ မလိုဘူး ဘုရားသခင် ပေးတဲ့ အပစ်ကိုပဲ သူတို့ ခံယူရလိမ့် မယ်"

ကျွန်တော်က လေးနက်စွာပြုံးကာ ...

"ကျွန်တော့်ရဲ့ အတတ်ပညာတွေကလဲ ... ဘုရား သခင်က ဖန်ဆင်းပေးထားတာပါ ... ကျွန်တော့်ရဲ့ အတတ်ပညာတွေနဲ့ပဲ သူ့ကို ကျွန်တော် လက်စားချေ မှာပါ ... ကျွန်တော့်ရဲ့လက်စားချေမှုကို ... ကျွန် တော့်ချစ်သူကလဲ ... ကျေကျေနပ်နပ် ခံစားလိမ့် မယ် ...

ကျွန်တော်သိတယ် ... သူ အရသာရှိရှိ ကို ပြုံးလိမ့်မယ် ..."

ကျွန်တော်က အသေချာဆုံးဖြစ်နေသော လေသံ ဖြင့်ပြောခဲ့သည် ...။

"ဒီဒဏ်ရာတွေနဲ့ တစ်လလောက်တော့ ... အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ အနားယူရမှာပဲ အဂ္ဂါ ... စိတ်ရောကိုယ်ပါ နားရမယ်ဟန်နီ ... ”

“စိတ်ချပါ မာမီ ... ကျွန်တော် ဘယ်မှမထွက်ပါဘူး ... တစ်ခုပဲ ကျွန်တော့်ကို မာမီကူညီပါ ... ကျွန်တော့် နှင်းဆီခင်းကို အလုပ်သမားတွေ ပိုဂရုစိုက်အောင် အမိန့်ပေးစောင့်ကြပ်ပေးပါ ... ပန်းနုရောင်နှင်းဆီတွေကို တစ်ပွင့်မှမခူးစေနဲ့ ... သန်ပစေ နှင်းဆီတစ်ခင်းလုံး ပန်းနုရောင်နှင်းဆီတွေသန်ပါစေ မာမီ ...”

“စိတ်ချပါ ဟန်နီ ... မာမီ နေ့တိုင်းသွားကြည့်ပေးပါ့မယ် ... တစ်ပွင့်မှ မပျက်ဆီးစေရပါဘူး ဟုတ်ပြီလား ...”

“ကျေးဇူးတင်ပါတယ် မာမီ ...”

အိပ်ယာထဲမှာ ကျွန်တော်လှဲနေရပေမယ့် ... ကျွန်တော့်စိတ်ကူးတွေက အငြိမ်မနေဘဲ ကွန့်မြူးချင်တိုင်း ကွန့်မြူးဆော့ကစားနေခဲ့သည် ...။

ကျွန်တော့်ဘဝတွင် တစ်ကြိမ်သာ ... အရှုံးအမူးစွဲလန်းချစ်ခင်မိသော ... ချစ်သူလေးကို ... မှတ်





သိပ်ပြင်းပြစွာ တမ်းတမိတဲ့အချိန်တွေ ... နှမြောလွမ်းဆွတ်ရတဲ့အချိန်တွေ ... ပျော်ရွှင်လွမ်းမောဖွယ် အိမ်မက်တွေဖြင့် ပြည့်နှက်လာခဲ့တော့သည် ...။

❋❋

အိမ်ကလေးတစ်လုံး လှပသက်ဝင်၍ အနုပညာမြောက်အောင် ဖန်တီးတီထွင်ရသောအလုပ်သည် ... ကျွန်တော့်ရဲ့ တာဝန်ဖြစ်ပါသည် ... ။

ကျွန်တော် ဖန်တီးပြင်ဆင်လိုက်သော အိမ်ကလေးတစ်လုံး လက်ရာမြောက်ကာ လှပဆန်းကြယ်ခဲ့ပြီဆိုရင် ... ကျွန်တော်ရရှိသော ခံစားမှုမှာ ဘာနဲ့မှနှိုင်းမရလောက်အောင် နက်ရှိုင်းလေးနက်သော ပီတိသာဖြစ်၏။

... အိမ်ကလေး တစ်အိမ် ...။

... ကျွန်တော် ချစ်မြတ်နိုးတန်ဖိုးထားမိသော မိန်းကလေးတစ်ယောက် ...။

www.burmeseclassic.com

www.burmeseclassic.com



... ပြီးတော့ လှပသောပန်းများ ...၊

... ထူးဆန်းလှို့ဝှက်သော ခံစားချက်များ၊

... လက်ရာမြောက်သော အနုပညာဖန်တီးမှုများ၊

... ပျော်ရွှင်လွမ်းမောဖွယ် အိပ်မက်များ ...။

ထိုအရာများနှင့် ဆုံတွေ့ခဲ့ရပြီးသည့်နောက်တွင် ကျွန်တော့်ရဲ့အတတ်ပညာသည် အလွန်လှပနက်နဲသော လက်စားချေခြင်းအဖြစ်သို့ ကူးပြောင်းသွားခဲ့တော့သည် ...။

✿ ✿

ကျွန်မသည် အလွန်ခေါင်းမာသော မိန်းမတစ်ယောက်ဖြစ်ကြောင်း ... ကိုရန်နိုင် လက်ခံလိုက်ရတော့သည် ...။ ဒဏ်ရာမြောက်မြားစွာနှင့် နှိပ်စက်ညှဉ်းပန်းခံခဲ့ရသောမောင့်ကို လက်ထပ်ခါနီးအချိန်ထိ ကျွန်မ မြင်တွေ့လို့မရတော့ချေ ...။

ကျွန်မသည် နောက်ဆုံးအနေနှင့်မောင့်မျက်





နှာကလေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ တွေ့အောင်ကြိုးစားချင်သေးသည် ...။ မောင်နှင့်မျက်လုံးချင်း စကားတွေအများကြီး ပြောချင်သေးသည်။ မောင့်ကို နှုတ်တော့မဆက်ချင်ပါ ...။ ကျွန်မရဲ့ ကျန်ရှိနေသောအချိန်များတွင် ... မောင်နှင့်အမြဲ ခင်မင်ရင်းနှီးစွာရှိနေချင်သည် ...။ ကျွန်မရဲ့အကောင်းဆုံး မိတ်ဆွေတစ်ယောက်အဖြစ် ...မောင်ရှိနေရမည် ...။

"မင်း ဘယ်လိုမိန်းမလဲကွာ...ငါ့ရန်သူဖြစ်သွားတဲ့အဂ္ဂါကို ငါ့မင်္ဂလာပွဲမှာမရှိစေချင်ဘူးကွ ..."

ကိုရန်နိုင်က စိတ်ပျက်လက်ပျက်ပြော၏။ ကျွန်မအမှုအရာမှာ အေးစက်စက်ဖြစ်နေသည် ...။

"ကျွန်မတို့ အိမ်ကလေးကို အလှပဆုံး လက်ရာမြောက်အောင် အလှဆင်ပေးခဲ့တဲ့ **Interior decorator** တစ်ယောက်အနေနဲ့သူ့ကို ကျွန်မ ဖိတ်သင့်တယ် ... ဖိတ်ရမယ် ..."

ကျွန်မက ခပ်ဆတ်ဆတ်ပြောသည် ...။ ကိုရန်နိုင့်နှုတ်ခမ်းမှာ မကျေနပ်မှုဖြင့်မဲ့ရွဲ့သွားသည် ...။

"မင်း တစ်ခုခုထည့်ပြောဦးလေ ... မင်းရဲ့တိတ်



www.burmeseclassic.com

www.burmeseclassic.com

တိတ်ပုန်းရည်းစားဖြစ်ခဲ့တဲ့အကြောင်းကိုရော ထည့်ပြောလေ ... ပြောမယ်မဟုတ်လား ...”

ကျွန်မ နာကျင်သွားသဖြင့် သူ့ထံမှမျက်နှာလွှဲပစ်လိုက်သည် ...။

“ကျွန်မ ရန်မဖြစ်ချင်ဘူး ကိုရန်နိုင် ...”

“ကိုယ်က ပိုတောင် ရန်မဖြစ်ချင်သေးတယ်ကွ ... ရန်ဖြစ်ဖို့ကြိုးစားနေတာ မင်းပဲ ... မင်း ... အဂ္ဂါကို မင်္ဂလာပွဲဖိတ်ဖို့ ဖိတ်စာစရေးကတည်းက ငါ့ကို မင်းရန်စတာပဲ ...”

ကျွန်မ မောင့်နာမည်ရေးလိုက်သောဖိတ်စာကို ကိုရန်နိုင်က ဒေါသတကြီး ဆွဲဖြဲပစ်လိုက်လေသည်။ ကျွန်မက ပခုံးကလေး အသာအယာတွန့်လိုက်ကာ ...။

“ကောင်းပြီလေ ... ရှင်တစ်စောင်ဖြဲရင် ကျွန်မတစ်စောင်ထပ်ရေးမယ် ... ရှင်အစောင်တစ်ရာဖြဲရင်ကျွန်မ အစောင်တစ်ရာထပ်ရေးမယ် ... အဲဒီနည်းနဲ့ ကျွန်မတို့ဖိတ်စာတွေဖြန့်တီးကြတာပေါ့ စမ်းကြည့်လိုက်လေ ...”

ဟု စိမ်ခေါ်လိုက်လေသည် ...။ မောင်နှင့်





ပတ်သက်သော အပြင်းထန်ဆုံးပြဿနာတစ်ခုကို ရင်ဆိုင်ခဲ့ပြီးကတည်းက ကျွန်မအဖို့ ဘယ်လိုပြဿနာမျိုးကိုမှ မမှုတော့ချေ ...။

“တောက် ...”

“ရော ... ဖြဦးမလား ... ဖြလေ ...”

“ကိုအဂ္ဂါ ...” ဟု လှပဝိုင်းစက်စွာ ရေးထားသောဖိတ်စာအိတ်ကို သူ့ရှေ့သို့ချပေးလိုက်သည်။ ကိုရန်နိုင် ဒေါသတကြီးဖြစ်သွားကာ ... ကျွန်မကိုဖိတ်စာနှင့် ပစ်ပေါက်ထားခဲ့ပြီး ... ထွက်ခွာသွားတော့သည်။

မောင့်ကို မရရအောင်ဖိတ်တဲ့အတွက် အဖေ နဘန်ကျင်းလည်း ကျွန်မကပြုံးပြုံးကလေးခံယူလိုက်ရုံပင်။

“နေပါဦး ... အဲဒီဖိတ်စာကို မင်းလင်ဆီဘယ်လိုသွားဖိတ်မှာလဲ ...”

ခြေသံပြင်းပြင်းဖြင့် ပြန်လျှောက်လာပြီး မာဆတ်ဆတ်ခပ်ရိုင်းရိုင်း မေးသည် ...။ ကျွန်မက သူ့မျက်လုံးတွေနှင့်ရဲရဲရင်ဆိုင်ကာ ...

“ကျွန်မကိုယ်တိုင် သွားဖိတ်မှာပေါ့ ...”

“မဖိတ်ရဘူး ... မင်းတော်တော် ကျေးလွန်နေ


www.burmeseclassic.com

www.burmeseclassic.com



ရသော ကိုရန်နိုင်၏မျက်နှာမှာ .. မည်းပုပ်နေလေသည်။

"အဲဒီ အိမ်မှာ သူရှိနေမယ်လို့ မင်းကဘာလို့ သိနေရတာလဲ ..."

"ကျွန်မရင်ထဲမှာ ရေဒါရှိတယ်လေ"

"မင်းဟာ **Crazy** ပဲ ..."

ထိုစကားအတွက် ကျွန်မ မနာပါ ...။ မောင်တို့ခြံဝင်းကျယ်ကြီးကို ဖြတ်မောင်းလာခဲ့ပြီး ပေါ်တီကိုရှေ့မှာကားကို ဆောင့်ရပ်ပစ်လိုက်သည် ...။

"ငါ ကားပေါ်ကစောင့်မယ် ... ငါးမိနစ်အတွင်း မင်းပြန်ထွက်လာခဲ့ပါ ... ထွက်မလာလို့ကတော့ ငါ့အကြောင်း မင်းအသိပဲ ..."

ကျွန်မ ကားပေါ်မှဆင်းကာ တံခါးဝမှ လူခေါ်ဘဲလ်လေးကို နှိပ်လိုက်သည် ...။ ဒီမိသားစုနဲ့ပြန်တွေ့ရဦးမည်ဆိုလျှင် ကျွန်မစိတ်တွေ ဘယ်လောက်လှုပ်ရှားထိခိုက်ရဦးမည်မသိ ...။

"အို ... ခင်မင်းခကလေးပါလား ..."

တံခါးလာဖွင့်သူမှာ မောင့်အစ်မလေးဖြစ်သည်။ ကျွန်မကို မြင်လိုက်ရသည့်အတွက် ... တအံ့တသြဖြစ်





ပြီ ..."

"သူ့ကို ကျွန်မ မဖိတ်လို့ ဘယ်သူသွားဖိတ်မလဲ ရှင်သွားဖိတ်မယ်လို့ မပြောနဲ့ ... ရှင့်ကိုမယုံဘူး"

"ငါပါလိုက်မယ် ... မင်းကိုစိတ်မချဘူး ..."

"ပြီးတာပဲ ..."

မောင်ရယ် ... ကျွန်မတို့ ချစ်သူချင်းပေါင်းဖို့အစွမ်းကုန်တော့ ကြိုးစားခဲ့ကြတာပဲနော် ...။ မပေါင်းဖြစ်ကြတော့လည်း ... အနီးကပ်ဆုံး မိတ်ဆွေတွေအဖြစ် ဆက်နေသွားချင်တာ ကျွန်မရဲ့ဆန္ဒပါ ...။ မောင့်ကို ကျွန်မ တစ်သက်လုံးချစ်နေမယ်လေ ...။

✿ ✿

" Romantic ... "မှာ မောင်မရှိသောအခါ မောင် ရှိမည့်နေရာသည် သူ့မိသားစုအိမ်ပဲဖြစ်ရမည် ... ဟု ကျွန်မတွေးခဲ့ပါသည် ...။ ကားမောင်း၍ လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



သွားပုံရလေသည် ...။

"လာ ... လာ ... ဝင် ... ဝင်"

"ကိုအင်္ဂါရှိလား မမလေး ..."

"ရှိတယ် ... သူ့ဒဏ်ရာတွေ အတော်လေးသက်သာသွားပြီကွယ့် .. ဖြစ်စကဆို မြင်ရက်စရာတောင်မရှိဘူး ... ခင်မင်းခကိုမြင်ရင် သူ သိပ်ပျော်သွားမှာပဲ ..."

ထိုညှော်ခန်းကလေးကို ပြန်မြင်လျှင် ... ခရစ္စမတ်(စ်)ညကလေးကို ... မနေ့တနေ့ကအဖြစ်အပျက်တစ်ခုလို ပြန်ခံစားမိလေသည် ...။ ဒီညှော်ခန်းကလေးမှာပေါ့ကွယ် ... မောင်က မောင့်မိသားစုတွေ အားလုံးရဲ့ရှေ့မှာ ကျွန်မကို ဘယ်လောက်အလေးအနက် တန်ဖိုးထားကြောင်း စိန်လက်စွပ်ကလေးနဲ့ ဖွင့်ဟသက်သေပြခဲ့တယ်လေ ...။ ကျွန်မ ဘယ်တော့မှမမေ့ဘူး မောင် ...။

"ခဏထိုင်ဦး ခင်မင်းခ ... မမလေး ... အင်္ဂါကို သွားခေါ်ပေးမယ် ... သူ့အခန်းထဲမှာ ..."

"အဲဒါဆို နေပစေ မမလေး ... သူ အံ့ဩသွားအောင် ... သူ့အခန်းကိုပဲ ကျွန်မလိုက်ခဲ့မယ် .."





"ဒါဖြင့် လာ လာ ..."

ကျွန်မ လွယ်လာသောအိတ်ကြီးထဲမှာ ... ကိုရန်နိုင်မသိအောင် ထည့်ယူလာသည့် Forget- me- not ပန်းစည်းကလေးကို အသာဆွဲယူလိုက်သည် ...။

"ဝင်လိုက် ... ဝင်သွားလိုက် ... တံခါးဖွင့်ထားတယ် ..."

မမလေးက လေသံတိုးတိုးကလေးဖြင့် ပြောကာ ပြုံးပြုံးကလေးနှင့် ကျွန်မပခုံးကလေးကို တွန်းပို့ပေးလိုက်သည် ...။

မောင်က ခုတင်ပေါ်မှာ လှဲနေသည် ...။ တံခါးပွင့်လာပြီး ... အခန်းဝမှာ ကျွန်မပေါ်လာသောအခါ တအံ့တဩငေးကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေလေသည်။

"ကျွန်မ ဝင်ခဲ့မယ်နော် ..."

"လာလေ ... ချစ်လေး ... ဘယ်လိုရောက်လာတာလဲဟင် ... မောင် မယုံနိုင်လောက်အောင်ဖြစ်နေတယ် ..."

"ဖိတ်စာလာပို့ရင်းနဲ့ ... ဒါလေးတွေလာပေးတာပါ Forget- me- not တွေ ..."



www.burmeseclassic.com

www.burmeseclassic.com

"သိုင်းကျူး ..."

မောင်က ချက်ချင်းထကာ ပန်းစည်းကလေးကို ဖန်ပန်းအိုး ကြည်ကြည်လှလှကလေးထဲ သွားစိုက်ထည့်ကာ သူ့အိပ်ရာ ခေါင်းရင်းမှာ ထားလိုက်သည် ...။ ထိုအပြုအမူလေးအတွက် ကျွန်မရင်ထဲ ကြည်နူးတုန်ခိုက်သွားပါသည်။ မောင်ဟာ ကျွန်မကို အမြဲအလေးအနက်တန်ဖိုးထားခဲ့သူပါကွယ် ...။

"မောင် လာမယ်မဟုတ်လားဟင် ..."

ကျွန်မနှင့်မောင် မျက်လုံးချင်းအကြာကြီးဆုံမိကြသည် ... ။ တိတ်ဆိတ်ကာ စကားမပြောနိုင်ကြ ရင်ထဲဆို့နစ်နေလေသည် ...။

မောင့်မျက်လုံးကလေးတွေမှာ ရီဝေဆွေးမြည့်နေသည် ...။ ကျွန်မသည် မောင့်ရင်ခွင်ထဲ ခေါင်းထိုးဝင်လိုက်သည် ... ။ မောင်က ကျွန်မကို တင်းကျပ်စွာပြန်လည် ပွေ့ဖက်ထားသည် ... ။ ထိုအချိန်တွင် ... ရှည်လျားကျယ်လောင်သော ဟွန်းသံရှူးရှူးထွက်ပေါ်လာခဲ့သည် ... ။

"ချစ်လေး လာစေချင်တယ်ဆိုရင် မောင် လာခဲ့ပါ





မယ် ... ပြီးတော့ ... ချစ်လေးတို့အတွက် သိပ်ထူးဆန်းတဲ့ မင်္ဂလာလက်ဖွဲ့တစ်ခု မောင်စီစဉ်ထားတယ် ..."

"မောင့်ကို ကျွန်မ သိပ်ချစ်တယ်မောင် ... "

"မောင်လဲသိပ်ချစ်ပါတယ် ... မောင့်ကိုသေသေချာချာပြန်ပြောပါဦး ... ချစ်လေး အကြိုက်ဆုံးပန်းလေ ..."

"ပန်းနုရောင်နှင်းဆီတွေလေ .. မောင် ...ကျွန်မကို တစ်နေ့တစ်ပွင့် ပန်ပေးခဲ့တယ်လေ ..."

"တီ ... တီ ... တီ ..."

ကားဟွန်းသံသည် ရိုင်းပျစွာအနှောင့်အယှက်ပေးလျက်ရှိသည် ... ။ မောင်က မျက်မှောင်ကြုတ်လိုက်သည် ... ။

"ဘယ်သူလဲ ..."

"ကိုရန်နိုင်လေ ..."

သူ့မျက်နှာသည် ...သဘောကျစွာပြုံးသွားသည် ...။

"အင်း ... အာဂကောင်မလေးပါလား ...တ



www.burmeseclassic.com

www.burmeseclassic.com

လာ ... ချစ်လေးကို မောင် ကားနားထိ လိုက်ပို့ပေးမယ် .နော်."

"မောင့်မိသားစုအားလုံးကို ကျွန်မ နှုတ်ဆက်ခဲ့ကြောင်း ပြောပြပေးပါနော် ..."

"အိုကေ ..."

မောင်က ကျွန်မကို အိမ်ရှေ့ကားနားအထိ လိုက်ပို့ပေးသည် ...။ ကိုရန်နိုင့်မျက်နှာသည် ပေါက်ကွဲထွက်တော့မည့် ဘူဘောင်းကြီးတစ်လုံးလို နီရဲတင်းမာလျက်ရှိသည် ...။

မောင်က ကိုရန်နိုင်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ပါ ...။ ကျွန်မကို အကြင်နာဆုံး အပြုံးကလေးဖြင့် နှုတ်ဆက်ပါသည် ...။

ကျွန်မ ကားတံခါးတောင် မပိတ်ရသေးမီ ကိုရန်နိုင်သည် ... ကားကို တရကြမ်းဆောင့်အော်င့်မောင်းထွက်သွားသည် ...။

ဘာပဲဖြစ်ဖြစ် ... မောင့်မျက်နှာကလေးကို တွေ့ခွင့်ရသည့်အတွက် ... ကျွန်မ ကျေနပ်ပါသည် ...။

မောင်နှင့်ကျွန်မသည် ... ဘယ်တော့မှမမုန်း





မည့် ... တစ်ယောက်ကိုတစ်ယောက် သိနားလည်မှုအရှိဆုံးချစ်သူတွေအဖြစ် ဒီနေ့ အသေချာဆုံးဖြစ်လေသည် ..။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

အိမ်ကလေး၏ သော့တစ်ချောင်းသည် ... ကျွန်တော့်ဆီမှာ ရှိနေဆဲပဲဖြစ်သည် ...။ ကျွန်တော်က အိမ်ကလေးပြီးတဲ့နေ့မှ သော့ပြန်အပ်ဖို့ စိတ်ကူးထားသည်။ သို့သော် ... အိမ်ကလေးမပြီးခင်မှာပင် ပြဿနာတက်ပြီး ကျွန်တော် မသွားဖြစ်တော့ ...။ ကိုရန်နိုင်ကလည်း ကျွန်တော့်ဆီက သော့



www.burmeseclassic.com

www.burmeseclassic.com



လာတောင်းဖို့ မေ့နေခဲ့ပုံရပါသည် ...။

ထိုသော့ကလေးကြောင့်ပင် ... ကျွန်တော် အကောင်အထည်ဖော်လိုသော မင်္ဂလာလက်ဖွဲ့ကိစ္စကို တိတ်တဆိတ်စီစဉ်ဆောင်ရွက်နိုင်ခဲ့မည်ဖြစ်သည် ...။

ထိုအစီအစဉ်အတွက် ... ကျွန်တော်သည် သူမနှင့်ကိုရန်နိုင့်မင်္ဂလာပွဲကျင်းပရာ ဟိုတယ်လ်သို့ မရောက်ဖြစ်တော့ပါ ...။ လူများအားလုံး ဟိုတယ်လ်ကြီးဆီ၌ အာရုံစိုက်နေကြချိန်တွင် ... ကျွန်တော်က အိမ်ကလေးဆီသို့ ရောက်နေရမည်ဖြစ်သည် ...။

ဒီတစ်ကြိမ် ကျွန်တော်ပြင်ဆင်ရသော အနုပညာလက်ရာသည် ... ချစ်ခင်မှုနှင့် ... မုန်းတီးလက်စားချေမှုတို့ ယှဉ်တွဲနေမည့်အနုပညာဖြစ်သည် ...။

ကျွန်တော်အသက်လောက် ချစ်ခင်တန်ဖိုးထားသော ကျွန်တော့်ချစ်သူအတွက် ချစ်ခြင်းအထိမ်းအမှတ်မှာ သူမ အလွန်ချစ်မြတ်နိုးသည့် ပန်းနုရောင်နှင်းဆီပန်းများဖြစ်သည် ...။

ကျွန်တော့်ချစ်သူအတွက် ... ကျွန်တော်က ဗျာလေးတစ်ပုဒ် စပ်ခဲ့သည် ...။ ထိုကဗျာလေးထဲတွင်





ချစ်ခင်မြတ်နိုးမှု ... တယုတယယွေးပွေ့မှု ... ကြင်နာစွဲလန်းမှု ... တန်ဖိုးထားမှုတို့ များစွာ ပျော်ဝင်ဖွဲ့စည်းထားခဲ့သည် ...။

**"နှင်းဆီမွေ့ယာ ..."**

နှင်းဆီတစ်ခင်း
ပန်းတစ်ခြင်းနှင့်
ချစ်သူစံရာ ...
ကမ္ဘာလောက
သာမောပျော်စေ
ရည်ရွယ်လေ၍
ကိုယ်ငွေ့ထင်ယောင်
မောင်ဖန်ဆင်းမည်
နှင်းဆီမွေ့ယာ ...

**"အဂ္ဂါ ..."**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နှင်းဆီတစ်ခင်းလုံးမှ ... ပန်းနုရောင် နှင်းဆီပွင့်များအားလုံးကို ... ကျွန်တော် ဖြတ်ယူခဲ့သည် ...။ စုစုပေါင်းနှင်းဆီပွင့် အရေအတွက်မှာ ငါးရာကျော်ကျော်ရှိသည် ...။

ထိုနှင်းဆီတစ်ခင်းလုံးကို ဖြတ်ယူခဲ့သည့်အတွက် လုတိုင်းက အံ့ဩမှုနှင့် နှမြောတသမှုကို ယှဉ်တွဲခံစားကြရလေသည် ...။

ကျွန်တော့်နှင်းဆီများကို ကျွန်တော် ဘယ်လောက်ခုံမင်မက်မောကာ ဆတ်ဆတ်ထိမခံ အကဲပိုခဲ့တာ အားလုံးက သိခဲ့ပြီးဖြစ်သည် ...။

"အမလေး ... ဟာန်နီရယ် ... မခူးတုန်းကလဲ တစ်ပွင့်တလေတောင် ခူးဖို့ အဖြစ်သည်းဥစ္စာခြောက်လိုက်တာ ... ခူးမယ့်ခူးတော့လည်း နှင်းဆီတစ်ခင်းလုံး အကုန်ပါပဲတော် ..."

ဟု မာမီက ရင်သပ်ရှုမော နားမလည်နိုင်စွာ ပြောလေသည် ...။ ထိုနှင်းဆီများအတွက် တစ်အိမ်လုံး အလုပ်ရှုပ်သွားတော့သည် ...။ ဆူးခြွေသူကခြွေ .. အပွင့်ကလေးတွေချည်း ဖြတ်သူကဖြတ် ...။





ကျွန်တော်က နှင်းဆီပန်းခြင်းကလေးတစ်ခုကို လုပဖွာထိုးနေခဲ့သည် ...။

"ဟာန်နီ ... ဒီပန်းတွေ ဘာလုပ်မလဲဆိုတာ မာမီတို့ကို ပြောပြပါလားဟင် ... မာမီတို့ သိပ်သိချင်လို့ပါ ... ပြောမယ်မဟုတ်လားဟင် ..."

ကျွန်တော်က ပြုံး၍သာနေခဲ့သည် ...။

"ပြောပြပါ့မယ် ... ဒါပေမယ့် ... ခု မဟုတ်သေးဘူး ... နောက်မှ ... အတတ်ပညာတိုင်းမှာ လျှို့ဝှက်ချက်ရှိတယ် မာမီရဲ့ ...

ဒီနှင်းဆီပန်းတွေကို ကျွန်တော်ဘယ်လိုဖန်တီးတီထွင်ရမလဲဆိုတာရဲ့ အနုပညာနောက်မှာ ... ထူးဆန်းနက်နဲတဲ့ လျှို့ဝှက်ချက်တွေရှိတယ် ...

ကြိုပြောထားရင် .. အနုပညာမမြောက်တော့ဘူး ..."

"ကောင်းပါလေ့ကွယ် ... အဲဒီတော့ အဂ္ဂါခိုင်းတဲ့အတိုင်းသာ လုပ်ကြပေတော့ ... နှင်းဆီကတစ်ဝက်ပဲ ဆူးခြွေတဲ့နော် ..."

ကျွန်တော့်မိသားစုက အလွန်ချစ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါသည် ... ။ ကျွန်တော်လိုချင်သော ကြိုတင်ပြင်ဆင်မှုများကို အားလုံးက ဝိုင်းကူညီညာလုပ်ပေးခဲ့ကြသည် ...။

ဒီနေ့ဟာ ... ခင်မင်းခ လက်ထပ်တဲ့နေ့ ဆိုတာလည်း ... သူတို့အားလုံးသိသည် ...။ ကျွန်တော်တစ်စုံတစ်ရာ လက်စားချေဖို့ရှိတယ်ဆိုတာလည်း ... သူတို့အားလုံးသိသည်။

သူတို့မသိသေးတာ တစ်ခုပဲရှိသည် ...။ ကျွန်တော် ဘာလုပ်မယ်ဆိုတာကို ဖြစ်သည် ...။

ဆန့်ကျင်ဖက်နှစ်ခုကို ယှဉ်တွဲလိုက်တဲ့ အနုပညာဟာ ... လျှို့ဝှက်ဆန်းကြယ်ပြီး ... အလွန်အနုပညာမြောက်သွားတတ်တယ် ... ဟု ပါရီတုန်းက သင်တန်းဆရာကပြောခဲ့ဖူးပါသည် ...။ အဲဒီစကားကို ကျွန်တော် ဘယ်တော့မှမမေ့ပါ ...။





ဥပမာ ... အဖြူနဲ့အနက် ...။ နူးညံ့သိမ်မွေ့မှုနဲ့ ရိုင်းပျကြမ်းတမ်းမှု ...။ ချစ်ခင်မြတ်နိုးမှုနဲ့ မုန်းတီးစက်ဆုပ်မှု ...။ လေပြေလေညှင်းနဲ့ မုန်တိုင်း ...။ မီးတောက်မီးလျှံများနဲ့ နှင်းစက်ကလေးများ ...။

ပြီးတော့ ... အများကြီးရှိပါသေးသည်။ အိမ်ကလေးဆီသို့ ကျွန်တော်ရောက်ရှိလာခဲ့ချိန်တွင် ... ဘယ်သူမှမရှိတော့ပါ ...။ တိတ်ဆိတ်ခြောက်သွေ့နေသည်။

တံခါးသော့ဖွင့်လိုက်ကာ ကျွန်တော်ဝင်လာခဲ့သည် ...။ ကျွန်တော့်လက်ထဲမှာ အလွန်လှပသော နှင်းဆီပန်းခြင်းကလေးတစ်ခြင်းနှင့် ... စံနစ်တကျခွဲခြားထားသော ... နှင်းဆီပန်းများထည့်ထားသည့်ခြင်းကြီး နှစ်ခြင်း ပါလာခဲ့သည် ...။ တစ်ခြင်းက ချစ်သူအတွက် ကျန်တစ်ခြင်းက ရန်သူအတွက် ...။

ခုလိုမနက်ပိုင်းမှာ ... ဒီအိမ်ကလေးကို ဘယ်သူမှ ရောက်လာဦးမယ်မထင်ပါ ...။ ညပိုင်းဒင်နာအတွက် ပြင်ဆင်မှုများကို ဟိုတယ်မှလူများ ... နေ့လယ်ပိုင်းလောက်ကျမှ လာပြင်ကြဖို့များသည် ...။ အစားအသောက်ကလည်း ဟိုတယ်မှ မှာယူပြီး ဘူဖေးကျွေးမည် ...။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်တွေသောက်ကြမည်ကို ကျွန်တော့်ကို ဟိုးအရင်ကတည်းက ကိုရန်နိုင်ပြောပြထားဖူးပါသည် ...။

ကျွန်တော် တန်းဝင်လာခဲ့သောအခန်းမှာ ... မင်္ဂလာအိပ်ရာအခမ်းအနား လှပစွာပြင်ဆင်ထားသော ... အိပ်ခန်းဆီသို့ဖြစ်သည် ...။ အိပ်ခန်းထဲတွင် နှစ်ယောက်အိပ်မင်္ဂလာခုတင်ကြီးကို လှပခမ်းနားစွာ ပြင်ဆင်ထားသည်။ မွေ့ယာခင်းများမှာ ... ပန်းနုရောင်ပိုးသားများဖြစ်သောကြောင့် ပြောင်လက်ချောမွေ့နေသည် ...။

ကျွန်တော် သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ ချစ်သူကိုနမြောလွမ်းဆွတ်စိတ်များ .. ပြင်းပြစွာဖြစ်ပေါ်လာသည် ...။ သူမကို တစ်သက်လုံး ကျွန်တော် ဆုံးရှုံးရတော့မည် ...။

ကျွန်တော် အရင်ဆုံး နေရာရွေးချယ်မှုဖြင့်စရသည် ...။ ကျွန်တော့်ချစ်သူ အိပ်မည့်ဘက်သည် ... မှန်တင်ခုံရှိသောဘက်သာဖြစ်ရမည် ...။ ထိုမှန်တင်ခုံသည် ချယ်ရီသားဖြင့်ပြုလုပ်ထားတာဖြစ်ပြီး ... ပြောင်လက်လှပနေသည် ...။

နှင်းဆီခြင်းကလေးနှင့် ... ကဗျာတစ်ပုဒ်





ကို ကျွန်တော်က သူမအိပ်မည့်ဘက် မှို့ခေါင်းအုံးပန်းနုရောင်ကလေးပေါ်တွင် တင်လိုက်သည် ...။ ထိုအချိန်တွင် ကျွန်တော့်ရင်ထဲ ဟာကျသွား၏ ...။ ကျွန်တော့်ရင်ထဲက အရာအားလုံး ဆွဲနှုတ်ခံလိုက်ရသလိုပဲဖြစ်သည် ...။

ကလေးတစ်ယောက်လို ငိုချင်ပြင်းပြမှုဖြင့် ဝမ်းနည်းကာ ... ကျွန်တော်အကြာကြီးငေးနေမိသေးသည်။

နောက်တော့မှ ... ကျွန်တော့်ချစ်သူအိပ်မည့်မွေ့ယာပေါ်တွင် ... ကျွန်တော်ယူလာခဲ့သော ပန်းနုရောင်နှင်းဆီပွင့်လှလှများပြည့်သိပ်သွားအောင် ကျွန်တော် ဖြန့်ကျဲစီချနေတော့သည် ...။ ထိုအချိန်တွင် ကျွန်တော့်မျက်လုံးထဲမှာ ... မျက်ရည်များဖြင့် ပြည့်လျှံလာခဲ့သည် ...။

နှင်းဆီပွင့်တွေနဲ့ မောင့်ချစ်သူကလေးကို မောင့်ကိုယ်စား ထွေးပွေ့ပိုက်ထွေးထားပါရစေ ချစ်လေး ...။ ဒီနှင်းဆီပွင့်တွေထဲမှာ ... မောင့်ရဲ့ချစ်မြတ်နိုးခြင်းတွေ ... သင်းရနံ့တွေ အပြည့်ပါဝင်ဖွဲ့စည်းထားတာကို ချစ်လေး ခံစားပါ ...။

ပန်းနုရောင်နှင်းဆီပွင့်တွေဟာ မောင့်ရဲ့အချစ်တွေပဲပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် ... မွေ့ယာတစ်ခုလုံး ပန်းနုရောင်နှင်းဆီမွေ့ယာကြီးတစ်ခုဖြစ်သွားသည်။ နှင်းဆီတစ်ခင်းလုံးခင်းထားသလို ... နေရာလပ်မကျန်အောင် နှင်းဆီပွင့်များဖြင့် ပြွတ်သိပ်ပြည့်ကျပ်ကာ ... နှင်းဆီရနံ့များ သင်းပျံ့လာသည် ...။

ကိုရန်နိုင်အိပ်သောဘက်မှာလည်း ... နှင်းဆီပွင့်များ ပြည့်သိပ်စွာဖြန့်ခင်းထားခဲ့ပေမယ့် ... ထိုနှင်းဆီများထဲတွင်တော့ ... အမုန်းတရားများ ... လှို့ဝှက်နက်နဲသော လက်စားချေမှုအတတ်ပညာများ ... အငြိုးများစွာ ကိန်းဝပ်နေခဲ့လေသည် ...။

ကျွန်တော် ကျေနပ်ပါသည် ..။ ပန်းနုရောင်နှင်းဆီမွေ့ယာကြီးကိုကြည့်ပြီး ... ကျွန်တော် ကျေကျေနပ်နပ်ပြုံးလိုက်သည် ...။ ကျွန်တော့်ရင်ထဲတွင် ... ဆန့်ကျင်ဘက်ခံစားချက်နှစ်ရပ်သည် ... အားပြိုင်နေခဲ့သည်။

ချစ်သူကို ချစ်မြတ်နိုးစွာပေးသောလက်ဆောင်နှင့် ..
ရန်သူကို နာကြည်းမုန်းတီးစွာပေးသော
လက်စားချေခြင်းအတတ်ပညာ ...

ကျွန်တော် ... ထိုအိမ်ကလေးထဲမှ တော်





တော်နှင့်မထွက်ချင် ...။ အိပ်ခန်းကလေးသည် ... ထူးဆန်းစွာ လှပ အသက်ဝင်ပြီး ... မြင်ရသူကို မင်သက်ငေးမော အံ့သြစေကာ အသက်ရှုရပ်သွားစေမည့် အနုပညာတစ်ခုဖြစ်သည် ...။ အိပ်ခန်းတစ်ခန်းလုံး နှင်းဆီရနံ့များ မွှားယစ် ရီဝေဖွယ်ကောင်းလောက်အောင် သင်းထုံ ပျံ့မွှေးနေလေသည် ...။

“ချစ်လေးကို မောင် သိပ်ချစ်တယ် ... တစ်သက်လုံး ချစ်နေမယ်နော် ...”

ကျွန်တော် တိုးတိတ်စွာ ရေရွတ်ပြီးနောက် ထိုအိမ်ကလေးဆီမှ ... နှေးကွေးတိတ်ဆိတ်သော ခြေလှမ်းများဖြင့် ပြန်လာခဲ့သည် ...။

ကျွန်တော် လုပ်ခဲ့တာ အားလုံးမှန်ပါသည်။
ကျွန်တော့်ချစ်သူအတွက်ရော ...
ကျွန်တော့်ချစ်သူကို ရက်စက်ငြိုးတေးစွာ
သိမ်းပိုက်ခဲ့တဲ့ ကျွန်တော့်ရန်သူအတွက်ရော။



www.burmeseclassic.com

www.burmeseclassic.com

လူတွေအားလုံးကို ကျွန်မ စိတ်ပျက်မုန်းတီးနေသည် ...။ အသံတွေ ... မျက်လုံးတွေ ... အပြုံးတွေ ... မွှေးရနံ့တွေ ... ရတနာပြိုးပြိုးပြက်ပြက်တွေ အဝတ်အစားတောက်တောက်ပြောင်ပြောင်တွေ ...။ တော်ပါတော့ ... ရပ်လိုက်ကြပါတော့ ... ဟု အော်ဟစ်တားမြစ်လိုက်ချင်သည် ...။

မောပန်းနွမ်းနယ်လှပြီ ...။ လူတွေအားလုံးဆီက ထွက်ပြေးလွတ်မြောက်ချင်လှပြီ ...။ ပြုံးလည်းမပြုံးချင်တော့ ...။ အလကား ဟန်ဆောင်ပြုံးအတုတွေများ ...။ ကျွန်မက မဲ့ရွဲ့ပစ်ချင်သေးသည် ...။ ပြီးတော့ အာခေါင်ခြစ်ကာ အော်ဟစ်လှောင်ပြောင်ပစ်ချင်သေးသည် ...။

ဟိုတယ်လ်ပွဲဆီ မောင်မလာခဲ့သော်လည်း ... အိမ်ကလေးရဲ့ ဒင်နာပွဲဆီသို့ ... မောင် တက်ရောက်ခဲ့ပါသည် ...။ မောင့်မျက်နှာသည် ကြည်လင်ဝင်းဖန့်စွာ လှပချောမွေ့နေလေသည် ...။

မောင့်ကို မကြိုဆိုမနှုတ်ဆက်သူဆိုလို့ အဖေနဲ့ ကိုရန်နိုင် နှစ်ယောက်တည်းသာ ရှိသည် ...။ ကိုရန်





နိုင်က ကျွန်မကို မျက်မှောင်ကြုတ်ပြီးကြည့်သလို ... အဖေကလည်း ဒေါသဖြင့် ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြည့်သည် ...။ ကျွန်မက ဘယ်မျက်လုံးကိုမှ ဂရုမစိုက်တော့ပါ ...။

မောင်နှင့် ကျွန်မသည် ... တစ်ခါတစ်ရံတွင် ကြာရှည်တိတ်ဆိတ်သော အကြည့်များဖြင့် ကြည့်မိကြသည်။ မောင့်မျက်လုံးတွေထဲတွင် ... အမိပ္ပါယ်များစွာ ... [illegible] များစွာ ပျော်ဝင်လျက်ရှိပါသည် ...။

"မောင် ... နေကောင်းရဲ့လား ..."

"ကောင်းပါတယ် ... ချစ်လေးသာ ... နေကောင်းအောင် ပျော်အောင်ကြိုးစားနေနော် ...

အိမ်ထောင်တစ်ခု တည်ဆောက်လိုက်ပြီပြီဆိုရင်တော့ ... ဘယ်လိုအကြောင်းမျိုးနဲ့မှ အပြိုကွဲမခံပါနဲ့တော့ ... ချစ်လေးက မိန်းကလေးလေ ... အစစအရာရာ သည်းခံနေလိုက်ပါ ...

မောင်လဲ ... ချစ်လေးနားမှာ ... မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ အမြဲရှိနေမှာပါ ... တိုင်ပင်စရာရှိရင် ... အကူအညီလိုရင် ... အချိန်


www.burmeseclassic.com

www.burmeseclassic.com



မရွေးလာခဲ့ပေါ့ ... ဟုတ်လား ...

အိမ်ထောင်ပြုပြီးသွားပြီဆိုရင်တော့ ... ချစ်လေးကို အိမ်ထောင်ရေးဖောက်ပြန်တဲ့မိန်းမဘဝ ရောက်အောင် မောင် မလုပ်ချင်တော့ဘူး ... ချစ်လေးလဲ မလုပ်ရဘူး ... ဟုတ်ပြီလား ...

ကိုယ်တို့နှစ်ယောက်ဟာ ... ချစ်ရက်နဲ့ ခွဲခဲ့ကြရတာ မှန်ပေမယ့် ... တစ်သက်လုံးချစ်နေလို့ရတဲ့ မိတ်ဆွေတွေပေါ့ ... နော် ...”

ကျွန်မက ... မောင့်မျက်နှာကို ခပ်ငေးငေးကြည့်ကာ ...

“ဟုတ်ကဲ့ပါ မောင် ...”

ဟု ခပ်တိုးတိုးပြောလိုက်သည် ...။ မောင့်မျက်နှာကို ငေးမောကြည့်ရတာ ဝတယ်လို့မရှိချေ ...။ ကြည့်စဉ်မှာ ... ချစ်မြတ်နိုးမှုတွေ ... အထင်ကြီးလေးစားမှုတွေသာ တိုးသိပ်များပြားလာခဲ့သည် ...။

“သူက သိပ်ဆိုးတဲ့ လူတစ်ယောက်တော့မဟုတ်ပါဘူး ... ချစ်လေးကသာ သူနဲ့ ရန်ဖြစ်ဖို့ မကြိုးစားနဲ့ပေါ့ ... လိမ္မာပါးနပ်စွာနေ ...”





“ကျေးဇူးတင်ပါတယ် မောင် ... မောင့်စကားတွေကို ကျွန်မ ဘယ်တော့မှ မေ့မပစ်ပါဘူး ... ကျွန်မ ခေါင်းထဲမှာ အမြဲရှိနေမှာပါ ...”

“ခင်မင်းခဲ ... လာဦး ...”

ကျွန်မတို့နှစ်ယောက်နားသို့ ... ကိုရန်နိုင် ရုတ်တရက်ရောက်လာကာ ... ကျွန်မ လက်မောင်းကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ဆွဲခေါ်သွားသည့်အချိန်ကစပြီး ... မောင်နှင့် ထပ်တွေ့ခွင့် မရတော့ပါ ...။

ကိုရန်နိုင်သည် ... ကျွန်မကို သူသွားရာနောက်သို့ ... ကျွန်မလက်ကို ချိုင်းကြားထဲဆွဲညှပ်ထားကာ ... ဆွဲခေါ်ခေါ်သွားသည် ...။

မောင်ပြန်ခါနီး လာနှုတ်ဆက်သောအခါ မောင့်လက်ထဲမှာ သော့ချောင်းကလေးတစ်ခု ပါလာသည် ...။

“ကဲ ... ကိုယ်ပြန်တော့မယ် ... ဒီမှာ အိမ်သော့ကလေး အပြီးပြန်အပ်လိုက်ပြီနော် ... Good night ... ကံကောင်းပါစေ ...”

ကံကောင်းပါစေ ...။ မောင်က အပြီးသတ်ဆက်သွားတော့သည် ...။ ကိုရန်နိုင်က တစ်ခွန်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြောပါ ...။ မောင်ကလည်း သူ့ကို မကြည့်ပါ။ ကျွန်မ မျက်နှာကိုသာ တည့်တည့်စိုက်ကြည့်ပြီး ... ပြော ခဲ့တာဖြစ်သည် ...။

ကျွန်မ စိတ်ထဲတွင် ... မောင် ကျွန်မကို ဘယ်တော့မှ နှုတ်မဆက်ရဘူးနော် ...။ ကျွန်မတို့နှစ် ယောက် ဘယ်တော့မှ မဝေးဘူး ... ဟု ကြေညာနေခဲ့ ၏ ...။

ထို့နောက် ကျွန်မသည် စိတ်လက်မပါဘဲ ... လူများကို ဝတ်ကျေတန်းကျေ ပြုံးပြနှုတ်ဆက်နေရသည် ...။

တဖြည်းဖြည်းနှင့် ... လူတွေပါးပါးလာ သည် ...။ ညအမှောင်ကလည်း ... ပို၍ သိပ်သည်းလာ သည် ...။ အအေးဓါတ်သည် ... အားကောင်းစွာ ကြီး စိုးလွှမ်းမိုးလာသည် ...။

ခုံတွေ ... စားပွဲတွေ ... အစားအသောက် လက်ကျန်တွေ ... ပန်ကန်ပြားတွေ ... ဝိုင်ခွက်တွေ အားလုံး အသက်မဲ့ကုန်သည် ...။

လူတွေ နှုတ်ဆက်ပြီး ပြန်ကုန်ကြသည် ...။





ဟိုတယ်မှ စားပွဲထိုးများသာ ... စားပွဲကုလားထိုင်တွေ ပန်းကန်ခွက်ယောက်တွေအားလုံးကို သိမ်းဆည်းနေကြသည်။ ကျွန်မဘဝကို အမြဲကြီးစိုးချယ်လှယ်ခဲ့သော အဖေလဲ ပြန် သွားပြီ ...

"ကဲ ... အိမ်ပေါ်တက်ကြစို့ ..."

သူက ကျွန်မ ပခုံးကို သိုင်းဖက်ထားပြီး ပြောလိုက်သည် ...။ ကျွန်မ စိတ်ထဲခါးသီးတုန်လှုပ်သွား ကာ ... ရုန်းထွက်ဖို့ကြိုးစားလိုက်သည် ...။

"မရုန်းနဲ့ ... မရုန်းနဲ့ ... မင်း ... ငါ့မိန်းမ ဖြစ်ပြီကွ ... ဟဲ ဟဲ ဟဲ ..."

သူက အောက်ကလီအာအသံဖြင့် ညစ်ကျယ် ကျယ် ရယ်မောလျက်ရှိသည် ...။ ကျွန်မ အကြီးအကျယ် စိတ်ဆင်းရဲသွားပါသည် ...။ မောင့်ရဲ့ "လိမ္မာပါးနပ်စွာ နေ ..." ဟူသော စကားအရ ကျွန်မ နေပါမည် ...။ သူသည် ဝိုင်တင်မက ... အရက်တွေပါ အလွန်အကျွံ သောက်ထားပုံရသည် ...။ သူ့ကိုယ်ခန္ဓာဆီမှ ... အ ရက်နံ့သည် ... ကျွန်မနှာခေါင်းဆီသို့ စူးရှစွာ တိုးဝင်နေ သဖြင့် ကျွန်မပါ မူးနောက်ရီဝေလာတော့သည် ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မောင့်ကို ပြင်းပြစွာ တမ်းတမိသွား လေသည် ...။

မောင်ရယ် ... ကျွန်မကို ကယ်ပါ ...။



အခန်း(၃)

တစ်အိမ်လုံးတွင် မောင့်ရဲ့လက်ရာ ... မောင့်ရဲ့ အငွေ့ အသက် ... မောင့်ရဲ့ အနုပညာ ... မောင့်ရဲ့ ကိုယ် သင်းရနံ့ ... မောင့်ရဲ့ ခွေးထွေးမှုတို့ဖြင့် ပြည့်နှက်နေ သည် ...။ ကျွန်မ တစ်သက်လုံး ယောကျ်ားတစ်ယောက် နဲ့ အတူနေထိုင်သွားဖို့ မောင်တီထွင် အလှဆင်ပေးခဲ့သော အိမ်ကလေးပေါ့လေ ...။

"မင်းကို ကိုယ်ကသာ သိပ်ချစ်ရတာပါကွာ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကိုယ်သိပ်ချစ်တယ် ... သိလား ခင်မင်းခ"

သူက ... အရူးတစ်ယောက်လို တတွတ်တွတ် ရေရွတ်လာသည် ...။ ကျွန်မသည် ... သူ့ထံ မှ အနံ့အသက်များကို သည်းခံလို့မရနိုင်လောက်အောင်ဖြစ်နေသည် ...။ သူက ကျွန်မကို ဖက်လျက် ... အိပ်ခန်းဆီသို့ လျှောက်လာနေသည် ...။ အိပ်ခန်းသည် ဒီအိမ်ကလေးထဲမှာ ကျွန်မ အမုန်းဆုံးဖြစ်သည် ...။

အိပ်ခန်းတံခါးကို သူက ဆွဲဖွင့်လိုက်သည်။ တံခါးပွင့်သွားတာနှင့် ... သင်းပျံ့သောနှင်းဆီရနံ့သည် ကျွန်မအား ဆီးကြိုနှုတ်ဆက်လိုက်လေသည် ...။

"အိုး ... နှင်းဆီတွေ ... နှင်းဆီတွေ ..."

ကျွန်မရဲ့မွေ့ယာတစ်ခုလုံး နှင်းဆီတွေ ပြည့်သိပ်နေသည် ...။ ပန်းနုရောင်နှင်းဆီတွေ ... အိုး ... ပန်းနုရောင်နှင်းဆီမွေ့ယာကြီးတစ်ခု ...

"ဒါ ... ဒါ ... ဘယ်သူ့လက်ရာလဲ ... ဒီပန်းတွေ ဘယ်သူလာထားခဲ့တာလဲဟင် ... ကိုရန်နိုင်မဟုတ်တာတော့ သေချာပါတယ်နော် ..."

ကျွန်မ တုန်လှုပ်အံ့အားသင့်စွာ ရေရွတ်လိုက်





မိသည် ...။ ပြီးတော့ ကျွန်မ ချက်ချင်းသိလိုက်သည်မှာ မောင့်လက်ရာပဲ ... ဟူ၍ဖြစ်သည် ...။ ဒီလောက် လူတစ်ယောက်ရဲ့စိတ်ကို ... ထူးဆန်းခမ်းနားလှပသော အနုပညာမျိုးနှင့် စွဲဆောင်တတ်သူမှာ ... ဤကမ္ဘာကြီးပေါ်တွင် ... ကျွန်မအချစ်ရဆုံး ယောကျ်ားတစ်ယောက်သာရှိရမည် ...။

သိပ်ကို သေချာတာပေါ့ရှင် ... မောင်မှ မောင်ပဲ ...။ ကျွန်မ အချစ်ဆုံး ပန်းနုရောင်နှင်းဆီပွင့်တွင် ကျွန်မအိပ်စက်မည့် မွေ့ယာပေါ်မှာ ဖွေးဖွေးလှုပ်နေသည် ...။

"ဒါ အဂ္ဂါလက်ရာပဲဖြစ်မှာပေါ့ ... ဒီကောင် ဒီနေ့မှ သော့ပြန်အပ်သွားတာ ... ဒီကောင့်ရဲ့ အနုပညာကတော့ ချီးမကျူးဘဲ မနေနိုင်ပါဘူး ... ဒီကောင်တော်သားပဲ ..."

ကိုရန်နိုင်ကပင် တအံ့တသြချီးကျူးရတဲ့အထိဖြစ်သည် ...။ ကျွန်မက နှင်းဆီတွေပေါ်မှာ အိပ်စက်ရမယ်လားမောင် ...။ ကျွန်မသည် ... နှင်းဆီမွေ့ယာကြီးဆီသို့ တော်တော်နှင့်တိုးကပ်မသွားနိုင်ဘဲ ခင်သက်အံ့



www.burmeseclassic.com

www.burmeseclassic.com



ဩနေသည် ...။ ကိုရန်နိုင်လည်း အဲ့ဒီအတိုင်းပဲဖြစ်သည်။

"ကိုယ်တို့က ဒီည နှင်းဆီတွေနဲ့အိပ်ရတော့မယ့်သတောပေါ့ ... ဒါ သူ့ရဲ့ နောက်ဆုံးလက်ဖွဲ့နဲ့တူပါတယ်လေ ... မင်းက နှင်းဆီပန်း သိပ်ကြိုက်တယ်မဟုတ်လား ..."

ကျွန်မသည် ... ဘာကိုမှ မမြင်တော့ဘဲ မျက်စိထဲတွင် ပန်းနုရောင်နှင်းဆီတွေသာ ဖုံးလွှမ်းနေသည်။

ကျွန်မသည် ... နှင်းဆီမွေ့ယာကြီးဆီသို့ တစ်လှမ်းချင်းတိုးကပ်သွားလိုက်သည် ...။ နှင်းဆီနံ့တွေ ပိုပြီးသင်းပျံ့လာသည် ...။ မောင်ရယ် ... မောင်ရယ်။

ကျွန်မရင်ထဲတွင် နာကျင်ခြင်းတစ်ဝက် ... ကြည်နူးရင်ခုန်ခြင်းတစ်ဝက် ...

"ဟိတ် ... မင်း အဲ့ဒီလောက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေမယ်ဆိုရင် ... နှင်းဆီပွင့်တွေ ကိုယ် လွှင့်ပစ်ရလိမ့်မယ် ..."

ကိုရန်နိုင်ရဲ့ မလိုတမာသံက ကျွန်မနောက်မှ ထွက်ပေါ်လာသည် ...။

"အို ... ရှင် မလုပ်နဲ့နော် ... ကျွန်မ နှင်းဆီ





ပန်းတွေ ဘယ်လောက်ချစ်သလဲ ရှင်သိသားပဲ ..."

ကျွန်မက အထိတ်တလန့် တားမြစ်လိုက်သည်။ ကိုရန်နိုင့်ကိုလည်း တောင်းပန်တိုးလျှိုးစွာ ... လှည့်ကြည့်လိုက်သည် ...။ ကိုရန်နိုင်က ကျွန်မကို သေသေချာချာစိုက်ကြည့်ပြီး ... ပခုံးတွန့်ပစ်လိုက်လေသည်။

"မလွှင့်ပစ်စေချင်ရင် ... မင်း ... ကိုယ့်ကို ဘယ်တော့မှ ကလန်ကဆန်မလုပ်ပါဘူးလို့ ကတိပေးလေ ... ကဲ ... ပေးမယ်မဟုတ်လား ..."

ကျွန်မ မျက်စိစုံမှိတ်လိုက်ကာ ...

"ပေးပါတယ် ... ကျွန်မကို ရှင် ပိုင်သွားပြီပဲ .. ရှင့်ကို ဘယ်တော့မှ ကလန်ကဆန်မလုပ်တော့ပါဘူး"

"ကောင်းပြီ ... ဒါဆိုရင် ... မင်းအဝတ်အစားလဲတော့ ... ကိုယ်လဲ အဝတ်အစားလဲတော့မယ် ... ကိုယ် သိပ်ပင်ပန်းနေပြီ ... အိပ်ချင်လှပြီ ..."

ကျွန်မသည် ... နှင်းဆီမွေ့ယာကြီး ဘေးတွင်ရှိသော မှန်တင်ခုံရှိ ထိုင်ခုံလေးပေါ်တွင် အသာအယာ ထိုင်ချလိုက်သည် ...။ နှင်းဆီပွင့်များကို မျက်တောင်မခတ်ငေးကြည့်နေချင်သေးသည် ...။



www.burmeseclassic.com

www.burmeseclassic.com

မောင့်နှလုံးသားနဲ့ရင်းပြီး ခင်းထားတဲ့ ဒီ နှင်းဆီပွင့်တွေပေါ်မှာ ကျွန်မ မအိပ်ရက်ပါဘူး မောင်ရယ်။

ခေါင်းအုံးပေါ်တွင် ... နှင်းဆီပွင့်တွေကို လှပစွာ ထိုးစိုက်ပုံဖော်ထားသော နှင်းဆီတစ်ခြမ်းနှင့် ... ပန်းနုရောင်စာရွက်လေးတစ်ရွက် ...။ ထိုစာရွက်ကလေးထဲက ကဗျာလေးတစ်ပုဒ် ... မောင်ဟာ အလွန်နူးညံ့သိမ်မွေ့သော အနုပညာသမားတစ်ယောက်သာဖြစ်သည်။

ကျွန်မ မျက်လုံးထဲတွင် မျက်ရည်များ ပြည့်အိုင်လာခဲ့သည် ...။

"ခင်မင်းခ ... ကြည့်စမ်း ... ခုထက်ထိ အင်္ကျီတွေ မလဲရသေးဘူး ... ထ ... ခုချက်ချင်းလဲစမ်း ... မင်း သိပ်တရားလွန်နေပြီနော် ..."

ကိုရန်နိုင်သည် ... ဖြူလွသော ချည်သားအင်္ကျီပျော့ပျော့ကို ဝတ်ထားကာ ကျွန်မ နောက်မှာလာရပ်သည် ...။ ကျွန်မ ဆံထုံးကြီးကို ဖြေချပစ်လိုက်သည်။ ဆံပင်နက်နက်အိထွေးများ ပုံကျသွားသည် ...။ သူက ကျွန်မဆံပင်များကို မွှတ်သိပ်စွာ နမ်းကာ ...

"မင်းဆံပင်တွေကြောင့် ... မင်းကို ကိုယ် သိပ်လိုချင်သွားခဲ့တာ ... သိလား ..."

ဟု ပြောလိုက်သည် ...။ ပြီးတော့ ကျွန်မရဲ့ ပန်းခြင်းထဲမှာ နှင်းဆီတစ်ပွင့်ကို ကျွန်မဆံပင်တွေဆီ ထိုးစိုက်ချလိုက်သည် ...။

"ကိုယ့်ကို ချစ်စမ်းပါကွယ် ... အတ္တကို မေ့ပစ်လိုက်စမ်းပါ ..."

ဟု သူက အမိန့်ပေးနေပြန်သည် ...။ သူ့မျက်လုံးတွေထဲတွင် အရက်ခိုးဖြင့် ရီဝေနေသည် ...။

"အချစ်ဆိုတာ တစ်ခါတလေ ဒီလိုပဲ ... မျက်စိမှောက်မှားတတ်တယ်ကွ ... မင်းကို ကိုယ် ခွင့်လွှတ်ပါတယ် ... ကဲ ... ဒီပန်းခြင်းတောင်းကြီး ဖယ်စမ်း ..."

သူက ပြောပြောဆိုဆို ... ကျွန်မလက်ထဲက ပန်းခြင်းကလေးကို ... ရက်စက်စွာ ဆွဲယူလွှင့်ပစ်လိုက်လေသည် ...။ ကျွန်မ နှလုံးသားထဲ မျက်ခဲနဲ့ နာသွားသည် ...။

"ကိုရန်နိုင် ... လူတစ်ယောက်က အမြတ်တနိုး တန်ဖိုးထားပြီး ပေးတဲ့လက်လက်ဆောင်ကို ... ဒီ



www.burmeseclassic.com

www.burmeseclassic.com

လိုလွှင့်မပစ်သင့်ဘူး ... ရှင်ဟာ ဘယ်တော့မှ လူမဆန်ဘူး ... တကယ်ပဲ ..."

ကိုရန်နိုင် စိတ်ဆိုးသွားပုံရပါသည် ...။

"မင်း ... ငါ့ကို မဝေဖန်နဲ့ ခင်မင်းခ ... မင်းကို ငါ ဝေဖန်လိုက်ရင် နှစ်ပြားတောင်တန်မှာမဟုတ်ဘူး ... ထားလိုက်တော့ အဲ့ဒီအဖြစ်တွေ ကိုယ်တို့ မေ့လိုက်ကြစို့ ..."

"ဒါဆို ... ရှင် အခန်းပြင်ခဏထွက်နေ ... ကျွန်မ ... အဝတ်အစားလဲမလို့ ..."

"ဩော် ... ဒုက္ခပဲ ... ဟား ဟား ဟား ..."

သူက ခွက်ထိုးခွက်လန်ရယ်မောပါသည်။

"သွားပါဆို ..."

"ကောင်းပြီ ... ကိုယ် ဘရန်ဒီ နည်းနည်းသွားချလိုက်ဦးမယ် ... ကိုယ်ပြန်လာရင်တော့ မင်းကိုယ့်ကို နောက်တစ်ကြိမ် နှင်ထုတ်လို့မရတော့ဘူး နော် ..."

သူ ... ရယ်မောသံဖြင့် အခန်းထဲမှ ထွက်သွားသည် ...။ သူ အခန်းထဲမှ ထွက်သွားတာနှင့် ...





ကျွန်မသည် အဝတ်အစားအမြန်လဲပြီး ... နှင်းဆီပွင့်များကို ပွေ့ယူကာ အားပါးတရ ရှိုက်မွှေးလိုက်သည် ...။

"မောင် ... မောင့်ကို ကျွန်မ သိပ်ချစ်တယ် ... မောင့်နှင်းဆီတွေရဲ့ ပွေ့ဖက်ခြင်းနဲ့ ကျွန်မ ညတိုင်းအိပ်ချင်အောင် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ် မောင် ..."

နှင်းဆီပွင့်တွေကို ကျွန်မက အရူးတစ်ယောက်လို ... အငမ်းမရ ရှိုက်နမ်းပစ်လိုက်သည် ...။

"ခင်မင်းခ ... ကိုယ့်အချစ်ရေ ... ကိုယ်လာပြီ"

ခဏအကြာတွင် အခန်းဝမှာ ... အရက်မူးသံနှင့်အတူ ကိုရန်နိုင် ပြန်ရောက်လာသည် ...။ ကျွန်မသည် နာကြည်းခါးသီးမှုများကို မျိုချပစ်လိုက်ရသည် ...။

"ဟား ... ဒီညဟာ ကိုယ့်ဘဝရဲ့ အပျော်ဆုံးညပဲ မင်း ယုံတယ်မဟုတ်လားဟင် ..."

ကျွန်မသည် ... မောင် ခင်းထားသော နှင်းဆီမွှေ့ယာပေါ်သို့ ... အသာအယာ တက်ထိုင်လိုက်သည်။ နူးညံ့အိထွေးသော နှင်းဆီပွင့်ဖတ်များရဲ့ အထိအတွေ့ကို ခံစားလိုက်ရသည် ...။ ကျွန်မရင်ထဲသို့ ချစ်ခင်မြတ်နိုးမှု


www.burmeseclassic.com

www.burmeseclassic.com



များ ... သတိရတာမှဲ့တခြင်းများ နူးညံ့စွာ စိမ့်ဝင်လာလေသည် ...။

ကိုရန်နိုင်သည် ကျွန်မကို သေချာစိုက်ကြည့်ကာ ပြုံးသည် ...။ အားပါးတရ ပြုံးသည် ...။

ထို့နောက် ... မွေ့ယာပေါ်သို့ ... ဒိုင်ဗင်ထိုးသလို ဝုန်းခနဲ မှောက်လျက်ဝင်လာသည် ...။ မွေ့ယာပေါ်သို့ အလျားလိုက်ကျကျချင်း ...

"အား ..."

ကိုရန်နိုင့်ရဲ့ နာကျင်ထိတ်လန့်သံကြီးသည် ဟိုးဝမ်းခေါင်းထဲက ထွက်ပေါ်လာသလို ခပ်နက်နက်စူးရှစွာ ထွက်ပေါ်လာသည် ...။

"အား ... အား ... ဆူး ... ဆူးတွေ ..."

ကိုရန်နိုင်က နာကျင်စွာရုန်းလေ ...။ နှင်းဆီဆူးများက သူ့အသားများဆီသို့ အငြိုးကြီးစွာ စိုက်ဝင်ကျွံနစ်လေဖြစ်သည် ...။ ကိုရန်နိုင်သည် နာကျင်စွာ လူးလိမ့်နေသည် ...။

ကျွန်မ ပထမဆုံး ခံစားရသည်မှာ ... အထိတ်တလန့်အံ့သြမှုဖြစ်သည် ...။





ဒုတိယခံစားရသည်မှာ ...

တစ်ခုခုကို သေချာသိရှိလိုက်သဖြင့် ကျေနပ်မှုဖြစ်သည် ...။

တတိယ ခံစားရသည်မှာ ...

မောင့်ရဲ့ အနုပညာမြောက်သော လက်စားချေမှုကို ဂုဏ်ယူမှုအပြည့်ဖြင့် လှို့ဝှက်နက်နဲသောအပြုံးကလေးတစ်ခု ကျွန်မနှုတ်ခမ်းဆီသို့ ရောက်ရှိလာတာကို သိလိုက်ရမှုဖြစ်ပါသည်။

"ခွေးသား ... ငါ့ကို လုပ်ကြံထားတာ ... နှင်းဆီဆူးတွေ ... နှင်းဆီဆူးတွေ ငါ့ကိုဆူးကုန်ပြီ ... ခင်မင်းခ ... မင်း ငါ့ကို ဒီအတိုင်း ကြည့်နေတော့မှာလား ... အား ... ငါ့တစ်ကိုယ်လုံးဆူးတွေ စိုက်ဝင်ကုန်ပြီ ... အား . , ငါသေတော့မယ် ..."

ကိုရန်နိုင်သည် ... အရူးတစ်ယောက်လို သွေးရူးသွေးတမ်း အော်ဟစ်ပြီး နှင်းဆီမွေ့ယာပေါ်မှ အလူးအလဲ ကျုံးရုန်းထ,လိုက်သည် ...။

ကံဆိုးသည်မှာ ... ကိုရန်နိုင်သည် ... ဖြူလွှသော ချည်ထည်အကျီကို ဝတ်ဆင်ထားခြင်းဖြစ်သည်။ နှင်းဆီရိုးတံမှ ဆူးများသည် ... ဘယ်လောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ချွန်မြရှည်လျားသလဲ ကျွန်မ မခန့်မှန်းရဲပါ ...။

သို့သော် ... ကျွန်မ သိသလောက်တော့ ကိုရန်နိုင်ရင်ဘတ်တစ်ပြင်လုံးမှာ ... နှင်းဆီပွင့်များဆူးနှင့်အတူ ထိုးစိုက်နေသည် ...။ သံလိုက်တုံးတစ်တုံးမှာ သံတိုသံစတွေ စုပြုံကပ်နေသည်နှင့်တူသည် ...။ ပြီးတော့ အင်္ကျီက ဖြူလွှသဖြင့် ... ခဏတွင်းချင်းမှာ ယိုစိမ့်လာသော သွေးစက်တို့သည် ... ကိုရန်နိုင့်အင်္ကျီဖြူတွင် စွန်းစိမ့်လျက်ရှိသည် ...။

ကိုရန်နိုင့်မျက်လုံးအစုံမှာ ... ပြူးကျယ်နီရဲနေသည် ...။ နှင်းဆီဆူးတွင် အဆိပ်ရှိပါသည် ...။

ကိုရန်နိုင်သည် ... ရင်ဘတ်တစ်ပြင်လုံးမှာ စိုက်ဝင်နစ်နေသော နှင်းဆီဆူးများနှင့် နှင်းဆီပွင့်များကို ဒေါသတကြီး ... မုန်းတီးနာကျင်စွာ ဆွဲယူလွှင့်ပစ်ရင်း အော်ဟစ်ကြိမ်းမောင်းနေလေသည် ...။ ကျွန်မက ကိုရန်နိုင့်ကို ဘာမှမသိနားမလည်သော အံ့ဩထိတ်လန့်နေသော မျက်လုံးအစုံဖြင့် လှမ်းကြည့်နေခဲ့သည် ...။

ကျွန်မ အကြည့်ထဲတွင် ... ကျေနပ်အားရမှုများ ... ကျွန်မကိုယ်တိုင် လက်စားချေပစ်လိုက်ရသ





လို ... ဝမ်းသာနှစ်မြို့မှုများ ... မောင့်ရဲ့အနုပညာအစွမ်းကို ချီးကျူးနှစ်လိုမှုများ များစွာသည် ... ဘယ်လိုမှ ဖုံးအုပ်သိမ်းဆည်းမနိုင်အောင် ပြည့်သိပ်ကြပ်ပိတ်လျက်ရှိသည်။

ကျွန်မ နှုတ်ခမ်းပေါ်မှ လျှို့ဝှက်နက်နဲသော အပြုံးကလေးကိုလည်း ... ကျွန်မ မပယ်ရှားနိုင်ခဲ့ချေ။

"ဒါ ... ငါ့ကို လက်စားချေတာ ... ငါ့ကို လက်စားချေတာ ... တောက် ..."

နှင်းဆီဆိုတာ ဆူးရှိတယ်လေ ... ကိုရန်နိုင် ...။ ဒါကို ရှင် ကြိုသိထားဖို့လိုတယ် ...။

မိန်းမတစ်ယောက်ရဲ့နှလုံးသားထဲမှာလဲ ... ဘယ်လိုအရာ ... ဘယ်လိုလက်နက်နဲ့မှ သတ်ဖြတ်ပိတ်ပင်လို့မရနိုင်တဲ့ ... ချစ်တတ်ခြင်းတွေ ရှိတယ်လေ ...။ ဒါကိုလည်း ... ရှင် ကြိုသိထားဖို့ လိုသေးတာပဲ ...။

နှင်းဆီဆူးတွေထက် ... အချစ်ရှိပြီးသား မိန်းမတစ်ယောက်ရဲ့နှလုံးသားက (မတရားသိမ်းပိုက်သူအတွက်) ပိုအဆိပ်ပြင်းနစ်ဝင်စေတတ်ကြောင်း .. ရှင်နောက်တော့သိမြင်လာရလိမ့်မယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ... အပြုံးကလေးဖြင့် ... ပန်းနုရောင်နှင်းဆီမွေ့ယာပေါ်မှာ ... ညင်သာစွာ လှဲချလိုက်သည် ...။ နူးညံ့သိမ်မွေ့သော ... အေးစက်အိထွေးသော ... မွှေးရနံ့သင်းပျံ့သော ... နှင်းဆီပွင့်ဖတ်များက ... ကျွန်မကို အသာအယာ ပွေ့ပိုက်နမ်းရှိုက်လိုက်လေသည် ...။

ပို၍သေချာအောင် ပြောရလျှင် ... ဆူးတစ်ဆူးမှ မရှိသော ပန်းနုရောင်နှင်းဆီပွင့်များဖြစ်သည် ...။

ညသည် ... တစ်စထက်တစ်စ နက်မှောင်တိတ်ဆိတ်လာကာ ... လျှို့ဝှက်နက်နဲသော အဓိပ္ပါယ်အပြည့်ဖြင့် လှပသထက်လှပလာလေသည် ...။

လူတစ်ယောက်ရဲ့ အနုပညာသည် ... သိမ်မွေ့နက်နဲသော အိပ်ခန်းတစ်ခုထဲတွင် လက်ရာမြောက်စွာ ကျရောက်လျက်ရှိသည် ...။ နှင်းဆီပွင့်များ ပျံ့ကျဲလျက်

အနုပညာသည် ... ချစ်ခြင်းကို ... သိမ်မွေ့လေးနက်စွာပေး၍ ...

တဖန် ... မုန်းခြင်းကိုလည်း ... ရှူးရှနာကျင်စွာ ပေးခဲ့လေသည် ...။





နှင်းဆီရနံ့များ သင်းပျံ့၍လှပနေသော အိပ်ခန်းလှလှကလေးထဲတွင် ... ဆန့်ကျင်ဖက်ခံစားမှုများနှင့် လူနှစ်ယောက် ... (ညားကာစ ဇနီးမောင်နှံ)နှစ်ယောက် ရှိလေသည် ...။

တစ်ယောက်မှာ ... အနုပညာဖြင့် ... လက်ရာမြောက်စွာ လက်စားချေခြင်းခံလိုက်ရသဖြင့် ... နာကျင်သောဆူးချက်များ ... သွေးစက်များ ... ဆဲရေးကျိန်စာတိုက်မှုများ ... ဒေါသခံပြင်းမှုများ ... ဒဏ်ရာများကို ... ပူလောင်ပြင်းပြစွာခံစားနေသော ယောကျာ်းတစ်ယောက်ဖြစ်လေသည် ...။ မျက်လုံးများမှာ ရူးရှ၏။

ကျန်တစ်ယောက်မှာ .. အနုပညာဖြင့် လက်ရာမြောက်စွာ ... လှပသကျော်ဝင်စွာ ချစ်ခြင်းမေတ္တာ၏ အဓိပ္ပါယ်ကို လက်ဆောင်ရရှိလိုက်သဖြင့် ... နှလုံးသား၏ ပီတိကြည်နူးမှုများ ... ကျေနပ်ဂုဏ်ယူခြင်းများ ... မြတ်နိုးနှစ်သိမ့်ခြင်းများ ... ရင်ခုန်မူးယစ်ခြင်းများ ... ချစ်ခင်တမ်းမက်မှုများကို ... သိမ်မွေ့နက်နဲစွာခံစားနေသော မိန်းမတစ်ယောက်ဖြစ်လေသည် ...။ ထိုမိန်းမရဲ့နှုတ်ခမ်းများမှာ ... လှပကော့ရီစွာပြုံးနေလေသည် ...။ မျက်



www.burmeseclassic.com


www.burmeseclassic.com

လုံးများမှာ သိမ်မွေ့ရှိဝေ၏ ...။

ထိုမိန်းမ၏ နှုတ်ခမ်းပေါ်မှ အပြုံးနှင့် မျက်လုံးဆီမှသိမ်မွေ့ရှိဝေမှုကို ... ထိုယောကျာ်းသည် ဘယ်တော့မှ ဖျက်ဆီးပစ်နိုင်လိမ့်မည် မဟုတ်ပါ ...။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ ...

မေတ္တာအားဖြင့် –



**လွန်းထားထား (ဆေးတက္ကသိုလ်)**

၂၁-၂-၁၉၉၇

**စေတနာစာပေ**

www.burmeseclassic.com